www.burmeseclassic.com



BURMESE CLASSIC .com

# ရွှေဥဒေါင်း

# စစ်ရှုံးသူ



www.burmeseclassic.com

www.burmeseclassic.com

စကော့လူမျိုး၊ အင်္ဂလိပ် ကဗျာဆရာနှင့် ဝတ္ထုရေးဆရာကြီး
ဆာ ဝါလတာ စကော့ (Sir Walter Scott)[၁၇၇၁–၁၈၃၂] ၏
Waverly ဝတ္ထုကြီးကို မြန်မာလို ဆီလျော်အောင် မှီငြမ်းပြု ရေးဖွဲ့ထားသည့်
စွန့်စားခန်း၊ သည်းထိတ်ရင်ဖို ရာဇဝင် ဝတ္ထုကြီး ဖြစ်သည်။
၁၉၅၂ ခုနှစ်ထုတ် သွေးသောက်မဂ္ဂဇင်းတွင် မဂ္ဂဇင်း ဝတ္ထုရှည်အဖြစ် ပါရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး   ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃)

မန္တလေးမြို့ ဝါးတန်းရပ်ကွက်တွင် အဖ ဦးဇော်၊ အမိ ဒေါ်ရွှေတို့မှ ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဖေသိန်း ဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အောဘိအမ် ကျောင်းတို့သို့ အဆင့်ဆင့် ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အောဘိအမ်ကျောင်းနှင့် ကန္တရွာ အင်္ဂလိပ်ကျောင်းတို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တောစာရေး၊ မန္တလေး လယ်ယာစိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ တောလိုက်စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ဂျူဟာဂျာနယ်' တွဲဖက် ထုတ်ဝေသူ၊ 'နယူးဘားမား သတင်းစာ' တိုက် စက္ကရီတေရီ (၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ (၁၉၃၀)၊ 'သူရိယ သတင်းစာ' အယ်ဒီတာ (၁၉၃၆)၊ 'လူထု သတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ' အယ်ဒီတာချုပ် (၁၉၆၄–၆၈) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် ရန်ကြီးအောင် ဝတ္ထုကို ပထမဆုံး ရေးသည်။ ဝတ္ထုရှည် (၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆီလျော်အောင် မှီငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍ လည်းကောင်း ရေးသားခဲ့သည်။ **စုံထောက်မောင်စံရှား၊ ဂျမေါ်ကိုကိုကြီး၊ ရုပ်နန္ဒ၊ ရုပ်ကလျာဏီ၊ ပထမံ ဆရာသိန်း၊ အော်ဟိတ်၊ သူတော်စိန်** စသည်တို့မှာ ထင်ရှားသော အမိုးဝတ္ထုများ ဖြစ်သည်။ **ရတနာ့သိုက်၊ မျှော်တလင့်လင့်၊ သူ့ရဲကောင်း သုံးယောက်၊ သွေးစုပ်မြေ** စသည်တို့မှာ တိုက်ရိုက် ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ပင်ကိုရေး ဝတ္ထုရှည်များတွင် ရန်ကြီးအောင်မှာ ထင်ရှား၏။ ဘာသာရေး၊ အတွေ့အထွေ ဗဟုသုတ၊ ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ မျှော်တလင့်လင့် ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ သွေးစုပ်မြေဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ တစ်သက်တာမှတ်တမ်း အတွေးအခေါ်များဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

၁၀ ဩဂုတ် ၁၉၇၃ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

**၂၀၀၃ ထုတ် ရာပြည့်စာအုပ်များ**

၁၈၄။ ရွှေဥဒေါင်း၏ စွန့်စားသူ
၁၈၅။ တင်မောင်မြင့်၏ မဟာရဲတံတိုင်းကို ဖြတ်ကျော်ခြင်း (This Side of Glory by Gwen Bristow)
၁၈၆။ တင့်တယ်၏ အိုဘယ့်ကဲ (The Scarlet Letter by Nathaniel Hawthorne)
၁၈၇။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ
၁၈၈။ မောင်ပေါ်ထွန်း၏ မိန်းမတစ်ယောက်၏ ဘဝ (A Woman's Life by Guy de Maupassant)
၁၈၉။ ရှုဝ၏ မိုက်ခဲထွန်းရွှေ ဝတ္ထုတိုများ
၁၉၀။ တက်တိုး၏ နပိုလီယံ (Napoleon by Felix Markham)
၁၉၁။ မောင်မိုးသူ၏ အိပ်နိုးဒပ် (Exodus by Leon Uris)
၁၉၂။ မင်းယုဝေ၏ ပထမ မြန်မာများ
၁၉၃။ တင်မောင်မြင့်၏ အချစ်များစွာနဲ့ ပါ ဆရာ (To Sir With Love by Braithwaite)
၁၉၄။ ရှုဝ၏ ဗွမ်းပုံ
၁၉၅။ မောင်ပေါ်ထွန်း၏ စံပြခေါင်းဆောင်၊ စံပြခေါင်းဆောင်မှု (သမ္မတလင်ကွန်း၏ အံ့မှုယ် ခေါင်းဆောင်မှုစွမ်းရည်) [Lincoln on Leadership by Donald Phillips]
၁၉၆။ ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ)၏ စစ်တောင်းမှာ နောက်ဆုံးတိုက်ပွဲ (Sittang: The Last Battle by Louis Allen)
၁၉၇။ ကျော်အောင်၏ ရာဇာမည်သော ကျား (A Tiger For Malgudi by Narayan)
၁၉၈။ ဒေါက်တာကျော်စိန်၏ ဘဝဟုန်
၁၉၉။ မောင်ထင်၏ မြို့အုပ်ပုံပြင်
၂၀၀။ ဦးရွှေအောင်၏ ဗုဒ္ဓ၊ လောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင် (ကိုယ်ကျင့်ဗုဒ္ဓဝင်)
၂၀၁။ တက်တိုး၏ မေတ္တာမဏ္ဍိုင် (The Sun also Rises by Ernest Hemingway)
၁၆(၃)။ မောင်ပေါ်ထွန်း၏ အဆင်မြင့် အောင်မြင်သူတို့၏ အလေ့အထများ
၂၀၂။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း

**၂၀၀၃ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ**

၂၀၃။ တင့်တယ်၏ လစန္ဒာနှင့် ခြူးပိုက်ဆံ (The Moon and Sixpence by Maugham)
၂၀၄။ တင်မောင်မြင့်၏ တောင်ပံမဲ့ သင်းကွဲ တေးဆိုငှက် (To Kill a Mockingbird)
၂၀၅။ မောင်ပေါ်ထွန်း၏ ဘဝခရီးသည်၏ အယော်မွန် (The Tao at Work by Herman)
၂၀၆။ ဒေါက်တာကျော်စိန်၏ စိတ်ပညာဆောင်းပါးပေါင်းချုပ်
၂၀၇။ မောင်ရဲနိုင်၏ ဘဝအလွမ်းအိမ် (A House for Mr. Biswas by V.S. Naipaul)

ရာပြည့်စာအုပ် ၂၀၃

ရွှေဥဒေါင်း

# စစ်ရှုံးသူ

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)
[ ၁၊ အောက်တိုဘာ၊ ၂၀၀၃ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၂၂၅ /၂၀၀၃ (စ) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၀၉၇ /၂၀၀၃ (၉) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် -(၁၉၆၁) ငွေတာရီစာစဉ်
ဒုတိယအကြိမ် -(၂၀၀၃) ရာပြည့်စာအုပ်တိုက်

(၁၊ အောက်တိုဘာ၊ ၂၀၀၃)
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့် [၀၃၈၀၁]၊ ရာပြည့်စာပေ
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❑

အတွင်းပလင်
ဆောင်ကေ်

❑

တာအုပ်ချုပ်
ကိုမြင့်နှင့် ညိဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
Graphic Mg Thein Win and Ocean Group
ဒီဇိုင်း ဖွဲ့စည်းသည်။

❑

တန်ဖိုး
၅၀၀ ကျပ်

# အမှာ

နိုင်ငံနှင့် လူမျိုးအတွက် စာကောင်း ပေမွန်များကို ထုတ်ဝေ ဖြန့်ချိမည် ဟူသော ရည်ရွယ်ချက်ဖြင့် ငွေတာရီ စာစဉ်ကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင် ထုတ်ဝေခဲ့သည်။ ၁၉၆၁ ခု မတ်လ အရောက်တွင် ငွေတာရီစာစဉ်မှ လုံးချင်း စာအုပ်ပေါင်း ၈ အုပ်တိတိ ထုတ်ဝေ ဖြန့်ချိနိုင်ခဲ့သည်။ ယင်းစာအုပ်တို့ကို စာပေ ဝါသနာရှင်များက အမြတ်တနိုး ဝယ်ယူဖတ်ရှု သိမ်းဆည်းထားကြသဖြင့် ဝမ်းသာ အားတက်ခြင်း ဖြစ်ရသည်။ ထို့ပြင် စာပေဗိမာန်မှလည်း ဆုချီးမြှင့်ခဲ့သဖြင့် ဝမ်းသာ အားတက်ခြင်း ဖြစ်ခဲ့ရသည်။ စာစဉ် ၁ ဖြစ်သော **ငွေတာရီ ကဗျာ ၁၀၀** ကို ၁၉၆၀ ပြည့်နှစ် ကဗျာဆုအတွက် လည်းကောင်း၊ ခင်နှင်းယု၏ **ကြေးမုံရိပ်သွင်** ဝတ္ထုတိုများကို ၁၉၆၀ ပြည့်နှစ် ဝတ္ထုတိုဆုအတွက် လည်းကောင်း စာပေဗိမာန်က ဆုချီးမြှင့်ခဲ့သည်။

ဤသို့ စာကောင်းပေမွန်များ ထုတ်ဝေသည်ကို အားပေး ချီးမြှင့်ကြသဖြင့် တစ်ဖက်မှ ဝမ်းသာ အားတက်မိသည်နှင့်အမျှ လုပ်ငန်းဘက်ကို စောင်းငဲ့ ကြည့်မိ ပြန်သော အခါတွင်ကား အားလျော့ခြင်း ဖြစ်ရသည်။ ငွေတာရီစာစဉ် တည်ထောင် သူတို့မှာ လုပ်ငန်းဘက်တွင် ကျွမ်းကျင်ခြင်း မရှိသောကြောင့် ပုံနှိပ်ကိစ္စ၊ စက္ကူ ကိစ္စ၊ ဖြန့်ချိရေး စသည့် ကိစ္စ အရပ်ရပ်တို့ကို နိုင်နင်းမှု မရှိဘဲ ပြဿနာ အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ နောက်ဆုံး ဤပြဿနာတို့ကို ပြေလည်အောင် မရှင်းလင်းနိုင် သဖြင့် စာစဉ် အမှတ် ၈၊ စံထူး၏ "အနုပညာကျော် တစ်ရာ" စာအုပ် အပြီးတွင် စာစဉ်များကို ဆက်လက် မထုတ်ဝေနိုင်ဘဲ ခေတ္တ ရပ်ဆိုင်းထားရသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com



[illegible] ယခုအခါ ဒေ့ဝတာရီကို မြဝတီက အစစ အရာရာ ဖေးမကူညီပြီ [illegible] အရပ်ရပ်တို့မှာ ပြေလည်သွားပါပြီ။ ဒေဝတာရီစာစဉ်ကို နိုင်ငံ [illegible] ဆက်လက် ထုတ်ဝေနိုင်ပါပြီ။ ထို့ကြောင့် ယခု စာစဉ် အမှတ် [illegible] ဆရာကြီး ရွှေဥဒေါင်း၏ "စစ်ရှုံးသူ" ဝတ္ထုကြီးကို ထုတ်ဝေ ဖြန့်ချိလိုက် [illegible]ဖြစ်သည်။

ဤ "စစ်ရှုံးသူ" ဝတ္ထုမှာ အင်္ဂလိပ် စာရေးဆရာကြီး ဆာ ဝါလတာ [illegible] Waverly ဝတ္ထုကြီးကို မြန်မာလို ဆီလျော်အောင် ပြန်ဆိုထားသော [illegible]ဝတ္ထု ဖြစ်သည်။ ၁၉၅၂ ခုနှစ်ထုတ် သွေးသောက်မဂ္ဂဇင်းတွင် မဂ္ဂဇင်း[illegible]အဖြစ် ပါရှိခဲ့သည်။ ယင်းကို လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေသင့်သည်ဟု ဒေဝတာရီစာစဉ်က ယူဆသဖြင့် ထုတ်ဝေရခြင်း ဖြစ်သည်။ ဤသို့ ထုတ်ဝေရန် အကြံဉာဏ်များ ပေးကြသော စာပေဝါသနာရှင်များအား လည်းကောင်း၊ ထုတ်ဝေ ခွင့်ပြုသော ဆရာကြီး ရွှေဥဒေါင်းအား လည်းကောင်း၊ သွေးသောက် ဦးပြည့်စုံအား လည်းကောင်း အထူး ကျေးဇူးဥပကာရ တင်ရှိပါသည်။

ဒေဝတာရီ စာစဉ်
[ ၁၉၆၁ ခု ဒီဇင်ဘာလ ]

## အခန်း [ ၁ ]

မြန်မာသက္ကရာဇ် ....ခုနှစ်၌ အင်းဝမြို့ကြီးတွင် ဦးသိန်းကြွယ်နှင့် ဦးသန်းကြွယ် အမည်ရှိ သူဌေးသားနှစ်ယောက် ရှိကြလေရာ၊ ညီဖြစ်သူ ဦးသန်းကြွယ်မှာ မိဘတို့ စိတ်မတူသော ကချေသည်မ တစ်ယောက်နှင့် ထိမ်းမြား လက်ထပ်ခဲ့သည်ဖြစ်၍ ဖခင်ဖြစ်သော သူဌေးကြီး ဦးရွှေအိုးသည် ၎င်းသားကို အမွေပြတ် ကြော်ငြာပြီးလျှင် ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို သားအကြီး ဦးသိန်းကြွယ်အား အလုံးစုံ အမွေပေးခဲ့၏။ ဦးသန်းကြွယ်သည် မာနကြီးသူ တစ်ယောက် ဖြစ်သောကြောင့် မိဘများထံ၌ လည်းကောင်း၊ ၎င်းတို့ သေဆုံးသည့်နောက် အစ်ကိုဖြစ်သူထံ၌ လည်းကောင်း ခယ ဝပ်တွားမပြုဘဲ ဆင်းရဲသား ဘာဝ လုပ်ကိုင်စားသောက်ခဲ့ရာ မောင်မောင်တင့် အမည်ရှိ သား တစ်ယောက် ဖွားမြင်ပြီးနောက် ၅ နှစ်သားခန့် အရွယ်တွင် ဇနီးဖြစ်သူ ကချေသည်မ ကွယ်လွန်အနိစ္စ ရောက်ခဲ့လေ၏။

အစ်ကိုဖြစ်သူ ဦးသိန်းကြွယ်မှာ လယ်ယာချောင်းမြေ အမွေအနှစ်တို့ကို တစ်ဦးတည်း ဆက်ခံ ရရှိပြီးနောက် သူဌေးဘွဲ့ ခံယူ၍ လူကုံထံ၏ သမီးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားခဲ့သော်လည်း သားသမီး မထွန်းကားသဖြင့် အမွေအနှစ်ကို ဆက်ခံမည့်သူ မရှိဘဲ ဖြစ်ခဲ့လေ၏။ ကချေသည်မ ကွယ်လွန်သော အခါ၌ သူဌေး ဦးသိန်းကြွယ်သည် မိတဆိုးကလေး ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင့်ကို တူအရင်း အဖြစ်မှ သားအရင်း အမှတ်နှင့် တောင်းယူမွေးစားခဲ့ရာ၊ ဦးသန်းကြွယ်မှာလည်း မယားဖြစ်သူ မရှိသည့်နောက် စိတ်ဆေလွင့်၍ ကလေကဝ ဖြစ်နေသည်နှင့် သားငယ်ကို ဘကြီးတော်ထံ အပ်နှံခဲ့ပြီးလျှင် အောက်ပြည်အောက်ရွာသို့ လွင့်သွားခဲ့လေ၏။

မောင်မောင်တင့်သည် ၁၆ နှစ်သား အရွယ်တိုင် ရောက်လတ်သော် အခြားသော သူငယ်များကဲ့သို့ ဘာသာဘာဝ ကစားခုန်စားခြင်း မရှိဘဲ ဘကြီးဖြစ်သူ၏ စာဗီရိုမှ ပုရပိုက်များကို ယူပြီးလျှင် ရှေးဟောင်း ရာဇဝင်တို့ကို ဖတ်ရှု လေ့လာခြင်းအားဖြင့် အချိန်ကုန်လေ့ ရှိလေသည်။ စာဖတ်သော အခါများ၌လည်း မောင်မောင်တင့်သည် ချောင်ကောင်းကောင်းတွင် ထိုင်၍ ဆေးပေါ့လိပ် တဖွားဖွားနှင့် ဣန္ဒြေကောင်းစွာ စဉ်းစား စိတ်ကူးနေတတ်သော အလေ့အထ ရှိ၏။ ဦးသိန်းကြွယ် လင်မယားတို့သည် မောင်မောင်တင့်အား သားအရင်းကဲ့သို့ ချစ်ခင်ကြသည်ဖြစ်၍ စာဖတ်လွန်းလျှင် အညောင်းမိလိမ့်မည်ဆိုကာ ခြင်းလုံးခတ်ခြင်း၊ မြင်းစီးခြင်း အစရှိသော အညောင်းပြေကစားနည်းများ၌ တိုက်တွန်းကြသော်လည်း မောင်မောင်တင့်သည် ဘကြီးနှင့် ကြီးတော်တို့ စိတ်ကျေနပ်စေရုံမျှ ဝတ်ကျေဝတ်ကုံ ကစားပြီးနောက် ပုရပိုက်များဆီသို့သာလျှင် ရောက်သွားခဲ့လေ၏။ ထိုခေတ်အခါက လူငယ်များသည် လေးမြား အတတ်ကို လေ့လာကြသဖြင့် မောင်မောင်တင့်သည် ပထမ၌ စိတ်ပါလက်ပါ လေ့ကျင့်ခြင်း မပြုဘဲ ပုရပိုက်များ ထားသော ချောင်ထဲသို့သာ ရောက်သွားလေ၏။

မောင်မောင်တင့်တို့ ရပ်ကွက်အနီး၌ ရပ်ဆင်းသဏ္ဌာန် အသင့်အတင့်ရှိသော မိန်းကလေးများ အတော်အတန် ပေါများသည် ဖြစ်ရာ ၎င်းတို့မှာ သူဌေးသားတစ်ယောက် ဖြစ်သော မောင်မောင်တင့်နှင့် ဂုဏ်ရည်မတူ ဟူ၍ ကြီးတော်ဖြစ်သူက ယူဆသည် ဖြစ်သောကြောင့် ၎င်းတို့နှင့် ချစ်ကျွမ်းတဝင် ဖြစ်သွားမည့် အရေးကို တွေးတောပူပန်ခဲ့၏။ ၎င်းမိန်းကလေးများအနက် မဖွားချိ အမည်ရှိ တောသူကလေးမှာ ရုပ်ရည် သနားကမား ရှိ၍ ၎င်း၏





ဦးလေးတော်သူ တစ်ယောက်ထံတွင် ခေတ္တ လာရောက်နေထိုင်ဆဲတွင် မောင်မောင်တင့်နှင့် အတန်ငယ် သိကျွမ်းသော အခြေသို့ ရောက်သွားခဲ့လေ၏။ မဖွားချိသည် ရေအိုးကိုရွက်လျက် ရေတွင်းမှ အပြန်တွင် ခွေးရူးတစ်ကောင်သည် ၎င်းထံသို့ ကမူးရှူးထိုး ပြေးလာခဲ့ရာ လမ်းလျှောက်ရာမှ ပြန်လာသော မောင်မောင်တင့်က မိန်းကလေး၏ ဘေးအန္တရာယ်ကို မြင်သဖြင့် အနီး၌ရှိသော အုတ်ခဲတစ်ခုနှင့် ခွေးရူးအား ပေါက်လိုက်၏။

အုတ်ခဲသည် ခွေး၏ ဦးခေါင်းကို တည့်တည့်မှန်သဖြင့် ခွေးရူးသည် မြေပေါ်၌ လိမ့်သွားသော်လည်း ခွေးရူး၏ ဦးခေါင်းမှ လွင့်စဉ်သော အုတ်ခဲပဲ့တစ်ခုသည် မဖွားချိ၏ ခြေမျက်စိကို ထိမှန်သွားရကား မဖွားချိမှာ ရေအိုးကို လွှတ်ချ၍ ခွေခနဲ ကျသွားလေ၏။ မောင်မောင်တင့်လည်း သူငယ်မထံ ပြေးသွား၍ ပွန်းပဲ့သော ဒဏ်ရာမှ စီးကျသော သွေးများကို သုတ်ပေးပြီးလျှင် အိမ်သို့ အပြေးအလွှား ပြန်ကာ သွေးဆေးများကို ယူ၍ ဒဏ်ရာကို ဆေးထည့်ပေးလေ၏။ ထိုနေ့မှ စ၍ မောင်မောင်တင့်နှင့် မဖွားချိတို့သည် ကံအားလျော်စွာ မိတ်ဆွေဖြစ်လာကြသည့်အလျောက် မောင်မောင်တင့်လည်း သူငယ်မ၏ နေအိမ်သို့ ရံဖန်ရံခါ ဝင်ရောက် မေးမြန်းလေ့ ရှိ၏။

ပါးနပ်သော ကြီးတော်သည် တူဖြစ်သူနှင့် တောသူကလေး မဖွားချိတို့ မိတ်ဆွေဖြစ်နေကြခြင်း အကြောင်းကို ကြားသိရာတွင် အချစ်ရောဂါ မည်သည် အနာစိမ်းများ နည်းတူ ပြည်မတည်မီ စောစောက ကြိုတင်ကုသရသည်ဟု ရိပ်မိသည့်အလျောက် ခင်ပွန်းဖြစ်သူ သူဌေးကြီး ဦးသိန်းကြွယ်အား မောင်မောင်တင့် အကြောင်းကို ပြောပြ၍ ဥပါယ်တံမျဉ်ဖြင့် တစ်ရပ်တစ်ပါးသို့ စေလွှတ်သင့်သည်ဟု လင်မယားနှစ်ယောက်တို့ သဘောတူဆုံးဖြတ်ကြလေ၏။

သူဌေးကတော်သည် မောင်မောင်တင့်ကို မိမိတို့၏ မိတ်ဆွေဖြစ်သော ရှမ်းစော်ဘွားတစ်ဦးထံသို့ စေလွှတ်၍ လက်ဖက်ခြောက် အရောင်းအဝယ်နှင့်တကွ ဒေသန္တရ ဗဟုသုတ ဆည်းပူးစေသင့်သည်ဟု ပြောရာတွင်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းကြွယ်သည် ပထမ၌ သားသမီး မရှိသော မိမိတို့အဖို့မှာ သားရင်းတမျှ ချစ်နေကြရသော မောင်မောင်တင့်နှင့် မခွဲခွာလိုသည် ဖြစ်၍ သူဌေးကတော်၏ အကြံပေးချက်ကို သဘောမတူဘဲ ရှိနေခဲ့၏။ သို့ရာတွင် သူဌေးကတော်က မောင်မောင်တင့်၏ ဖခင်အကြောင်းကို သတိပေး၍ ဖခင် ခြေရာအတိုင်း လိုက်၍နင်းမည်ကို စိုးရိမ်ရသည်ဟု အကြောင်းပြ တိုက်တွန်းသော အခါတွင်မူကား ဦးသိန်းကြွယ်မှာ သဘောမတူဘဲ မနေနိုင်တော့ချေ။

သူဌေးကြီး လင်မယားတို့သည် မောင်မောင်တင့်အား လက်ဖက်ခြောက်လုပ်ငန်း စုံစမ်းရန် ရှမ်းပြည်နယ်သို့ သွားရမည်ဟု ပြောကြသောအခါ၊ မောင်မောင်တင့်သည် အင်းဝမြို့မှတစ်ပါး မည်သည့်နေရာသို့မျှ မရောက်ဖူးသည် ဖြစ်သောကြောင့် မြို့ရွာ အသစ်အဆန်းများကို မြင်လိုသည့်အလျောက် ဝမ်းမြောက်ဝမ်းသာနှင့်ပင် ခရီးထွက်ရန် ပြင်ဆင်လေ၏။ ယင်းသို့ရှိစဉ် မောင်မောင်တင့်၏ဖခင် ဦးသန်းကြွယ်ထံမှ လူကြုံဖြင့် ပါးလိုက်သော စာတစ်စောင် ရောက်လာလေ၏။

ဦးသန်းကြွယ်သည် ရုပ်ကောင်း၊ အပြောကောင်း၊ ဆွေကောင်း မျိုးကောင်း ဖြစ်သည့်အလျောက် ရောက်လေရာ အရပ်တွင် အထက်တန်းစား ပုဂ္ဂိုလ်များနှင့် မိတ်ဆွေဖွဲ့ခွင့် ရခဲ့သည်ဖြစ်ရာ၊ တစ်နေ့သ၌ သာစည်မြို့သို့ ရောက်ခိုက်တွင် ရဲမက်ကြီးတစ်ဦးနှင့် ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်ခဲ့လေ၏။ ရဲမက်ကြီးသည် ဦးသန်းကြွယ်၏ အရည်အချင်းကို နှစ်သက်အားရသည့်အပြင် ဆွေကြီးမျိုးကြီးဖြစ်၍ မိတဆိုးအဖြစ်၌ ရှိနေသော သားကလေးတစ်ယောက် ရှိသည့် အကြောင်းကို သိရှိရသည်နှင့် တစ်ပြိုင်နက် ဦးသန်းကြွယ်၏ သားကို ဘုရင့်အမှုတော်ထမ်း အဖြစ်နှင့် ရာထူးဌာနန္တရ တိုးတက်စေလိုသော ဆန္ဒ ဖြစ်ပေါ်ခဲ့လေ၏။

သို့ဖြစ်၍ ရဲမက်ကြီးသည် ဦးသန်းကြွယ်အား ၎င်း၏သားကို မိမိထံ အပ်နှံ၍ တပ်တော်အရာရှိအဖြစ်နှင့် ဘုရင်မင်းမြတ်၏ အမှုတော်ကို ထမ်းရွက်စေပါလျှင် အရည်အချင်းရှိသူ ဖြစ်ပါက မိမိ၏ အကူအညီဖြင့် လျင်မြန်စွာ





ရာထူးတိုးတက်၍ တိုင်းပြည်တွင် အကြီးအကဲတစ်ယောက် ဖြစ်လာဖို့ ရှိသည်ဟု ပြောရာတွင် ဦးသန်းကြွယ်သည် အလွန်နှစ်သက် သဘောကျလေ၏။ သားသမီး မရှိသော အစ်ကိုအရင်းထံ၌ သားအမှတ်ဖြင့် နေထိုင်ရစေကာမူ မာနကြီးသော ဦးသန်းကြွယ်သည် ဘကြီး၏ ထမင်းကို အချောင်စားနေရခြင်းထက် မိမိ လူစွမ်းဖြင့် ဘုရင့်အမှုထမ်း၍ ဝမ်းစာ ထိန်းကျောင်းရခြင်းကို ပိုမိုနှစ်သက်သည်ဖြစ်၍ အစ်ကိုထံသို့ စာတစ်စောင်၊ သားထံသို့ စာတစ်စောင် ရေးသားပေးပို့လိုက်လေ၏။

ဦးသန်းကြွယ်က ဦးသိန်းကြွယ်ထံသို့ ပေးပို့လိုက်သော စာ၌–

"မိမိ၏ သားကလေးကို ငယ်စဉ်မှစ၍ ယခုတိုင် ပြုစုစောင့်ရှောက်ခဲ့သည့်အတွက် ဆပ်၍ မကုန်နိုင်အောင် ကျေးဇူးကြီးလှပါကြောင်း၊ သို့သော် မိမိ၏ စိတ်သဘောအရမှာ ယောကျ်ားကလေးတို့မည်သည် လယ်ယာ ချောင်းမြောင်းတို့မှ ရရှိသော စပါးများကို စပါးကျီသို့ သွင်း၍ လောကကြီး အကြောင်းကို ဘာမျှ နားမလည်ဘဲ ဒူးနှန့်ကာ ထမင်းစားနေရခြင်းထက် စွန့်စွန့်စားစား သွားသွားလာလာ ဤနေရာ ထိုနေရာ စသည်တို့ကို အနှံ့အပြား ရောက်ဖူး၍ လူပေါင်းစုံနှင့် ပေါင်းရပြီးလျှင် လူ့ရည်လည်သော အဖြစ်ကို မိမိ ပိုမိုနှစ်သက်ပါကြောင်း၊ မောင်မောင်တင့်အားလည်း မိမိ၏မိတ်ဆွေ ရဲမက်ကြီးတစ်ယောက်က ၎င်းလက်အောက်တွင် ဘုရင့်အမှုထမ်းစေဖို့ စီမံပေးမည့်ပြင် နောက်နောင်သောအခါ ရာထူးတိုးတက်ဖို့ အရေးကိုလည်း တာဝန်ခံပါမည်ဟု ပြောပါကြောင်း၊ သို့ဖြစ်၍ မောင်မောင်တင့်အား ၎င်းရဲမက်ကြီးရှိရာ သာစည်နယ်သို့ တတ်နိုင်သမျှ လျင်မြန်စွာ စေလွှတ်လိုက်စေလိုပါကြောင်း"

နှင့် ရေးသား ပါရှိလေ၏။

မောင်မောင်တင့်ထံသို့မူကား–



www.burmeseclassic.com

www.burmeseclassic.com



"ဆွေမျိုး သားချင်းထဲ၌ ကပ်ပါးရပ်ပါး နေထိုင်စားသောက်ရခြင်းသည် အဖွမ်းရှိသော ယောကျ်ားကောင်းများအဖို့ အလွန် သိမ်ငယ်ကြောင်း၊ အရွယ်မရောက်သေးမီ အချိန်၌မည်သူမဆို အုပ်ထိန်းသူများနှင့် ရင်အုပ်မကွာ နေထိုင်ကြရသည်မှန်သော်လည်း ၁၆ နှစ်သား ရှိပြီဖြစ်သော မောင်မောင်တင့်အဖို့မှာ ကိုယ့်ထူးကိုယ်ချွန် အချိန်တန်ရောက်ပြီ ဖြစ်ကြောင်း၊ အခြားသော အလုပ်များထက် ဘုရင့်စစ်မှုထမ်းရခြင်း တည်းဟူသော အလုပ်သည် စွမ်းရည်သတ္တိနှင့် ပြည့်စုံသော ယောကျ်ားများအဖို့ အကောင်းဆုံး၊ အပျော်ဆုံး၊ ကြီးပွားလွယ်ဆုံး၊ လူချီးမွမ်းခံရဆုံး အလုပ်ဖြစ်သောကြောင့် သားဖြစ်သော မောင်မောင်တင့်၌ မိမိသွေး ပါရှိမှန်လျှင် မိမိ ယူဆသကဲ့သို့ပင် ယူဆလိမ့်မည်ဟုသဘောရကြောင်း၊ ရဲမက်ကြီး ဦးမင်းခေါင်မှာ မိမိနှင့် အလွန်ချစ်ကျွမ်းဝင်သော မိတ်ဆွေဖြစ်၍ မိမိ၏ သားပီပီ စွန့်စွန့်စားစားအမှုထမ်းခဲ့လျှင် မကြီးပွားမည်ကို ဘာမျှ စိုးရိမ်ဖွယ် မရှိကြောင်း"

စသည်ဖြင့် ဖော်ပြပါရှိလေသည်။

မောင်မောင်တင့်သည် ဖခင်၏စာကို ဖတ်ရ၍ ဘုရင့်တပ်တော်တွင် စစ်မှုထမ်းရမည် ဆိုသော သတင်းကို ကြားသိရသောအခါ များစွာ နှစ်သက်အားရလေ၏။ စင်စစ်သော်ကား ထိုသူငယ်သည် ပုရပိုက်မူများမှ ရှေးဟောင်းရာဇဝင်များကို ဖတ်ရှုရာ၌ တိုက်ခိုက်ခြင်းနှင့် ပတ်သက်သော အကြောင်းခြင်းရာများကို တွေ့ရသော အခါတွင် စစ်သည်ရဲမက်ကြီးများ၏ စွန့်စားခန်းများကို စိတ်ထဲ၌ အားကျလျက် ရှိခဲ့၏။ တစ်နေ့သ၌ မောင်မောင်တင့်၏ဆားတော်သူ ရဲမက်ကြီး ဦးသူရ ကိုင်စွဲခဲ့ဖူးသော ဓားရှည်ကြီးတစ်လက်ကို ဗီရိုထဲ၌ တွေ့ရှိသဖြင့် ဓားကို အိမ်မှချွတ်ကာ ဓားသိုင်းကမည့်ဟန်နှင့် ရှေ့တိုးနောက်ဆုတ် ပြုလုပ်နေရာတွင် ဘကြီးဖြစ်သူသည် အခန်းထဲသို့ ဝင်လာသဖြင့် ဓားကိုသိမ်းကာ ဣန္ဒြေလုပ်နေခဲ့ရဖူးလေသည်။ သို့ရာတွင်





ဘကြီး ဦးသိန်းကြွယ်သည် တူဖြစ်သူ၏ ဓားဝင့်ပုံကို မြင်နှင့်သဖြင့် တိုက်ခိုက်ရန် ဝါသနာပါသည်ဟု ရိပ်မိဟန် လက္ခဏာနှင့်–

'ငါ့တူက စစ်မှုထမ်းချင်သလား'

ဟု မေးဖူးရာ–

'အခွင့်သာလျှင် ထမ်းချင်ပါသည်'

ဟု မောင်မောင်တင့်က ပြန်ပြောခဲ့ဖူးလေသည်။ သို့ဖြစ်၍ ဦးသိန်းကြွယ်သည် ညီ့ထံမှစာကို ရရှိသောအခါ သူငယ်ကိုယ်တိုင် စိတ်ဝင်စားခြင်းရှိသောအလုပ် ဖြစ်သောကြောင့် ခွဲခွာရမည်အတွက် လွမ်းဆွတ်သော်လည်း ၎င်း၏ အကြံအစည်ကို မဖျက်ဆီးဘဲ ရှမ်းပြည်နယ်သို့ တက်ရန် ပြင်ဆင်ခြင်းကို စစ်ထွက်ရန် ပြင်ဆင်ခြင်း အဖြစ်သို့ ပြောင်းလဲစေ၏။

သို့ရာတွင် စစ်မှုထမ်းသော မင်းယောကျ်ားသားတို့မှာ သတ္တိကောင်းဖို့ လိုသည့်အလျောက် ဆားတော်သူ ဦးသူရ၏ အနွယ်အဆက်ပီပီ စစ်မြေပြင်၌ သူရသတ္တိကို ထင်ရှားစေလိမ့်မည်ဟု မျှော်လင့် ယုံကြည်ကြောင်းဖြင့်သာလျှင် သတိပေးစကား ပြောကြားလေ၏။ ၎င်းနောက် ဘကြီးဖြစ်သူက–

'သို့သော် တစ်ခုတော့ ရှိသကွယ့် ငါ့တူ၊ သတ္တိကောင်းတယ် ဆိုပေမဲ့ မိုက်ရူးရဲ အလုပ်မျိုးကို ဘကြီး မကြိုက်ဖူးကွယ့်။ စွန့်သင့် စွန့်ထိုက်တဲ့ နေရာမှာတော့ စွန့်စားရမယ်ပေါ့လေ။ သို့သော် အကြောင်းမဲ့သက်သက် အသေခံရဲတယ် ဆိုပြီး အရမ်း စွန့်စားတာမျိုးတော့ ဘကြီး အလိုမရှိဘူး။ သတ္တိတော့ ရှိစေ၊ သို့သော် မိုက်ရူးရဲ မဖြစ်စေနဲ့'

ဟု မှာထားလိုက်လေသည်။

၎င်းနောက် ဦးသိန်းကြွယ်သည် မောင်မောင်တင့်ကို မြင်းဇောင်းသို့ခေါ်သွား၍ အိမ်၌ မွေးထားသော မြင်းလေးစီးအနက် နှစ်စီးကို မောင်မောင်တင့် အတွက် လည်းကောင်း၊ တစ်စီးကို နောက်ပါ တပည့်တစ်ယောက်အတွက် လည်းကောင်း စီးနင်းသွားကြရန် ပြသလေ၏။ ထိုနောက်မှ ဦးသိန်းကြွယ်သည် မောင်မောင်တင့်အား မိမိအခန်းသို့ ခေါ်သွား၍ သာစည်၌ရှိသော



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏မိတ်ဆွေ မြေပိုင်ရှင် ဦးစံဖဲထံသို့ မိမိ စီကုံး ရေးသားထားသည့် ပေစာတစ်စောင်ကို ပေးအပ်လျက်–

'ငါ့တူ အမှုထမ်းမည့် ရဲမက်ကြီးဦးမင်းခေါင် တပ်တော်ဟာလည်း သာစည်မှာ တပ်စခန်း ချနေတယ် ဆိုတယ်။ ဦးစံဖဲကလည်း သာစည်မြို့ထဲမှာပဲ ရှိလေရဲ့။ ဒီတော့ကာ ငါ့တူ ဆိုက်ရောက်ကြောင်းကို ဦးမင်းခေါင်ထံမှာ အစီရင်ခံ ပြီးပြီးချင်း ငါ့မိတ်ဆွေ မြေပိုင်ရှင် ဦးစံဖဲဆီကို သွားပြီး လည်ရမယ်'

ဟု ဆိုကာ မောင်မောင်တင့်လက်သို့ အပ်လိုက်လေ၏။

ဦးစံဖဲ ဆိုသူမှာ ဦးသိန်းကြွယ်နှင့် အတူ သာသနာပိုင် ကျောင်းတိုက်၌ ဘုန်းကြီးကျောင်းသား အဖြစ်နှင့် ပညာသင်ကြားစဉ်က ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြလေရာ လူလားမြောက်၍ တစ်ရပ်တစ်ကျေး အဝေးမြို့ရွာ၌ နေထိုင်ကြသော်လည်း၊ ဦးစံဖဲသည် ၎င်းနယ်မှ ထွက်သော ဖွတ်ခြောက်၊ ပုတတ်ခြောက် စသော စားသောက်ဖွယ်ရာများကို တစ်နှစ်တစ်ကြိမ် ရာသီအလိုက် လက်ဆောင်ပေး၍ ဦးသိန်းကြွယ်ကလည်း သမင်သားခြောက်၊ ယုန်သားကင် စသည်တို့ဖြင့် တုံ့ပြန်ကမ်းလှမ်းလေ့ ရှိ၏။ သို့ဖြစ်၍ သူငယ်ချင်း နှစ်ယောက်တို့သည် နှစ်ပေါင်းများစွာ ကွဲကွာလျက် ရှိကြသော်လည်း လက်ဆောင်များ မကြာခဏ အပြန်အလှန် ပို့သကြသည် ဖြစ်သောကြောင့် တစ်ယောက်ကိုတစ်ယောက် အမှတ်ရလျက် ရှိကြလေ၏။ သို့ဖြစ်၍ ဦးသိန်းကြွယ်၏ တူအရင်းတစ်ယောက်သည် သာစည်နယ်သို့ ရောက်သည်ဆိုပါလျှင် ဦးစံဖဲ၏ နေအိမ်သို့ တစ်ခါတစ်ခေါက်မျှ မရောက်ဘဲ ရှိနေပါက မိတ်ဆွေဝတ္တရား ကျေပွန်မည်မဟုတ် ဟူ၍ ယူဆသည့်အလျောက် မောင်မောင်တင့်အားလည်း ထိုအကြောင်းကို ပြောကြား မှာထားလိုက်လေသည်။

မောင်မောင်တင့်၏ ကြီးတော် သူဌေးကတော်ကြီးမှာလည်း လင်ဘက်မှ တော်စပ်သော တူပင် ဖြစ်စေကာမူ ငယ်စဉ်တောင်ကျေးမှ ကျွေးမွေးပြုစုလာခဲ့သော မောင်မောင်တင့်နှင့် ခွဲရမည့်အရေးကို များစွာ လွမ်းဆွတ်လျက် မှာထားရန် ရှိသမျှကို မိန်းမတို့ဘာဝ အထပ်ထပ် မှာလိုက်လေ၏။





အထူး အရေးတကြီးပြု၍ မှာထားလိုက်သော အချက်များကား ၎င်းနယ်တွင် မိန်းမချော မိန်းမလှ ပေါသည်ဟု သတင်းရသောကြောင့် ရုပ်ပင် ချောသော်လည်း ဂုဏ်ရည် အဆင့်အတန်း မတူသော သတို့သမီးများနှင့် ချစ်ကြိုက်စုံမက်ခြင်း မဖြစ်မိစေရန် အထူးသတိပြုဖို့ သွန်သင်လိုက်လေ၏။

ဖခင်ထံမှ စာရပြီးနောက် သုံးရက်မြောက်သော နေ့တွင် မောင်မောင်တင့်သည် မိမိအတွက် အုန်းခွဲရောင် မြင်းနှစ်စီးအနက် တစ်စီးကိုစီး၍ တစ်စီးကို တပည့်ဖြစ်သူက ဆွဲခေါ်ခဲ့လေရာ တပည့်အဖို့မှာမူ မြင်းနီတစ်စီးကို သူဌေးကြီးက ပေးလိုက်လေသည်။ သို့ဖြစ် ဆရာတပည့် နှစ်ယောက်တို့သည် ဘကြီးနှင့် ကြီးတော်တို့အား မြန်မာတို့ ထုံးစံအတိုင်း မြေပေါ်၌ ဒူးချကာ ရှိခိုးကန်တော့ပြီးနောက် လမ်း၌ စားသောက်ရန်အတွက် ကြီးတော်က စီမံပေးလိုက်သည့် ပေါက်ပေါက်ဆုပ်၊ ကရေကရာ အစရှိသော စားဖွယ်တို့ကို တပည့်လွယ်အိတ်၌ ထည့်ဆေပြီးလျှင် မြင်းပေါ်သို့ တက်ကြ၍ မြို့တော်တံခါးမှ ထွက်လာခဲ့ကြလေ၏။

ဆရာတပည့် နှစ်ယောက်တို့သည် ခရီးစဉ်တစ်ကိုက် ထွက်ခဲ့ကြရာ လမ်းခရီး၌ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ သာစည်အနီးရှိ ဦးမင်းခေါင်၏ တပ်စခန်းသို့ ချောမောစွာ ဆိုက်ရောက်ကြလေ၏။ တစ်ရက်မျှ နားနေပြီးနောက် မောင်မောင်တင့်သည် ဦးမင်းခေါင်ထံမှ အခွင့်ယူ၍ ဘကြီး ဦးသိန်းကြွယ်၏ သူငယ်ချင်းဖြစ်သော မြေပိုင်ရှင် ဦးစံဖဲ၏ နေအိမ်သို့ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

မြေပိုင်ရှင် ဦးစံဖဲ၏ နေအိမ်မှာ သာစည်ရွာ အဝင်ဝတွင် ကျယ်ပြန့်သော ဝင်းကြီးအတွင်း သုံးဆောင်ပြိုင် အိမ်ကြီးဖြစ်လေရာ မောင်မောင်တင့်နှင့် ၎င်း၏တပည့်သည် ဝင်းတံခါးမှ မြင်းကိုယ်စီနှင့် ဝင်သွားကြ၍ မောင်မောင်တင့်သည် မိမိ၏မြင်းကို တပည့်လက်သို့ ပေးအပ်ခဲ့ပြီးနောက် အိမ်ကြီးသို့ ရှေးရှုလျှောက်သွားလေ၏။ ဝင်းကြီးအတွင်း၌ ကျေးတော လူ့ရတတ်တို့၏ ထုံးစံအတိုင်း စပါးကျီကြီးများ၊ စပါးလုပ်ငန်းနှင့် သက်ဆိုင်ရာ တလင်းကြီးများလည်း ဖြူးဖြူးပြောင်ပြောင် ရှိနေလေရာ မောင်မောင်တင့်သည် အိမ်ရှေ့တွင် လူစလူန မမြင်သည်နှင့် အိမ်နံဘေးရှိ ကွမ်းခြံတစ်ခုဆီမှ လူသံကြားရာသို့ လျှောက်သွားသည်တွင် အသက် ၅၀ အရွယ်ခန့်ရှိ ဦးစံဖဲသည် သစ်ပင်နိုက်ပျိုးခြင်း အလုပ်ကို ဝါသနာပါသည့် အလျောက် ကွမ်းခြံအတွင်း၌ အမြစ်ပေါ်သော ကွမ်းပင်များကို မြေဖုံးခြင်း၊ တွယ်စရာ မရှိသော ကွမ်းတက်များကို ကွမ်းစင်နှင့်ကပ်၍ ချည်ပေးခြင်း အစရှိသော အလုပ်တို့ဖြင့် စိတ်ဝင်စားလျက် ရှိသည်ကို တွေ့ရလေ၏။

မောင်မောင်တင့်သည် ထိုလူကြီး၏ ခံ့ညားသော အမူအရာကို အကဲခတ်ရခြင်းအားဖြင့် သာမန် ဥယျာဉ်မှူးတစ်ယောက် မဟုတ်နိုင်၊ အိမ်ရှင်နှင့်ပင် သဏ္ဌာန်တူသည်ဟု အောက်မေ့၍ အနီးသို့ ချဉ်းကပ်ပြီးလျှင် ဦးစံဖဲ ရှိပါသလားဟု မေးမြန်းသဖြင့် ဦးစံဖဲက မိမိပင် အိမ်ရှင် ဦးစံဖဲဖြစ်ကြောင်း ပြော၍ ကိစ္စကို မေးလေ၏။

ထိုအခါ မောင်မောင်တင့်က မိမိမှာ အဝမြို့ သူဌေးကြီး ဦးသိန်းကြွယ်၏တူ၊ ဦးသန်းကြွယ်၏သား ဖြစ်ကြောင်း ပြောပြ၍ ဦးသိန်းကြွယ်ထံမှ စာကို ပေးအပ်လိုက်လေရာ၊ ဦးစံဖဲသည် ၎င်းစာကို ဖတ်ကြည့်ပြီးနောက် မောင်မောင်တင့်၏ မျက်နှာကို သေချာစွာကြည့်လျက်–





'သြော်...မောင်က မိတ်ဆွေကြီး ဦးသိန်းကြွယ်ရဲ့ တူပါကလား၊ ဆင်လည်း ဆင်ပါ့မောင်၊ မောင့်ဘကြီးလည်း ငယ်ငယ်တုန်းက ဒီမျက်လုံးမျိုး၊ ဒီမျက်ခုံးမျိုးနဲ့ ဒီအရပ် အမောင်းမျိုးပါပဲ။ ကိုင်း.... ကိုင်း လာပါ၊ လာပါ'

ဟု ပြော၍ ဦးစံဖဲသည် လက်၌ ပေကျံလျက်ရှိသော ရွှံ့များကို ဆေးကြောပြီးနောက် ကွမ်းခြံထဲမှ အတူ ထွက်လာခဲ့ကြလေ၏။

ကွမ်းခြံမှ အိမ်သို့အသွား လမ်းခရီးတွင် စပါးကျီထဲသို့ သူရင်းငှားများနှင့် စပါးများ သွတ်သွင်းခြင်း အလုပ်ကို ဆောင်ရွက် ပြီးစီးလာခဲ့သည့် မနန်းယုနှင့် တွေ့၍ ဦးစံဖဲက–

'ဟေ့ သမီး၊ ဟောဒီမှာ အဝမြို့က အဖေ့မိတ်ဆွေကြီးရဲ့ တူများ ရောက်လာတယ်ဟေ့၊ အိမ်ရှေ့မှာ သင်ဖြူးများ ခင်းရှေ့ပါဟဲ့'

ဟု ပြောလိုက်သဖြင့် မနန်းယုသည် မောင်မောင်တင့်ကို တစ်ကြိမ်တည်း လှမ်းကြည့်ပြီးနောက်–

'မွှားဆုံရေ.... လာစမ်းပါဦးဟေ့'

ဟု ခေါ်ကာ အိမ်ပေါ်သို့ ကပျာကယာ တက်သွားလေ၏။ မနန်းယုမှာ မြို့ကြီးသူ မဟုတ်သဖြင့် ဆင်ယင်ဝတ်စားပုံတို့မှာ ခပ်ရိုးရိုးပင် ရှိသော်လည်း ငါးရံ့ကိုယ်ဟု ခေါ်ကြသော သေးသွယ်ပျော့ပျောင်းသည့် ကိုယ်ကာယ အပြင် ကြည်လင်သော မျက်လုံး၊ ရှည်လျား နက်မှောင်သော ဆံပင်၊ ဖြူစင်သော သွားများ၏ တင့်တယ်ခြင်းတို့ထက် အလွန် ကြည်လင်နူးညံ့လှသော အသားအရေ ရှိသည်ဖြစ်၍ အကြောကလေးများသည် နဖူးပြင်၊ ပါးပြင်နှင့် လည်တိုင်တို့တွင် စိမ်းစိမ်းလဲ့လဲ့ မြရောင်သွဲ့လျက် တွေ့မြင်ရပေ၏။

မနန်းယု၏ ရုပ်အဆင်းမှာ အချောကြီး၊ အလှကြီး ဟူ၍ မခေါ်နိုင်စေကာမူ ရှင်ပျသောစိတ်နှလုံး ရှိသည့်အတွက်ကြောင့် ၎င်း၏ မျက်နှာကလေးသည် အခါခပ်သိမ်း ရှင်ပြုံးကြည်လင်လျက် ရှိသည်ကို တွေ့မြင်ရပေ၏။ လမ်းလျှောက်ပုံ အမူအရာမှာလည်း အချို့သော တောသူများကဲ့သို့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တည် မောင်းတည် မဟုတ်ဘဲ ပျော့ပျောင်းယိမ်းနွဲ့သော ကိုယ်ကာယ ရှိသည့် အလျောက် ကနွဲ့ကလျကလေးနှင့် အလွန်ကြည့်ကောင်းသည်ဟု ထိုအရပ်ရှိ ကာလသားများ၏ ချီးကျူးခြင်းကို ခံရလေသည်။

မနန်းယုသည် မောင်မောင်တင့်နှင့် တစ်ကြိမ်တည်းမျှ မျက်နှာချင်း ဆိုင်မိကြရာတွင် ထီးနန်းစိုက်ရာဖြစ်သော အဝ မြို့ကြီးသားတစ်ယောက် ဖြစ်သည် ဆိုသောကြောင့် တောသူကလေးတို့ ထုံးစံအတိုင်း ရှက်သလိုလို ရှိန်းဖိန်း ထူပူသွားလေရာ ကြည်လင်သော အရေအသား ရှိသည့်အတွက် ကြောင့် မျက်နှာတစ်ခုလုံး သွေးဖြန်း၍ နီမြန်းသွားလေတော့၏။ ထိုအခြင်း အရာကို မောင်မောင်တင့် မြင်ရသောအခါ ဤသူငယ်မကား မြို့ကြီးသူ တစ်ယောက် မဟုတ်ငြားသော်လည်း မြို့ကြီးသူ ဆိုသော အဝသူများထက်ပင် နွဲ့နွဲ့ပျောင်းပျောင်း ကြည့်၍ကောင်းသည်ဟု အောက်မေ့မိ၏။

မနန်းယုသည် ဖွားဆုံ ဆိုသူ သူငယ်မနှင့် အိမ်ပေါ်သို့ တက်သွားကြ စဉ် ဦးစံဖဲနှင့် မောင်မောင်တင့်တို့သည် လှေကားဆီသို့ လျှောက်လာရင်း–

'တူမောင်က ဘုရင့်အမှုထမ်း မှတ်တယ်။ ကောင်းတယ်.... ကောင်း တယ်၊ လူငယ်ဆိုတာ စွန့်စွန့်စားစား ယောကျ်ားပီပီ အလုပ် လုပ်ဝံ့ပါမှ ပေါ့။ ကိုယ့်ဘကြီးရဲ့ အမွေကို တစ်နေ့မှာ ငါ ရမယ်ဆိုပြီး ဘကြီးနား၊ ကြီးတော်နား ကပ်ညာတဲ့ လူစားမျိုးဟာ အလကား လူပေါသော ဖြစ်တတ် တာပဲ မောင်ရင်ရဲ့'

ဟု ပြောလျက် လှေကားမှ တက်လာကြလေ၏။ မနန်းယုမှာမူ စပါးကျီထဲမှ လာခဲ့ရခြင်း ဖြစ်သောကြောင့် ဦးခေါင်းနှင့် မျက်နှာတို့တွင် မြူမှုန်များ ပေကျံလျက်ရှိမည်ကို စိုးရိမ်ဟန် လက္ခဏာနှင့် မနန်းယုသည် ဖွားဆုံအား သင်ဖြူးခင်းခြင်း၊ ကွမ်းအစ်တည်ခြင်း စသော အလုပ်များကို စေခိုင်းထား၍ မိမိကိုယ်ကို ကိုယ်လုံးပေါ်မှန်ကြီး၌ ကြည့်ကာ စပါးမှုန်များကို သုတ်သင်၍ မျက်နှာကို တို့ပတ်ဖြင့် ပျာယီးပျာယာ တစ်ချက်နှစ်ချက် ရိုက်ဖို့ အချိန်ရအောင် ကြိုးစားရှာသေး၏။ ထိုနောက်မှ မနန်းယုသည် ဖွားဆုံနှင့်





အတူ ကွမ်း၊ ဆေး၊ လက်ဖက်တို့နှင့် ရေတကောင်း၊ ငွေဖလား တို့ကိုပါ သင်ဖြူးပေါ်၌ တည်ခင်းပေးပြီးနောက် မိမိ၏ အဆောင်သို့ ဝင်သွားလေ၏။

မောင်မောင်တင့်နှင့် ဦးစံဖဲတို့သည် ရှေးလူရတတ်တို့၏ ထုံးစံအတိုင်း သင်ဖြူးပေါ်တွင် မှီအုံးကြီးများဖြင့် ထိုင်ကာ စကားပြောလျက် ရှိကြစဉ်–

ဖဲ။ ။ 'နေရာကျလိုက်တာ မောင်ရယ်၊ ဒီကနေ့ည ကျုပ်သူငယ် ချင်း သုံးလေးယောက် စကားပြောရင်း၊ ထမင်းစားရင်း လာကြလိမ့်မယ်။ ရွှေမြို့တော်ကြီးက ကျုပ်မိတ်ဆွေကြီးရဲ့ တူ ဆိုတော့ ဒီရွာက ကျုပ်သူငယ် ချင်းများနဲ့ မိတ်ဆွေဖြစ်ဖို့ အခွင့်ရသွားတာကိုလည်း ကျုပ် သိပ်ဝမ်းသာ တယ်။ မောင့်ဘကြီးကိုလည်း ဟိုကျတော့ ပြောလိုက်ပါ။ သာစည်ရွာက လူကြီးလူကောင်း မိတ်ဆွေအပေါင်းတို့က သူဌေးမင်း ဦးသိန်းကြွယ် အလည် အပတ် လာဖို့ ပင့်ဖိတ်လိုက်ပါတယ်လို့ ပြောလိုက်ပါနော် ကြားလား'

တင့်။ ။ 'ကောင်းလှပါပြီ ခင်ဗျာ၊ ဦး မိတ်ဆွေများက ဘုရင့် အမှုတော်ထမ်းများ ပါလား ခင်ဗျာ'

ဖဲ။ ။ 'ဟုတ်တယ်၊ ရှေးက သွေးသောက်ကြီးဆိုတဲ့ မင်းမှုထမ်း လည်း ပါတယ်။ တပ်မင်းကြီးဟောင်း တစ်ယောက်လည်း ပါတယ်။ ဝါဒ ကတော့ မောင့်ဘကြီးများနဲ့ နည်းနည်းကွဲတယ်ပေါ့လေ။ သို့သော် ကျုပ် မိတ်ဆွေတွေက အင်မတန် အလိုက်သိတဲ့ လူတွေပါ။ မိတ်ဆွေဖွဲ့တဲ့ နေရာ မှာ ဟိုမင်းရဲ့လူ၊ ဒီမင်းရဲ့လူလို့ အာဃာတ မထားဘဲ သင့်သင့်မြတ်မြတ် ပျော်ပျော်ရွှင်ရွှင် ရယ်လားမောလား စကားပြောကြဖို့ လိုရင်းထားတတ်တဲ့ လူတွေပါ'

တင့်။ ။ 'ဝမ်းသာပါ့ ခင်ဗျာ၊ ရောက်တဲ့အခါ ဒီနယ်က လူကြီး လူကောင်းများနဲ့ သိကျွမ်းရတယ်ဆိုတာ ကျွန်တော် ကုသိုလ်ကံကောင်း တယ်လို့ မှတ်ယူပါတယ် ခင်ဗျာ'

ထိုနေ့ညနေတွင် ဦးစံဖဲ ဖိတ်ကြားထားသော ဧည့်သည်များ ရောက် ရောက် လာကြလေရာ ၎င်းတို့မှာ သာစည် ရွာသူကြီး ဦးလူထွား၊ သွေး



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြီး ဦးစံကဲ၊ တပ်မင်းကြီးဟောင်း ဦးစကြာနှင့် အခြား လူကြီးလူကောင်း နှစ်ယောက် သုံးယောက်တို့ ဖြစ်လေသည်။ ဧည့်သည်များသည် အိမ်ရှင်ဦးစံဖဲက စားသောက်စချင့်ဖွယ် ချက်ပြုတ် ပြင်ဆင်ထားသည့် ချေသား၊ ယုန်သား၊ ခါကင် အစရှိသော တော အမဲဟင်းလျာတို့ အပြင် နေ့စဉ်ရနိုင်သည့် ဝက်သား၊ ကြက်သား စသော ဟင်းများကို မြိန်ရှက်စွာ စားသောက်ကြပြီးနောက် မြန်မာထုံး ထုံးစံအတိုင်း အိမ်ဦးခန်း၌ ထိုင်ကာ လက်ဖက်ရည်ကြမ်းနှင့် ချိုပွဲချဉ်ပွဲများကို စားသောက်ရင်း စကားစမြည် ပြောလျက်ရှိကြလေ၏။

နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ထိုအချိန်ခါ၌ အဝမြို့ ထီးနန်းကို ညီတော် နန်းစံလျက်ရှိရာ တိုင်းသူပြည်သားတို့မှာ ဥပုသ်ဆောင်သို့ အတင်းဝင်စေခြင်း ခံရသော နောင်တော်ကို မေတ္တာရှိသူများလည်း ရှိကြ၍၊ ညီတော်ကို ထောက်ခံသူများလည်း ရှိကြ၏။ ထိုခေတ် အခါက တိုင်းသူပြည်သားများမှာ နှစ်ခြမ်းကွဲလျက်ရှိရာ နောင်တော်ကို လိုလားသူများသည် နန်းစံဘုရင်ကို သူခိုးဘုရင်၊ ဓားပြဘုရင်ဟု စွပ်စွဲကြ၍ နောင်တော် ထီးနန်းတက်မှုကိုသာ မျှော်လင့်တောင့်တလျက် ရှိကြ၏။ အချို့ကမူကား လူညာတို့ ထုံးစံအတိုင်း တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နန်းပေါ်သို့ ရောက်ပြီးသော လက်ရှိဘုရင်ကိုသာလျှင် သစ္စာစောင့်ထိန်းထိုက်သည်ဟု သဘောထား၍ မင်းမှီနိုးကပ် အလုပ်ဖြင့် ရာထူးရအောင် အားထုတ်သူများလည်း မရှားလှချေ။

စင်စစ်မှာ မင်းမှုထမ်း အရာရှိများနှင့် ၎င်းတို့၏ အစွယ်အပွား အသိမိတ်ဆွေများသည် ညီတော်၏လူများ ဖြစ်ကြ၏။ ကြွင်းကျန်သော အရပ်သားတို့မှာ နောင်တော်၏လူများ ဟူ၍ ခေါ်ဆိုနိုင်လေ၏။ သို့ဖြစ်ရကား အရေအတွက်အားဖြင့် နောင်တော်၏လူ များသော်လည်း ရဲမက်စစ်သည် ဗိုလ်ပါများမှာ လက်ရှိဘုရင်၏ အမိန့်ကို နာခံကြရသည်ဖြစ်၍ လူအင်အား ကောင်းသော နောင်တော်သည် ညီတော်ကို တော်လှန်ခြင်းငှာ မတတ်နိုင်ချေ။ သို့ပါသော်လည်း နောင်တော်၏ လူများကား တစ်နေ့သောအခါတွင်





နည်းမှန်လမ်းမှန်အတိုင်း နောင်တော်သည်သာလျှင် ဘုရင်ဖြစ်ရမည်ဟု မျှော်လင့်အားထားကြလျက် ရဲဝံ့သော သူတို့သည် နောင်တော်ကိုသာ လိုလားကြောင်း ပြောင်ပြောင်ကြီး ဖွင့်ပြောလေ့ရှိ၏။

ဧည့်သည်များသည် လက်ဖက်ရည်ကြမ်းဝိုင်း၌ ထိုင်ကာ ထွေရာလေးပါး စကားတို့ကို ပြောဆိုလျက်ရှိကြစဉ် တပ်မင်းကြီးဟောင်း ဦးစကြာဆိုသူသည် မောင်မောင်တင့်အား စေ့စေ့ကြည့်လျက်–

'ခု လက်ထက် ရဲမက်ဆိုတာ အလကား လူတွေပါ ခင်ဗျာ။ ဘုရင့်အကျိုးတော် ဆောင်တယ် ဆိုပေမဲ့ ဖြစ်ထိုက်တဲ့သူ ဘုရင်ဖြစ်မှ အကျိုးဆောင်ရကျိုး နပ်တာကိုး ခင်ဗျာ။ ကိုယ်နဲ့မဆိုင်တဲ့ ထီးနန်းလုယူပြီး ဘုရင်လုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် လက်အောက်မှာ အမှုထမ်းရဖို့ ဘယ်က လာပြီး....'

ဖဲ။ ။ 'သည်းခံပါ မိတ်ဆွေ၊ လွန်ကျွံ ကုန်ပါ့မယ်၊ ကျုပ်သဘော ဘယ်လိုရှိတယ် ဆိုတာ ဦးစကြာလည်း သိပြီးပဲ။ သို့သော် ကျုပ်တို့ချည်း မဟုတ်၊ မင်းမှုထမ်း ဧည့်သည်များလည်း ရှိလေတော့ မပြောအပ်တဲ့ စကားကို မပြောကောင်းပါဘူးဗျာ။ သည်းခံပါ'

ကြာ။ ။ 'မှန်တာပြော သစ္စာတဲ့၊ မှန်တဲ့စကား ဆိုလို့ ဘယ်သူ့ဘာကြောက်နေရဦးမှာလဲ ခင်ဗျာ'

တင့်။ ။ 'ယခု ဦး ပြောလိုက်တဲ့ စကားဟာ ကျွန်တော့်ကို နစ်နာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောရာ ရောက်နေပါတယ် ခင်ဗျာ။ တစ်ဆိတ် ရပ်သိမ်းပါ'

ကြာ။ ။ 'အောင်မယ်.... လူပုံက နှုတ်ခမ်းမွေးတောင် ကောင်းကောင်း မပေါက်သေးဘဲနဲ့၊ ငါလိုလူတစ်ယောက်များ ရပ်သိမ်းပါလေး၊ ဘာလေးနဲ့။ ဟုတ်လိုက် လှတယ်ကွယ်'

ဖဲ။ ။ 'ကျုပ်ပြောမယ် ဦးစကြာ၊ ခင်ဗျားလည်း ကျုပ်ဧည့်သည်၊ ဒီသူငယ်လည်း ကျုပ်ဧည့်သည်ပဲ၊ ဧည့်သည်အချင်းချင်း တစ်ယောက်က တစ်ယောက်ကို စော်ကားရင် ကျုပ်ကို စော်ကားရာ ကျပါတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ခုနက ပြောတဲ့စကား နည်းနည်းလွန်ကျူးသွားတဲ့အတွက် ရုပ်သိမ်းဖို့ ကျုပ်က ထောက်ခံပါတယ်'

ဦးလူတုတ်။ ။ 'ဟုတ်ပေသားပဲ ဦးစကြာ၊ ဦးစံဖဲ ပြောတာ လမ်းကျတယ်ဗျ'

ဦးစံကဲ။ ။ 'ဘယ်ကလာ လမ်းကျရမှာလဲဗျ၊ ကိုယ်စိတ်ထဲရှိတာ ကိုယ်ပြောလို့ ဘယ်သူ့ ကြောက်နေရဦးမှာလဲ၊ ဦးစကြာရော ကျုပ်ရော မင်းမှုထမ်းနေကြတာ ခင်ဗျားတို့ သိတယ် မဟုတ်လား'

ဖဲ။ ။ 'သိတာတော့ သိပြီလားဗျာ၊ သို့သော် ကိုယ် မထမ်းရွက်ချင်ရင် နေ၊ ထမ်းရွက်နေတဲ့ ကျုပ်ဧည့်သည်တစ်ယောက်ကို ဘာကြောင့် ပုတ်ခတ် ပြောရမှာလဲဗျ'

ထိုအခါ အခြား ဧည့်သည် နှစ်ယောက် သုံးယောက်တို့လည်း ဟိုဘက် သည်ဘက်မှ ဝင်ရောက်ထောက်ခံ ပြောဆိုကြရာ ပရိသတ်များသည် နှစ်ခြမ်းကွဲ၍ သွားလေတော့၏။

ယင်းသို့ ရှိစဉ်–

တင့်။ ။ (ဓားကို ဆွဲထုတ်လျက်) 'စကားရှည်ရှည် မပြောချင်ဘူးဗျာ။ ရုပ်သိမ်းမလား၊ မရုပ်သိမ်းဘူးလား'

ထိုအခါ အိမ်ရှင် ဦးစံဖဲသည် မောင်မောင်တင့်၏ ပခုံးကို ပုတ်ကာ ချော့မော့လျက်–

'သည်းခံပါ မောင်၊ ကျုပ်က အိမ်ရှင်ဖြစ်နေလို့ ဘယ်သူ့ကို စော်ကားသည် ဖြစ်စေ ကျုပ်ကို စော်ကားရာ ရောက်နေလို့ ကျုပ်က တာဝန်ယူပြီး ပြောရပါလိမ့်မယ်။ ကိုင်း.... ဦးစကြာ၊ ရုပ်သိမ်းလိုက်ဗျာ။ ကျုပ်မျက်နှာ ထောက်ပါ'

ကြာ။ ။ 'လူချင်း ခင်တာ တစ်မျိုးဗျ၊ ထွက်ပြီးသား ဆင်စွယ် ဝင်တယ်လို့ မရှိဘူး ဆိုတာလို ပြောပြီးသား စကားကို ကျုပ် ရုပ်သိမ်းဖို့ ထုံးစံမရှိဘူးဗျာ။ ဘာလုပ်ချင်သေးသလဲ'





ထိုအခါ ဦးစံဖဲသည် တိုင်တွင် ချိတ်ထားသော ဓားအိမ်မှ ဓားကို ဆွဲထုတ်၍ ဦးစကြာ၏ ဦးခေါင်းကို ခုတ်ခွဲလိုက်ရာ ဦးစကြာလည်း ဖျတ်လတ်သူဖြစ်၍ မိမိ၏ ဓားနှင့် မြှောက်၍ ခံလိုက်သည်တွင် ဓားသွားချင်း ပွတ်၍ လက်ကိုင်ရင်း လျှောကျသွားလေ၏။ ဦးစကြာသည် ငယ်ရွယ်သည့်အလျောက် လျင်မြန်ဖျတ်လတ်၍ ခွန်အားလည်း ကောင်း၏။ ဦးစံဖဲမှာ အသက်ပင် ကြီးသော်လည်း သူ့ခေတ် အခါက နာမည်ရ ဓားကောင်းတစ်ယောက် ဖြစ်ခဲ့လေသည်။ သို့ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် နှစ်ချက် သုံးချက်စီ ထိုးခုတ်ကြသော်လည်း မည်သူ့ကိုမျှ လှလှကြီး မထိ။ အခြား ဧည့်သည်များက တစ်ယောက်ကို နှစ်ယောက် သုံးယောက် ပြု၍ ဆွဲထားကြသောကြောင့် လူချင်း ကွဲ၍ သွားလေတော့၏။

ဦးစကြာသည် လူကြီးသော လူငယ်သော မရှောင်၊ ဦးခေါင်းကို အကုန်ဖြတ်ပစ်မည်ဟု ကြုံးဝါးလျက် အခြားဧည့်သည်များ၏ တွန်းထိုးဆွဲငင်ခြင်းဖြင့် အိမ်ပေါ်မှ ဆင်းသွားရလေရာ ဝင်းပေါက်သို့ ရောက်သည့်တိုင် အောင်ပင် သွေးပူသော ရဲမက်တို့၏ ထုံးစံအတိုင်း သဏ္ဍာန်ရှိ ဆင်းခဲ့ဟေ့၊ ဘာဟေ့၊ ညာဟေ့နှင့် ကြုံးဝါးကာ ပြန်သွားလေတော့၏။

မောင်မောင်တင့်မှာမူ မိမိ အမျက်ထွက်သည်ထက် အိမ်ရှင် ဦးစံဖဲက ပိုမို၍ ဒေါသကြီးနေသည်ကို တွေ့ရသည် ဖြစ်သောကြောင့် ဦးစံဖဲကိုပင် ဖျောင်းဖျပြောဆို နေရသေးသည် ဖြစ်ရာ၊ နောက်ဆုံးတွင်မှ ဦးစံဖဲက မိမိမှာ လူကြီးဖြစ်လျက်နှင့် လူငယ်တမျှ ဒေါသကြီးမိကြောင်းနှင့် ဝန်ခံပြောဆိုပြီး လျှင် အိပ်ရာသို့ အသီးသီး ဝင်ကြလေ၏။ မနန်းယုသည် ဖခင်ဖြစ်သူ အမျက်ပြေပျောက်အောင် ချော့မော့ ဖျောင်းဖျ ပြောဖော်ရသော မောင်မောင်တင့်အား ကျေးဇူးတင်သော မျက်နှာထားဖြင့် ကြည့်မိရှာသေးသည်များကို မောင်မောင်တင့်လည်း အမှတ်မဲ့ မနေခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃ ]

ထိုညဉ့်၌ မောင်မောင်တင့်သည် ဦးစံဖဲ၏ နေအိမ်၌ တည်းခိုအိပ်စက်ခဲ့ရာ မိမိက တစ်ခွန်းတစ်ပါဒမျှ ပြောရခြင်း မရှိဘဲ တပ်မင်းကြီးဟောင်း ဦးစကြာက မိမိ၏ ဂုဏ်သရေကို ထိခိုက်အောင် ပုတ်ခတ်ပြောဆိုခြင်း ခံရသည့်အတွက် ထိုသူ့အပေါ်၌ အမျက်မကျေနိုင်အောင် ရှိနေသဖြင့် အခါအခွင့်သင့်သောအခါ၌ တုံ့ပြန်ချေပခြင်း ပြုဦးအံ့တကားဟု စိတ်ထဲ၌ ကြုံးဝါးလျက် ရှိ၏။ သို့ရာတွင် လူငယ်တို့ ဘာဝအလျောက် ထိုည၌အဖို့၌ အိပ်မပျော်နိုင်အောင် သောကရောက်သည် မရှိဘဲ အိပ်ရာသို့ ဝင်ပြီးသည်နောက် များမကြာမီ အတွင်း၌ပင် အိပ်ပျော်သွားခဲ့လေ၏။

နံနက်လင်း၍ အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် မောင်မောင်တင့်သည် ယမန်ညဉ့်က အခြင်းအရာကို သတိရပြန်သည်နှင့် များစွာ စိတ်မကြည်မလင်ဘဲ မနန်းယု တည်ခင်း ကျွေးမွေးသည့် လက်ဖက်ရည်ကြမ်းနှင့် မုန့်ရိုးများကို စားသောက်လျက်ရှိစဉ် မောင်မောင်တင့်၏ မျက်နှာထားမှာ မှုန်မှုန်သုန်သုန် ရှိနေခဲ့လေ၏။ သို့ဖြစ်၍ မနန်းယုက လောကဝတ်ပျူငှာ စားပါဦး၊ သောက်ပါဦးနှင့် တိုက်တွန်း ကျွေးမွေးသည်များကို မောင်မောင်တင့်သည် ကျေးဇူးတင်ဟန် လက္ခဏာ မရှိဘဲ စားသောက်ဖွယ်တို့ကို ဣန္ဒြေကြီးစွာဖြင့် အနည်းငယ်မျှသာ စားသောက်လေ၏။

'အိမ်ရှင်ဦးစံဖဲ အဘယ်သို့ သွားပါသနည်း'

ဟု မနန်းယုအား မေးမြန်းသဖြင့်–





'ဖခင်မှာ မနက်စောစောကပင် လမ်းလျှောက်ထွက်သွားပါသည်'

ဟု ပြန်ပြောလေသည်ကို ကြားရသဖြင့် မောင်မောင်တင့်သည် မကြည်ရွှင်သော မျက်နှာနှင့် လက်ဖက်ရည်ကြမ်းများ သောက်လျက်ရှိစဉ် လှေကားမှ ခြေသံများ ကြား၍ ဦးစံဖဲသည် တပ်မင်းကြီးဟောင်း ဦးစကြာအား လက်တွဲလျက် တက်လာသည်ကို တွေ့မြင်ရလေ၏။

မောင်မောင်တင့်သည် ထိုင်ရာမှ မထဘဲ မျက်နှာထား ခပ်တင်းတင်းဖြင့် ထိုင်ကြည့်လျက်ရှိစဉ် ဦးစံဖဲသည် မောင်မောင်တင့် အနီးသို့ ချဉ်းကပ်၍ ဦးစကြာနှင့်အတူ သင်ဖြူးပေါ်၌ ထိုင်ကြပြီးနောက်–

ဖဲ။ ။ 'ဦး.... စကားတစ်ခွန်း ပြောပါရစေ မောင်မောင်တင့်၊ ဟောဒီက ဦးစကြာက နန်းလုံခံရတဲ့ နောင်တော်ဘုရင်ကို ချစ်ခင်လိုလားတဲ့အတွက် ကရုဏာဒေါသော ဖြစ်ပြီး ညီတော် နန်းစံဘုရင်ရဲ့ မင်းမှုထမ်း အရာရှိတစ်ယောက်ကို မထီလေးစား စကားမျိုး ပြောမိတဲ့အတွက် ဝမ်းနည်းပါတယ်တဲ့။ အမှန်မှာတော့ မောင်မောင်တင့်ကို စော်ကားလို၍ မဟုတ်၊ နောင်တော်ကို သနားမိတဲ့အတွက် ဒေါမနဿစိတ် ဝင်ပြီး ပြောမိရာ ပြောခဲ့မိခြင်း ဖြစ်ပါတယ်တဲ့။ မမှားသော ရှေ့နေ၊ မသေသော ဆေးသမား ဆိုတဲ့ စကားလို တစ်ကြိမ်တစ်ခါ မှားယွင်းမိသည့်အတွက် မောင်မောင်တင့်က သဘောကြီးကြီးထားပြီး သည်းခံစေလိုပါတယ်တဲ့။ ကိုယ့်အမှားကိုယ် ဝန်ခံတဲ့ လူဟာ ပညာရှိအရာ သွင်းထိုက်တဲ့အတိုင်း ငါတို့ကြီးက မွေမယူဘူးလို့ ဦး မျှော်လင့်ပါတယ်'

ဟု ပြောရာတွင် မောင်မောင်တင့်သည် ဦးစကြာ ကဲ့သို့သော တပ်မင်းကြီးဟောင်း တစ်ယောက်နှင့် ရန်ငြိုးဖွဲ့ရခြင်းအားဖြင့် အကျိုးမများသည့်ပြင် ဦးစကြာ၏ နောင်တရဟန်ရှိသော မျက်နှာထားကို မြင်ရသဖြင့်လည်း အမျက်ပြေပျောက်၍–

တင့်။ ။ 'ဦးက စိတ်ကျေထိုက်တယ်ဆိုရင် ကျွန်တော်က မကျေလို့ လူဆိုးဖြစ်ရုံ ရှိမှာပေါ့ ဦးရယ်၊ ကျွန်တော် ကျေနပ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလျက် ဦးစကြာ၏ မျက်နှာကို ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းကြည့်လိုက်လေရာ၊ မောင်မောင်တင့်၏ ပြုံးခြင်းမှာ လှိုက်လှဲပွင့်လင်းခြင်း ရှိသောကြောင့် ဦးစကြာလည်း မိမိအား ရန်ငြိုးမထားကြောင်းကို သိနိုင်သဖြင့် တုံ့ပြန်၍ ပြုံးလိုက်လေ၏။

၎င်းနောက် ဦးစံဖဲသည် မနန်းယုကို လှမ်းခေါ်၍–

'ဟဲ့... သမီးရေ.... အကြော်များ ယူခဲ့ပါဦးဟေ့၊ လက်ဖက်ရည်ကြမ်းများလည်း ထပ်ထည့်ပါဦး'

ဟု ပြောလိုက်သဖြင့် မနန်းယု ဆောင်ယူလာသည့် ငါးပေါင်းကြော်၊ ဗယာကြော်နှင့် မုန့်ဆီကြော်များကို သုံးဦးသား စားသောက်ကြရင်း တစ်စုံတစ်ရာမျှ မဖြစ်ဖူးသကဲ့သို့ စကားလက်ဆုံ ဝင်စွာနှင့် ဆူညံစွာ ပြောဆိုလျက် ရှိကြလေ၏။ သို့ရာတွင် ဦးစကြာကမူ မောင်မောင်တင့်ကဲ့သို့ တစ်ခါတည်း မေ့ပျောက်ဟန် လက္ခဏာမရှိဘဲ ရံဖန်ရံခါ မျက်နှာညှိုးသွားသည်များကို တွေ့မြင်ရသေးသည်ဖြစ်ရာ ဦးစံဖဲက–

'မုန့်ကြော်ကလေး ပူပူနွေးနွေး စားစမ်းပါဦး၊ ရွှေဖီမိုးလွတ် လက်ဖက်ခြောက်ကလေး သောက်စမ်းပါဦး'

စသည်ဖြင့် ပျူငှာစွာ တိုက်တွန်းကျွေးမွေးသော်လည်း ဦးစကြာသည် ဝတ်ကျေဝတ်ကုန်မျှသာ စားသောက်၍ စကားစ ပြတ်သည်နှင့် တစ်ပြိုင်နက် ဦးစံဖဲက နံနက်စာ စားပြီးမှ ပြန်ရန် တားဆီးခြင်းကို ငြင်းပယ်၍ ဧည့်သည်နှင့် အိမ်ရှင်တို့ကို နှုတ်ဆက်ပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။

မောင်မောင်တင့်သည် ထိုနေ့ညတွင် ပြန်ပါရစေဟု ဦးစံဖဲအား တောင်းပန်သော်လည်း ဦးစံဖဲက အလွန်ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေကြီး၏ တူသား ဖြစ်သည့်အလျောက် တစ်ခါတစ်ခေါက် ရောက်လာခိုက်တွင် အနည်းဆုံး နှစ်ရက်၊ သုံးရက် တည်းခိုမှ ကျေနပ်နိုင်မည်ဟု ပြောသောကြောင့် မောင်မောင်တင့်မှာ ဇွတ်ငြင်းခဲ့လျှင် ရိုင်းရာကျမည် စိုးသောကြောင့် တစ်ညမျှ ဆက်လက်တည်းခိုရန် သဘောတူလိုက်ရလေ၏။





၎င်းနောက် ဦးစံဖဲသည် ရွာနီးချုပ်စပ်သို့ မြင်းနှင့် လှည့်လည်ကြည့်ရှုကြရန် စီမံ၍ ၎င်း၏မြင်းနှင့် မောင်မောင်တင့်၏ မြင်းကို တပည့်များအား ကုန်းတင်ခဲ့ရန် အမိန့်ပေးလေ၏။ ဦးစံဖဲနှင့် မောင်မောင်တင့်တို့သည် မြင်းကိုယ်စီနှင့် နေအိမ်မှ ထွက်လာခဲ့ကြလေရာ ဦးစံဖဲသည် ၄ ပေ ၆ လက်မခန့်ရှိ ထွားကျိုင်းသော ဖောင်းဝတ်ကြီးကိုစီးလျက် မြက်ခမောက်ကို ဆောင်းကာ ဗလာပုဆိုးကို ခါးပုံထိုး၍ မြင်းပေါ်၌ ကြော့ကြော့မော့မော့ ထိုင်တတ်ပေရကား ၎င်း၏ ခံ့ညားသော ကိုယ်လုံးကိုယ်ပေါက်နှင့် ကြီးရင့်သော ဣန္ဒြေတို့ကြောင့် ရဲမက်ကြီးတစ်ယောက် ဟူ၍ မှတ်ထင်လောက်ပါပေ၏။

မောင်မောင်တင့်မှာမူ ဘကြီးဦးသိန်းကြွယ် ပေးလိုက်သော အုန်းနွဲ့ရောင် မြင်းကြီးပေါ်တွင် ငယ်ငယ်ကတည်းက မြင်းစီး ကျင့်လာခဲ့သည့် လူတစ်ယောက်၏ ကျင်လည် သပ်ရပ်ခြင်းဖြင့် ထိုင်၍ လိုက်ခဲ့ရာ မြင်းနှစ်စီးတို့သည် ရှေ့လက်များကို အာပေါင်အာရင်းအထိ မြှောက်ကာ မြေကြီးကို ခုတ်၍ အသားကျ ပြေးကြရာတွင် ရွာသူရွာသားများမှာ မြင်းစီးကောင်းနှင့် မြင်းကောင်းဆိုလျှင် မကြည့်ဘဲ မနေနိုင်ကြသည် ဖြစ်၍ ဝင်းပေါက်၊ အိမ်ပေါက်တို့မှ ငေးမျှော်လျက် ကြည့်ကြရလေ၏။ မြင်းနှစ်ကောင်လုံးမှာ ကြီးလည်း ကြီး၊ ပြေးလည်း ပြေး၊ လှလည်း လှသည်နှင့် ရွာလယ်လမ်း တစ်ဖက်တစ်ချက်မှ တဖောင်းဖောင်း ခုတ်ထွက်လာကြစဉ် လူများသည် မြင်းများကို လည်းကောင်း၊ မြင်းစီးသမားများကို လည်းကောင်း မချီးမွမ်းဘဲ မနေနိုင်အောင် ရှိကြလေ၏။

ရွာမှထွက်လာ၍ အတန်ငယ် စိုင်းမိကြလေလျှင် သမင်အုပ်ကို တွေ့သည်နှင့် မြင်းစီးကောင်း၍ မြင်းကောင်းစီးရသူတို့၏ စိတ်တက်ကြွတတ်သော ထုံးစံအတိုင်း ဦးစံဖဲသည် လက်နက်ပင် မပါသော်လည်း မြင်းများကို ခြေစမ်းသော သဘောနှင့် သမင်အုပ်ကို မီအောင် လိုက်လေရာ မောင်မောင်တင့်လည်း နောက်မှ စိုင်း၍ လိုက်လေ၏။ အတန်ကြာ လိုက်မိလေသော် သမင်သားအမိ နှစ်ကောင်သည် သမင်အုပ်နှင့် ကွဲပြား၍ မောင်မောင်တင့်



www.burmeseclassic.com

www.burmeseclassic.com



တို့ နှစ်ယောက်လည်း ထိုသားအမိ နှစ်ကောင်နောက်သို့ ဝဲယာညှပ်၍ ဝိုင်းလိုက်ကြလေ၏။ မောင်မောင်တင့်သည် ဦးစံဖဲ၏ မြင်းကိုင်ကောင်းပုံနှင့် ဇက်ဆွဲကောင်းပုံကို မချီးကျူးဘဲ မနေနိုင်အောင်ရှိ၍၊ ဦးစံဖဲကလည်း မောင်မောင်တင့်ကို ထိုနည်းအတူ စိတ်ထဲ၌ ချီးမွမ်းမိလေ၏။ ထိုသူ နှစ်ယောက်တို့သည် မည်သည့် ရည်ရွယ်ချက်မျှ မရှိဘဲ အပျော်သက်သက် လိုက်ကြခြင်းဖြစ်၍ သမင်ကလေး မောဟိုက်သွားကြောင်း တွေ့ရသည်နှင့် တစ်ပြိုင်နက် မြင်းများကို ဇက်သတ်ကာ လှည့်ပြန်ခဲ့ကြလေ၏။ မြင်းကို အသားကျစီးသော ထိုခေတ်၌ မြင်းစီးကောင်းတို့မည်သည် တစ်ယောက်ကိုတစ်ယောက် အသိအမှတ် ပြုကြမြဲ ဖြစ်လေရာ၊ မောင်မောင်တင့်နှင့် ဦးစံဖဲတို့မှာ နာရီတစ်ဝက်ခန့်မျှ အတူတကွ မြင်းစိုင်းခဲ့ကြသော အချိန်အတွင်း၌ တစ်ယောက်ကို တစ်ယောက် အတော်ပင် အထင်အမြင် ကြီးခဲ့ကြလေ၏။

မောင်မောင်တင့်တို့သည် အနီးအပါးရှိ ရွာကလေး သုံးလေးရွာတို့ကို လှည့်လည် ကြည့်ရှုခဲ့ကြပြီးနောက် နေအိမ်သို့ ပြန်လာခဲ့ကြလေရာ ထိုနေ့ ညနေတွင် ဦးစံဖဲသည် မိမိသမီး မနန်းယု၏ ပညာစွမ်းကို မောင်မောင်တင့်အား ပြသမည်ဟု အကြံအစည် ရှိသည်နှင့်–

‘ငါ့သမီးရဲ့ စာကြည့်ခန်းကို အဖေတို့ လာကြည့်မယ်’

ဟု မနန်းယုအား စကားထည့်ထားလေ၏။ သို့ဖြစ်၍ ၎င်းနေ့ ညစာစားပြီးသည်နှင့် တစ်ပြိုင်နက် ဦးစံဖဲသည် မိမိ၏သမီးကား သာမည တောသူတစ်ယောက် မဟုတ်၊ အလွန်တရာ စာပေဝါသနာပါကြောင်း ပြော၍ မနန်းယု၏ ပုရပိုက်စာမူများ ထားသော အခန်းသို့ ခေါ်သွားလေ၏။ အိမ်ကြီး၏ အနောက်တောင်ထွန်း အခန်းတစ်ခန်းမှာ အလင်းရောင်နှင့် လေကောင်းလေသန့် ရ၍ နေထိုင်စချင့်ဖွယ် ကောင်းသည့်အတိုင်း ဦးစံဖဲသည် ပေစာများ၊ ပုရပိုက်စာမူများကို ကြွက်လျှောက်ပေါ်တွင် စီစဉ်ကာ ခင်းထားစေလျက် ဖုံကြီး၊ မှိုအုံးကြီးများဖြင့် ကြာရှည်စွာ ထိုင်နိုင်စေရန် စီမံထားသည့် စာကြည့်ခန်းပင် ဖြစ်လေသည်။ ဦးစံဖဲသည် စာပေဝါသနာပါသော မနန်းယုအား





ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ၊ နဝဒေး အစရှိသော ရှေးလင်္ကာဆရာကြီးများ၏ ပုရပိုက်စာမူများနှင့် ပေစာမူများကို အဖိုးကြီးပေး၍ ကူးယူစေပြီးလျှင် မနန်းယု၏ စာကြည့်ခန်းတွင် အသားယူကာ စီတန်း၍ ထားစေ၏။ ထိုခေတ်အခါကမူ စာအုပ်များ မပေါ်သေးသည် ဖြစ်၍ စာမူတစ်ခုလျှင် အသပြာ ၅၀ ကျပ်၊ ၁၀၀ ကျပ် အကုန်အကျခံ၍ ကူးယူကြရခြင်း ဖြစ်လေသည်။

ဦးစံဖဲနှင့် မောင်မောင်တင့်တို့ ဝင်သွားကြသော အချိန်၌ မနန်းယုသည် ကဗျာဘက်တွင် ဝါသနာပါသည့်အလျောက် မိမိ ရေးစပ်ထားသော လေးချိုးတစ်ပုဒ်ကို ပုရပိုက်တစ်ဆူတွင် အချောကူးလျက်ရှိရာ ဖခင်နှင့် ဧည့်သည်တို့ ဝင်လာသည်ကို တွေ့မြင်ရသော အခါ၌ ကြမ်းပေါ်တွင်ထိုင်၍ ရေးရသော စားပွဲငယ်ကလေးမှ ထကာ နေရာထိုင်ခင်း ပေးလေ၏။ မောင်မောင်တင့်မှာလည်း စာပေဝါသနာပါသူ ဖြစ်သောကြောင့် ကြွက်လျှောက်ပေါ်၌ စီတန်းလျက်ရှိသော စာမူများကို မြင်လိုက်ရလျှင်ပင် မနန်းယု အပေါ်၌ အထင်အမြင် ကြီးလျက်ရှိ၏။ မောင်မောင်တင့်သည် ရေးစာဟောင်းများကို အနည်းငယ် လှန်လှောကြည့်ရှုပြီးနောက် အခန်းထောင့်တွင် စားပွဲရှည်တစ်ခုပေါ်၌ သပ်ရပ်စွာ တင်ထားသော စောင်းကောက်ကြီးကို တွေ့မြင်ရာတွင်–

‘မည်သူ တီးတတ်ပါသနည်း’

ဟု မေး၏။ ထိုအခါ မနန်းယုက–

‘ဟုတ်လှတယ်တော့ မဟုတ်ပါဘူးရှင်၊ အထုံကလေး ပါလေတော့ တောင်တီး မြောက်တီးနဲ့ အပျင်းပြေတီးဖို့ ဝယ်ထားတဲ့ စောင်းပါပဲ’ ဟု ပြောရာတွင် ဦးစံဖဲသည် စောင်းကောက်ကိုယူ၍ သမီးလက်သို့ အပ်ပြီးလျှင်–

‘တစ်ပုဒ်လောက် တီးပြလိုက်ပါ သမီးရယ်’

ဟု ပြောသဖြင့် မောင်မောင်တင့်ကလည်း–

‘ကြားပါရစေ ခင်ဗျာ’

ဟု တောင်းပန်လေ၏။

မနန်းယုသည် ဖုံပေါ်တွင် ဒူးတုပ်ထိုင်လျက် စောင်းကြီးကို ညှိပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ပတ်ပျိုးတစ်ပုဒ်ကို တီးပြလေရာ မောင်မောင်တင့်မှာ မျက်လုံးပြူးသွားလေတော့၏။ ၎င်းနောက် ကျင်လည်သော လက်ချောင်းကလေးများသည် စောင်းကြိုးများပေါ်တွင် ပင့်ကူအိမ်၌ ပင့်ကူ လျှောက်ဘိသကဲ့သို့ သွက်လက်လျင်မြန်စွာ ကူးကျော်လျှောက်သွားရင်း "ဘုံပျံနေနန်း" ပတ်ပျိုးကို မနန်းယု၏နှုတ်မှ တီးတိုးမျှ လိုက်ဆိုလေရကား မောင်မောင်တင့်၏ ပြူးသော မျက်လုံးများ ပေါက်မထွက်ခြင်းကိုပင် ကျေးဇူးတင်ရမည် ကဲ့သို့ ရှိလေတော့၏။ အကြောင်းမူကား ဂီတပညာ၌ အခက်ဆုံးတစ်ခုဖြစ်သော စောင်းကောက်ဖြင့် အခက်ဆုံး တေးသွားဖြစ်သော ပတ်ပျိုးကို တီးနိုင်ရုံမျှမက နှုတ်မှပင်လျှင် ၎င်းတေးချင်းကို အဝင်အထွက်များနှင့် သီဆိုနိုင်ခြင်း ဖြစ်ပေသောကြောင့်တည်း။

ထိုအခြင်းအရာ၏ ခက်ခဲသော အဖြစ်ကို ဂီတဘက်၌ အထုံပါသူတိုင်း နားလည်နိုင်သည်ဖြစ်ရာ မောင်မောင်တင့်မှာလည်း မိကျောင်းခေါ် အတီးကို အနည်းငယ် သင်ကြားဖူးသဖြင့် မနန်းယု၏ ကျင်လည်ခြင်းကို အံ့အားသင့်လျက် ချီးမွမ်းမိခြင်း ဖြစ်လေတော့သည်။

မနန်းယု၏ အသံမှာ ရှေးအဆိုတော်ကြီးများကဲ့သို့ အသံကောင်းကြီးဟူ၍ မခေါ်ဆိုနိုင်စေကာမူ အဆိုပိုင်ခြင်း၊ ဘယ်ညာ အလှည့်အပတ် အဆင်ပြေခြင်း၊ အတီးနှင့် အဝင်အထွက် မှန်ခြင်း၊ စည်းဝါးကိုက်ခြင်း၊ ကြည်လင်ချိုအေးခြင်းတည်းဟူသော ဂုဏ် အခြင်းအရာတို့ကြောင့် ပင်ကိုသံသက်သက်ကောင်းသူများထက်ပင် နားဝင်ချိုလှပေတော့၏။ သို့ဖြစ်၍ မှိုအုံးကြီးတစ်ခုပေါ်၌ ယိမ်းညွတ်ကာ မျက်စိကို ခပ်မှေးမှေးတင်၍ နားစည်းစိမ်ခံလျက်ရှိသော မောင်မောင်တင့်မှာ တေးချင်းသံ အဆုံးတွင် အာရုံတစ်ပါး အရသာပြတ်သွားသော လူတစ်ယောက်၏ အမူအရာဖြင့် သက်ပင့်ကြီးချကာ ထ၍ ထိုင်လိုက်မိလေ၏။

လူတို့၏ စိတ်သည် အလွန်တရာ ဆန်းကြယ်၏။ တစ်ဦးသော ပုဂ္ဂိုလ်နှင့် ပတ်သက်၍ အဆင်းဖြင့် လည်းကောင်း၊ အနံ့ဖြင့် လည်းကောင်း၊





အသံဖြင့် လည်းကောင်း အာရုံငါးပါးနှင့် ပတ်သက်၍ ကျေနပ်နှစ်သိမ့်သော အရသာကို ခံစားရသည့်အခါ ထိုပုဂ္ဂိုလ်နှင့် ပတ်သက်၍ အားလုံးသော အခြင်းအရာများသည် ကျေနပ်နှစ်သိမ့်ဖွယ် ရှိသည်ဟု တစ်ခါတည်း အစွဲအမှတ် ပြုတတ်လေသည်။ ထိုကြောင့် အဆင်းလှသည်ကို မြင်ရသောကြောင့် မဟုတ်ဘဲ သာယာသောအသံကို ကြားရခြင်း၊ မွှေးကြိုင်သော အနံ့၊ နူးညံ့သော ထိတွေ့ခြင်းတို့ကို ခံစားရသည့် အခါတွင် ထိုပုဂ္ဂိုလ်အား စွဲလမ်းနှစ်သက် တပ်မက် ခုံမင်သော စိတ်များ ဖြစ်ပေါ်လာရခြင်း ဖြစ်ပေ၏။

တေးချင်း မဆုံးမီတွင် ဦးစံဖဲသည် ဝင်းတွင်းသို့ စပါးလှည်းများ ဝင်လာသည်ကို မြင်သဖြင့် စာကြည့်ခန်းမှ ဆင်းသွားလေရာ မောင်မောင်တင့်သည် တေးချင်းဆုံးပြီးသည်နောက် မနန်းယု အပေါ်၌ ယခင်ကထက် ဆယ်ဆမက စိတ်ဝင်စားခြင်း ရှိလာခဲ့၍ ဂီတပညာအကြောင်း၊ ကဗျာအကြောင်းနှင့် ရှေးစာဟောင်းများ အကြောင်းကို မနန်းယုနှင့် ဆွေးနွေးနှီးနှောမိသည်တွင် မနန်းယု၏ စာပေအဆင့်အတန်း မြင့်ခြင်းကိုသာမက ဂီတနှင့် ကဗျာတို့တွင်လည်း အနှစ်သာရရှိ၍ ကျွမ်းကျင်နားလည်ကြောင်း ရိပ်မိလေ၏။ သို့ရာတွင် မနန်းယုသည် အချို့သော ပညာတတ် မိန်းမများကဲ့သို့ မိမိ၏ အယူအဆသည်သာလျှင် နည်းလမ်းကျသည်၊ မှန်ကန်ရမည်ဟူ၍ သဘောမထားဘဲ မြို့ကြီးသားတစ်ယောက်၏ ထင်မြင်ချက်များကိုလည်း လေးစားထိုက်သည့် အကြောင်းကို ဖော်ပြပေရကား မောင်မောင်တင့်မှာ မိမိကိုယ်ကိုမိမိ ယခင်ကထက် ပိုမို နှစ်သိမ့်လာခြင်းအားဖြင့် မနန်းယုကိုလည်း ကျေနပ်နှစ်သိမ့်မိလေ၏။

မနန်းယုမှာ ငယ်ရွယ်စဉ်အခါက မိခင်ကွယ်လွန်သည့် မိတဆိုးမကလေး ဖြစ်လေရာ ဖခင် ဦးစံဖဲသည် အရပ်အရည်သာမက သာမန်ယောကျ်ားတို့ထက် လွန်ကဲသော ပညာအရည်အချင်းနှင့်လည်း ပြည့်စုံသည် ဖြစ်၍ သမီးကလေးအား မနှိုင်းယှဉ်နိုင်လောက်အောင် ချစ်ခင်တာတွယ်ခြင်း ရှိသည်ဟု ဆိုပါလျှင် မည်သူမျှ အံ့သြလိမ့်မည် မထင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင့်နှင့် မနန်းယုတို့သည် ထိုအချိန် နာရီမှစ၍ တစ်ယောက်နှင့်တစ်ယောက် အတော်ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်း အဖြစ်သို့ ရောက်ခဲ့ကြသည်ဖြစ်ရာ မောင်မောင်တင့်မှာလည်း ကျွန်ုပ်တို့ ဖော်ပြခဲ့ဖူးသည့်အတိုင်း ဂီတနှင့်ကဗျာတို့၌ အထုံမပါခဲ့စေကာမူ ရှေးစာဟောင်းများ လေ့လာဖတ်ရှုခြင်း အလုပ်၌ ဝါသနာ ပါခဲ့သည်ဖြစ်၍ မိမိ ဖတ်ခဲ့ဖူးသော စာမူများအကြောင်းကို မနန်းယုအား ပြောပြခြင်း၊ မိမိ နှစ်သက်သော စာမူများကို မနန်းယုထံမှ ငှားရမ်းခြင်း၊ မိန်းကလေးများ နားမလည်သည့် ခက်ဆစ် ခက်ရာတို့ကို ရှင်းလင်းပြောပြခြင်း၊ စသည်ဖြင့် တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ် ပြုလုပ်လျက် ရှိကြသောကြောင့် များမကြာမီ အတွင်း၌ပင် တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်ကြသည်ဟု မဆိုနိုင်စေကာမူ တစ်ယောက်ကိုတစ်ယောက် အထင်အမြင်ကြီး၍ အကြင်သူ ပြုလုပ်သမျှ၊ ပြောဆိုသမျှတို့ကို အကောင်းချည်း သက်သက်ဟူ၍ မှတ်ထင်လာကြသော အခြေအနေသို့ ဆိုက်ရောက်လာကြလေတော့သတည်း။

## အခန်း [ ၄ ]

မောင်မောင်တင့်သည် သာစည်နယ်၌ စခန်းချလျက်ရှိသော ရဲမက်ကြီး ဦးမင်းခေါင်၏ လက်အောက်၌ ရဲမက်မှူးကလေးအဖြစ်နှင့် အမှုထမ်းခဲ့သဖြင့် ၆ လခန့် ကြာရှိသည်တွင် ထိုအတောအတွင်း၌ မြေပိုင်ရှင် ဦးစံဖဲ၏ နေအိမ်သို့ ရံဖန်ရံခါ သွားရောက်လည်ပတ်၍ တစ်ခါတစ်ရံ ညဥ့်အိပ်ညဥ့်နေ တည်းခိုနေထိုင်ခဲ့လေ၏။ တစ်နေ့သ၌ ဦးစံဖဲတို့ နေအိမ်သို့ ရောက်သွား၍ ဧည့်ခန်း၌ ထိုင်ကာ မနန်းယု တည်ခင်းကျွေးမွေးသော မုန့်ပဲသရေစာများကို စားသောက်ရင်း ဦးစံဖဲ မရှိခိုက် ဖြစ်သဖြင့် စောင့်မျှော်နေဆဲတွင် ဝင်းတံခါးမှ ဝင်လာသော ဦးစံဖဲ၏ မျက်နှာကို မြင်လိုက်ရသဖြင့် စိုးရိမ်မကင်း ဖြစ်မိလေ၏။

ဦးစံဖဲမှာ နာလိုခံချိ ရှိ၍ ရှက်တက်တက် ဖြစ်ဟန်ရှိသော မျက်နှာထားမျိုး ရှိနေသည်ဖြစ်ရာ ၎င်း၏ မျက်နှာထားကို အကဲခတ်ရခြင်းအားဖြင့် မေးလျှင်လည်း ကြိုက်မည့်လက္ခဏာ မရှိသော အမူအရာမျိုး ရှိသည့်အဖြစ်ကို မောင်မောင်တင့် ရိပ်မိလေ၏။ မောင်မောင်တင့်သည် ထိုအခြင်းအရာကို အကဲခတ်မိသည်နှင့် တစ်ပြိုင်နက် အိမ်လှေကားသို့ ဦးစံဖဲ မရောက်သေးမီ အတောအတွင်း၌ပင် မနန်းယုအား–

'ဘကြီး ဘာဖြစ်လာတာလဲ မနန်းယု'

ဟု ကတိုက်ကရိုက် မေးလိုက်ရာ မနန်းယုက–

'ကျွန်မတို့အဖေရဲ့ နွားအုပ်ကို ဓားပြလူဆိုးကြီး စောခံမှိုင်း မောင်းယူသွားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလိုက်၏။ ထိုအခါ မောင်မောင်တင့်က–

'ဘယ် စောခုံမှိုင်းလဲ'

ဟု မေးလိုက်ပြန်ရာ မနန်းယုက–

'ကျွန်မတို့အဖေက ခါတိုင်း သူ့ကို နှစ်စဉ် မိုက်ကြေးပေးခဲ့ရတယ်၊ ဒီတစ်နှစ်တော့ လူမိုက်ကို မိုက်ကြေး ပေးမနေနိုင်ဘူးလို့ အဖေက ပြောလိုက်တာနဲ့ ကျွန်မတို့ နွားအုပ်ကို မောင်းယူသွားလို့ အဖေက သိပ် ဒေါသဖြစ်နေတယ်။ ဒီကိစ္စ ဒီလိုနဲ့ မအေးမှာကြောင့် ကျွန်မတို့ စိတ်ပူနေရပါတယ်'

ဟု ညှိုးငယ်သော မျက်နှာဖြင့် ပြောပြလေ၏။

ထိုခဏ၌ ဦးစံဖဲသည် အိမ်ပေါ်သို့ တက်လာ၍ သမီး မနန်းယု၏ မျက်နှာကို မြင်လိုက်ရခြင်းအားဖြင့် ပြောသော စကားကို မကြားရသော်လည်း ၎င်းတို့ ပြောနေကြသည့် စကားအဓိပ္ပာယ်ကို ရိပ်မိသည်နှင့်–

'ဘာလဲ ဒီကောင်မလေးက၊ နွားတစ်ရှဉ်းနဲ့ လယ်တစ်ကွက် လုပ်စားနေရတဲ့ တောင်သူ့သမီးလို နွားအုပ်ကလေး ပျောက်တာနဲ့ ဒီလောက် မျက်နှာ ညှိုးနေရသလား'

ဟု မိမိ၏သမီးအား မငေါက်စဖူး ငေါက်ငမ်း၍ ပြောလိုက်လေ၏။ ဦးစံဖဲ၏စကား ဆုံးသည်နှင့် တစ်ပြိုင်နက် မိတ်ဆွေ သွေးသောက်ကြီး ဦးစံကဲ ရောက်လာ၍ စောခုံမှိုင်းကိစ္စကို တိုင်ပင်ကြလေရာ၊ ဦးစံဖဲက မိမိတို့မှာ တပည့် ၁၄–၅ ယောက် ရှိသည် မှန်သော်လည်း ဓား လှံ စသော လက်နက်များကိုသာ ကိုင်တတ်ကြောင်း၊ စောခုံမှိုင်း လွှတ်လိုက်သော လူဆိုးများမှာ ၂၀ အောက် မနည်းသည့်ပြင် ၎င်းတို့၌ အဆိပ်လူးမြားများနှင့် ဒူးလေးများ စွဲကိုင်လာကြကြောင်း၊ သို့ဖြစ်၍ မိမိတို့နှင့် တပည့် ၁၄–၅ ယောက်တို့က ခြေရာခံ၍ လိုက်သွားကြစေကာမူ လူဆိုးများကို မီလာသောအခါ အန်တုဗလ ပြုနိုင်ကြဖို့ မရှိကြောင်း စိတ်ပျက်အားလျော့သော မျက်နှာဖြင့် ပြောပြလေ၏။

ထိုအခါ ဦးစံဖဲသည် နေမထိ ထိုင်မထိ ရှိနေသော အမူအရာဖြင့်





တစ်နေရာတွင် အတည်တကျ မထိုင်နိုင်ဘဲ အိမ်ဦးခန်းတွင် စင်္ကြံလျှောက်လျက်–

'ခံရလေခြင်းကွယ်၊ နှစ်နာလိုက်လေတယ်၊ မြန်မာ့နယ်တွင်းကို လူဆိုးက ဝင်ပြီး စော်ကားသွားတာ။ ငါတို့ မြန်မာဘုရင် အသုံးမကျလို့ပေါ့။ ကျုပ်တို့အဘိုး လက်ထက်ကများ ဒီရွာကို လူဆိုး ၁၀၀ လောက် ဝင်စီးတာ မြန်မာ ၁၀၀ လောက်က ခံချတာနဲ့ လူဆိုးတွေ ပြေးလိုက်ရပုံ သွက်သွက်လည်သွားတာပဲ။ မြန်မာပြည်မှာ မြန်မာက လူညံ့ဖြစ်နေရတာ ခံပြင်းလိုက်လေကွယ်'

စသည်ဖြင့် လက်သီးကို ဆုပ်၊ မျက်မှောင်ကြုတ်ကာ ညည်းတွားရေရွတ်လျက် ရှိလေ၏။

၎င်းနောက် သွေးသောက်ကြီးနှင့် ဦးစံဖဲတို့သည် ထိုကိစ္စကို မည်သို့ဆောင်ရွက်ကြအံ့ဟု တိုင်ပင်ကြလေရာ သွေးသောက်ကြီးက လူတစ်ယောက်၊ နှစ်ယောက်ကို ငွေထုပ်နှင့် စေလွှတ်၍ နွားအုပ်ကို ရွေးယူရန် အကြံပေး၏။ မောင်မောင်တင့်ကမူကား မိမိတို့ တပ်တော်ထံသို့ မိမိကိုယ်တိုင် သွားရောက်၍ အဖြစ်အပျက်ကို အထက်အရာရှိ ရဲမက်ကြီးဦးမင်းခေါင်အား ပြောပြပြီးလျှင် ရဲမက်စစ်သည်တော်သားများကို ခေါ်ခဲ့၍ ဓားပြများနောက်သို့ လိုက်ကြဖို့ အကြံပေးလေ၏။ မနန်းယုကမူ စောခုံမှိုင်းအား ပေးနေကျဖြစ်သော နှစ်စဉ်ကြေးကို ပေးပို့လိုက်လျှင် စောခုံမှိုင်းသည် မိမိတို့၏ နွားအုပ်ကို ပြန်ပေးပါလိမ့်မည်ဟု အကြံပေး၏။ ဦးစံဖဲကမူကား အထက်ပါ အကြံပေးချက်များကို တစ်ခုမျှ မနှစ်သက်ချေ။ မနန်းယု၏ အကြံပေးချက်နှင့် ပတ်သက်၍မူကား ဦးစံဖဲက–

'တန်ပါ သမီးရယ်၊ အစကတည်းက သင်းတို့ကို မိုက်ကြေးမပေးချင်လို့ နေလာခဲ့ပြီးဟာ ခုအချိန်ကျမှတော့ ငါတို့ နွားအုပ်တင်မကလို့ စောခုံမှိုင်းတို့ ဘိုးစဉ်ဆောင်ဆက် ခိုးယူသွားတဲ့ နွားတွေ အကုန် ပြန်ပေးမယ်ဆိုဦး၊ ဒင်းတို့ကိုတော့ ငါ မိုက်ကြေးမပေးတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဟု တင်းမာစွာ ပြန်ပြောလိုက်လေ၏။ မောင်မောင်တင့် ပေးသော အကြံအစည်နှင့် ပတ်သက်၍မူကား မိမိသည် နောင်တော်၏လူ ဖြစ်ကြောင်းကို ရဲမက်ကြီး ဦးမင်းခေါင် သိပြီး ဖြစ်သောကြောင့် မောင်မောင်တင့်ကိုယ်တိုင် အကူအညီ သွား၍ တောင်းသော်လည်း ပေးမည် မဟုတ်ကြောင်း၊ မောင်မောင်တင့်သာလျှင် ဤအခြင်းအရာကို နားမလည်သဖြင့် ၎င်းအကြံကို ပေးခြင်း ဖြစ်သည်ဟု ပြောပြလေ၏။

ဦးစံဖဲ၏ နွားအုပ်နှင့်အတူ အခြားသော လူရတတ်များ၏ နွားအုပ်များကိုလည်း စောခံမှိုင်း၏ လူများက မောင်းယူသွားပြီးပြီ ဖြစ်ရာ၊ ဦးစံဖဲ၏ အကြံမှာ အဆိုပါ နွားရှင်များနှင့် တိုင်ပင်၍ လူစွမ်းကောင်းများ၊ ဓားရမ်း စုဆောင်းပြီးလျှင် စောခံမှိုင်း၏ ရန်ကို ဖြိုဖျက်ရန်သာလျှင် စိတ်ကူးလျက် ရှိလေ၏။

ထိုအခါ သွေးသောက်ကြီး ဦးစံကဲသည် နေရိပ်ကို လှမ်းကြည့်၍ ယခုအချိန်၌ မွန်းလွဲနေပြီ ဖြစ်ကြောင်း၊ ထိုနေ့ နံနက်စောစော အချိန်ကပင် နွားအုပ်များသည် တောင်ခြေသို့ ရောက်သွားသည်ကို မြင်လိုက်သူများ ရှိကြောင်း၊ ယခုအချိန်မှ လူရတတ်ချင်း တိုင်ပင်၍ လူစွမ်းကောင်းများ ရှာဖွေစုဆောင်းနေမည် ဆိုပါလျှင် မြန်မာလူမျိုးများ သွားလာ ကူးသန်းရန် မတတ်နိုင်သည့် ချပ်ကြို ချပ်ကြားသို့ လူဆိုးများ ရောက်သွားမည် ဖြစ်သောကြောင့် ၎င်းတို့နောက်သို့ လိုက်ရခြင်းမှာ အချည်းနှီး ဖြစ်လိမ့်မည်ဟု ပြောလေ၏။

ဦးစံကဲ၏ စကားကို မည်သူမျှ ငြင်းပယ်ရန် မတတ်နိုင်ချေ။ သို့ဖြစ်၍ ဦးစံဖဲတို့ တိုင်ပင်ဆွေးနွေးကြသော ကိစ္စမှာ တစ်စုံတစ်ရာမျှ ဆုံးဖြတ်ချက် မချနိုင်ဘဲ လူစုခွဲလိုက်ရလေ၏။ သို့ရာတွင် ဦးစံဖဲမှာ နေ့စဉ် နွားနို့ ငါးဆယ်သား သောက်နေကျ ဖြစ်သောကြောင့် ဦးစံကဲ၌ရှိသော နို့စား သားအမိကို ဦးစံဖဲ၏ခြံသို့ ပို့ထားရန် မှာထားလိုက်ရာ ဦးစံကဲလည်း ၎င်းအတွက် ဦးစံဖဲ





ထံမှ တစ်စုံတစ်ခု ခံစားရန် မျှော်လင့်သဖြင့် ကောင်းပါပြီဟု ဝန်ခံပြီးနောက် ပြန်သွားလေ၏။

ဦးစံကဲ ပြန်သွားသောအခါ မောင်မောင်တင့်က စောခံမှိုင်း ဆိုသူ အကြောင်းကို မေးမြန်း စုံစမ်းလေရာ (ဦးစံဖဲမှာ တပည့်များနှင့် တိုင်ပင်ရန် အိမ်ပေါ်မှ ဆင်းသွားသဖြင့်) မနန်းယုက–

'စောခံမှိုင်းဆိုတာ ဒီအနီးအပါး တစ်ဝိုက်မှာတော့ သိပ်တန်ခိုးကြီးတဲ့ လူတစ်ယောက်ပါပဲ။ သူ့နယ်မှာတော့ မြို့စားကလေး တစ်ယောက်ပဲလို့ ပြောကြတယ်။ မြို့စားဆိုပေမဲ့ သူ့နယ်တွင် သူ ငြိမ်ငြိမ်မနေဘဲ ကျူးကျော်နေလို့ ဒီအနီးအနား တစ်ဝိုက်က မြန်မာတွေပါ သူ့ကို အင်မတန် ကြောက်နေကြရပါတယ်'

တင့်။ ။ 'နေစမ်းပါဦးဗျာ၊ နွားအုပ်တွေ မောင်းယူသွားတာက သူ့တပည့်တဲ့လား'

ယု။ ။ 'အမှန်မှာတော့ သူ့တပည့်လို့လည်း တပ်အပ် မပြောနိုင်ဘူးရှင့်၊ သို့သော် ကျွန်မတို့ တစ်ခုသိရတာကတော့ သူ့ကို နှစ်စဉ်ကြေးပေးရင် ဘယ်သူမှ နွားတစ်ကောင် မပျောက်ရဘူး၊ မပေးပြီ ဆိုမှဖြင့် အုပ်လိုက် ပျောက်ကုန်တာပဲ။ သူကပဲ နိုင်းလေသလား၊ သူ့တပည့်တွေပဲ ဖြစ်လေသလားတော့ ကျွန်မတို့ တပ်အပ် မပြောနိုင်ဘူး'

တင့်။ ။ 'နှစ်စဉ်ကြေး ပေးရပုံ ပြောစမ်းပါဦး'

ယု။ ။ 'ကျွန်မတို့ မြန်မာအရာရှိတွေကို သဿမေဓခွန် ပေးရသလို စောခံမှိုင်းကိုလည်း နှစ်စဉ် အခွန်ဆက်ရပါတယ်၊ သူ့ကို အခွန်ဆက်ရင် နွားတစ်ကောင်မှ မပျောက်ရဘူး၊ ပျောက်လို့ သူ့တိုင်ရင်လည်း ရအောင်ရှာပြီး ပြန်ပေးပါတယ်'

တင့်။ ။ 'ဒိုပြင်နယ်ထဲက မြို့စားက မြန်မာဘုရင့်နယ်ထဲ လာပြီး ကျယ်နေတာ ဒီလိုပဲ ခံနေရသလားဗျ၊ သူ့ကိုယ်သူ မြို့စားတဲ့လား'

ယု။ ။ 'မြန်မာဘုရင်က အသိအမှတ်ပြုတဲ့ နယ်စားမြို့စားထဲတော့



www.burmeseclassic.com

www.burmeseclassic.com



ပါမထင်ပါဘူးရှင်။ သို့သော် သူ့မှာလည်း သူ့နောက်လိုက်တွေနဲ့၊ သူ့နယ်မှာ သူ ရှင်ဘုရင်ဆို ထင်ပါရဲ့'

တင့်။ ။ 'ဒီက ဘကြီးနဲ့ စောခုံမှိုင်းနဲ့ တွေ့ကြ မြင်ကြဖူးလို့လား'

ယု။ ။ 'တစ်ခါတလေ တွေ့ဖူးပါတယ်၊ ဟိုတစ်နေ့က တောင်ခြေနားမှာ ရှမ်းပြည်နယ်နဲ့ မြန်မာပြည် လက်ဖက်ခြောက် အရောင်းအဝယ်ကိစ္စနဲ့ ပတ်သက်လို့ ကုန်သည်ကြီးများ အစည်းအဝေး လုပ်ကြတော့ စောခုံမှိုင်းလည်း လာသတဲ့၊ အဲဒီ အစည်းအဝေးမှာ အဖေနဲ့တွေ့တော့ သူ့ကို အခွန်ဆက်ရတဲ့လူဟာ သူ့တပည့်လေး ဘာလေးနဲ့ ပြောလေတော့ ကျွန်မတို့ အဖေက ရှင် သိတဲ့အတိုင်း မာနက ခပ်ကြီးကြီးနဲ့။ သူ့လည်း ထောက်ပံ့ရသေး၊ သူ့တပည့်လည်း ဖြစ်ရသေး၊ ဒီကနေ့က စပြီး နှစ်စဉ်ကြေး တစ်ပြားမှ မပေးဘူးလို့ ဆုံးဖြတ်လာခဲ့တာ။ ခု မပေးလို့ ဒီလို ဖြစ်ရတာပါပဲရှင်၊ အဲဒီ အစည်းအဝေးတုန်းက ကံကောင်းလို့ ဆိုပါကလား၊ ကျွန်မတို့ အဖေက ဒေါသကြီးကြီးနဲ့ ဓားတောင် ဆွဲထုတ်သေးသတဲ့၊ ဒါပေမဲ့ စောခုံမှိုင်းက သူ့အပေ အရွယ်လောက် လူကြီးတစ်ယောက်နဲ့ ဖက်ပြိုင်ပြီး ရန်မဖြစ်ပါဘူးလို့ လျှော့လိုက်သတဲ့'

တင့်။ ။ 'အဲဒီ စောခုံမှိုင်းဆိုတဲ့ လူကို မြင်ဖူးပါသလား'

ယု။ ။ 'မြင်ဖူးပါတယ်၊ ချောလည်း ချော၊ ခံ့လည်း ခံ့သနဲ့၊ အင်မတန် ယဉ်ကျေးတဲ့ အမူအရာ ရှိပါတယ်။ သူ့အစ်မ စောမြစိန် ဆိုတာက ချောလိုက် လှလိုက်တဲ့ ဖြစ်ခြင်း လွန်ရောရှင်၊ ဘုရင့် ရွှေနားတော်ကြားရင် မိဖုရား မြှောက်လောက်တဲ့ မိန်းမတစ်ယောက်ပါပဲ၊ မြန်မာစာ သိပ်တတ်တာပဲ၊ ကျွန်မနဲ့တော့ သိပ်ခင်ကြတာပဲ၊ ကျွန်မတို့အဖေနဲ့ သူ့မောင်နဲ့ စကားများပြီးတဲ့ နောက်မှ လူချင်း နည်းနည်းစိမ်းသွားကြပါတယ်။ တစ်ဆိတ်ကလေး ရှင် မောင်မောင်တင့်၊ ကျွန်မတို့ အဖေကို ဒေါသရှေ့မထားဖို့ တောင်းပန်ပေးပါရှင်။ ကျွန်မစိတ်ထဲမှာ ရှေ့လျှောက်ပြီး တစ်ခုခု ဖြစ်ကြတော့မယ်လို့ စိုးရိမ်နေပါတယ်၊ ကျွန်မ ၁၀ နှစ် သမီးတုန်းကလည်း စောခုံမှိုင်းတို့ဆီက





လူ ၂၀ လောက်နဲ့ ကျွန်မအဖေရယ်၊ သူ့တပည့်တွေရယ် တိုက်ကြဖူးလို့ စောခုံမှိုင်းလူ ၃ ယောက် သေဖူးသေးတယ်ရှင့်၊ ဒီနောက်မှ စောခုံမှိုင်းနဲ့ အဖေနဲ့ သင့်မြတ်သွားကြတာ။ အခုတော့ တစ်နေ့က တစ်ခါ စကားများကြပြန်လို့ သူ့ကို အခွန်မထမ်းတာနဲ့ ကျွန်မတို့ နွားအုပ်ကို ယူသွားကြပြန်ပါတယ်။ အဖေက မာနကြီးကြီးနဲ့တော့ စောခုံမှိုင်းနဲ့ အဖေနဲ့ တွေ့ကြမှာကို ကျွန်မ သိပ်စိုးရိမ်နေပါတယ် ရှင်'

မောင်မောင်တင့်လည်း ရန်ပြေငြိမ်းစေရန် တတ်အားသမျှ ဆောင်ရွက်ပါမည်ဟု မနန်းယုအား ကတိထားလေ၏။

ဦးစံဖဲသည် ညနေခင်းအချိန်တွင် အိမ်သို့ ပြန်ရောက်လာ၍ အတန်ငယ် အမျက်ပြေပျောက်သည့် လက္ခဏာရှိလေရာ မောင်မောင်တင့်အားလည်း မိမိနှင့် စောခုံမှိုင်းတို့ ရှေးယခင်က တိုက်ခဲ့ကြဖူးသည့် အခြင်းအရာများကို ပြောပြလေ၏။ ယင်းသို့ရှိစဉ် လူတစ်ယောက်သည် လှေကားမှ တက်လာ၍ အခန်းတွင်းသို့ ဝင်လာလေရာ ဘောင်းဘီပွကြီးနှင့် မြက်ခမောက်ကြီးကို ဆောင်းထားသည့်ပြင် ဓားကြီးတစ်လက်ကို လွယ်လျက်ရှိရကား နှုတ်ခမ်းမွေး စုတ်ဖွားနှင့် ခက်ထန်သော ၎င်း၏မျက်နှာကို တိုး၍ ခက်ထန်ကြမ်းကြုတ်စေလေတော့၏။ လူကြီး၏ နောက်၌ကား ဦးစံဖဲ၏ တပည့်ရင်းတစ်ယောက် ဖြစ်သော ကိုသာဂေါင်ဆိုသူ တစ်ယောက် လိုက်ပါလာလေရာ ကိုသာဂေါင်က ထိုပုဂ္ဂိုလ်မှာ စောခုံမှိုင်းထံမှ စေလွှတ်လိုက်သော သံတမန်ဖြစ်ကြောင်း ပြောလေ၏။

ဖဲ။ ။ 'ဘယ့်နှယ်လဲ ဘုရားတကာ၊ ခင်ဗျားတို့ဆရာ စောခုံမှိုင်းကော ကျန်းကျန်းမာမာ ရှိပါစဗျာ'

သံ။ ။ 'ကျန်းမာပါတယ်၊ စောခုံမှိုင်းကလည်း ဦးစံဖဲ ကျန်းမာစွာ ရှိရဲ့လားလို့ မေးခဲ့ပါလို့ မှာလိုက်ပါတယ်။ ဟိုတစ်နေ့က ဒေါသအလျောက် စကားပြောကြရတာကို စောခုံမှိုင်းက ဝမ်းနည်းပါတယ်တဲ့၊ ဦးစံဖဲကလည်း ထိုနည်းအတူ ဝမ်းနည်းပါရဲ့လားလို့ မေးခဲ့ဖို့ မှာလိုက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးစံဖဲက ဣန္ဒြေကြီးသော မျက်နှာထားနှင့် စောခုံမှိုင်း ဝမ်းနည်းသကဲ့သို့ မိမိကလည်း ဝမ်းနည်းကြောင်းနှင့် ပြောပြီးလျှင် သံတမန်အား နေရာထိုင်ခင်း ပေးလေ၏။ ၎င်းနောက် ဦးစံဖဲသည် ထိုလူမျိုးများ ကြိုက်တတ်သော စားသောက်ဖွယ်ရာများကို မနန်းယုအား ပြင်ဆင် ယူဆောင်စေခဲ့ပြီးလျှင် လက်ဖက်ရည်ဝိုင်းတွင် မိတ်ကျွမ်းတဝင် စကားပြောလျက် ရှိကြလေ၏။ ၎င်းနောက် ဦးစံဖဲသည် ကိစ္စတစ်ခုနှင့် နောက်ဖေးဆောင်သို့ ဝင်သွားခိုက်တွင် ဦးသာဂေါင်သည် မနန်းယုကို ခေါ်၍ စောခုံမှိုင်းအား ပေးပို့နေကျဖြစ်သော အခွန်ငွေကို မာနကြီးသော ဦးစံဖဲ မသိအောင် ပေးဆောင်စေဖို့ တိုက်တွန်းလေရာ၊ စင်စစ်မှာ ခွဲခန့်သော အခွန်ငွေသည် မြောက်မြားစွာ မဟုတ်ဘဲ နာမည်ခံမျှသာ ရှိသည်ဖြစ်သောကြောင့် မနန်းယုက ဖခင် မသိအောင် ထမ်းဆောင်ရန် သဘောတူညီလိုက်လေ၏။ သို့ဖြစ်၍ ဦးစံဖဲ ပြန်ရောက်လာသော အခါတွင် သံတမန်သည် နှားအုပ် ပျောက်သွားသော အခြင်းအရာကို စုံစမ်းမေးမြန်း၍ မကြာမီအတွင်း တစ်ကောင်မကျန် စေ့စုံစွာ ပြန်ရောက်ပါစေမည်ဟု ဝန်ခံကတိပေးကာ ပြန်တော့မည် ပြုလေ၏။

## အခန်း [ ၅ ]

မောင်မောင်တင့်သည် နွားအုပ်ပျောက်ဆုံးသော အခြင်းအရာကို သံတမန်က မေးမြန်းစုံစမ်းလျက်ရှိစဉ် သံတမန်၏ အရျက်ကျသော မေးမြန်းပုံများကို များစွာ သဘောကျ၍ အာဂလူပါတကားဟု စိတ်ထဲ၌ အောက်မေ့မိ၏။ သံတမန်ကလည်း၊ မိမိအား မောင်မောင်တင့်က သဘောကျသည့်အဖြစ် သိမြင်သဖြင့် အပြန်အလှန် သဘောကျသည့်နှင့် မောင်မောင်တင့်အား နွားအုပ်ကို ခြေရာခံသည့် ကိစ္စတွင် မိမိနှင့်အတူ လိုက်လိုက လိုက်ခဲ့ရန် ခေါ်လေ၏။ မောင်မောင်တင့်မှာ ထိုအရပ်ဒေသသို့ မရောက်ဖူးသဖြင့် ရောက်ချင်သောဆန္ဒ ရှိသည်နှင့် ဦးသာဂေါင်အား တိုင်ပင်လေ၏။ ဦးသာဂေါင်က စောခုံမှိုင်း၏ သံတမန်တစ်ယောက်နှင့်အတူ လိုက်သွားခြင်းအားဖြင့် ဘေးအန္တရာယ် တစ်စုံတစ်ရာ စိုးရိမ်ဖွယ် မရှိကြောင်းနှင့် ပြောရာတွင် မောင်မောင်တင့်လည်း အလည်အပတ်လိုက်ရန် သဘောတူညီလေ၏။ သံတမန်က စောခုံမှိုင်း၏ စံအိမ်တော်တွင် တစ်ရက်မျှ တည်းခိုရလိမ့်မည် ဆိုသောကြောင့် မောင်မောင်တင့်မှာ လိုက်လိုသောဆန္ဒ သာ၍ ပြင်းပြလာခဲ့လေ၏။

မနန်းယုသည် ထိုအကြံအစည်ကို ကြားသိရသောအခါ ထိတ်လန့်တုန်လှုပ်ဟန်နှင့် မျက်နှာပျက်သော်လည်း ဦးစံဖဲမှာမူ ထိုသူငယ်၏ စွန့်စားသော သတ္တိကို နှစ်သက်အားရသည်ဖြစ်၍ မောင်မောင်တင့်၏ အကြံကို မဖျက်ဘဲ မိမိ၏ တပည့်တစ်ယောက်ကို မောင်မောင်တင့်နှင့်အတူ တည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ သို့ဖြစ်၍ မောင်မောင်တင့်နှင့် မိတ်ဆွေအသစ်ဖြစ်သော သံတမန်တို့သည် ဦးစံဖဲ၏ နေအိမ်မှ ဆင်းလာကြ၍ ရေ့မှ လျှောက်သွားကြသော အခါ ဦးစံဖဲ၏ တပည့်နှင့် သံတမန်၏တပည့် နှစ်ယောက်တို့သည် နောက်မှ လိုက်ပါလာကြလေ၏။ လမ်းခရီး၌ သံတမန်သည် စောခုံမှိုင်း၏ ခမ်းနားကြီးကျယ်ပုံ၊ ရက်ရောပုံနှင့် သတ္တိကောင်းပုံများကို ချီးကျူးပြောဆိုရင်း တောင်ခြေသို့ ဆိုက်ကပ်လာကြလေရာ ညနေခင်းအချိန်တွင် နယ်ခြားအကူး ဖြတ်သန်းသွားကြရသည့် တောင်ကြားကြီးသို့ ဆိုက်ရောက်လာကြလေ၏။ တက်ကြရသော လမ်းမှာ မတ်စောက် ကြမ်းတမ်းစွာ ရှိ၍ တောင်ကြီးနှစ်လုံး အကြား၌ရှိသော ချောက်ကြီးမှ တဖြည်းဖြည်းတက်စဉ် ချောက်ထဲ၌ကား စမ်းချောင်းတစ်ခုသည် တဝေါဝေါ စီးဆင်းလျက် ရှိလေ၏။

သံ။ ။ 'ဟိုတစ်ခါတုန်းက ခင်ဗျားတို့လူတွေ ၁၀၀ လောက်ကို ကျုပ်တို့လူ ၁၀ ယောက်က ကျောက်လုံးကြီးတွေနဲ့ လှိမ့်ချပြီး ခံတိုက်ဖူးတာ ဒီနေရာပေါ့။ အဲဒီတုန်းက သေတဲ့ ခင်ဗျားတို့လူတွေ မြှုပ်ခဲ့တဲ့ သင်္ချိုင်းဟာ ဟောဟိုက ဖွေးဖွေးဟာပေါ့'

မောင်မောင်တင့်သည် လက်ညှိုးညွှန်ပြသော နေရာသို့ မျှော်ကြည့်လိုက်ရာ တောင်ကမ်းပါးယံတွင် ထုံးဖြူသုတ်ထားသည့် ငုတ်တိုင်ကလေးများကို တဖွေးဖွေး မြင်ရလေ၏။

တောင်ကြား တစ်နေရာ၌ကား စမ်းချောင်းသည် ရုတ်တရက် ထွက်ပေါက် ရှာမတွေ့သည့် လက္ခဏာနှင့် ချိုင့်ဝှမ်းသောနေရာ တစ်ခုလုံးတွင် ညွန်ဗွက်ကြီးထဲ၌ ခြေချနိုင်လောက်သည့် ကျောက်တုံးကြီးများသည် ဤနေရာ ထိုနေရာတို့၌ အနှံ့အပြား တည်ရှိနေ၏။ သို့ရာတွင် သွားနေကျဖြစ်သော ဒေသခရီးသည်တို့ သာလျှင် ၎င်းလမ်းကို ဖြတ်သန်းသွားနိုင်၏။ လမ်းမသိခဲ့လျှင် ညွန်ဗွက်အလယ်မှ ထွက်ပေါက်မရှိဘဲ ဖြစ်နေတတ်သည့်ပြင် ကျောက်တုံးကြီးများမှ ခြေချော်၍ ကျခဲ့လျှင်လည်း လူတစ်ရပ်မက နက်သော ညွန်ဗွက်ထဲသို့ ကျသွားသဖြင့် အသက်ဆုံးရှုံးတတ်၏။ တစ်ခါတစ်ရံ





ကျောက်တုံးတစ်ခုမှ အခြားတစ်ခုသို့ ခုန်ကျော်ရသည်ဖြစ်ရာ သံတမန်သည် မောင်မောင်တင့်၏ လက်ကို ကိုင်ဆွဲကာဖြင့် ခြေမချော်ရအောင် ကူညီပေးလေ၏။ မှောင်မိုက်သော အချိန်တွင် ခရီးသည်များသည် ညွန်ဗွက်ကို ကျော်လွန်ပြီးသဖြင့် အလွန်မြင့်စောက်သော တောင်ကြီးနှစ်လုံးကြားသို့ ဆိုက်ရောက်လာကြလေရာ လ မသာသော်လည်း မိုးတိမ်မရှိသဖြင့် ကြယ်များ၏အရောင်သည် ကျွမ်းကျင်သော ဒေသသွားများအား လမ်းမမှားစေအောင် လုံလောက်သော အလင်းကို ပေးလေ၏။

တောင်ကြီးတစ်လုံးကို ကျော်ပြီး၍ အခြားဘက်သို့ ဆင်းလာကြရာတွင် တောအုပ်တစ်ခုသို့ ဆိုက်ရောက်လာကြ၏။ ထိုနေရာတွင် သံတမန်သည် ၎င်း၏ တပည့်များနှင့် တိုင်ပင်ကြ၏။ နောက်ဆုံး၌ မောင်မောင်တင့်၏ ပစ္စည်းကလေးများကို လွယ်ယူလာခဲ့သော ဦးစံဖဲ၏ တပည့်ထံမှ လွယ်အိတ်ကို သံတမန်၏ တပည့်တစ်ယောက်အား ပေးအပ်စေ၍ ၎င်းတပည့်နှင့် ကျန် သံတမန်၏ တပည့်တစ်ယောက်အား တစ်ခုသော လမ်းသို့ လိုက်စေ၍ ကျန်လူသုံးယောက်တို့သည် အခြားလမ်းတစ်ခုမှ ဆက်လက် ခရီးသွားကြလေ၏။ ထိုကဲ့သို့ ပြုလုပ်ရခြင်း၏ အဓိပ္ပာယ်ကို မောင်မောင်တင့်က မေးမြန်းသောအခါ သံတမန်က နွားအုပ်ကို မောင်းယူလာခဲ့သည့် ပုဂ္ဂိုလ်သည် မိမိ၏ စခန်းသို့ အထူး မိတ်ဆွေများမှတစ်ပါး လူစိမ်းများ ဝင်ရောက်ခြင်းကို မကြိုက်သည် ဖြစ်၍ ဦးစံဖဲ၏တပည့်ကို တခြား စခန်းတစ်ခုသို့ သွား၍ အိပ်စေရန် စေလွှတ်လိုက်ရခြင်း ဖြစ်သည်ဟု ပြောပြလေ၏။ ထိုအခါမှ မောင်မောင်တင့်မှာ ဤအချိန်အခါ ဤနေရာမျိုး၌ မိမိ၏ တစ်ယောက်တည်းသော တပည့်နှင့် တခြားစီ ခွဲထားခြင်းအတွက် စိုးရိမ်ကြောင့်ကြခြင်းမှ အတန်ငယ် သက်သာရာ ရလေ၏။ ၎င်းနောက် သံတမန်က ထိုပုဂ္ဂိုလ်ထံ ဧည့်သည်တစ်ယောက် ပါလာသည့် အကြောင်းကို မိမိကိုယ်တိုင် သွားရောက် အကြောင်းကြားရဦးမည် ဖြစ်ကြောင်း ပြောဆို၍ ရှေ့မှ ထွက်သွားလေရာ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင့်မှာ မိမိ၏ လွယ်အိတ်ကို လွယ်ထားသော သံတမန်၏ တပည့်နှင့်အတူ နောက်မှ တဖြည်းဖြည်း လိုက်လာကြလေ၏။

နာရီတစ်ဝက်ခန့် ခရီးသွားကြလတ်သော် မောင်မောင်တင့်တို့သည် ရေအိုင်ကြီးတစ်ခု၏ ကမ်းပါးသို့ ဆိုက်ရောက်လာကြလေရာ သံတမန်၏ တပည့်သည် ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်လိုက်သဖြင့် မောင်မောင်တင့်လည်း ထိုင်၍ စောင့်နေလေ၏။ ၎င်းတပည့်မှာ မြန်မာစကား အနည်းငယ်မျှသာ တတ်၍ တတ်သမျှကိုလည်း ပီသအောင် မပြောနိုင်သဖြင့် မောင်မောင်တင့် နားမလည်ဘဲ ရှိရာ၊ နောက်ဆုံးတွင် ထိုသူနှင့် စကားပြောရခြင်းအားဖြင့် စိတ်ပင်ပန်းရုံမျှ ရှိသည်ဟု အောက်မေ့၍ ဆိတ်ဆိတ် နေလေတော့၏။ ထိုခဏ၌ အရှေ့ကောင်းကင်မှ လမင်း ပေါ်ထွက်လာရာ ရေအိုင်၏ အခြားဘက်၌ ရှိသော တောင်ကြီးများကို မှိုးမှိုးမိုက်မိုက် မြင်ရလေ၏။ တဖြည်းဖြည်း တိုက်ခတ်လျက်ရှိသော လေအေးကလေးသည် တောင်တက်ရခြင်းကြောင့် ချွေးပြန်လျက်ရှိသော မောင်မောင်တင့်အား အမောအပန်း ပြေစေသည့် အပြင် နွေရာသီဖြစ်သဖြင့် ပန်းရိုင်းတို့၏ ရနံ့သည်လည်း မောင်မောင်တင့်အား လတ်ဆတ်ရွှင်လန်းစေ၏။

မောင်မောင်တင့်သည် ကျောက်တုံးပေါ်တွင် ထိုင်လျက် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော လူမျိုးကွဲ လူစိမ်းတစ်ယောက်နှင့် လိုက်ပါခဲ့ခြင်းသည် အမြော်အမြင်ရှိသော အပြုအမူ ဟုတ်ပါလေ၏လောဟု ယုံမှားသော စိတ် ဖြစ်ပေါ်လျက်ရှိစဉ်၊ အနီး၌ရှိသော လူစိမ်းက ပခုံးကိုတို့လျက် လက်ညှိုးညွှန်ရာသို့ ကြည့်မိသည်တွင် မီးရောင်ကလေးတစ်ခု ထွက်ပေါ်လာ၍ တဖြည်းဖြည်း ကြီးသည်ထက် ကြီးလာသည်ကို တွေ့မြင်ရလေ၏။ မောင်မောင်တင့်သည် မီးရောင်ကို ငေးကြည့်နေစဉ် တက်ခတ်သံများကို အဝေးမှ ကြားရ၍ တဖြည်းဖြည်း ချဉ်းကပ်လာပြီးနောက် လေချွန်သံတစ်ချက် ကြားလိုက်ရလေ၏။ ထိုအခါ လွယ်အိတ်နှင့် လူစိမ်းသည် တစ်ချက်မျှ တုံ့ပြန်၍ လေချွန်လိုက်သည်တွင် လူလေးယောက် လှော်ခတ်သည့် လှေတစ်စင်းသည်





အနီးသို့ ချဉ်းကပ်လာ၍ နောက်ဆုံးတွင် ကမ်းသို့ ဆိုက်လေ၏။ မောင်မောင်တင့်နှင့် လူစိမ်းသည် ထိုင်ရာမှ ထ ကြ၍ လှေပေါ်သို့ တက်ကြလေရာ လှေသည် ချက်ချင်းပင် ကမ်းမှခွာ၍ လူလေးယောက်တို့၏ လှော်ခတ်ခြင်းဖြင့် လျင်မြန်သော အဟုန်နှင့် ရေအိုင်ကို ဖြတ်ကူးသွားလေတော့၏။

လမ်းခရီး၌ မည်သူမျှ စကားမပြောဘဲ ပုံကိုင်သော သူသည်သာလျှင် တက်ချက်ညီစေရန် အချက်ပေးသွားလေရာ အဝေးမှမြင်ရသော အလင်းရောင်သည် ကြီးသည်ထက် ကြီးလာ၍ နောက်ဆုံး၌ ချဉ်းကပ်မိကြသော အခါတွင် ထင်းတုံးကြီးများကို ဆိုက်ထားသည့် မီးပုံကြီးတစ်ခုဖြစ်ကြောင်း တွေ့လေ၏။

မီးပုံကြီးမှာ ဂူကြီးတစ်ခု၏ အဝ အနီးတွင် ရှိနေသည်ဖြစ်ရာ ရေသည် ဂူကြီးထဲသို့ပင် ထိုးဝင်သွားသည်ဖြစ်၍ လှေကလေးသည် ၎င်းဂူကြီးအောက်သို့ ဖြည်းညင်းစွာ ဝင်သွားလေတော့၏။ ဂူဝအနီး၌ ဖိုထားသော မီးပုံကြီးမှာ လှေပေါ်ရှိ လူများအား မည်သည့်နေရာသို့ လှော်ခတ်လာရမည်ကို လမ်းညွှန်ထားသည့် အစီအမှာယ်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်လေ၏။ လှေကလေးသည် ဂူထဲသို့ ပေ ၃၀ ခန့်မျှ ဝင်လာခဲ့ပြီးနောက် ဆိုက်ကပ်ကြရာတွင် ကျောက်များကို ထွင်းလုပ်ထားသည့် လှေကားထစ်ကြီး လေးငါးထစ်ကို မောင်မောင်တင့် တွေ့ရလေ၏။ ထိုခဏ၌ မီးပုံကို ရေဖြင့် ပက်ငြိမ်းသည့် ရှဲခနဲမြည်သော အသံကို ကြားလိုက်ရပြီးသည့်နောက် ဂူအတွင်း၌ မှောင်အတိ ဖြစ်လျက် ရှိလေ၏။ ထိုအခါ လူတစ်ယောက်သည် မောင်မောင်တင့်၏ လက်ကို ကိုင်ဆွဲလျက် မှောင်ကြီးထဲတွင် ခေါ်သွားလေရာ မောင်မောင်တင့်သည် ဤနည်းအတိုင်း လေးငါးရှစ်လှမ်းမျှ လိုက်သွားပြီးနောက် စကားပြောသံများ ကြားရ၍ ကျောက်စွန်းတစ်ခုကို ကျော်လွန်မိသည်နှင့် တစ်ပြိုင်နက် ဦးခွန်ထွန်းနှင့် ၎င်း၏ တပည့်များ စုဝေးတိုင်ပင်လျက်ရှိသော နေရာသို့ ရောက်သွားလေ၏။

ထိုနေရာ၌ကား ကျောက်ဂူကြီး၏ အမိုးသည် အတော်ပင်မြင့်လျက်

www.burmeseclassic.com



ရှိရာ ထင်းရှူးသားများကို မီးရှူးတိုင်အဖြစ် ထွန်းညှိထားသည်ဖြစ်၍ ထိန်ထိန်လင်းလျက် သစ်သားအနံ့ကို မီးလောင်သည့် အနံ့များကိုလည်း မောင်မောင်တင့် ရှူရှိုက်ရလေ၏။ ဂူကြီးအတွင်း၌ လူများသည် ငါးယောက်တစ်ဝိုင်း၊ ခြောက်ယောက်တစ်ဝိုင်း စသည်ဖြင့် ဝိုင်းဖွဲ့ကာ ထိုင်သူထိုင်၊ လျှောင်းသူလျှောင်းနှင့် စကားပြောနေကြလေရာ တစ်ခုသော ထောင့်၌လည်း မကြာမီအတွင်းက သတ်ဖြတ်၍ သားရေကို ဆုတ်ထားသည့် နွားတစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကိုလည်း စားနပ်ရိက္ခာ အဖြစ်ဖြင့် ဆွဲချိတ်ထားလေ၏။

အတန်ငယ် ဝင်သွားမိသောအခါ သံတမန်ဆိုသူသည် ဦးခွန်ထွန်းနှင့်အတူ ထွက်လာ၍ မောင်မောင်တင့်အား ခရီးဦး ကြိုဆိုလေရာ၊ မောင်မောင်တင့်၏ စိတ်ထဲ၌ ဦးစံဖဲ၏ နွားအုပ်ကို တိုက်ယူသွားသည်ဆိုသော ဓားပြကြီးဆိုသူမှာ အရိုင်းအစိုင်းဖြစ်၍ ရက်စက်ကြမ်းကြုတ်သော အပြုအမူကို ပြုလုပ်ဝံ့သူတစ်ယောက် ဖြစ်သောကြောင့် ခက်ထန်ကြမ်းကြုတ်သော အမူအရာရှိလိမ့်မည်ဟု မှတ်ထင်မိလေ၏။ သို့ရာတွင် သံတမန်နှင့်အတူ ထွက်လာသော ဦးခွန်ထွန်း၏ ရုပ်လက္ခဏာကို တွေ့မြင်ရသော အခါတွင် မောင်မောင်တင့်မှာ အံ့အားသင့်လျက် ရှိလေ၏။

ဦးခွန်ထွန်း ဆိုသူမှာ ပုပုပျပ်ပျပ်၊ သေးသေးသွယ်သွယ် ရှိသည့် ကိုယ်လုံးကိုယ်ပေါက် ရှိလေရာ အချိုးအစားကျ၍ သွက်လက်ဖျတ်လတ်သော ကိုယ်ဟန်အမူအရာ ရှိခြင်းမှ တစ်ပါး လူဆိုးလူမိုက်တစ်ယောက်နှင့် အလျှင်းမတူချေ။ ဦးခွန်ထွန်းသည် မောင်မောင်တင့်အား လောကဝတ်ပျူငှာချိုသာသော မျက်နှာထားဖြင့် ခရီးဦးကြိုပြုလေရာ ထူးဆန်းသော အချက်တစ်ခုမှာ ဦးခွန်ထွန်းသည် မောင်မောင်တင့်၏ မွေးသဖခင်နှင့် ဘကြီးဖြစ်သူတို့ ဝါဒကွဲပြား၍ ဘုရင့်လူနှင့် နောင်တော်ကြီး၏လူ တစ်ဖက်စီ ဖြစ်နေကြသည့် အကြောင်းများကိုပါ ကောင်းစွာ သိထားဟန် လက္ခဏာ ရှိလေ၏။ မောင်မောင်တင့်မှာမူကား နယ်စပ်၌ရှိသော ဓားပြကြီးတစ်ယောက်က မိမိ၏





မျိုးရိုးဇာတိအကြောင်း စေ့စုံအောင် သိထားနှင့်သည့် အဖြစ်ကို အံ့ဩ၍ မဆုံးနိုင်အောင် ရှိလေ၏။

ငင်းနောက် ဦးခွန်ထွန်းသည် ရွှေမြို့တော် အခြေအနေအကြောင်းကို ဆွေးနွေးကြရာတွင် ဘုရင်မင်းမြတ်၌ ခြေလျင်တပ် မည်မျှ၊ မြင်းတပ် မည်မျှ ရှိခြင်းနှင့်တကွ မည်သည့်တပ်တော်၌ မည်သူ အုပ်ချုပ်သည့် အကြောင်းများကိုပါ သိရှိပြီး ဖြစ်နေသည်ကို တွေ့ရသဖြင့် မောင်မောင်တင့်မှာ အတော်ပင် ထိတ်လန့် တုန်လှုပ်မိသေး၏။ ထိုမျှမက သာစည်နယ်သို့ ရဲမက်ကြီးဦးမင်းခေါင် စခန်းချပြီးသည့်နောက် မည်သည့်ရွာမှ လူမည်ရွေ့မည်မျှ တပ်တော်ထဲသို့ ဝင်ကြသည့်အကြောင်း၊ ငင်းစစ်သည်ရဲမက်သစ်များမှာ ကာယဗလ တောင့်တင်းစွာ ရှိသည့် အကြောင်းများကိုပါ ဦးခွန်ထွန်းသည် သိပြီး ဖြစ်နေသေး၏။ ထို့ပြင် သာစည်သို့ မောင်မောင်တင့် ရောက်လာပြီးသည့်နောက် ရဲမက်ကလေး နှစ်ယောက် ရည်းစားလုမှုနှင့် အချင်းဖြစ်ပွားကြ၍ ငင်းမိန်းကလေး၏ အမည်နာမနှင့် ဇာတိကျေးရွာကိုပါ ဦးခွန်ထွန်း သိထားသည်ကို တွေ့ရသဖြင့် ဘုရင့်တပ်တော်၏ အတွင်းရေးများကိုပါ အမြဲ သတင်းယူလျက် ရှိနေသည့် အဖြစ်ကိုလည်း မောင်မောင်တင့် တွေ့ရှိရလေ၏။ ထိုအခါ၌ သံတမန်မှာ ငင်းတို့အနီးမှ ထ သွား၍ တစ်ခုသောထောင့်တွင် အညောင်းဖြေရန် လဲလျောင်းလျက် ရှိနေသည်ဖြစ်၍ ဦးခွန်ထွန်းက မောင်မောင်တင့်အား စကား အထူး ပြောကြားရန် ရှိပါသေးသလောဟု မေးမြန်းသေး၏။

ထိုအခါ မောင်မောင်တင့်သည် ဓားပြကြီး တစ်ဦးတစ်ယောက်က မိမိအား တိုးတိုးတိတ်တိတ် မေးမြန်းသည့်အတွက် အနည်းငယ် တုန်လှုပ်အံ့ဩခြင်းဖြစ်လျက် မိမိ၌ အထူးစကားပြောရန် မပါဘဲ ထူးထူးဆန်းဆန်း မြင်လို တွေ့လိုခြင်းအတွက် သက်သက် လာရောက်ခြင်း ဖြစ်ပါသည်ဟု ဖြေဆိုလေ၏။ ဦးခွန်ထွန်းသည် မောင်မောင်တင့်၏ မျက်နှာကို စူးစိုက်ကာ တစ်ခဏမျှ ကြည့်ပြီးနောက် ဦးခေါင်းညိတ်လျက်–



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကိုလည်း ယုံကြည်နိုင်ပါတယ်ဗျ၊ ဦးစံဖဲတို့ စောခုံမှိုင်းတို့လို ကျုပ်လည်း သစ္စာရှိတဲ့ လူတစ်ယောက်ပါပဲ'

ဟု ပြောလေ၏။

မောင်မောင်တင့်သည် မိမိထံမှ စကားချူလိုသည့် လက္ခဏာဖြင့် လေသံပစ်လျက်ရှိသော ဦးခွန်ထွန်း၏ စကားကို ကြားရသောအခါ ကျောထဲ၌ စိမ့်တိမ့်တိမ့် ဖြစ်သွားသော်လည်း မည်သို့သော ရည်ရွယ်ချက်ဖြင့် မိမိအား "ချူ"လျက် ရှိသည်ကိုမူ မေးမြန်းရန် မဝံ့ချေ။

ငင်းနောက် ဦးခွန်ထွန်းက အညောင်းအညာဖြေရန် ခေတ္တ လဲလျောင်းနေဖို့ ပြောသဖြင့် မောင်မောင်တင့်သည် တစ်ခုသော ထောင့်၌ ခင်းကျင်းထားသော ကိုင်းမြက်ခြောက် မွေ့ရာပေါ်၌ လဲလျောင်းလျက်ရှိစဉ် အခြားလူများ လုပ်ကိုင်နေကြပုံများကို အကဲခတ်လျက် ရှိလေ၏။ လူများသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဂူအတွင်းသို့ ဝင်လာကြ၍ အကြီးအကဲ ဖြစ်သူအား စကားအနည်းငယ် ပြောပြီးနောက် ထွက်သွားကြသည်ကို တွေ့ရလေ၏။ ဝင်လာသူများသည် မိမိတို့ ဆောင်ရွက်ခဲ့သော အလုပ်ကိစ္စ အကြောင်းကို အစီရင်ခံသော အနေဖြင့် ပြောပြကြပြီးလျှင် အမဲကျပ်တင်ခြောက်များကို ဓားဖြင့်လှီးကာ စားသောက်လျက် ရှိကြလေ၏။ အချို့လူများသည် အမဲကျပ်တင်ခြောက်ကို ချက်အရက်နှင့် မြည်းနေကြလေရာ စားစရာကို အလိုရှိသလောက် ရကြသော်လည်း အရက်ကိုမူကား အတိုင်းအထွာနှင့် ဝေငှပေးသည်ကို တွေ့ရ၏။

မောင်မောင်တင့်သည် ဓားပြများ၏ သွားလာဝင်ထွက်ခြင်းနှင့် လုပ်ကြ ကိုင်ကြပုံများကို ကြည့်လျက်ရှိစဉ် တဖြည်းဖြည်း မျက်တောင်စင်းလာ၍ အိပ်ပျော်သွားလေရာ နေထွက်သော အချိန်တွင်မှ အိပ်ရာမှ နိုးလေတော့၏။ ထိုအချိန်၌ အင်းကြီးပေါ်တွင် နေမင်း၏ အလင်းရောင်သည် ထိန်ထိန် ဝင်းလျက် ရှိသော်လည်း ဂူတွင်း၌မူကား တစ်ယောက်၏ မျက်နှာကို တစ်ယောက် ရေးရေးမျှသာ မြင်နိုင်ပေ၏။





မောင်မောင်တင့်သည် အိပ်ရာမှ နိုးလာ၍ မည်သည့်အရပ်သို့ ရောက်နေသည်ကို သတိရသဖြင့် ထ ကြည့်လိုက်ရာတွင် ဂူထဲ၌ လူတစ်ယောက်မျှ မရှိတော့သည့် အဖြစ်ကို အံ့ဩစွာ တွေ့မြင်ရလေ၏။ မီးရှူးတိုင် အစအနများ၊ အသားကို စားပြီးနောက် စွန့်ပစ်ထားသော အရိုးများ စသည်တို့ကို မတွေ့ရပါလျှင် ငင်းဂူထဲ၌ ယမန်ညဦးက လူအမြောက်အမြား ရှိခဲ့ကြသည် ဆိုခြင်းမှာ အိပ်မက်ပင် ဖြစ်လေသလောဟု အောက်မေ့ဖွယ်ရာ ရှိနေတော့၏။ မောင်မောင်တင့်သည် ဂူဝမှ ထွက်လာခဲ့၍ ရေပြင်ကို မျှော်ကြည့်လိုက်သော အခါ မနီးမဝေးရှိ ကမ်းပါး၌ မိမိအား ခေါ်ဆောင်ခဲ့သည့် သံတမန်နှင့် မိမိ၏ လွယ်အိတ်ကို လွယ်ယူခဲ့သည့် လူသည် ငါးမျှားလျက် ရှိကြသည်ကို တွေ့မြင်ရလေ၏။

မောင်မောင်တင့်သည် ငင်းတို့ရှိရာသို့ လျှောက်သွားမည် ပြုစဉ် သီဆိုလိုက်သော တေးချင်းသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်တွင် မိန်းကလေးတစ်ယောက်သည် စားစရာများကို ခြင်းတောင်းတစ်ခုဖြင့် ရွက်ယူလာခဲ့၍ ဂူဝ၌ တည်ခင်းပြင်ဆင်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ဦးခွန်ထွန်းတို့ လူစုမှာ အမဲကျပ်တင်ခြောက်၊ ခေါပုတ်ခေါ် ကောက်ညှင်းဖြင့် ပြုလုပ်ထားသည့် စားစရာဖြင့် ရောင့်ရဲတင်းတိမ်နိုင်ကြသော်လည်း ထိုနေ့မှာမူ မြန်မာဧည့်သည်တစ်ယောက် ဆိုက်ရောက်လာသည့် အတွက်ကြောင့် ကြက်ဥ၊ ကြက်သားနှင့် မှားနို့ခဲ တည်းဟူသော စားသောက်ဖွယ်များကို အင်ဖက်ကြီးများပေါ်တွင် တည်ခင်းပြင်ဆင်လျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၆ ]

သံတမန်နှင့် ၎င်း၏အဖော်သည် မောင်မောင်တင့်နှင့် မိန်းကလေးကို မြင်သောအခါ ငါးမျှားခြင်း အလုပ်ကို ရပ်စဲ၍ ဖမ်းဆီးရမိသော ငါးများကို တောင်းတစ်လုံးဖြင့် တစ်ယောက်က ထမ်းလျက်၊ အခြားတစ်ယောက်က ငါးမျှားတံများကို ထမ်းကာ ဂူဘက်သို့ လျှောက်လာကြလေ၏။ မောင်မောင်တင့်မှာမူ မိန်းကလေးက တည်ခင်းကျွေးမွေးသော ကြက်သားကင်၊ ကြက်ဥပြုတ်နှင့် ခေါပုတ်တို့ကို စားသောက်လျက်ရှိရာ၊ သံတမန်သည် အနီးတွင် ထိုင်စောင့်၍ မောင်မောင်တင့် စားပြီးသောအခါ၌ ၎င်းအား ယမန်ညဉ့်က လှေကလေးပေါ်သို့ တက်ရန် ခေါ်လေ၏။

မောင်မောင်တင့်သည် ဖိတ်ခေါ်သည့်အတိုင်း လှေပေါ်သို့တက်၍ ထိုင်မိသောအခါတွင် သံတမန်သည် လှေကို ကမ်းမှ ခွာခဲ့၍ ယမန်ညဉ့်က မိမိတို့ လာခဲ့သော နေရာ၏ မြောက်ဘက်ဆီသို့ လှေဦးလှည့်ကာ လှော်သွားလေ၏။ လမ်းခရီး၌ သံတမန်သည် မိန်းကလေး မနန်းဝေ၏ အသုံးဝင်ကြောင်းနှင့် ယောကျ်ားတမျှ သတ္တိကောင်းခြင်း အကြောင်းများကို ချီးကျူး၍ မဆုံးနိုင်အောင် ရှိလေရာ၊ မောင်မောင်တင့်က မနန်းဝေ ဆိုသူမှာ မည်သူ၏ သမီး ဖြစ်ပါသနည်းဟု မေးမြန်းရာတွင်မှ မိမိတို့၏ဆရာ ဦးခွန်ထွန်း၏ သမီးဖြစ်ကြောင်း ပြောပြလေ၏။ မောင်မောင်တင့်၏ စိတ်ထဲ၌ ရုပ်ရည်သနားကမားရှိသော မိန်းကလေး တစ်ဦးတစ်ယောက်သည် အလွန်ကြမ်းတမ်းသော ဓားပြများ၏ အလယ်၌ တစ်ကိုယ်တည်း နေရှာသည်ဟု





အောက်မေ့၍ သနားကရုဏာ ဖြစ်မိလေ၏။ ထိုအကြောင်းကို မောင်မောင်တင့်က သံတမန်အား ပြောပြသောအခါ–

သံ။ ။ 'ဒီလို နေရလို့ ခင်ဗျားက ပျင်းလိမ့်မယ် ထင်သလား၊ မနန်းဝေ လိုချင်တာရှိရင် သူ့အဖေက မရ ရအောင် ယူပေးနိုင်လို့ အလိုမကျစရာ ပျင်းရိစရာ ဘာမှ မရှိဘူးဗျ'

တင့်။ ။ 'ဒါပေမဲ့ သာမန် သူခိုး ဓားပြ တစ်ယောက်ရဲ့ သမီး ဆိုတော့ မနိပ်ပါဘူးဗျာ'

သံ။ ။ 'အောင်မယ် ဦးခွန်ထွန်းကိုလားဗျာ ခင်ဗျားက ဓားပြလို့ ခေါ်တာ၊ သာမန်ဓားပြ မဟုတ်ဘူးဗျ၊ ကျုပ်တို့ ဆရာက နွားကို အုပ်လိုက်မှ တိုက်ယူတာဗျ'

တင့်။ ။ 'ဒါကြောင့် သာမန်ဆိုတဲ့ စကားကို မခံနိုင်ဘူးပေါ့လေ'

သံ။ ။ 'ဆင်းရဲသား မုဆိုးမဆီက နွားကလေး တစ်ကောင်တလေ လုယူတဲ့လူ၊ နွားကလေးတစ်ရှဉ်းနဲ့ ထွန်စားရတဲ့ တောင်သူဆီက နွားကို လုယူတဲ့လူ၊ အဲဒီလို လူမျိုးကိုသာ ဓားပြလို့ ခေါ်ရတယ်ဗျ။ မြေပိုင်ရှင် သူဌေးဆီက နွားအုပ်လိုက် မောင်းယူတဲ့လူကို သူခိုး ဓားပြလို့ သာမည မခေါ်နိုင်ဘူးဗျ'

တင့်။ ။ 'ခင်ဗျားက သာမန်ဆိုတာကို မခံနိုင်တာလား၊ သူခိုးဓားပြ ဆိုတာကို မခံနိုင်တာလား'

သံ။ ။ သာမန်ဆိုတာကိုလည်း မခံနိုင်ဘူး၊ သူခိုးဓားပြ ဆိုတာကိုလည်း မခံနိုင်ဘူး။ ကျုပ်တို့ ဆရာက ခိုးလည်း မခိုးဘူး၊ ဓားကိုလည်း မပြဘူး။ သူလိုချင်တာကို ပြောင်ပြောင်ကြီး ဝင်ယူတဲ့ လူဗျ'

တင့်။ ။ 'နို့ပေမဲ့ဗျာ၊ ဒီလို အလုပ်ဟာ မင်းပြစ်မင်းဒဏ် သင့်တယ် မဟုတ်လားဗျ'

သံ။ ။ 'သင့်တော့ကော ဘာဖြစ်သလဲ'

တင့်။ ။ 'သင့်တော့ ရင်ခွဲပြီး အသည်းနေပူလှန်း ခံရမှာပေါ့ဗျ'



www.burmeseclassic.com

www.burmeseclassic.com



သံ။ ။ 'အောင်မယ် ဒါကို ကျုပ်တို့က ကြောက်ရဦးမှာလား၊ ယောက်ျားဆိုတာ တဲပုတ်ကလေးထဲ ကောက်ရိုးကလေး ခင်းသေရတာထက် ပရိသတ်အလယ်မှာ ထင်ထင်ရှားရှား သေရမှ မြတ်တယ် မဟုတ်လားဗျ'

တင်။ ။ 'ဒါဖြင့် ခင်ဗျားကော ဒီလိုပဲ သေချင်သလား'

သံ။ ။ 'ကျုပ်တို့လည်း ချောင်ကြို ချောင်ကြားမှာတော့ အသေမခံနိုင်ဘူးဗျို့။ မြက်မြက်စားပြီး ထင်ထင်ရှားရှား သေမှ ကြိုက်တာပဲ'

တင်။ ။ 'ဦးခွန်ထွန်း သေရင် မနန်းဖေ ဘယ့်နှယ် ဖြစ်မလဲဗျ'

သံ။ ။ 'ဒီလိုဆိုတော့ သူ့အဖေဆီမှာ အလုပ်အကျွေးပြုဖို့ မလိုတဲ့အတွက် ကျုပ်က သိမ်းပိုက်ရုံ ရှိတာပေါ့'

တင်။ ။ 'ဟယ် ဟုတ်ပါပေ့ဗျာ၊ ဒါထက် ခင်ဗျား ယောက္ခမလောင်းကြီးက ဦးစံဖဲရဲ့ နွားအုပ်ကို ဘယ့်နှယ် လုပ်ပစ်လိုက်သလဲဗျ'

သံ။ ။ 'ဒီကနေ့မနက် ခုလို အချိန်မှာ ဦးစံဖဲလက်ထဲ ပြန်ရောက်နေတာ တော်တော် ကြာရော့မယ်။ သို့သော် နှစ်ကောင်တော့ လက်လွန်သွားပြီး ကျုပ်တို့လူစု စားပစ်လိုက်ပြီ'

တင်။ ။ 'ဒါနဲ့ နေစမ်းပါဦး၊ ကျုပ်တို့ ခု ဘယ်သွားနေကြတာလဲ'

သံ။ ။ 'ဘယ်သွားရမှာလဲဗျ၊ ကျုပ်တို့ဆရာရဲ့ အိမ်ကို သွားနေတာပေါ့'

တင်။ ။ 'တော်တော် ဝေးသေးသလား ဗျာ'

သံ။ ။ 'ငါးမိုင်လောက်ပါ၊ အဲဒီမှာ စောခုံမှိုင်းကိုလည်း တွေ့ရပါလိမ့်မယ်'

နာရီတစ်ဝက်ခန့် ဆက်လက် လျှောက်ခတ်ကြပြီးနောက် လှေကလေးသည် အင်းကြီးတစ်ဖက်ကမ်းသို့ ဆိုက်ကပ်လာ၍ သံတမန် ဆရာတပည့်သည် လှေကို ချောင်တစ်ခု၌ ဝှက်ထားခဲ့ကြပြီးလျှင် သံတမန်သည် မောင်မောင်တင့်ကို တောင်ကြီးများ၏ အကြား၌ ညီညာသော မြေပြင်တွင် စိမ်းစို





သော သစ်ပင်များ ပေါက်ရောက်လျက်ရှိသော တောအုပ်တစ်လျှောက်မှ ခေါ်သွားလေ၏။ လမ်းခရီး၌–

တင်။ ။ 'နေစမ်းပါဦးဗျ၊ ဦးခွန်ထွန်း ဆိုတဲ့ လူက ဟိုဂူကြီးထဲမှာ အမြဲ နေသလား'

သံ။ ။ 'အမြဲရယ်လို့ မဟုတ်ဘူးပေါ့ဗျာ၊ နယ်စပ်တစ်လျှောက်မှာ ရှိတဲ့ ဂူတို့ တောအုပ်တို့ အကြိုအကြားတို့ ဆိုတာ ဦးခွန်ထွန်း မနေဖူးတာ တစ်ခုမှ မရှိဘူး'

တင်။ ။ 'မြို့စားကြီး စောခုံမှိုင်းက ဦးခွန်ထွန်းကို လက်သပ်မွေးထားသလား'

သံ။ ။ 'မွေးတယ်လို့ မဟုတ်ပါဘူး၊ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ကူညီပေးကြတာပါပဲ'

တင်။ ။ 'ဘုရင်မင်းမြတ်က ဦးခွန်ထွန်းကို တပ်တော်နဲ့ လွှတ်ဖမ်းရင် စောခုံမှိုင်းက ကာကွယ်ပေးမလား'

သံ။ ။ 'ဒီလိုတော့ မကာကွယ်ဘူး၊ ဒါပေမဲ့ ဦးခွန်ထွန်းက တောင်တွေ တောတွေ ကောင်းကောင်း ကျွမ်းကျင်တော့ တပ်တော်နဲ့ ရှာပေမဲ့ သူ့ကို မတွေ့နိုင်ဘူး'

တင်။ ။ 'ဦးခွန်ထွန်းက နွားအုပ်ကိုပဲ တိုက်ယူသလား၊ ဒို့ပြင် ပစ္စည်းကော မယူဘူးလား'

သံ။ ။ 'တွေ့ရာ ယူတာပါပဲ၊ သို့သော် မြင်းတို့ နွားတို့ကို သူအားကြီး သဘောကျတယ်။ ပုဏ္ဏားတော်တစ်ယောက် မွေးထားတဲ့ သိုးအုပ်ကို တစ်ခါတုန်းက မောင်းယူသွားတော့ နောက်က တပ်တော်လိုက်လာရာမှာ ခရီးဖင့်တယ်ဆိုပြီး အဲဒီကတည်းက သိုးအုပ်ကို သူ မကြဲစည်တော့ဘူး'

တင်။ ။ 'လူများကော ဖမ်းခေါ်သွားပြီး ငွေနဲ့ ရွေးဖို့ တောင်းဖူးသလား'

သံ။ ။ 'ဒါကတော့ အင်မတန် မှန်းမှ တစ်ခါတလေ လုပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးမှာ တစ်ခါ နှစ်ခါ လုပ်ဖူးပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ညောင်ရမ်းရွာ ကြေးထမ်းကြီးဟာ ဦးခွန်ထွန်း အကြောင်းကို မကောင်းပြောပြီး ရွှေနားတော်ကြားအောင် တင်မလေး ဘာလေးနဲ့ ခြိမ်းခြောက်ဖူးလေတော့ ဦးခွန်ထွန်းက ဖမ်းသွားပြီး အသက်ဖိုး သုံးပိဿာနဲ့ အရွေးခိုင်းဖူးတယ်'

တင့်။ ။ 'နို့ ရွေးသလား'

သံ။ ။ 'ရွေးတော့ ရွေးတယ်၊ နောက်ကျနေလို့ လက်လွန်သွားတယ်'

တင့်။ ။ 'ဖြစ်ရပလေဗျာ'

ယင်းကဲ့သို့ စကားတပြောပြောနှင့် လျှောက်လာကြစဉ် ခွေးများ၏ အသံနှင့် ညာသံပေးသော အသံတို့ကို ကြားရပြီးနောက် များမကြာမီအတွင်း တောရှုပ်သော ချုံများအတွင်းမှ ခွေးသမင် လေးငါးကောင်နှင့် ဒူးလေးကိုင်စွဲလျက်ရှိသော လူတစ်ယောက် ထွက်ပေါ်လာကြလေရာ သံတမန်က—

'ဟော မြို့စားကြီးပါကလား'

ဟု အလန့်တကြား ပြောလိုက်လေ၏။

မောင်မောင်တင့်သည် စောခုံမှိုင်းနှင့် မျက်နှာချင်း ဆိုင်မိကြသောအခါ မောင်မောင်တင့်မှာ မြို့စားကြီး၏ တည်ငြိမ်ခံ့ညားသော ကာယဣန္ဒြေနှင့် အချိုးအစားကျသော ကိုယ်လုံးကိုယ်ပေါက်ကို အံ့သြစွာဖြင့် ငေးကြည့်နေမိလေ၏။ စောခုံမှိုင်းမှာ တရုတ်ဖဲပွင့် ဘောင်းဘီပွကြီး ဝတ်၍ မြက်ခမောက်ကြီးကို ဆောင်းထားသည့်အတွက် သာ၍မြင့်ဟန် ရှိသဖြင့် သာ၍ ခံ့ထည်သော အလုံးအရပ် ရှိလေ၏။ ၎င်း၏ ခါး၌ကား အပြာပုပ်ရောင်ရှိသော ပိုးခါးစည်းကြိုးနှင့် ဆင်စွယ်ရိုးတွင် ရွှေကွပ်ထားသော ဓားမြှောင်တစ်လက် ထိုးလျက်ရှိရာ လက်၌ ကိုင်ထားသော ဒူးလေးမှာ သာမန်ယောကျ်ားတို့ ဆွဲတင်ရန် မတတ်နိုင်သည့် အလွန်သန်မာသော သစ်သားဖြင့် ပြုလုပ်ထားလေ၏။ လူ့မျက်လုံးများမှာ အများအားဖြင့် မညီညာဘဲ ခပ်စောင်းစောင်း ရှိတတ်သော်လည်း စောခုံမှိုင်းမှာမူ ပြူးပြူးကျယ်ကျယ်နှင့် ကြည်လင်တောက်





ပသော မျက်လုံးများသည် ဖြောင့်တန်းသော မျက်ခုံးများ၏ အောက်တွင် တည့်တည့်တန်းတန်း ရှိနေသည်ဖြစ်၍ ရုတ်တရက်အားဖြင့် မြန်မာတစ်ယောက် ဟူ၍ပင် မှတ်ထင်လောက်ပေ၏။

ချွတ်ယွင်းချက် တစ်ခုမှာကား ကွမ်းစား အားကြီးသောကြောင့် သော်လည်းကောင်း၊ ဆေးဆိုးထားသောကြောင့် သော်လည်းကောင်း မည်းနက်သော သွားများ ရှိလေရာ ထိုအခြင်းအရာတစ်ခုနှင့် ၎င်း၏ အဝတ်အစားတို့သည်သာလျှင် ထူးခြားသူတစ်ယောက် ဖြစ်ကြောင်းကို ဖော်ပြလျက်ရှိ၏။ သို့ရာတွင် အထက်နှုတ်ခမ်း၌ ခပ်စိမ်းစိမ်းနှင့် အဖျားကော့လျက်ရှိသော နှုတ်ခမ်းမွေးသည် သွားများ၏ မည်းနက်ခြင်းကို ဖုံးဖိသို့ဝှက်ထားသည် ဖြစ်သောကြောင့် မြင်ရသော သူသည် အဆိုပါ ချွတ်ယွင်းချက်ကို သတိမပြုမိဘဲ အသားကောင်းခြင်း၊ မျက်ခုံးနှင့် နှုတ်ခမ်းမွေးတို့၏ ကောင်းခြင်း၊ မျက်လုံးတို့၏ ကြည်လင်စူးစိုက်ခြင်း၊ မျက်နှာ၏ အဆင်ပြေခြင်းတို့ကြောင့် အလွန်ခံ့၍ အလွန်ချောသော လူတစ်ယောက် ဟူ၍ အသိအမှတ်ပြုရမည် ဖြစ်၏။

ထို့ပြင် စောခုံမှိုင်း၏ ပွင့်လင်း၍ ပျူပျူငှာငှာ ရှိသော မျက်နှာထားသည် မောင်မောင်တင့်၏ မျက်စိထဲ၌ လှပချောမောသော အင်္ဂါရုပ်ကို တိုး၍ လှပချောမောစေအောင် ဖြည့်စွက်ကူညီ ပေးလေတော့၏။ သို့ရာတွင် လူတို့၏ ရုပ်လက္ခဏာကို အကဲခတ်တတ်သူ တစ်ယောက်သည် စောခုံမှိုင်း၏ မျက်နှာကို ရုတ်တရက် မြင်လိုက်ရသောအခါ ကျေနပ်သလောက် စေ့စေ့ကြည့်လိုက်သော အခါတွင် ကျေနပ်လှမည် မဟုတ်ချေ။ ထိုသူ၏ မျက်ခုံးနှင့် အထက်နှုတ်ခမ်းတို့သည် မာနကြီးခြင်းကို ဖော်ပြ၍ နိုင်လိုမင်းထက် ပြုကျင့်လိုသော စိတ်သဘော ရှိခြင်းကိုလည်း ထင်ရှားစေ၏။ ပွင့်လင်း၍ ပျူငှာသော မျက်နှာထားရှိသည် ဆိုစေကာမူ မိမိကိုယ်ကို အထင်ကြီးသည့် အထိမ်းအမှတ်များ တွေ့မြင်နိုင်ပေ၏။ တစ်ခါတစ်ရံ ဆန့်ကျင်ဘက် အခြင်းအရာများ တွေ့ကြုံရသော အခါ၌ လက်ခနဲ တောက်သွားသော ၎င်း၏မျက်လုံးသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မာနအလျောက် ခက်ထန် ကြမ်းကြုတ်သော အပြုအမူမျိုးကို ပြုတတ်သော ဝါသနာ ရှိကြောင်းကိုလည်း ဖော်ပြလျက် ရှိ၏။

စောခုံမှိုင်းသည် နယ်စားမြို့စား ၉၉ မျိုးတို့တွင် အပါအဝင် ဖြစ်သည့် အငယ်တန်း မြို့စားနယ်စားကလေးမျှသာ ဖြစ်သော်လည်း လက်ရှိဘုရင်ကို နန်းချ၍ နောင်တော်ကို နန်းတင်ရန် လျှို့ဝှက်စွာ လုပ်ကြံလျက်ရှိသော ကိစ္စကြီးတွင် ပါဝင်ဆောင်ရွက်လျက် ရှိ၏။ ၎င်းမြို့စားမှာ ကြီးပွားလိုသော ဆန္ဒ ထက်သန်သူတစ်ဦး ဖြစ်၍ လုပ်ကြံမှု ထမြောက်အောင်မြင်ခဲ့လျှင် ရွှေနန်းတော်ကြီးတွင် မင်းကြီးသက်တော်ရှည် အဖြစ်နှင့် ခန့်ထားရန် ပဋိညာဉ် ခံဝန်ချက် ရရှိခဲ့ပြီး ဖြစ်လေ၏။

စောခုံမှိုင်းသည် မောင်မောင်တင့်နှင့် တွေ့ဆုံသောအခါတွင် ရွှေမြို့တော်ကြီးမှ သူဌေးတစ်ဦး၏ အမွေခံ အမွေစား တူရင်း သားရင်း ဖြစ်သည့်ပြင် သာစည်နယ်၌ ဟိုးလေးတကျော် ထင်ပေါ်လျက်ရှိသော မြေပိုင်ရှင်ကြီး ဦးစံဖဲ၏ ဧည့်သည်တစ်ယောက် ဟူ၍ ကြားသိရသည့်အလျောက် အရေးတယူ ပျူငှာသော အမူအရာဖြင့် နှုတ်ခွန်းဆက်သလျက် မိမိ၏နယ်သို့ လာရောက် လည်ပတ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ရှိပါကြောင်း ပြောဆိုလေ၏။ ထို့ပြင် ယမန်ညဉ့်က မောင်မောင်တင့်၏ ဂုဏ်အဆင့်အတန်းနှင့် မလိုက်လျောသည့် တောဂုစခန်း၌ တည်းခိုအိပ်စက်ခဲ့သည့် အတွက်ပင် အပြစ်တင်သေး၏။ ၎င်းနောက် စောခုံမှိုင်းနှင့် မောင်မောင်တင့်တို့သည် ဦးခွန်ထွန်း၏ နေပုံထိုင်ပုံများ အကြောင်းကို ပြောဆိုလျက် ရှေ့မှသွားကြစဉ် သံတမန်နှင့် စောခုံမှိုင်း၏ နောက်လိုက် နှစ်ယောက်တို့သည် ခွေးသမင်ကြီးနှင့်အတူ နောက်မှ လိုက်ပါလာကြလေ၏။

စောခုံမှိုင်းနှင့် မောင်မောင်တင့်တို့သည် စံအိမ်တော်ဝသို့ ဆိုက်ရောက်လာကြသောအခါ ၄၀ ခန့်မျှသော စောခုံမှိုင်း၏ သွေးသောက်များသည် တံခါးဝ၌ စီတန်းကာ အစီအစဉ်ဖြင့် ရပ်လျက်ရှိကြရာ ၎င်းတို့၌ လေးမြားကိုယ်စီနှင့် ခါးတွင်လည်း ဓားကြီးများကို လွယ်လျက် အလွန်တောင့်တင်း





မာကျောသော ကိုယ်ကာယ ရှိကြသူများ ဖြစ်၏။ စောခုံမှိုင်းက အမိန့်ပေးလိုက်သည်တွင် သွေးသောက်မှူးတစ်ယောက်သည် မိမိ၏ သွေးသောက်များအား အစီအစဉ်ဖြင့် ညီညာစွာ ဆုတ်ချည်တက်ချည် ပြုလုပ်စေပြီးနောက် စက်ဝိုင်းပစ်သော အတတ်ကိုလည်း ပြသစေ၏။ ၄၀ ခန့်မျှသော သွေးသောက်များသည် စီတန်းကာ ရပ်၍ ဒူးလေးကိုယ်စီဖြင့် ချိန်ရွယ်လျက် ရှိ၏။ ပေ ၃၀၀ ခန့်တွင် မူကား ထင်းရှူးပင်ကြီးတစ်ပင် တည်ရှိလေ၏။ သွေးသောက်မှူးက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သွေးသောက်များသည် တစ်ယောက်စီ အစဉ်လိုက် ၎င်းသစ်ပင်ကို ဒူးလေးဖြင့် ပစ်ကြလေရာ ၄၀ သော မြားတံတို့သည် သစ်ပင်၌ စူးဝင်နေသည်ကို မောင်မောင်တင့်သည် အံ့ဩစွာ တွေ့မြင်ရလေ၏။ ၎င်းနောက် သွေးသောက်များသည် ထိုင်လျက် တစ်လှည့်၊ ကုန်းလျက်တစ်မျိုး၊ ဝမ်းလျားထိုးလျက် တစ်ဖုံ၊ တစ်လှည့်စီ ပစ်ကြပြန်လေရာ ပစ်လိုက်သမျှ မြားတံတို့သည် လွဲချော်သည် မရှိဘဲ သစ်ပင်၌ တန်းခနဲ တန်းခနဲ စူးဝင်သွားကြလေကုန်၏။ ထို့နောက်တစ်ဖန် နှစ်ယောက်စီ တွဲလျက် ဓားသိုင်းအတတ်ကိုလည်းကောင်း၊ လှုံစွဲလျက် ရင်ဆိုင်တိုက်ခိုက်ဟန်ကို လည်းကောင်း၊ လိုက်ပုံ ပြေးပုံ ရှောင်တိမ်းပုံများကို လည်းကောင်း အမျိုးမျိုး ပြသလေရာ မောင်မောင်တင့်မှာ မိမိ တွေ့မြင်ခဲ့ရသော မြန်မာစစ်သည် ရဲမက်တော်များထက် ကျင်လည်ပါပေသည်ဟု စိတ်ထဲ၌ ချီးမွမ်းမိလေ၏။

စောခုံမှိုင်း၏ ရည်ရွယ်ချက်မှာ မြန်မာရဲမက်မှူးကလေး တစ်ဦးဖြစ်သော မောင်မောင်တင့်အား သူ့သွေးသောက်များ၏ ကျင်လည်မှုနှင့် ပတ်သက်၍ အထင်အမြင် ကြီးစေရန် ဖြစ်လေရာ၊ ရည်ရွယ်သည့်အတိုင်း မောင်မောင်တင့်မှာလည်း အထင်အမြင် ကြီးမိပေသည်။

တင့်။ ။ 'မြို့စားလက်အောက်မှာ ယခုလို သွေးသောက်ပေါင်း ဘယ်နှယောက်လောက် ရှိပါသလဲ'



www.burmeseclassic.com

www.burmeseclassic.com



မှိုင်း။ ။ 'သူတို့ သဘောကျတဲ့ဘက်က တိုက်ရရင် လူငါးရာ အောက် မနည်း ရအောင် စုဆောင်းနိုင်ပါတယ်'

တင့်။ ။ 'ဒီလိုဆိုရင် ဦးခွန်ထွန်းတို့ လူသိုက်ကို နှိမ်နင်းနိုင်မှာပေါ့'

မှိုင်း။ ။ 'ဒါလောက်ကတော့ မခဲယဉ်းပါဘူး။ သို့ပေမဲ့ သူတို့ကို နှိမ်နင်းလိုက်ရင် အလကား နာမည်ကြီးပြီး ရွှေနားတော် ကြားလား၊ ဘာလား နဲ့ ခင်ဗျားတို့ ရဲမက်ကြီးတွေက ကျုပ်ကို မျက်မုန်းကျိုးနေကြမှာပေါ့။ ကိုင်း.... ကိုင်း နေ့လယ်စာ စားရအောင် စံအိမ်တော်ထဲ ဝင်ကြပါဦးစို့'

စံအိမ်တော်တွင်းသို့ ရောက်ကြသောအခါ တစ်ခုသော အခန်းကြီး တွင် ဘာသာဘာဝ မုန့်ပဲသရေစာများကို သုံးချောင်းထောက် ကလပ်စားပွဲ ကလေးများ ပေါ်တွင် တည်ခင်းပြင်ဆင်ထားလေရာ၊ စောခုံမှိုင်းသည် မောင် မောင်တင့်အား ထိပ်ဆုံး၌ ရှိသော ကလပ်စားပွဲတွင် မိမိနှင့်အတူ ထိုင်စေ လျက် စံအိမ်တော် အရာရှိများနှင့် သွေးသောက်မှူးများသည် အခြားသော သုံးချောင်းထောက် ကလပ်များတွင် သုံးယောက်တစ်ဝိုင်း၊ လေးယောက် တစ်ဝိုင်း စသည်ဖြင့် ထိုင်ကြလေ၏။ လက်ဖက်ရည်မှာမူ နို့ဆီနှင့် အင်္ဂလိပ် လက်ဖက်ခြောက် မပေါ်သေးသောခေတ် ဖြစ်၍ ဖေသလက်ဖက်ခြောက်နှင့် ဖျော်ထားသည့် လက်ဖက်ရည်ကြမ်းပင် ဖြစ်လေ၏။ စောခုံမှိုင်းသည် ပရိသတ်အားလုံးကို လက်ဖြင့် သိမ်းကျုံးကာပြလျက်–

'ဒီလူတွေ အားလုံးဟာ ကျုပ်က ထမင်းကျွေးရတဲ့ လူချည်းပဲ၊ ယာခင်းကလေးနဲ့ ဈေးထိုးစိုက်တဲ့ လယ်ကလေးလုပ်တဲ့လူ နည်းနည်းပါးပါး ရှိရဲ့၊ ဒီပြင်က လွဲလို့တော့ သူတို့ ဝမ်းခါး ကျုပ်တာဝန်ချည်းပဲ၊ ဒီနယ်ပယ် ဆိုတာမှာ ခင်ဗျားတို့ဆီမှာလို လယ်တွေ ဘာတွေ မပေါ်လို့ မစားလောက် လေတော့ ကျုပ်နယ်နဲ့ နီးစပ်ရာ တခြား ရွာတွေကိုလည်း အခွန် ခွဲရတော့ တာပဲ။ အခွန်ခွဲဆိုပေမဲ့ သူတို့ ပေးချင်မှ ပေးရတာပါ၊ ကျုပ်ကို အခွန်မပေးရင် ဦးခွန်ထွန်းတို့ လူတွေက သူတို့ ကျွဲနွား ရွှေငွေ ပစ္စည်းများကို တိုက်ခိုက် လုယူတာ ခံကြရတာပေါ့'





ထိုအခါ မောင်မောင်တင့်သည် လူတို့မည်သည်မှာ အငတ်မခံနိုင် သဖြင့် စားစရာမရှိသော အခါ၌ ပိုလျှံသော လူများထံမှ ယူငင် စားသောက် ခြင်းသည် ဓမ္မတာ သဘာဝပင် ဖြစ်၍ ပြောဖွယ်မရှိသည့် အကြောင်းနှင့် အလိုက်သင့် ပြန်ပြောလေ၏။

စားသောက်ခြင်းကိစ္စ ပြီးစီးကြသောအခါ စောခုံမှိုင်းက မောင်မောင် တင့်၏ ပခုံးကို ပုတ်လျက် ၎င်းမျက်နှာကို မှတ်သားထားကြပြီးလျှင် အကြောင်းကြီးငယ် ရှိသောအခါ၌ အကူအညီ ပေးကြဖို့ တပည့်များအား မှာထားလေ၏။ သူ့ပရိသတ်တို့ကလည်း အမိန့်တော်မြတ် အတိုင်းပင် ဟူသော အဓိပ္ပာယ်မျိုးနှင့် ၎င်းတို့ဘာသာဖြင့် ပြန်ပြောကြလေ၏။

နောက်ဆုံး၌ စောခုံမှိုင်းသည် မောင်မောင်တင့်၏ လက်ကို ကိုင်လျက်–

'လာဗျာ၊ ကျုပ်တို့ အစ်မကြီးနဲ့ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်။ လာဗျာ .... လိုက်ခဲ့'

ဟု ဆိုကာ ၎င်းအဆောင်မှ ထွက်လာခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၇ ]

စောမြစိန် အဆောင်မှာ မောင်မောင်တင့် မျှော်လင့်သကဲ့သို့ အလွန်အမင်း ခမ်းနားခြင်း မရှိဘဲ အထက်တန်းစား မြန်မာလူမျိုးတစ်ယောက်၏ သားပျိုသမီးပျိုများအတွက် ပြင်ဆင်ထားသည့် အခန်းမျိုးလောက်သာ ရှိပေ၏။ စင်စစ်သော်ကား စောမြစိန်မှာ ငယ်စဉ်ကလေးက မြန်မာသီလရှင်ကြီး တစ်ပါး၏ ဩဝါဒကို ခံယူခဲ့ရဖူးသဖြင့် သီလရှင် ဝတ်ချင်သောဆန္ဒ ရှိသည့်အလျောက် အခမ်းအနားကို မခုံမက်ဘဲ ခပ်ရိုးရိုးမျှ နေလိုသည် တစ်ကြောင်း၊ စောခုံမှိုင်းမှာလည်း ညီတော်ကို နန်းချ၍ နောင်တော်ကို နန်းတင်ဖို့ ကိစ္စတွင် အထူးကြိုးပမ်းလျက် ရှိသည်ဖြစ်၍ ရှိသမျှသော ပစ္စည်းကို သူ၏သွေးသောက်များ စုဆောင်းမှုအတွက်နှင့် ၎င်းတို့အား ကျွေးမွေး လေ့ကျင့် ပေးရသည့်အတွက် အသုံးပြုလျက်ရှိသည် ဖြစ်သောကြောင့် မိမိအတွက် သော်လည်းကောင်း၊ အစ်မတော်အတွက် သော်လည်းကောင်း တခမ်းတနား နေထိုင်ရန် မစီမံနိုင်သည်လည်း တစ်ကြောင်းကြောင့် အခြားသော မြို့စားများ၏ စံအိမ်တော်များကဲ့သို့ ရွှေတဝင်းဝင်း၊ ငွေတပြောင်ပြောင် မဝါကြွားနိုင်အောင် ရှိခဲ့လေ၏။ ဆိုလိုရင်းမှာ စောခုံမှိုင်းသည် မင်းကြီးသက်တော်ရှည် ရာထူးကို ရလိုမှု အတွက်ကြောင့် ရသမျှငွေကို စစ်စရိတ်အတွက် အသုံးပြု၍ အခမ်းအနားကို ဂရုမစိုက်ဟု ဆိုလိုခြင်း ဖြစ်၏။

ယင်းသို့ ဆိုသော်လည်း စောမြစိန်၏ အဝတ်အစားနှင့် ဆင်ယင်သော တန်ဆာပလာတို့မှာ မြို့စားတစ်ဦး၏ အစ်မတစ်ယောက်နှင့် မလိုက်လျော ဟူ၍ မဆိုနိုင်ချေ။ စောမြစိန်မှာ သူ့လူမျိုးတို့၏ အဝတ်ထက် မြန်မာ





အဝတ်ကို ပိုမို နှစ်သက်သည့်အလျောက် အမြဲ ဝတ်ဆင်လေ့ရှိရာ ၎င်း၏ ကြိုးထဘီ၌ ထိုးထားသည့် ရွှေချည်ငွေချည်များ၊ မိန်းမဝတ်အင်္ကျီ၌ တပ်ထားသည့် ရွှေနန်းခက်များမှာ အတုမဟုတ်၊ ရွှေအစစ် ဖြစ်သည့်ပြင် နား၌ ပန်ဆင်လျက်ရှိသော စိန်နားတောင်းသည် လည်းကောင်း၊ လက်၌ ဝတ်ထားသည့် စိန်လက်စွပ်ကြီးသည် လည်းကောင်း၊ လည်ပင်း၌ ဆွဲအပ်သည့် စိန်ဘယက်ကြီးသည် လည်းကောင်း ပထမတန်း စိန်များ ဖြစ်ကြ၍ အလွန်မလင်းစေဘဲ ခပ်မှောင်မှောင် ပြင်ဆင်ထားသည့် အဆောင်အတွင်းတွင် ပြိုးပြိုးပြက်ပြက် အထူးသဖြင့် အရောင်လက်လှပေ၏။ မောင်မောင်တင့်သည် စောမြစိန်ကို မြင်လိုက်ရသောအခါ မြို့စားကြီးအစ်မနှင့် မတူဘဲ ရွှေနန်းတော်မှ ဘုရင့်သမီးတော် တစ်ပါးနှင့် တူပါပေသည်ဟု အံ့အားသင့်လျက် ရှိလေ၏။

စောမြစိန်၏ ဆံပင်မှာ ထိုခေတ်က ထုံးစံအတိုင်း ထိပ်ဆံချလျက်ရှိရာ ရှည်လျားနက်မှောင်လှသော ဆံပင်ကို နှစ်ပတ်ရစ် ထုံးထားသော အခါ၌ ဦးခေါင်းနှင့် မလိုက်အောင် ကြီးလွန်းလှသည် ဟူ၍ပင် မှတ်ထင်မိလေ၏။ စောမြစိန်၏ မျက်နှာမှာ စောခုံမှိုင်း၏ မျက်နှာကဲ့သို့ ခပ်သွယ်သွယ်ရှိ၍ သေးသေးနှင့် မည်းနက် ဖြောင့်တန်းသော မျက်ခုံးသည် လည်းကောင်း၊ အရောင်လက်၍ စူးစိုက်သော မျက်လုံးများသည် လည်းကောင်း၊ ကျက်သရေရှိလှသည့် ပါးစပ်အထက်ပုံ၌ လည်းကောင်း တထေဝတည်း ရှိကြသည် ဖြစ်၍ မောင်နှမတော်ချင်း အဖြစ်ကို မပြောဘဲ သိနိုင်လောက်အောင် အဆင်တူကြပေ၏။ သို့ရာတွင် စောမြစိန်၏ သွားများမှာမူကား မြန်မာအလေ့အထကို နှစ်သက်သူ ဖြစ်သည့်အလျောက် မည်းနက်ခြင်း မရှိဘဲ ခရုကမာကဲ့သို့ အရောင်တောက်လျက် ရှိပေ၏။ အသားအရေမှာမူကား စောခုံမှိုင်းကဲ့သို့ တောကစားထွက်ခြင်း စသော အလေ့အထ မရှိသည့်ပြင် စံအိမ်တော်ကြီး၏ အပြင်သို့မျှ မထွက်ရသဖြင့် နေရောင် မသမ်းဖူးသည်ဖြစ်၍ စိမ်းလဲ့ကြည်ဝင်းလျက် ရှိပေ၏။ မာနကြီးသည့် အရာ၌လည်း စောမြစိန်၏ အင်္ဂါရပ်သည်



www.burmeseclassic.com

www.burmeseclassic.com



စောခုံမှိုင်း၏ အင်္ဂါရုပ်ကဲ့သို့ ထင်ရှားစွာ မပေါ်ပြချေ။ သိုက်မြိုက်ခံ့ညားသည့် အရာဌာနတွင်မူကား မိန်းမသား ဖြစ်စေကာမူ စောခုံမှိုင်းထက် အနည်းငယ်မျှ ယုတ်လျော့ခြင်းမရှိဘဲ ယဉ်ကျေး သိမ်မွေ့ခြင်းပင်လျှင် ကဲလွန်ပိုမောက်လျက်ရှိပေ၏။ သာယာသောအသံ ရှိခြင်း၌ တူညီကြသော်လည်း စောခုံမှိုင်းသည် ခပ်ဆတ်ဆတ်နှင့် ကျယ်လောင်စွာ ပြောတတ်သလောက် စောမြစိန်သည် ပျော့ပျောင်းစွာဖြင့် ခပ်အေးအေး ပြောတတ်ပေ၏။ စောခုံမှိုင်း၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် လူတို့၏ဘုံ၌ လိုလားအပ်သည့် ထင်ပေါ်ကျော်စောခြင်း၊ တန်ခိုးအာနိသင် ကြီးခြင်း စသော အခြင်းအရာများကို လိုလားတောင့်တသည့် နိမိတ်လက္ခဏာများကို အကဲခတ်နိုင်လောက်သော်လည်း စောမြစိန်မှုကား ထိုအခြင်းအရာများ၏ ခေတ္တသဘောမျှသာ ရှိကြောင်းကို နားလည်သည့် လက္ခဏာဖြင့် လိုလားတောင့်တခြင်း မရှိသကဲ့သို့ ငြိမ်သက်သော လက္ခဏာ ရှိလေ၏။

မောင်နှမ နှစ်ယောက်လုံးတို့မှာ ငယ်ရွယ်စဉ် အခါကတည်းက ညီတော်၊ နောင်တော် ရှိကြသည့်အနက် နောင်တော်ဘက်သို့ မေတ္တာ တိမ်းညွတ်ခြင်း ရှိကြလေရာ စောမြစိန် စိတ်ထဲ၌ အင်းဝ ရွှေမြို့တော်၏ ထီးနန်းတွင် နောင်တော်သာလျှင် ဆက်ခံထိုက်သည့်အတိုင်း ထိုကဲ့သို့ ဆက်ခံစေခြင်းဟာ မောင်တော်မြို့စားနှင့် ၎င်းနယ်သားများ ဆောင်ရွက်ရသော ဝတ္တရားဖြစ်သည်ဟု စွဲလမ်း ယုံကြည်လျက် ရှိလေ၏။ မိမိမှာမူ မိန်းမသား ဖြစ်သောကြောင့် ကိုယ်တိုင် ပါဝင်တိုက်ခိုက်ရန် မတတ်နိုင်စေကာမူ ထိုကိစ္စအတွက် မိမိအသက်နှင့်တကွ ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်ရန် အဆင်သင့် ရှိလေ၏။ စင်စစ်မှာ နောင်တော်အပေါ်၌ စောမြစိန်၏ သစ္စာစောင့်စည်းခြင်းမှာ ၎င်း၏မောင်တော် စောခုံမှိုင်းကဲ့သို့ ကိုယ်ကျိုး ကိုယ်တာအတွက် အလျှင်းငဲ့ကွက်ခြင်း မရှိသည် အတွက်ကြောင့် စောခုံမှိုင်း၏ သစ္စာစောင့်စည်းခြင်းထက်ပင် ဖြူစင်သည်ဟု ယူဆထိုက်ပေ၏။

စောမြစိန်မှာ အထုံ ဝါသနာအားဖြင့် လည်းကောင်း၊ လောက





အခြေအနေအားဖြင့် လည်းကောင်း မိမိနှင့် ဂုဏ်ရည်တူ အခြားသူတို့နှင့် ရောနှောဆက်ဆံခွင့် မရှိခဲ့ချေ။ တစ်ခါက စောမြစိန်သည် မြေပိုင်ရှင် ဦးစံဖဲ၏ သမီး မနန်းယုအား အရင်းနှီးဆုံးသော မိတ်ဆွေတစ်ယောက် အဖြစ်ဖြင့် ဆက်ဆံခဲ့ဖူး၏။ ပန်းချီဆရာတစ်ယောက်သည် စောမြစိန်နှင့် မနန်းယုတို့ အတူတကွ ထိုင်နေကြသည်ကို မြင်ရပါလျှင် ရှင်ရှင်နှင့် ချောမောသော မိန်းကလေးတစ်ယောက်နှင့် တည်တည်ခံ့ခံ့ လှပသော မိန်းကလေးတစ်ယောက်၏ ပုံသဏ္ဌာန်တို့ကို စံနမူနာ ပြလောက်အောင် ရေးဆွဲနိုင်လောက်ပေ၏။ မနန်းယုမှာ ကျေးလက်တောရွာ၌ ပေါက်ဖွားသော မြေပိုင်ရှင်တစ်ယောက်၏ သမီးမျှသာ ဖြစ်သည့်အလျောက် လိုချင်တောင့်တမှုများ နည်းပါးလှ၍ ယုယကြင်နာသော ၎င်း၏ဖခင် မတတ်နိုင်လောက်သည့် တောင့်တမှုမျိုး မရှိချေ။ စောမြစိန်မှာမူကား ငယ်ရွယ်စဉ် အခါက သီလရှင် ဆရာတစ်ပါး၏ လက်အောက်၌ ဩဝါဒ ခံယူခဲ့ရဖူးစေကာမူ မြို့စားကြီးတစ်ဦး၏ သမီးဖြစ်သည့်အလျောက် နိုင်ငံရေးကိစ္စများတွင် စိတ်ဝင်စားသည် ဖြစ်ခဲ့ဖူးရကား အလွန်ကြီးကျယ်သော အကြံအစည်များနှင့် လိုလား တောင့်တချက်များ ရှိလေ၏။

စောခုံမှိုင်းသည် စောမြစိန်၏ အဆောင်သို့ မောင်မောင်တင့်ကို ခေါ်သွား၍ မည်သူမည်ဝါ ဖြစ်သည့် အကြောင်းကို ပြောပြပြီးနောက်–

'ကိုင်း .... မမ၊ ဟောဒီမိတ်ဆွေက အသက်ငယ်သော်လည်း ပျို့ကဗျာနဲ့ စာကြီး ပေကြီးတွေမှာ ဝါသနာပါတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီတော့ မမတို့ စာဝါသနာအိုးချင်း နှီးနှောရစ်ကြပေတော့။ ကျွန်တော့်မှာတော့ ထုံးစံအတိုင်း နယ်သားတွေစုပြီး စစ်ရေးလေ့ကျင့်ပေးဖို့ အလုပ်ရှိသေးလို့ သွားလိုက်ပါဦးမယ်'

ဟု ဆိုကာ အဆောင်မှ ထွက်သွားလေ၏။

မောင်မောင်တင့်သည် မိန်းမဖော်ကလေးများ ခြံရံလျက်ရှိသော စောမြစိန်နှင့် အတူထိုင်ကာ ရှေးကဗျာဆရာများ အကြောင်းကို ဆွေးနွေးကြရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် များသောအားဖြင့် အကြိုက်ချင်း တူညီသည့် အဖြစ်ကို တွေ့ရှိရသဖြင့် အကျွမ်းဝင် နီးရင်းသော အဖြစ်သို့ လျင်မြန်စွာ ဆိုက်ရောက်ကြလေ၏။ လူ့သတ္တဝါတို့၏ ထူးခြားသော သဘာဝတစ်ခုမှာ စာသမားချင်း ဖြစ်စေ၊ မြင်းသမားချင်း ဖြစ်စေ၊ ကစားသမားချင်း ဖြစ်စေ တွေ့ဆုံ နီးနှောကြ၍ အကြိုက်ချင်း တူညီခြင်း၊ မကြိုက်ချင်း တူညီခြင်း ဟူသော အဖြစ်ကို တွေ့ရှိရသောအခါ ဝါသနာလည်း မတူ၊ အကြိုက်လည်း တစ်မျိုးစီ ရှိနေသော လူအချင်းချင်း တစ်နှစ်မျှ တွေ့ဆုံနီးနှောရခြင်းထက် ဝါသနာတူ၊ အကြိုက်တူ အချင်းချင်း တစ်ထိုင်မျှ နီးနှောခွင့်ရခြင်းသည် အဆများစွာ ပိုမိုနီးရင်းသော အခြေအနေသို့ ရောက်စေနိုင်ပေ၏။

တစ်နာရီခန့် ကြာသောအခါ စောခုံမှိုင်းသည် အဆောင်သို့ ဝင်လာ၍ ၎င်းနယ်တစ်ဝိုက်ရှိ နယ်စားမြို့စားများ တောကစားထွက်ကြရန် အခမ်းအနား ကြီးတစ်ခု စီစဉ်ထားသည်ဖြစ်၍၊ မောင်မောင်တင့်အား ရက်သတ္တ တစ်ပတ် နှစ်ပတ်မျှ ဆက်လက် တည်းခိုနေထိုင်ရန် ဖိတ်ကြားလေရာ မောင်မောင်တင့်မှာ စောမြစိန်၏ မကြုံဖူးအောင် ခံ့ညားလှပသော ရုပ်အဆင်းနှင့် စကားလက် ဆုံဝင်ခြင်း တည်းဟူသော အခြင်းအရာတို့သည် စောခုံမှိုင်း၏ လောကဝတ် ပျူငှာရှိသော ဖိတ်ခေါ်ခြင်းကို ဖြည့်စွက် ထောက်ခံဘိသကဲ့သို့ ရှိနေလေရ ကား ဖိတ်ကြားသည့်အတိုင်း လက်ခံလိုက်လေ၏။ သို့ရာတွင် လူတစ် ယောက်ကို ဦးစံဖဲထံ စေလွှတ်၍ အကျိုးအကြောင်း ပြောပြရန် မောင်မောင် တင့်က တောင်းပန်သည့်အလျောက် စောခုံမှိုင်းက တာဝန်ယူလိုက်လေ၏။

နယ်စားမြို့စားများ တောကစားထွက်ရန် ကိစ္စမှာ အကြောင်းမညီ ညွတ်သဖြင့် အချိန်ရွှေ့ဆိုင်း ထားကြလေရာ မောင်မောင်တင့်သည် စောခုံမှိုင်း ၏ စံအိမ်တော်တွင် တနင်္ဂနွေ သုံးပတ်မျှ ဆိုင်းငံ့ နေရလေတော့၏။ ထို အတောအတွင်း၌ စောမြစိန်အား ပထမအကြိမ် တွေ့စဉ်က မောင်မောင်တင့် ၏ စိတ်ထဲ၌ နှစ်သက်သဘောကျမိခြင်း တည်းဟူသော အခြင်းအရာသည် တစ်နေ့ထက်တစ်နေ့ တစ်ကြိမ်ထက်တစ်ကြိမ် တွေ့ရဖန်များသော အခါတွင်





ဆုတ်ယုတ်ခြင်း မရှိဘဲ ကဲလွန်သည်ထက် ကဲလွန်ပိုမောက် လာလေရကား မောင်မောင်တင့်မှာ စောမြစိန် အနီးတွင် ထိုင်၍ စောမြစိန်နှင့် စကားပြောနေရ သော အချိန်များတွင် နတ်ပြည်သို့ အရှင်လတ်လတ် ရောက်နေရသည်ဟု မှတ်ထင်မိလေတော့၏။ အစ်မဖြစ်သူနှင့် ရင်းနှီးလာခဲ့သည့်အလျောက် မောင် ဖြစ်သူနှင့်လည်း တစ်နေ့တခြား ပိုမို ရင်းနှီးလာခဲ့ပေ၏။

နောက်ဆုံး၌ နယ်စားမြို့စားများ တောကစားထွက်သည့်နေ့တိုင် ရောက်လာသောအခါ မောင်မောင်တင့်နှင့် စောခုံမှိုင်းတို့သည် နောက်ပါ ငယ်သား ၃၀၀ ခန့်တို့နှင့်အတူ ချိန်းဆိုထားသော နေရာသို့ သွားရောက်ကြ လေ၏။ မောင်မောင်တင့်မှာ မြန်မာအဝတ်အစားဖြင့် ကြောင်တောင်တောင် ဖြစ်၍ အခြားသူတို့ ကြည့်ကြမည်ကို မခံလိုသဖြင့် စောခုံမှိုင်း အကြံပေးသည့် အတိုင်း ဘောင်းဘီ၊ ခမောက် အစရှိသည့် အဝတ်အစားတို့ကို ဝတ်ဆင်ခဲ့လေ ၏။ ချိန်းဆိုထားသော နေရာသို့ ရောက်ကြသောအခါ အခြား နယ်စားမြို့စား သုံးလေးယောက်တို့နှင့် တွေ့ကြ၍ စောခုံမှိုင်းသည် မောင်မောင်တင့်အား မိတ်ဆက်ပေးလေ၏။ နယ်စားမြို့စား အသီးသီးတို့၌ ပါလာကြသော နောက် ပါများကို ပေါင်းစုလိုက်သည့်အခါ တပ်တော်ကလေး တစ်တပ်လောက်ပင် ရှိနေလေတော့၏။

လူအားလုံး စုံညီကြသောအခါ နယ်စားမြို့စားတို့၏ နောက်ပါများ သည် တစ်ဖက်သော မျက်နှာသို့ ထွက်သွားကြ၍ စက်ဝိုင်းကြီးသဖွယ် ဖြန့်ကြပြီးလျှင် တောတိရစ္ဆာန်ရိုင်းများကို နယ်စားမြို့စားများ စောင့်နေသော နေရာသို့ ခြောက်လှန့် မောင်းနှင် လာကြရန်ဖြစ်၏။ လူစုမခွဲမီ အတော အတွင်း၌ နယ်စားမြို့စား အသီးသီးတို့သည် မိမိတို့၏ နောက်ပါများနှင့် နေအရာဏ်တကျသည့် အချိန်မှစ၍ တောသဘာဝအလိုက် အနည်းနည်း ဖျော်ဖြေလျက်ရှိရာ ထိုနေရာတစ်ဝိုက်မှာ လူများဖြင့် အလွန်စည်ကားလျက် ရှိ၏။ ၎င်းနောက် နောက်ပါ အားလုံးတို့သည် အတူတကွ ထွက်သွားကြ၍ နယ်စားမြို့စားများနှင့် တစ်တိုင်ခန့် ဝေးသော အရပ်၌ ယပ်တောင်ကြီးသဖွယ်

www.burmeseclassic.com



ကြဲဖြန့်ကြပြီးလျှင် ဝါးစိမ်းတစ်ခုကို ဖြောက်ဖောက်ကာ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် နယ်စားများ၏ တပည့်နောက်ပါများသည် လက်၌ကိုင်ထားသော တုတ်တို့ဖြင့် ချုံများ၊ သစ်ပင်များကို ရိုက်နှက်ကာ ညာသံပေးလျက် ခြောက်လာကြလေ၏။

တောခြောက်သမားများသည် သုံးမျက်နှာသော အရပ်တို့မှ မြို့စားနယ်စားများ ရှိရာသို့ တစ်ပြိုင်နက်တည်း ဟစ်အော်ရိုက်နှက်ကာ ခြောက်လှန့်လာကြသည်တွင် ဆတ်အုပ်ကြီးတစ်အုပ်သည် ဦးချိုကားကား၊ အမြီးဖွားဖွားဖြင့် ကျဉ်းမြောင်းသော တောင်ကြားလမ်းတစ်လျှောက် မြို့စားနယ်စားများ စုရုံးလျက်ရှိသော နေရာသို့ ပြေးလာကြလေ၏။ ဆတ်အုပ်သည် တစ်ကောင်နှင့် တစ်ကောင် တိုးဝှေ့ ပြွတ်သိပ်လျက် ကျဉ်းမြောင်းသော တောင်ကြားလမ်း တစ်လျှောက် ကြောက်ကြောက်လန့်လန့်ဖြင့် ပြေးလာကြစဉ် ၎င်းတို့၏ ဦးချိုများမှာ သစ်ရွက်ခြွေထားသော တရုတ်စကားပင်များ၏ အကိုင်းအခက်များနှင့် တူလေတော့၏။ ဆတ်အုပ်သည် ရှေ့၌ရှိသော မြို့စားနယ်စားများ တစ်စုကို မြင်ကြသည်နှင့် တစ်ပြိုင်နက် အရှယ်ကောင်း၍ ခွန်အားဗလနှင့် ပြည့်စုံသော ဆတ်ဖိုများသည် ရှေ့သို့တက်၍ ဆတ်ကလေးများနှင့် ဆတ်မများက နောက်၌ချန်ကာ စစ်ပွဲအစီအစဉ် ပြုလုပ်နေကြသည်ကို မြင်ကြရသောအခါ ဝါရင့်သော မုဆိုးများက သတိဝီရိယ လိုအပ်သည့် အကြောင်းကို သတိပေးကြလေ၏။

နောက်ဆုံး၌ ဦးစီးဦးဆောင် ဖြစ်သော နယ်စားမင်းက အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မုဆိုးများသည် ကြိုးများဖြင့် ချည်ထားသော ခွေးသမင်ကြီးများကို လွှတ်လိုက်၍ မြို့စားနယ်စား အသီးသီးနှင့် မုဆိုးများသည်လည်း ဒူးလေးများဖြင့် ပစ်ခတ်ကြလေ၏။ ထိုအခါ ဆတ်အုပ်သည် မိမိတို့နောက်မှ ကြောက်မက်ဖွယ် အသံများနှင့် ခြောက်လှန့်လာကြသော တောခြောက်သမားများဘက်သို့ တုံ့ပြန်၍ မလှည့်ဘဲ မြို့စားနယ်စားများ ရှိရာသို့ တစ်ဟုန်ထိုး ပြေးလာကြလေ၏။ ဆတ်အုပ်ကြီးသည် မိုးချုန်းသကဲ့





သို့သော အသံကြီး ဖြစ်ပေါ်လာသည့်တိုင်အောင် မြေကြီးကို ခြေဖြင့် ကန်ကျောက်ကာ ပြေးလာကြလေရာ တစ်ယောက်သောသူက မြေကြီးပေါ်သို့ မှောက်အိပ်ကြရန် အချက်ပေးလိုက်၏။ သို့ရာတွင် အချက်ပေးပုံကို နားမလည်သော မောင်မောင်တင့်မှာ အသက်ဆားမှ သီသီကလေးမျှ လွတ်သွားလေတော့၏။

စောခုံမှိုင်းသည် ယောင်တောင်တောင်နှင့် မတ်တတ်ရပ်လျက်ရှိသော မောင်မောင်တင့်ကို မြေပေါ်သို့ ရုတ်တရက် တွန်းလှဲလိုက်သောကြောင့်သာလျှင် မောင်မောင်တင့်မှာ ဆတ်များ၏ ဦးချိုဖျားသို့ အသက်ပါမသွားဘဲ ရှိလေတော့၏။ အမှိုက်သရိုက်များသည် ရေစီး၏ အဟုန်ကို မခံနိုင်သည့်နည်းတူ လူများသည်လည်း တဝုန်းဝုန်း တဒိုင်းဒိုင်း ပြေးလာသော ဆတ်အုပ်ကြီး၏ အဟုန်ကို မခံမရပ်နိုင်အောင် ရှိကြလေရာ ဆတ်များသည် မြေပေါ်တွင် အလျားမှောက်လျက် ရှိသော လူများ၏ ကျောပေါ်သို့ ခြေထောက်များဖြင့် နင်းကျော်ခုန်လွှား ပြေးသွားကြလေကုန်၏။ ဆတ်အုပ်ကြီး ကျော်လွန်သွားသဖြင့် ထမည် ပြုသောအခါတွင် မောင်မောင်တင့်မှာ များစွာသော နေရာတို့၌ ပွန်းပဲ့သွားသည့်ပြင် ခြေမျက်စိမှာလည်း အကြောတင်သွားသဖြင့် မထနိုင်ဘဲ ရှိလေ၏။

အခြားသော သူတို့မှာ ဤသို့သော အခြင်းအရာတို့ကို ကြုံရဖန်များခဲ့ပြီ ဖြစ်သဖြင့် ထိခိုက်နာကျင်ခြင်း မရှိကြသော်လည်း မောင်မောင်တင့်အတွက်ကြောင့် ပျော်သင့်သလောက် မပျော်နိုင်ဘဲ ရှိကြလေ၏။ စောခုံမှိုင်းသည် မိမိ၏ တပည့်များအား ထမ်းစင်တစ်ခုကို ချက်ချင်းပြုလုပ်ရန် အမိန့်ပေးလေ၏။ လိုလိုမည်မည် ခေါ်လာကြသော ဆေးဆရာ တစ်ယောက်သည်လည်း အကြောတင်သော ခြေထောက်ကို ကြပ်ထုပ်ထိုးပေးလေ၏။ မောင်မောင်တင့်မှာ ခရီးပန်းသည်က တစ်ကြောင်း၊ နာကျင်သည်က တစ်ကြောင်း ကြောင့် များသွေးဝင်လာခဲ့ရာ ဆေးဆရာသည် အိပ်ဆေးပါသော အုပ်ဆေးကို တိုက်ကျွေးသဖြင့် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းအရပ်၌ စခန်းချကြ၍ နောက်တစ်နေ့ နံနက်စောစောတွင် စောခုံမှိုင်းသည် မိမိတပည့်များနှင့်အတူ ခရီးထွက်လာခဲ့ကြလေ၏။ ငင်းတို့ သွားသော ခရီးမှာ နေအိမ်ဘက် ပြန်သည့်ခရီး မဟုတ်ဘဲ အခြားဘက်သို့ ဆက်လက် ထွက်လာခဲ့ကြခြင်း ဖြစ်သဖြင့် မောင်မောင်တင့်က အကျိုးအကြောင်းကို မေးမြန်းလေ၏။ ထိုအခါ စောခုံမှိုင်းက မိမိ၏ နောက်ပါအချို့တို့မှာ တစ်ခုသောအရပ်သို့ သွားရန် ကိစ္စရှိသဖြင့် မိမိကိုယ်တိုင် ခရီးအတန်ငယ် လိုက်၍ ပို့ပြီးလျှင် ပြန်၍ လှည့်လာခဲ့မည် ဖြစ်ကြောင်း ပြောလေ၏။

မွန်းတည့်အချိန်ခန့်တွင် မောင်မောင်တင့်မှာ ထမ်းစင်ပေါ်မှ လိုက်ရသော်လည်း ပွန်းပဲ့သော ဒဏ်ရာများမှ သွေးကျသဖြင့် အနာရင်း၍ အလွန်နာကျင်သော ဝေဒနာကို ခံစားခဲ့ရပြီးနောက် စောခုံမှိုင်းနှင့် ဆွေမျိုးတော်စပ်သည် ဆိုသော အဘိုးကြီးတစ်ယောက်၏ နေအိမ်သို့ ဆိုက်ရောက်လာခဲ့ကြလေ၏။ ငင်းအဘိုးကြီးမှာ မောင်မောင်တင့် တွေ့မြင်ဖူးသော သူများထက်ပင် ရှေးကျဟန်ရှိ၍ အလွန်ကြမ်းတမ်းသော ချည်ထည်များကို ဝတ်ဆင်လျက်ရှိသည့်ပြင် ငင်း၏ သမီးများနှင့် အခြား အိမ်သူအိမ်သားများမှာလည်း အလွန်ရိုးသည့် အမူအရာ ရှိကြ၏။

နောက်တစ်နေ့၌ အိမ်ရှင် အဘိုးကြီးသည် လူနာအဖြစ်ဖြင့် သီးသန့်ပြင်ပေးထားသော မောင်မောင်တင့်၏ အခန်းသို့ ဝင်လာသောအခါ စောခုံမှိုင်းမှာ အရုဏ်တက် အချိန်ကပင် ငင်း၏နောက်ပါများနှင့်အတူ ထွက်သွားကြ၍ မောင်မောင်တင့်အား ပြုစု စောင့်ရှောက်ရန်အတွက် လူငယ်ကလေးတစ်ယောက် ထားခဲ့သည့်အကြောင်း သိရှိရလေ၏။ ထိုအခါ မောင်မောင်တင့်က အလွန်တရာ အံ့ဩလှသဖြင့် မည်သည့်အရပ်သို့ သွားပါသနည်းဟု မေးမြန်းလေ၏။ အဘိုးကြီးသည် ခပ်ပြုံးပြုံး မျက်နှာထားဖြင့် စိုက်ကြည့်ကာ မည်သို့မျှ ပြန်မပြောဘဲ ရှိနေသဖြင့် စောခုံမှိုင်းကိုယ်တိုင်က ဖော်ထုတ်၍ မပြောခဲ့သော အခြင်းအရာ တစ်ခုကို လူစိမ်းတစ်ယောက်အား မေးမြန်းလျှင်





မလျော်သည့် အဖြစ်ကို ရိပ်မိသည်နှင့် ဆက်လက်၍ မေးမြန်းခြင်း မပြုတော့ချေ။

မောင်မောင်တင့်မှာ အဘိုးကြီး နေအိမ်၌ ဒဏ်ရာများကို ဆေးဝါးကုသလျက်ရှိရာ ၆ ရက်မြောက်သောနေ့ နံနက်၌ တောင်ဝှေးတစ်ချောင်းဖြင့် လမ်းလျှောက်နိုင်သော အခြေအနေ ရှိလာသည်တွင် စောခုံမှိုင်းသည် နောက်ပါ လူ ၂၀ ခန့်တို့နှင့် ပြန်ရောက်လာလေ၏။ မြို့စားမင်းမှာ အလွန်ရွှင်ပျသော အမူအရာရှိလျက် မောင်မောင်တင့်အား ဒဏ်ရာများ သက်သာလာသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောပြီးလျှင် မြင်းစီးနိုင်သော အခြေအနေရှိကြောင်း တွေ့ရသဖြင့် စံအိမ်တော်သို့ ပြန်ဖို့ စီစဉ်လေ၏။ မောင်မောင်တင့်မှာလည်း စခန်း၌ နေထိုင်ခဲ့ရသော ရက်များအတွင်း စောမြစိန်၏ မျက်နှာကို မျက်စိထဲတွင် မကြာခဏ မြင်မိသည်ဖြစ်၍ စံအိမ်တော်သို့ ပြန်ကြမည်ဆိုသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ရှိလေ၏။

စံအိမ်တော်သို့ ပြန်ရောက်သောအခါ စောမြစိန်သည် ယုယကြင်နာသော အမူအရာဖြင့် ခရီးဦးကြိုပြု၍ ဒဏ်ရာရသည့်အတွက် ပျာပျာသလဲ ရှိသည်တွင် တောခြောက်ခြင်း အလုပ်၏ ဘေးအန္တရာယ်များသော အဖြစ်ကို ညည်းသည် မောင်မောင်တင့်အား ကြိုတင်၍ သတိပေး သွန်သင်ခြင်း မပြုသည့်အတွက် မောင်ဖြစ်သူ မြို့စားမင်းအား အပြစ်တင်၏။ မောင်မောင်တင့်ကမူ မြို့စားမင်းသည် ငင်း၏အသက်ကို စွန့်စား၍ မိမိအား ကယ်ဆယ်ပါသည်ဟု နုခံကာကွယ် ပြောပြလေ၏။

နှုတ်ခွန်းဆက်သကြပြီးနောက် စောခုံမှိုင်းသည် အစ်မတော်အား သူတို့ဘာသာဖြင့် စကားသုံးလေးခွန်း ပြောလိုက်ရာ စောမြစိန်မှာ ရုတ်တရက် မျက်ရည်များ လည်လာလေ၏။ သို့ရာတွင် ငင်းမျက်ရည်များမှာ ဝမ်းနည်းပက်လက် ထွက်ရသည့်လက္ခဏာ မရှိဘဲ ဆန္ဒကြီးတစ်ခု ပြည့်စုံသဖြင့် ဝမ်းမြောက်လှသောကြောင့် ထွက်လာဟန် တူပေ၏။ ငင်းနောက် စောမြစိန်



www.burmeseclassic.com

www.burmeseclassic.com



သည် မောင်မောင်တင့် မရှိသည့်အခိုက် ရောက်ရှိနေသော ချောစာများကို မောင်မောင်တင့်အား ပေးအပ်လေ၏။

မောင်မောင်တင့်၏ နေရပ်မှ ပေးပို့သော ချောစာများမှာ များစွာ အကြောင်းမထူးလှချေ။ ဖခင် ဦးသန်းကြွယ်ထံမှ ရဖူးသော စာတစ်စောင်တွင် မကြာမီအတွင်း ရာထူးတိုးတက်၍ ဩဇာတိက္ကမကောင်းသော အခြေအနေသို့ ဆိုက်ရောက်ရဦးမည့် အရိပ်နိမိတ်များ ဖော်ပြပါရှိခဲ့ဖူးသော်လည်း နောက်ဆုံးရရှိသော စာတွင်မူကား မင်းခစား ယောကျ်ားများ အကြောင်းကို ရှုတ်ချ ကဲ့ရဲ့ထားသည့်ပြင် မောင်မောင်တင့်အား ဘုရင့်အမှုတော်ထမ်းခြင်း အလုပ်ကို စွန့်လွှတ်ရန်ကိုပင် အကြံပေး ရေးသား ပါရှိလေ၏။

သူဌေးကတော်ကြီးထံမှ ပေးပို့လိုက်သော စာတွင်မူကား ထီးနန်း လက်ရှိဖြစ်သော ညီတော်ဘုရင်၏ အကြိုက်အလိုသို့ လိုက်ကာ သာပေါင်း ညာစား ပြုလုပ်ချင်သော မတ်တော်မောင် ဦးသန်းကြွယ်၏ အပြုအမူကို ပြစ်တင်ရှုတ်ချထားသော စကားများ ပါရှိ၏။ သို့ဖြစ်၍ တူဖြစ်သူ မောင်မောင်တင့်သည် ပုံပြားနှင့်တူသော ဖခင်၏ အလိုဆန္ဒအတိုင်း ညီတော်ဘုရင်၏ တပ်တော်တွင် ကျွန်မခံဘဲ ဘုရင့်တပ်တော်မှ ထွက်ခဲ့ရန် အကြံပေး မှာထားလိုက်လေ၏။

၎င်းစာများကို ထောက်ခြင်းအားဖြင့် မရီးဖြစ်သူ သူဌေးကတော်ကြီးသည် မတ်ဖြစ်သူ ဦးသန်းကြွယ်၏ စိတ်သဘောထား ပြောင်းလဲနေသည်၏ အဖြစ်ကို သိရှိသေးဟန် မတူချေ။ မည်သို့ပင်ဖြစ်စေ ဖခင်ရော ကြီးတော်ပါ မောင်မောင်တင့်အား ဘုရင့်တပ်တော်ကြီးမှ နုတ်ထွက်ရန် တိုက်တွန်းထားကြ လေပြီ။

မောင်မောင်တင့်မှာ မိဘဆွေမျိုးများ၏ ဩဇာကို နာယူခဲ့သူတစ် ယောက် ဖြစ်သည့်အတိုင်း လက်ရှိ ညီတော် ဘုရင့်အပေါ်၌ မကြည်ညိုသော စိတ် ဖြစ်ပေါ်လာ၍ ဘုရင့်တပ်တော်မှ နုတ်ထွက်ဖို့ကိုလည်း အကြံပြုမိလေ ၏။ ယင်းသို့ ရှိနေသည့်အတွင်း မိမိတို့ ဘုရင့်တပ်တော်၌ အကြီးအကဲဖြစ်သူ





ရဲမက်မှူးကြီး ဦးမင်းခေါင်ထံမှ ပေးပို့လိုက်သော အောက်ပါစာကို မောင် မောင်တင့် ရရှိလေ၏။

"ရဲမက်မှူးကလေး မောင်မောင်တင့် နှာခံရမည်မှာ
သုံးရက်အတွင်း ဘုရင့်တပ်တော်ဌာနသို့ ပြန်ရောက်ရမည်။
မလာမရောက်ရှိခဲ့လျှင် အတွင်းဝန်မင်းထံ အစီရင်ခံ၍ အခွင့်
မရှိဘဲ အလုပ်ပျက်ကွက်သူ တစ်ယောက်အဖြစ်ဖြင့် အရေး
ယူရန် ထောက်ခံချက် ပေးသွင်းရလိမ့်မည်။"

မောင်မောင်တင့်သည် ဘုရင့်ရဲမက်မှူးကြီး၏ စာကို ဖတ်လိုက်ရသော အခါ မျက်နှာနီမြန်းသွား၏။ မောင်မောင်တင့်မှာ အလိုလိုက်သော ဘကြီး များထံ၌ ထင်သလို နေထိုင်လာခဲ့သူတစ်ယောက် ဖြစ်လေရာ ဘုရင့်ရဲမက်မှူး ကလေး အဖြစ်နှင့် ဘုရင့်ရဲမက်မှူးကြီးက ဤသို့ လာစေ၊ ထိုသို့ သွားစေ စသည်ဖြင့် အမိန့်ပေးခြင်း ခံရသည်ကိုပင် အခံရ ခက်တက်တက် ရှိနေလေ ၏။ ဖခင်၏မိတ်ဆွေ ဆိုသောကြောင့် ချိုချိုသာသာနှင့် မျက်နှာသာ ပေးလိမ့် မည်ဟု မျှော်လင့်သည့်အတိုင်း ရောက်ခါစ အချိန်တွင် ဘုရင့်ရဲမက်မှူးကြီး သည် မိမိအား အထိုက်အလျောက် အလိုလိုက်ခဲ့ပါလျက် ယခုအခါတွင်မှ အာဏာသံပါပါဖြင့် ခပ်ပြတ်ပြတ် ရေးသားလိုက်သည့်အတွက် အောင့်သက် သက် ဖြစ်မိ၏။ ဖခင်ထံမှ ရရှိသောစာနှင့် ဆက်စပ် ဆင်ခြင်လိုက်သည့်အခါ နန်းတော်ကြီးမှ အမိန့်အရ ဘုရင့်ရဲမက်မှူးကြီးသည် မိမိအား ချိုးနှိမ်လိုက် ခြင်း ဖြစ်သည် ဟူ၍လည်း စဉ်းစားမိလေ၏။

သို့ဖြစ်ရကား မောင်မောင်တင့်သည် ဘုရင့်ရဲမက်မှူးကြီးထံမှ ရုတ် တရက် လေသံပြောင်းသော အမိန့်စာ ရရှိသည့်အတွက် အံ့ဩဝမ်းနည်း ကြောင်း ဖော်ပြပြီးလျှင် ဘုရင့်ရဲမက်မှူးကလေး ရာထူးမှ နုတ်ထွက်စာကို လည်း တစ်ပါတည်း ပေးပို့လိုက်လေ၏။

ဘုရင့်တပ်တော် အမှုထမ်းအဖြစ်မှ နုတ်ထွက်ခြင်း ချသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကောင်း ဖော်ပြရန် လိုသေးသည်ဖြစ်၍ မောင်မောင်တင့်သည် စောခုံမှိုင်းအား တိုင်ပင်လေ၏။ မောင်မောင်တင့်မှာ စာလေဗဟုသုတရှိ၍ စဉ်းစားဉာဏ် နှံ့ညွှံ့သူတစ်ယောက် မဟုတ်သော်လည်း အမှုကြီးငယ်တို့ကို ကိုယ်တိုင် စီမံခန့်ခွဲနေကျ ဖြစ်သော စောခုံမှိုင်း၏ အရည်အချင်းကို စိတ်ထဲ၌ ညွှတ်မိလေ၏။

မောင်မောင်တင့်သည် စောခုံမှိုင်းနှင့် တွေ့သောအခါ စောခုံမှိုင်း၏ မျက်နှာထားမှာ မသာယာဖွယ်သော သတင်းတစ်ခုကို ပြောရန်ရှိသော လူတစ်ယောက်၏ အမူအရာမျိုး ရှိနေလေ၏။ သို့ဖြစ်၍ မြို့စားမင်းကပင် စတင်၍ 'မကောင်းသတင်း ကြားရသည့်အတွက် ဝမ်းနည်းကြောင်း' နှင့် စကားချီလိုက်သဖြင့် မောင်မောင်တင့်က မေးမြန်းရာတွင်၊ စောခုံမှိုင်းမှာ မြန်မာဘုရင့်တပ်တော်၏ အတွင်းရေးများကို အမြဲစုံစမ်းမေးမြန်းခဲ့သည့် အလျောက် မောင်မောင်တင့်အား အထက်အမိန့်အရ ရာထူးမှ ချထား၍ ငုင်းနေရာတွင် အခြားတစ်ယောက် ခန့်ထားလိုက်သည်ဟု ကြားသိရကြောင်း ပြောပြလေ၏။ ထိုအခါ မောင်မောင်တင့်မှာ မိမိက ထွက်စာ မတင်ရသေးမီ ရာထူးမှ နုတ်ပယ်နှင့်သော အထက်လူကြီးများ၏ အပြုအမူကို မခံမရပ်နိုင်အောင် ဒေါသတကြီး ရှိနေလေ၏။

စောခုံမှိုင်းမှာ မိမိ၏ အသိမိတ်ဆွေများနှင့် ပတ်သက်၍ အရေးတယူ ပြုမူတတ်သော ဝါသနာ ရှိသည့်ပြင် မောင်မောင်တင့်နှင့် ပတ်သက်၍ အကြံအစည် ရှိသည် တစ်ကြောင်း၊ အလွန်တရာ ခင်မင်ရင်းနှီးလျက် ရှိသည် တစ်ကြောင်းကြောင့် ဤကဲ့သို့ မလေးမစား ပြုမူသော ညီတော်ဘုရင်အား လက်တုံ့ပြန်သော နည်းလမ်းများကို စိတ်ကူးခြင်းအားဖြင့် မောင်မောင်တင့် နှစ်သိမ့်အောင် ပြောပြလေ၏။

တင့်။ ။ 'တယ်ရိုင်းတဲ့ ဘုရင့်ရဲမက်မှူးကြီးခင်ဗျာ၊ ကျွန်တော့်ကို တမင် အရှက်ခွဲတာပဲ။ ကျွန်တော် အရှက်ကွဲသလို သူ အရှက်ကွဲအောင် ဘယ်လိုများ လုပ်ရရင် တော်ပါ့မလဲ မြို့စားမင်း'





မှိုင်း။ ။ 'ဘုရင့်ရဲမက်မှူးကြီးက တုတ်၊ ရိုက်တဲ့လက်က နန်းတော်ကြီးကပါ မောင်မောင်တင့်၊ တုတ်ရိုက်ခံရတဲ့ အခါမှာ တုတ်ကို ရန်မူလို့ ဘာအကျိုးရှိသလဲ၊ လက်ကို လက်တုံ့ပြန်မှပေါ့'

တင့်။ ။ 'ညီတော် ဘုရင်ကိုလား.... မြို့စားမင်း'

မှိုင်း။ ။ 'ဒါပေါ့ မောင်မောင်တင့်၊ နောင်တော့်နန်းကို မတရားသဖြင့် လုယူထားတဲ့ ညီတော်ကို အပြုတ်နှံ့လိုက်ရရင် အကောင်းဆုံးပေါ့ဗျ'

တင့်။ ။ 'ဒီအရေးဆိုတော့ ကျွန်တော့်အဖို့ ကြီးကျယ်လွန်းမှာပေါ့ မြို့စားမင်း'

မှိုင်း။ ။ 'ဒီလို ဟုတ်ပါ့ရိုးလား မောင်မောင်တင့်၊ ကိုယ်တစ်ယောက်တည်း မတတ်နိုင်တဲ့ ကိစ္စမှာ အကြံတူ ဉာဏ်တူ လူစုတွေရှာပြီး ဆောင်ရွက်ရင် ဖြစ်နိုင်တာပေါ့ဗျ။ ကိုင်း.... ကိုင်း လာပါဗျာ၊ အစ်မတော်ဖုရားနဲ့ သွားပြီး တိုင်ပင်လိုက်ကြပါဦးစို့။ ကျုပ်တို့ မရှိခိုက်မှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ အစ်မတော်ဖုရားက ပြောစရာ စကားတွေ ရှိဟန်တူပါတယ်။ မျက်နှာကြီး ဒီလောက် သုန်မှုန်မနေစမ်းပါနဲ့ဗျာ၊ ယောကျ်ားကပဲ.... အကြံ ထုတ်ရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၈ ]

စောခုံမှိုင်းသည် အစ်မတော် စောမြစိန်နှင့် မောင်မောင်တင့်တို့ တစ်ယောက်နှင့်တစ်ယောက် ချစ်စပျိုးလျက်ရှိသော အခြင်းအရာကို ရိပ်မိသည်ဖြစ်၍ စိတ်ထဲ၌ နှစ်ခြိုက်ကျေနပ်သည့် လက္ခဏာရှိ၏။ အစ်မတော်ဖုရား၏ မြန်မာဆန်သော အဖြစ်ကိုသိရှိ၍ အခြားလူမျိုးတစ်ယောက်နှင့် အိမ်ထောင်ဖက်ပြုမည် မဟုတ်ကြောင်းကို ရိပ်မိလေရကား စောခုံမှိုင်းသည် မောင်မောင်တင့်၏ လူရည်သန့်ခြင်း၊ ဉာဏ်ပညာ အထိုက်အလျောက် ရှိခြင်း၊ စာပေဗဟုသုတ ရှိခြင်း တည်းဟူသော အရည်အချင်းများကို တွေ့မြင်ရသဖြင့် ယောက်ဖတော်ရသော် မဆိုးလှဟု အောက်မေ့ခဲ့၏။ သို့ရာတွင် မိမိတို့ မလိုလားသော ညီတော်ဘုရင်၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေရန် ဝတ္တရားရှိသော ဘုရင့်အမှုထမ်းတစ်ယောက် ဖြစ်နေသည့်အတွက် အနှောင့်အယှက် ဖြစ်နေခဲ့၏။ ယခုမူကား ဘုရင့်ရဲမက်မှူးကြီး၏ အပြုအမူကြောင့် ၎င်းအနှောင့်အယှက်မှာ ပျောက်ပြယ်သွားခဲ့လေသည်။

မောင်မောင်တင့်နှင့် စောမြစိန်တို့၏ ပြဿနာ၌ မောင်မောင်တင့်၏ စွဲလမ်းမှုမှာကား ထင်ရှားလျက် ရှိ၏။ ၎င်း၏ရုပ်ရည်နှင့် စာပေ ဝါသနာတူခြင်းတို့ကို အကိုးအကားပြု၍ စောမြစိန်ကလည်း ငြင်းဆန်လိမ့်မည် မဟုတ်ဟု မြို့စားမင်း မျှော်လင့်ခဲ့၏။ အကယ်၍ ငြင်းဆန်စေကာမူလည်း မောင်တော် မြို့စားမင်းက အလိုတူသည် ဆိုခဲ့လျှင် တော်လှန်ဖွယ်မရှိ ဟူ၍လည်း ယုံကြည်ခဲ့လေ၏။

စောခုံမှိုင်းနှင့် မောင်မောင်တင့်တို့သည် စောမြစိန်၏ အဆောင်သို့ ဝင်သွားကြသောအခါ စောမြစိန်မှာ အခြွေအရံဖြစ်သော မိန်းကလေးများနှင့် အတူ ပန်းများ သီကုံးလျက် ရှိသည်ကို တွေ့ကြရလေ၏။ မောင်မောင်တင့်က





မည်သည့် အခမ်းအနားအတွက် ဤမျှလောက် မြောက်မြားသော ပန်းကုံးများကို သီကုံးကြရပါသနည်းဟု မေးသဖြင့် စောမြစိန်က မောင်တော် မြို့စားမင်း၏ လက်ထပ်မင်္ဂလာ အခမ်းအနားအတွက် ပြင်ဆင်ကြရခြင်း ဖြစ်ပါသည်ဟု ပြောသဖြင့် မောင်မောင်တင့်မှာ များစွာ အံ့ဩလျက်ရှိ၏။ ထိုအခါ မောင်မောင်တင့်က သတို့သမီးမှာ မည်သည့်အရပ်သူ ဖြစ်ပါသနည်းဟု မေးမြန်းရာတွင် စောမြစိန်က သတို့သမီးအမည်မှာ မကိတ္တိ ဖြစ်ပါသည်ဟု ပြုံးရယ်ကာ ပြန်ပြောလေ၏။ ဤတွင် မောင်မောင်တင့်က အမည်ကို ထောက်ချင့်ရခြင်းအားဖြင့် သာမန်အမျိုးသမီး ဖြစ်ဟန်မတူ ဟု ပြောသောအခါ စောမြစိန်က ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် မိမိ၏ မောင်တော်မှာ မည်သည့် လူသားမိန်းမကိုမျှ လက်ထပ်မည် မဟုတ်ဘဲ ကျော်စောကိတ္တိ ရှိခြင်းကို လိုလားသည့်အတွက် မကိတ္တိနှင့် လက်ထပ်မည်ဟု ပြောရခြင်း ဖြစ်ကြောင်း၊ မိမိကိုယ်ကို ကျော်စောသည်ထက် ကျော်စောအောင် ယတြာချေမည့် အခမ်းအနားတွင် ၎င်းပန်းကုံးများကို အသုံးပြုရမည် ဖြစ်ကြောင်း ပြောပြသော အခါမှ ဆိုလိုသော အဓိပ္ပာယ်ကို နားလည်လေ၏။

တင့်။ ။ 'ထင်ပေါ် ကျော်စောခြင်းဆိုတာ ယောကျ်ားတိုင်း အလိုရှိကြလို့မို့ ကျွန်တော်တို့လည်း ဒီလမ်းကို လိုက်စမ်းပါရစေလား ခင်ဗျာ'

စိန်။ ။ 'လိုက်တာကတော့ မခက်ပါဘူး ရဲမက်မှူးလေး၊ သို့သော် ဝါဒ မတူကြလေတော့ လမ်းကွဲကြလိမ့်မယ် ထင်တယ်'

မှိုင်း။ ။ 'ရဲမက်မှူးလေးလို့ မခေါ်နဲ့တော့ မမရေ့၊ ကျွန်တော်တို့ မိတ်ဆွေက မတရားဘုရင်ရဲ့ အမှုတော်ကို မထမ်းတော့ဘူးဗျ။ ထွက်လိုက်ပြီ'

စိန်။ ။ 'ဟုတ်ကဲ့လား မောင်မောင်တင့်'

တင့်။ ။ 'မြို့စားမင်း ပြောတဲ့အတိုင်း မှန်ပါတယ်၊ သစ္စာရှိလို့ ရှိမှန်း မသိတဲ့ ဘုရင်ရဲ့ အစေအပါးများက ကျွန်တော့်ကို ရာထူးမှ နုတ်ပယ်လိုက်ပါပြီ'

စိန်။ ။ 'ပညာမဲ့တဲ့ ဘုရင်ဆိုတာ ပညာမဲ့တဲ့ မှူးမတ်တွေ၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အရာရှိတွေ စီမံတိုင်း ခံရတတ်တာမျိုးပဲကိုး။ ဒီအတွက် အားမငယ်ပါနဲ့ မောင်မောင်တင့်'

တင့်။ ။'အားတော့ မငယ်ပါဘူး ခင်ဗျာ၊ ရှက်တာလောက် ရှိတာပါပဲ'

မှိုင်း။ ။'ကိုင်းဗျာ ဘုရင့်အမှုတော်ထမ်းရမှ ကျေနပ်မယ်ဆိုရင် နည်းလမ်းမှန်တဲ့ ပုဂ္ဂိုလ်ဘက်က အမှုထမ်းရရင် သာပြီး မကောင်းဘူးလားဗျ၊ မဟုတ်ဘူးလား မမ'

စိန်။ ။'ဒီလို မတိုက်တွန်းကောင်းပါဘူး မြို့စားမင်း၊ ယခုလို အရေးကြီးတဲ့ ကိစ္စမျိုးမှာ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပြီး ကိုယ့်ဆန္ဒအတိုင်း ဆုံးဖြတ်ထိုက်ပါတယ်'

တင့်။ ။'ကျွန်တော့် သူရသတ္တိကို စိတ်မချရသေးတဲ့အတွက် ကျွန်တော်လို လူတစ်ယောက်ရဲ့ အကူအညီကို မလိုချင်ဘူးလို့ ဆိုလိုပါသလား'

စိန်။ ။(အလွန်ရှိုလှသော မျက်နှာထားဖြင့်) 'ဒီလို မဟုတ်ပါဘူး မောင်မောင်တင့်၊ မောင်မောင်တင့် တို့လို အထက်တန်း မြန်မာလူမျိုး တစ်ယောက်က မြို့စားမင်းဘက်က ပါမယ်ဆိုရင် အတိုင်းထက်အလွန် ဝမ်းမြောက်တာပေါ့။ သို့သော် မြို့စားမင်းမှာတော့ ဒီကိစ္စကို အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားပြီးပါပြီ၊ မောင်မောင်တင့်မှာတော့ ခေါသအလျောက် ဆုံးဖြတ်မိရင် နောင်တော့မှ နောင်တရနေမှာကို စိုးရိမ်လို့ သတိပေးရခြင်း ဖြစ်ပါတယ်။ ဘုရင်ကို ထောင်ထားခြားနားမှုဆိုတာ အသက်ဆံဖျား စွန့်စားလုပ်ကိုင်ရတဲ့ ကိစ္စမျိုး ဖြစ်လေတော့ မိဖေးဖဖေး တစ်ပြည်တစ်နယ် ရောက်နေတဲ့ အခိုက်မှာ အဆောတလျင် မဆုံးဖြတ်ထိုက်ကြောင်း သတိပေးလိုခြင်းမျှသာ ဖြစ်ပါတယ်။ သူရသတ္တိနဲ့ အရည်အချင်းဆိုတာတော့ လူကို မြင်ကတည်းက ကျွန်မတို့ အကဲခတ်နိုင်ပါတယ်'

ဆောခုံမှိုင်းမှာမူ အစ်မတော်၏ သတိပေးစကား ပြောခြင်းကို မကျေနပ်သည့် အမူအရာဖြင့် နှုတ်ခမ်းကိုက်ကာ နားထောင်နေပြီးနောက်–





'ကိုင်း.... မမ၊ လက်ရှိ ဘုရင်ဘက်က အောင်သွယ်ကြီးအဖြစ်နဲ့ မမပဲ ကြည့်ပြီး တရားဟောရစ်ပါတော့'

ဟု ဆိုကာ စိတ်ကောက်ဟန်ဖြင့် ထွက်သွားလေ၏။

မြို့စားမင်း ထွက်သွားသည့်နောက် မောင်မောင်တင့်နှင့် စောမြစိန်တို့သည် စကားမပြောဘဲ အတန်ကြာအောင် ဆိတ်ဆိတ်နေကြပြီးမှ–

စိန်။ ။'မောင်တော်က တယ်ပြီး ရှေ့လောကြီးတာကိုး၊ သူစိတ်အားထက်သန်သလို လူတိုင်း စိတ်အားထက်သန်မှ သူ ကျေနပ်နိုင်မလိုဖြစ်နေပြီ'

တင့်။ ။'အစ်မကြီးကကော ခုကိစ္စမှာ စိတ်အားမထက်သန်ဘူးလား'

စိန်။ ။'ကျွန်မလား၊ ကျွန်မက သူ့ထက် ပိုရင်သာ ပိုမှာပေါ့။ သို့သော် ကျွန်မ ခုနက ပြောတဲ့အတိုင်း အသက်စွန့်ပြီး လုပ်ရမယ့်ကိစ္စမှာ လူတစ်ယောက်ကို အတင်းတိုက်တွန်းခြင်းဟာ နည်းလမ်းမကျဘူးလို့ ထင်တဲ့အတွက် ပြောရခြင်း ဖြစ်ပါတယ်'

တင့်။ ။'ကျွန်တော့်မှာ မိဖေး ဖဖေးဖြစ်လို့ တိုင်ပင်စရာ မရှိတဲ့အတွက် အစ်မကြီးကပဲ အကြံပေးပါဦး ခင်ဗျာ'

စိန်။ ။'ကျွန်မ သိရသလောက်မှာ မောင်မောင်တင့်ဟာ ပညာဗဟုသုတနဲ့ ပြည့်သူတစ်ယောက် ဖြစ်လို့မို့ အကြံပေးစရာ လူရှာနေဖို့ မလိုဘူး ထင်ပါတယ်'

တင့်။ ။'ကျွန်တော်ဟာ အစ်မကြီး ထင်သလောက် လိမ္မာတဲ့ သူတစ်ယောက် မဟုတ်သေးပါဘူး ခင်ဗျာ၊ သို့သော် အစ်မကြီးက သွန်သင်ဆုံးမ ပေးမယ်ဆိုရင် ကျွန်တော့်တစ်သက်မှာ အများများ အယွင်းယွင်း ဖြစ်....'

စိန်။ ။'အို.... ဒီလိုလည်း မဟုတ်ပါဘူး'

တင့်။ ။'ကိုင်း...အစ်မကြီး၊ ပြောမိတဲ့ စကားလက်စနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောရတော့မလား။ ဒီလိုမှ မဟုတ်ရင် မြို့စားမင်းနဲ့ ရှေးဦးစွာ တိုင်ပင်ရဦး မလား'

စိန်။ ။ 'အို .... မလုပ်လေပါနဲ့ မောင်မောင်တင့်'

တင့်။ ။ 'သိရ ကျွမ်းရတဲ့ ရက်က မများသေးလေတော့ ကျွန်တော့်ကို အကဲခတ်ပါရစေဦးလို့ ဆိုလိုပါသလား'

စိန်။ ။ 'အကဲခတ်နေဖို့ မလိုပါဘူး။ မောင်မောင်တင့်လို လူမျိုးက ပွင့်ပွင့်လင်းလင်း သဘောထားမျိုး ရှိလေတော့ ကောင်းရင် ကောင်း သလောက်၊ အပြစ်ရှိရင် ရှိသလောက် အားလုံး မြင်နိုင်နေတာပဲ'

တင့်။ ။ 'အဲဒီ အပြစ်တွေကြောင့် ကျွန်တော့်ကို မြတ်နိုးလောက် အောင် မရှိနိုင်ဘူးလို့ ဆိုလိုပါသလား'

စိန်။ ။ 'သည်းခံပါ မောင်မောင်တင့်၊ သိရုံ ကျွမ်းရုံထက် ပိုပြီး ရင်းရင်းနှီးနှီး ကျွန်မတို့က သဘောမထားနိုင်တဲ့ ဘုရင့်မင်းမှုထမ်းတစ်ယောက် အပြစ်က ရှင် ထွက်ပြီးတာလည်း ကွမ်းတစ်ယာညက် သာသာ ကလေး ရှိပါသေးတယ်'

ဟု ပြောပြောဆိုဆိုနှင့် စောမြစိန်သည် အတွင်းဆောင်သို့ ဝင်သွားလေရာ မောင်မောင်တင့်မှာ စောမြစိန်၏ စကားအဓိပ္ပာယ်ကို မည်ကဲ့သို့ ကောက်ယူရမည်ဟု စဉ်းစားတွေဝေလျက် ကျန်နေရစ်လေ၏။ စင်စစ်မှာ မောင်မောင်တင့်သည် ၎င်း၏ စကားအပေါ်မှ ဘူး၊ ဖရုံ မခွဲနိုင်အောင် ရှိနေလေရာ ထိုနေ့တွင် စောခုံမှိုင်းလည်း အဆောင်တွင်းသို့ ပြန်ဝင်လာလေ၏။

တင့်။ ။ 'စစ်တိုက်ကြဖို့ ကိစ္စဟာ ချက်ချင်းပဲလား မြို့စားမင်း'

မှိုင်း။ ။ 'ခင်ဗျားက ကျုပ်တို့ဘက် ပါမယ်ဆိုရင် ကျုပ် ပြောနိုင်မှာပေါ့။ ကိုယ့်ဘက်သား မဟုတ်ဘဲနဲ့ သွားပြောမိရင် အကျိုးနည်းသွားမှာပေါ့။ ကိုင်းဗျာ.... ကျုပ်တို့ဘက်ကို ခင်ဗျား ပါမလား၊ မပါဘူးလား'

တင့်။ ။ 'ဘုရင့်ရဲ့မက်မှူးလေး အဖြစ်နဲ့ အမှုထမ်းလာတဲ့ လူ





တစ်ယောက်ဟာ ထောင်ထားခြားနားမှုထဲ ပါလို့ သစ္စာဖောက်ရာ မရောက် ပေဘူးလားဗျာ'

မှိုင်း။ ။ 'ကိုယ်က သစ္စာရှိစွာ ထမ်းရွက်ပါလျက်ကနဲ့ ကိုယ့် ကန်ထုတ်လို့ ဟိုတစ်ဖက် ပါရတာ ဘယ်ကလာ သစ္စာဖောက်တာ ဟုတ်မလဲ ဗျာ။ သို့သော် ရတ်တရက် မဆုံးဖြတ်ချင်သေးလို့ ပြန်သွားဦးမယ် ဆိုရင် ပြန်သွားဦးလေ၊ သာစည်တောင် ခင်ဗျား မလွန်သေးခင် သတင်းထူး ကြားရ မှာပေါ့။ ခင်ဗျာ့ဘကြီး အကြောင်းကိုလည်း ကျုပ် ကြားဖူးပါတယ်၊ အရေး ဆိုရင် နောင်တော်ဘက်က တိုက်ဖို့ ခင်ဗျားကို တိုက်တွန်းမှာပါပဲ'

တင့်။ ။ 'ဒီလိုလေ မြို့စားမင်း၊ မြို့စားမင်းရဲ့ အစ်မတော်ကို စကားတစ်လုံး ကျွန်တော် မေးထားပါတယ်။ အဖြေ ဘယ်လိုပေးမယ် ဆိုတာ စောင့်ကြည့်ပါရစေဦး'

မှိုင်း။ ။ 'အတည်လားဗျာ မောင်မောင်တင့်'

တင့်။ ။ 'မေးမှ မေးပလေ မြို့စားမင်း၊ အတည်မှ အင်မတန့် အတည်ကြီးပေါ့ဗျ'

မှိုင်း။ ။ 'ကိုင်း.... ဒါဖြင့် ကျုပ်ကလည်း အတည်ပဲ ပြောရဦးမယ်၊ ဒီစကား ကြားရတာ ကျုပ် သိပ်ဝမ်းသာသဗျာ။ ခင်ဗျားက သွားဖြဲပြီး ဝမ်းသာမနေနဲ့ဦး။ ခင်ဗျာ့အိမ်က လူကြီးတွေက မြို့စားမင်းဆိုတဲ့ ဂုဏ် လောက် ရှိပြီး ပိုက်ဆံတစ်ပြားမှ မရှိတဲ့ မြို့စားမွဲတစ်ယောက်ရဲ့ အစ်မနဲ့ သဘောတူနိုင်ပါ့မလားဗျ'

တင့်။ ။ 'ကျွန်တော့်ဘကြီးရဲ့ စိတ်သဘောနဲ့ ကျွန်တော့်ကို အလိုလိုက်ခဲ့ပုံများကို ထောက်ကြည့်ရရင် မျိုးရိုးမြင့်မြတ်ပြီး အရည်အချင်း ရှိတဲ့ မိန်းမတစ်ယောက်နဲ့ သဘောမတူစရာ မရှိဘူး ထင်ပါတယ်။ ဒီအမျိုး အနွယ်နဲ့ ဒီအရည်အချင်းမျိုး ရှိတဲ့ မိန်းမတစ်ယောက်ကို မြန်မာတစ်ပြည်လုံး မှာ ရှာလို့ တွေ့နိုင်ပါဦးမလားဗျာ'

မှိုင်း။ ။ 'ကျုပ် တစ်ခုတော့ ပြောမယ်လေ။ ကျုပ်တို့ အစ်မတော်က



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်တင်းမာတဲ့ စိတ်မျိုး ရှိတယ်ဗျ။ ကျုပ်လည်း ဒီလိုပဲ၊ "မဟု" ဆိုမှဖြင့် မရဘူး။ သို့သော် ကျုပ်က ခင်ဗျားဘက်က ကူညီမယ် ဆိုတာတော့ စိတ်ချပါ။ တစ်ခုတော့ ကျုပ် နည်းလမ်းပြလိုက်မယ်။ ကျုပ်တို့အစ်မတော်က နောင်တော်ကို နန်းတင်ဖို့ကိစ္စမှာ သိပ်ပြီး စိတ်အားထက်သန်နေတာဗျ။ မြန်မာပြည်သွားပြီး စာသင်နေတုန်းက နောင်တော် ရထိုက်တဲ့နန်းကို ညီတော်က လုယူရမလား ဆိုပြီး အများကြီး အစွဲအလမ်း ကြီးလာခဲ့တယ်။ သူ့မှာ ဒီစိတ်ပဲ ရှိတယ်။ ကိုင်း.... ဒီလောက်ပြောရင် တော်ပြီ။ မမလည်း ဥယျာဉ်ဘက် ထွက်သွားတာ မြင်လိုက်တယ်။ စကားလက်စရှိလို့ အဖြေကို သိလိုရင် လိုက်မေးပေဦးတော့'

မောင်မောင်တင့်သည် စံအိမ်တော်နန်းဆောင်နံဘေးတွင် လှပသော ပန်းပင်များဖြင့် သပ်ရပ်စွာ စိုက်ပျိုးထားသည့် ဥယျာဉ်ထဲသို့ ဝင်သွားလေရာ စောမြစိန်မှာ စောင်းကောက်ကြီး တစ်လုံးကို သီချင်းကြီးတေးသွားဖြင့် ဖြည်းညင်းစွာ တီးလျက် ရှိသည်ကို တွေ့ရလေ၏။

စောမြစိန်သည် မောင်မောင်တင့် ဝင်လာသည်ကို မြင်သဖြင့် စောင်းကြီးကို နံဘေးသို့ ချထား၍ သလွန်ကလေးပေါ်၌ ဒူးတုပ်ကာ ပြင်၍ထိုင်လိုက်ရာ မောင်မောင်တင့်သည် အနီးသို့ ချဉ်းကပ်၍ သာမည အဓိပ္ပာယ်ရှိသော စကားမျိုးဖြင့် စတင် ပြောဆိုရန်ပင်လျှင် အခက်အခဲတွေ့၍ ထစ်ငေါ့လျက် ရှိလေ၏။ စောမြစိန်မှာလည်း ပထမ၌ မောင်မောင်တင့်နည်းတူ ရှက်တက် တက် ဖြစ်ဟန်ရှိသော်လည်း အရွယ်ကြီးသူ ဖြစ်သည့်အလျောက် ဣန္ဒြေဆည် နိုင်၍ ယခင်က စကားလက်စကို ၎င်းကပင် စတင်၍ ကောက်လေ၏။

စိန်။ ။ 'မောင်မောင်တင့် ပြောထားတဲ့ စကားက အထူး အရေးကြီးတဲ့ ကိစ္စဖြစ်လေတော့ "ဘူး၊ ဖရုံ" ကွဲပြားအောင် သီချင်ပေလိမ့်မယ် ဆိုတာ ကျွန်မ နားလည်ပါတယ်'

တင့်။ ။ (စောမြစိန်၏ ပွင့်လင်းလွန်းလှသော စကားချိုပုံကို အကဲခတ်ရခြင်းအားဖြင့် အရေးလှမည် မဟုတ်ဟု အောက်မေ့သည်နှင့်)





'အလျင်စလို မဆုံးဖြတ်ပါနဲ့ အစ်မကြီး၊ စောင့်ရမယ်ဆိုရင် ကျွန်တော် စောင့်နိုင်ပါတယ်'

စိန်။ ။ 'အလျင်စလို မဟုတ်ပါဘူး မောင်မောင်တင့်၊ ကျွန်မ လေးလေးနက်နက် စဉ်းစားပြီး ဖြစ်ပါတယ်။ လူတစ်ဖက်သားကို ဟုတ်လိမ့် နိုးနိုးနဲ့ အချိန်ဆွဲထားခြင်းဟာ ဘယ်လို အနေရ ခက်လိမ့်မယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ကျွန်မစိတ်ကို ကျွန်မ အတန်တန် မေးကြည့်တဲ့ အခါမှာ မောင်မောင်တင့်ကို အင်မတန်ရင်းနှီးတဲ့၊ အင်မတန်မြတ်နိုးတဲ့ မိတ်ဆွေတစ်ယောက် အဖြစ်မှ တစ်ပါး အခြားနည်းနဲ့ သဘောမထားနိုင်ဘူးလို့ အဖြေရပါတယ်။ ဟော.... ကျွန်မ ပြောလိုက်တဲ့အတွက် ရှင့်မှာ စိတ်မချမ်းမသာ ဖြစ်သွားတယ် ဆိုတာ ကျွန်မ မြင်ပါတယ်၊ ဒီအတွက်လည်း ကျွန်မ ဝမ်းနည်းပါတယ်။ သို့သော် အလိုဆန္ဒ မပြည့်လို့ ခဏတစ်ဖြုတ် စိတ်ဆင်းရဲရတာက အတွက် မရှိပါ။ အလျင်စလို ဆုံးဖြတ်ပြီး နောင်ခါကျတော့မှ မှားလေခြင်း ဆိုပြီး ယူကျုံးမရ ဖြစ်ရတာက သာပြီး ဆိုးပါတယ်'

တင့်။ ။ 'နေပါဦး အစ်မကြီးရယ်၊ ဒို့ပြင် ချစ်ကြိုက်ထားတဲ့လူ မရှိရင် တစ်ယောက်နဲ့တစ်ယောက် ဒီလောက် စိတ်သဘောတူကြပါလျက်နဲ့ ဘာကြောင့် နောင်တ ရနေစရာအကြောင်း ရှိရမှာလဲ ခင်ဗျာ'

စိန်။ ။ 'မှန်ပါတယ် မောင်မောင်တင့်၊ ဂုဏ်တူ ဝါဒတူ ဖြစ်ကြရုံမျှ မကသေးဘဲ မောင်မောင်တင့်ကို ကျွန်မ စိတ်ထဲက ချီးမွမ်းမိတာလည်း အမှန်ပါပဲ။ သို့သော် မဖြစ်နိုင်တဲ့ အကြောင်းတစ်ခု ရှိပါတယ်'

တင့်။ ။ 'ဒီအကြောင်းကို သိပါရစေလား ခင်ဗျာ၊ ကျွန်တော် မေးရင် ရိုင်းရာကျမလား'

စိန်။ ။ 'ရိုင်းရာ မကျပါဘူး၊ မေးနိုင်ပါတယ်။ ကျွန်မ စိတ်သဘောက ကျွန်မနဲ့ ရွယ်တူချင်းဖြစ်တဲ့ တခြား မိန်းကလေးများနဲ့ မတူပါဘူး။ မှန်တဲ့အတိုင်း ပြောရရင် ကျွန်မမှာ အရွယ်ရောက်တဲ့ နေ့ကစပြီး ဒီကနေ့ အထိမှာ နောင်တော် ဘုရင်ကို မြန်မာ့ရိုးရာအလိုက် ထီးနန်းတင်ပေးဖို့မှ တစ်ပါး ဘယ်လိုအကြံအစည်၊ ဘယ်လိုစိတ်ကူးမှ ကျွန်မမှာ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထဲမှာ ဒီကိစ္စကလွဲလို့ လောကကြီးတစ်ခုလုံးမှာ ဘယ်ဟာမှ အရေးမကြီးပါဘူး။ ပြောလို့တောင် ယုံနိုင်စရာ ရှိကောင်းမှ ရှိပါလိမ့်မယ်'

တင့်။ ။'နေပါဦး ခင်ဗျာ၊ ကျွန်တော် တစ်ခု မေးပါရစေဦး။ နောင်တော်ကို ထိုးနန်းတင်တဲ့ ကိစ္စဟာ ကျွန်တော့်အကြံအစည်နဲ့ ဘယ်လို များ ဆန့်ကျင်ဘက် ဖြစ်နေလို့ပါလဲ ခင်ဗျာ'

စိန်။ ။'အမှန်အတိုင်း ဖြေရရင် မောင်မောင်တင့်လို လူမျိုးဟာက ကိုယ့်သား ကိုယ့်မယား ဆိုရင် ကိုယ်ချစ်သလို ချစ်ခင်ပြီး ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်မှ ကျေနပ်တတ်ပါတယ်။ အတော်အတန် လူစားမျိုးဆိုရင် ကျွန်မက အထိုက်အလျောက် ကျေနပ်အောင် ပြုစုစောင့်ရှောက်နိုင်ပါတယ်။ မောင်မောင်တင့်တို့ကတော့ ကိုယ်က သဲသဲမဲမဲချစ်ပြီး ကိုယ်ချစ်သလို သဲသဲ မဲမဲ ပြန်ချစ်မှ ကျေနပ်နိုင်မယ် ဆိုတာ ကျွန်မ သိပါတယ်'

တင့်။ ။'ဖြစ်ရလေ အစ်မကြီး၊ အေးအေး စက်စက် ယောကျ်ားမျိုး နဲ့တော့ ဖြစ်နိုင်တယ်။ ကျွန်တော်တို့လို ကြင်ကြင်နာနာ ယုယုယယ ပြုတတ် တဲ့ လူမျိုးနဲ့တော့ မဖြစ်နိုင်ဘူး ဆိုတာ နားမလည်နိုင်အောင် ဖြစ်နေပါတယ် ခင်ဗျာ'

စိန်။ ။'ခပ်အေးအေး နေတတ်တဲ့ လူစားမျိုးက ကျွန်မလို ခပ်အေးအေး နေတတ်တဲ့ မိန်းမမျိုးကို အပြစ်ဆိုမှာ မဟုတ်ဘူးရှင့်။ မောင် မောင်တင့်တို့ကတော့ လင်နဲ့မယား ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် နေထိုင်မှုကလွဲလို့ ဘာမှ အရေးမကြီးဘူးလို့ အောက်မေ့တတ် ပါတယ်။ တစ်ဖက်က ပူပူနွေးနွေးရှိပြီး တစ်ဖက်ကတော့ နောင်တော်ဘုရင့် ကိစ္စလောက်ကိုသာ အရေးတကြီးထားပြီး အိမ်မှုကိစ္စမှာ အေးအေးစက်စက် လုပ်နေတယ်ဆိုရင် တော်တော်ကြာတော့ ကျေနပ်နိုင်မယ် မဟုတ်ဘူး ဆိုတာ ကို ကျွန်မ သိလို့ ပြောပါတယ်'

မောင်မောင်တင့်သည် စောမြစိန်၏ စကားများကို ချေပရန် ကြိုးစား သော်လည်း အချည်းနှီးပင် ရှိလေတော့၏။ အဘယ်ကြောင့်ဆိုသော် မောင် မောင်တင့်၏ စိတ်နေသဘောထားကို စောမြစိန် အကဲဖြတ်လိုက်ပုံမှာ မှန်





ကန်လျက် ရှိပေသောကြောင့်တည်း။ စောမြစိန်၏ သဘောထား ကြီးရင့်ပုံ တစ်ချက်မှာ မောင်မောင်တင့်၏ အလိုဆန္ဒအတိုင်း လိုက်နာခဲ့သော် နောင် တော် ဘုရင်၏ ကိစ္စအတွက် စားကောင်းတစ်လက် ရရှိရုံမျှမက ၎င်းနှင့် သက်ဆိုင်ရာ အစွယ်အပွားတို့ပါ ပါလာဦးမည့် အကြောင်းကို သိရှိသော် လည်း မိမိ၏ အကြံအစည် အတွက်နှင့် ယောကျ်ားကောင်းတစ်ယောက် စိတ်ဒုက္ခ ရောက်မည်ကို မမြင်လိုခြင်းပင် ဖြစ်ပေ၏။

စိန်။ ။'ကိုင်း မောင်မောင်တင့်၊ အစ်မကြီး ခေါ်တဲ့အလိုက် အစ်မကြီးတစ်ယောက်လို့ သဘောထားပြီး ဩဝါဒတစ်ခုတော့ ပေးလိုက်ပါ ရစေ။ မောင်တော်မြို့စားမင်းက ဘုရင့်ကို ထောင်ထားခြားနားမှုကိစ္စမှာ မောင်မောင်တင့် ပါဝင်စေဖို့ အင်မတန် လိုလားနေပါတယ်။ သူ လိုလားပေမဲ့ ရှင်က သဘောမတူလိုက်ပါနဲ့၊ ရှင့် "တစ်လက်ရုံး" အတွက်နဲ့ သူ့ကိစ္စမှာ အကြောင်းထူးလှမယ် မဟုတ်ပါဘူး။ မတော်တဆ ကံမကောင်း အကြောင်း မလှလို့ သူ့အကြံ အထမမြောက်မှဖြင့် ရှင် ဒုက္ခရောက်ဖို့ သေချာနေပါတယ်။ ဒါကြောင့် မိဘရပ်ထံ ပြန်သွားပြီး တရားတဲ့ဘက်က ကူညီတိုက်ခိုက်ဖို့ စိတ်ဆန္ဒရှိလျှင်လည်း သဘောအကိုင်း ပြုချေပါ'

တင့်။ ။'တစ်ဆိတ်ကလေး အစ်မကြီးရယ်၊ အဲဒီလို ဆောင်ရွက်လို့ ကျွန်တော် နာမည်ကျော်ကြားလာတဲ့ တစ်နေ့မှာကော မျှော်လင့်ဖို့ ရှိပါသေး သလား ခင်ဗျာ'

စိန်။ ။'လူဆိုတာမျိုးဟာ ဒီကနေ့ ကိုယ့်စိတ် ဘယ်လိုရှိတယ် ဆိုတာကိုသာ ပြောနိုင်ပါတယ်။ နက်ဖြန်သန်ဘက် အကြောင်းကို ဘယ်သူမှ မပြောနိုင်ပါဘူး။ သို့သော် တစ်ခုတော့ မောင်မောင်တင့် စိတ်ချသွားပါ၊ မောင်တော် မြို့စားမင်းရဲ့ ချမ်းသာမှုက လွဲရင် မောင်မောင်တင့်လောက် ကျွန်မ အရေးတကြီး ဂရုစိုက်တဲ့လူ လောကမှာ မရှိဘူး ဆိုတာတော့ စိတ်ချ သွားပါတော့ မောင်မောင်တင့်'

၎င်းနောက် မောင်မောင်တင့်သည် ဥယျာဉ်ထဲမှ ထွက်၍ လာနေလေ ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၉ ]

နောက်တစ်နေ့ နံနက်၌ မောင်မောင်တင်သည် အိပ်ရာမှ ထ လာသောအခါ မြေပိုင်ရှင် ဦးစံဖဲ အိမ်မှ စေလွှတ်လိုက်သော တပည့်ရင်းတစ်ယောက် ဆိုက်ရောက်လာကြောင်းကို တွေ့ရှိရလေရာ၊ ထိုသူသည် မောင်မောင်တင့်အား စာတစ်စောင်ကို ပေးသဖြင့် မောင်မောင်တင့်သည် မနန်းယု၏ လက်ရေးနှင့် အောက်ပါ စာကို ဖတ်ရှုရလေ၏။

"မောင်မောင်တင့် မရှိသည့်အခိုက်တွင် ကျွန်မတို့ရွာ၌ ဖြစ်ပျက်သော အကြောင်းအရာများကို ရေးသား အစီရင်ခံလိုက်ရပါသည်။ မွေးသဖခင်မှာ ဤရွာမှ ထွက်သွား၍ မည်သည့်နေ့ရက်တွင် ပြန်လာမည် မသိရပါ။ နယ်စွန်နယ်ဖျားတစ်ဝိုက်၌ လှုပ်လှုပ်ရှားရှား ဖြစ်နေသဖြင့် နန်းတော်ကြီးက မသက်ာသူများကို ဖမ်းဆီးလျက်ရှိသည်တွင် မွေးသဖခင်လည်း တိမ်းရှောင်လျက် ရှိပါသည်။ မွေးသဖခင်နှင့် အတူ အခြား အမျိုးကောင်းသား ၄၀ ခန့်တို့သည်လည်း နယ်စွန်နယ်ဖျားဘက်သို့ ထွက်သွားကြသည်ဟု သိရှိရပါသည်။ ဖခင် ထွက်သွားပြီး နောက်တစ်နေ့တွင် ဘုရင့်စစ်သည်ရဲမက်များ ရောက်လာကြ၍ ကျွန်မတို့ အိမ်ကို မွှေနှောက်ရှာဖွေပါသည်။ ဘုရင့်ရဲမက်မှူး ဆိုသူက မောင်မောင်တင့် အကြောင်းကိုလည်း မေးပါသည်။ ယခုမှာ ဘုရင့်စစ်သည်ရဲမက်များ ပြန်သွားကြ၍ စစ်သည်





ရဲမက် လေးယောက်နှင့် ရဲမက်မှူးကလေး တစ်ယောက်သာ ကင်းစောင့်အဖြစ်နှင့် ထားခဲ့ပါသည်။ ဘုရင့်ရဲမက်စစ်သည်များက မောင်မောင်တင့် အကြောင်းကို မကောင်းပြောကြ၍ လက်ရ ဖမ်းမိလျှင် ဤနယ် ထိုနယ် လုပ်မည်ဟု ပြောကြပါသည်။ ပြန်သွားသော ဘုရင့်ရဲမက်မှူးသည် မောင်မောင်တင့်၏ တပည့်တစ်ယောက်နှင့် မြင်းနှစ်ကောင်ကို ယူသွားကြပါသည်။ မိဘရပ်ထံသို့ မောင်မောင်တင့် ပြန်သွား၍ ကျန်းမာချမ်းသာစွာ ဆိုက်ရောက်ပါစေဟု နေ့တိုင်း ကျွန်မ မေတ္တာပို့ပါသည်။ နမြဖြစ်သူမှာ အစ်ကို မောင်မောင်တင့်အား တွေ့ရဖို့ မမျှော်လင့်ပါသော်လည်း နားမလည်သော စာများကို နားလည်အောင် ပြသ၍ တောသူကလေးအား လိမ္မာယဉ်ကျေးအောင် ဩဝါဒ ပေးဖူးသော အစ်ကိုကြီး မောင်မောင်တင့်ကို သေတစ်ပန် သက်ဆုံး မမေ့နိုင်မည် မဟုတ်ကြောင်း ယုံကြည်စိတ်ချပါရန် လေးမြတ်စွာ စာရေး အစီရင်ခံလိုက်ပါသည် ရှင့်။"

မနန်းယု

မောင်မောင်တင့်မှာ မြေပိုင်ရှင် ဦးစံဖဲအား အင်းဝနန်းတော်ကြီးက မသက်ာနိုင်ဆိုခြင်းကို နားလည်နိုင်သော်လည်း ဘုရင့်တပ်တော်၌ အမှုထမ်းခဲ့စဉ်အတွင်း တစ်ကြိမ် တစ်ခါမျှ သစ္စာဖောက်ပြားသော အကြံအစည် မပြုခဲ့ဖူးသည့် မိမိအား ဘုရင့်တပ်တော်သားများက မကောင်းပြောကြသည် ဆိုခြင်းကိုမူကား နားမလည်နိုင်အောင် ရှိလေ၏။ သို့ဖြစ်၍ မောင်မောင်တင့်သည် မိမိ မရှိခိုက်တွင် မတရား စွပ်စွဲသော သတင်းများကို ဖြေရှင်းရန် အတွက် ချက်ချင်းပင် ပြန်ရမည်ဟု ဆုံးဖြတ်လိုက်လေ၏။

သို့ဖြစ်၍ မောင်မောင်တင့်သည် မြို့စားမင်း၏ အဆောင်သို့ ဝင်ပြီးလျှင် မိမိ၏ အကြံအစည်ကို ပြောပြလေ၏။

မှိုင်း။ ။ 'ခင်ဗျား ပြောသလို ပြန်သွားရင် ခင်ဗျား ကိုယ်နဲ့ခေါင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိုးစားကွဲသွားမှာပေါ့။ ကျုပ်တို့နဲ့ အတူနေပြီး ကျုပ်တို့ လုပ်သလို လုပ်ရင် သေရင် မြေကြီး၊ မသေလည်း ရွှေထီးဆိုတာလို နည်းလမ်း ရှိသေးတယ်။ ပြန်သွားရင်တော့ မြေကြီးက သေချာတယ်ဗျ မောင်မောင်တင့်'

တင့်။ ။ 'ခံရရင်လည်း မတတ်နိုင်ဘူး မြို့စားမင်း၊ ကျွန်တော်တော့ မိဘရပ်ထံ ပြန်မှ ဖြစ်မယ်'

မှိုင်း။ ။ 'တယ်ခေါင်းမာတဲ့ လူပါလား၊ တားလို့မရလည်း ပြန်ပေတော့လေဗျာ။ သို့သော် ခြေကျင်သွားလို့ မဖြစ်ဘူး၊ ကျုပ် မြင်းကို ယူသွားပေတော့။ ကျုပ်ကိုယ်တိုင်က ခြေလျင်တပ်တော်မှာ ခြေလျင်ရှေ့ဆောင်ရမှာ ဖြစ်လေတော့ ကျုပ် မြင်းဟာ အပိုဖြစ်နေတယ်၊ ယူသွားပေတော့'

တင့်။ ။ 'ဒါဖြင့် ရောင်းလိုက်ပါလားဗျာ'

မှိုင်း။ ။ 'အလကား မယူချင်လည်း ရောင်းရတာပေါ့ဗျာ။ ဘုရင်ကို ထောင်ထားခြားနားမှုဆိုတာ ငွေအရေးကြီးနေတာမျိုးပဲ။ ဒါဖြင့် ငွေ ၁၅၀ ကျပ် ပေးခဲ့ဗျာ။ ဒါထက် ဘယ်တော့ ခင်ဗျား ထွက်မလဲ'

တင့်။ ။ 'မြန်နိုင်သမျှ မြန်ချင်တာပဲဗျာ'

မှိုင်း။ ။ 'ဟုတ်ပါရဲ့၊ ပြန်မယ့်အတူတူတော့ မြန်မြန်ပြန်တာပဲကောင်းပါတယ်'

၎င်းနောက် မြို့စားမင်းသည် မောင်မောင်တင့်အား မြင်းကို ပေး၍ ကျေးကျွန်တစ်ယောက်နှင့်အတူ မြင်းတစ်စီးစီ စီးကြပြီးလျှင် မောင်မောင်တင့်ကို လိုက်၍ ပို့ကြလေ၏။

မှန်းတည့်အချိန်တွင် မြို့စားမင်းသည် မြင်းကိုရပ်တန့်၍–

'ကိုင်း.... မောင်မောင်တင့်၊ ကျုပ် ဒီနေရာက လှည့်ပြန်တော့မယ်။ ကိုယ့်လူ ကြည့်ရတာ မျက်နှာညှိုးလိုက်တာဗျာ၊ အစ်မတော် ပြောလိုက်တဲ့ စကားကြောင့် ထင်ပါရဲ့၊ စိတ်အားမလျှော့ပါနဲ့ဗျာ။ မမက ဒီကိစ္စ အရေးကြီးနေလို့မို့ ဒီပြင်အကြောင်း ဘာမျှ မစဉ်းစားချင်ဘူးဗျ။ ဖြည်းဖြည်းတော့ ကျုပ် ကြည့်လုပ်ရစ်ပါမယ်လေ'





တင့်။ ။ 'အစ်မတော်ကို ပြောလိုက်ပါ မြို့စားမင်း၊ ကျွန်တော်ကဖြင့် ဘယ်တော့မှ မမေ့ပါဘူးတဲ့ လို့'

မှိုင်း။ ။ 'စိတ်ချ၊ ကျုပ် ပြောလိုက်မယ်'

စောခုံမှိုင်းသည် ထိုနေရာမှ ပြန်သွားလေရာ မောင်မောင်တင့်မှာ လမ်းပြရန် ထည့်လိုက်သော မြို့စားမင်း၏ ကျေးကျွန်တစ်ယောက်နှင့် ဆက်လက် ထွက်လာကြ၍ ညနေအချိန်တွင် ရွာတစ်ရွာသို့ ဆိုက်ရောက်ကြလေ၏။ မောင်မောင်တင့်သည် သူကြီးအိမ်ကိုမေး၍ ထိုညအဖို့ တည်းခိုပါရစေဟု ခွင့်တောင်းလေရာ ရွာသူကြီးသည် မသင်္ကာသော အမူအရာဖြင့် မောင်မောင်တင့်၏ မျက်နှာကို အကဲခတ်လျက် မေးခွန်းထုတ်နေ၏။ နောက်ဆုံးတွင် မောင်မောင်တင့်၏ လူရည်သန့်သော ရုပ်လက္ခဏာကို စိတ်ချ ယုံကြည်ဟန်ဖြင့် တည်းခိုရန် အခွင့်ပြုလေ၏။ ညစာ ထမင်းအတွက်ကိုလည်း မောင်မောင်တင့်က ရက်ရောစွာ ပေးကမ်းသဖြင့် သူကြီးကတော်ကြီးကပါ ကြည်ဖြူစွာ ကျွေးမွေးဝတ်ပြုကြလေ၏။

နောက်တစ်နေ့ နံနက်၌ မောင်မောင်တင့်သည် မိမိအား လိုက်၍ပို့သော မြို့စားမင်း၏ ကျေးကျွန်အား ကျေးဇူးတင်စကား ပြော၍ ပြန်လွှတ်လိုက်ပြီးလျှင် အင်းဝသို့ ရောက်အောင် ပို့ဆောင်မည့်သူ ရှိခဲ့လျှင် အခကြေးငွေ လုံလောက်အောင် ပေးပါမည်ဟု သူကြီးအား ပြောပြလေ၏။ နောက်ဆုံးတွင် ရွာသူကြီးသည် မြင်းနှင့်ပို့မည့် လူတစ်ယောက်ကို ခေါ်လာခဲ့၍ ၎င်း၏ သားမယားများ စားရန်အတွက် ငွေငါးဆယ် ပေးခဲ့စေလိုသည်ဟု ပြောလေ၏။ မောင်မောင်တင့်လည်း တောင်းဆိုသည့်အတိုင်း ထုတ်ပေးခဲ့၍ လမ်းပြသူနှင့် အတူ ခရီးထွက်လာခဲ့ကြလေရာ ၎င်းနေ့ ညနေတွင် မြစ်သားသို့ ဆိုက်ရောက်လာကြလေ၏။ မောင်မောင်တင့်သည် မြင်းပေါ်မှ ဆင်း၍ မိမိ၏မြင်းကို လမ်းပြအား အပ်ထားခဲ့ပြီးနောက် တည်းခိုရန်အတွက် အနီးအပါးရှိ နေအိမ်၌ စုံစမ်းလျက်ရှိစဉ် လမ်းပြသည် မိမိ၏ မြင်းကိုဆွဲလျက် ထွက်ပြေးရန် ဟန်ပြင်နေသည်ကို တွေ့မြင်ရလေ၏။ မောင်မောင်တင့်သည် မျှတ်လတ်

www.burmeseclassic.com



သော လူတစ်ယောက် ဖြစ်သည့်အတိုင်း ချက်ချင်းပြေးလိုက်၍ မြင်းများ အရှိန်မရသေးမီ မီသွားပြီးလျှင် မိမိ၏မြင်းဇက်ကို အတင်းပင် ဆွဲလေ၏။ ထိုအခါ မြင်းပေါ်မှ လမ်းပြက–

'သူခိုးဗျို့ .... သူခိုး၊ ကယ်ကြပါဗျို့'

ဟု ဟစ်အော်လေရာ ကာလသားတစ်စုလည်း ဝိုင်းဖွဲ့ကာ ထန်းရည် သောက်လျက် ရှိရာမှ ပြေးလာကြ၍ ဦးအောင် ဟစ်အော်သော မြင်းပေါ်မှ လူ၏ စကားကို ယုံကြည်ဟန်နှင့် မောင်မောင်တင့်ကို ဝိုင်းမည် ပြုကြလေ၏။ တစ်ယောက်သော သူကမူ ထန်းရည်မူးသဖြင့် ရမ်းချင်စိတ် ပေါက်လာ၍ မောင်မောင်တင့်အား လက်သီးဖြင့် ဝင်ထိုးလေရာ မောင်မောင်တင့်လည်း ထိုသူ၏ ပါးချိတ်ကို တစ်ချက်တည်း ကော်သတ်လိုက်သည်နှင့် တုံးခနဲ လဲကျ သွားလေ၏။ ထိုအခါမှ အားလုံးသော ကာလသားများသည် မောင်မောင် တင့်ရော လမ်းပြကိုပါ နှစ်ယောက်လုံး ဖမ်း၍ သူကြီးအိမ်သို့ ပို့လိုက်ကြ လေ၏။

## အခန်း [ ၁၀ ]

ထန်းရည်မူးများနှင့် အချို့ရွာသားများသည် မောင်မောင်တင့်အား သူကြီး အိမ်သို့ ပို့လိုက်ပြီးသည့်နောက် ထိုညနေ၌ပင် ကျောက်ဆည်မြို့ဝန်သည် ၎င်းရွာသို့ ဆိုက်ရောက်လာ၍ ရွာသူကြီးအိမ်၌ တည်းခိုလျက် ရှိလေ၏။ ရွာသူကြီးသည် မောင်မောင်တင့်တို့ အမှုကို မြို့ဝန်သို့ လွှဲအပ်လိုက်လေရာ မြို့ဝန်သည် မောင်မောင်တင့် အကြောင်းကို အထက်မှ သတင်းရရှိပြီးသည့် လက္ခဏာဖြင့် ရန်ဖြစ်မှုနှင့် မြင်းခိုးမှုတို့ကို များစွာ အရေးမယူဘဲ မောင်မောင် တင့်၏ ခရီးသွားလာပုံ အကြောင်းကိုသာလျှင် အထူးတလည် စစ်ဆေး မေးမြန်းလျက် ရှိ၏။

မြို့ဝန်သည် မောင်မောင်တင့်အား ဘုရင့်ကိစ္စနှင့် ပတ်သက်၍ မသက်သာဟန်ဖြင့် စစ်ဆေးမေးမြန်းရာတွင် မောင်မောင်တင့် စီးလာသော မြင်းကျားကြီးမှာ မြို့စားမင်း စောခုံမှိုင်း စီးနေကျဖြစ်သော မြင်းကျားကြီး ဖြစ်ကြောင်း၊ မောင်မောင်တင့်အားလည်း ၎င်းမြို့စားမင်း၏ ကျေးကျွန် တစ်ယောက်က မိမိတို့၏ ရွာသို့ လိုက်၍ ပို့လိုက်သည့် အကြောင်းများနှင့် လမ်းပြက အစစ်ခံသွားလေ၏။ ၎င်းနောက် မြို့ဝန်က 'မောင်မောင်တင့်မှာ နန်းတော်ကြီးက မသက်သာသဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ထားသော မြေပိုင်ရှင် ဦးစံဖဲ၏ နေအိမ်သို့ သွားလာ ဝင်ထွက်လေ့ ရှိပါသလော' ဟု မေးရာ မောင်မောင်တင့်က 'မိမိ၏ဘကြီး သူဌေး ဦးသိန်းကြွယ်နှင့် မိတ်ဆွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဝင်ထွက်မိပါကြောင်း’ ဖြင့် ဖြေဆိုရလေ၏။ ၎င်းနောက် မြို့ဝန်က ‘ဘုရင်ကို ထောင်ထားခြားနားရန် အကြံပြုလျက်ရှိသော မြို့စားမင်း စောခုံမှိုင်း၏နယ်သို့ ရောက်ခဲ့ပါသလော’ ဟု မေးရာ ‘ရောက်ခဲ့ပါသည်’ ဟူ၍ပင် ဖြေဆိုရလေ၏။ ‘စောခုံမှိုင်းသည် နောင်တော်ကို နန်းတင်ရန် ထောင်ထားခြားနားမှု၌ ၎င်း၏ နယ်သားများနှင့်အတူ ချီတက်လာသည်ကို သိပါသလော’ ဟု မြို့ဝန်က မေးရာ မောင်မောင်တင့်က ‘၎င်းတို့ အကြံအစည်ကို မိမိ သိရသော်လည်း ပါဝင်ရန် အလိုမရှိသဖြင့် ၎င်းတို့၏နယ်မြေမှ ထွက်ခွာလာခဲ့ပါသည်’ ဟု ဖြေဆိုလေ၏။

ထိုအခါ မြို့ဝန်က ‘သို့ဖြစ်လျှင် အထက်လူကြီးဖြစ်သော ဘုရင့်ရဲမက်မှူးကြီး ဦးမင်းခေါင်က ဘုရင့်တပ်တော်သို့ ပြန်လာခဲ့ရန် အတန်တန် မှာထားသည်ကို အဘယ်ကြောင့် အရေးမယူဘဲ နေရသနည်း’ ဟု မေးရာ မောင်မောင်တင့်က ‘အတန်တန် မှာထားသည် ဆိုခြင်းမှာ မဟုတ်ရကြောင်း၊ မိမိအား ပြန်လာခဲ့ရန် မှာထားလိုက်သော အမိန့်စာ ရောက်ရှိလာသည့် အချိန်တွင် မိမိအား ရာထူးမှ နုတ်ပယ်လိုက်သည် ဆိုသော သတင်းကို ကြားရကြောင်း’ များနှင့် ဖြေဆိုလေရာ မြို့ဝန်သည် မောင်မောင်တင့်အပေါ်၌ အမှုပတ်စေသော ပထမပိုင်း အဖြေများကိုသာ ယုံကြည်ဟန်တူ၍၊ ဒုတိယပိုင်း အဖြေများကိုမူကား ၎င်း၏ စစ်တမ်းတွင် ထည့်သွင်းရေးသားခြင်း မပြုဘဲ ချန်လှပ်ထားလေ၏။ မြို့ဝန်၏ မေးခွန်းများမှာ မောင်မောင်တင့် အပေါ်၌ ဘုရင့်အရေးတော်နှင့် ပတ်သက်၍ အပြစ်ရှိ မရှိ စစ်ဆေးမေးမြန်းသည့် လက္ခဏာ မရှိဘဲ အပြစ်ရှိသည်ဟု ယုံကြည်ထားသည့်အတိုင်း ဆွဲငင်၍ မေးခွန်းထုတ်နေသည့် လက္ခဏာရှိ၏။ မောင်မောင်တင့်သည် ထိုအခြင်းအရာကို ရိပ်မိလေရကား မြို့ဝန်၏ မေးခွန်းများကို ဖြေဆိုခြင်း မပြုတော့ဘဲ လက်ပိုက်ကာ ဆိတ်ဆိတ်နေပြီးလျှင် မိမိအား လွှတ်တော်သို့ပို့၍ စစ်ဆေးရန်ကိုသာ တောင်းခံလေတော့၏။

နောက်ဆုံး၌ မြို့ဝန်သည် မောင်မောင်တင့်အား ဆက်လက် စစ်ဆေး





ခြင်းအားဖြင့် အကြောင်းမထူးသည့် အဖြစ်ကို ရိပ်မိသည်နှင့် နောက်တစ်နေ့တွင် ၎င်းရွာသို့ ဆိုက်ရောက်လာမည့် တပ်တော်ခွဲကလေးတစ်တပ် လက်သို့ အပ်နှံလိုက်ပြီးလျှင် နန်းတော်ကြီးသို့ ခေါ်ဆောင်သွားရန် မှာထားလိုက်မည် ဟူ၍ စိတ်ထဲ၌ ဆုံးဖြတ်ချက် ချထားလိုက်လေ၏။

နောက်တစ်နေ့ နံနက်၌ မြို့ဝန် မျှော်လင့်သည့်အတိုင်းပင် တပ်တော်ခွဲကလေး တစ်တပ်သည် မြစ်သားသို့ ဆိုက်ရောက်လာ၍ မြို့ဝန်သည် တပ်တော်ခွဲ ရဲမက်မှူးအား အကျိုးအကြောင်းကို ပြောပြပြီးလျှင် မောင်မောင်တင့်ကို ရွှေနန်းတော်ကြီးသို့ ခေါ်ဆောင်သွားရန် အပ်နှံလိုက်လေ၏။ ဘုရင့်ရဲမက်မှူးနှင့် စစ်သည်ရဲမက်များသည် ၎င်းရွာတွင် အမောအပန်း ဖြေကြပြီးနောက် နေစောင်းချိန်တွင် ၎င်းရွာမှ ထွက်ခွာလာခဲ့ရာ မောင်မောင်တင့်မှာလည်း စောခုံမှိုင်း၏ မြင်းကျားကိုစီးလျက် ၎င်းတပ်တော်ခွဲနှင့်အတူ လိုက်ပါလာခဲ့လေ၏။ ခရီးအတန်ငယ် သွားမိကြသောအခါ မြင်းစီး ခရီးသည်တစ်ယောက် ပေါ်ပေါက်လာ၍ တိုင်းပြည်မငြိမ်သက်သော ဤခေတ်အခါတွင် ဘုရင့်တပ်တော်နှင့်အတူ လိုက်ပါရန် အခွင့်တောင်းသဖြင့် ရဲမက်မှူးလေးသည် ထိုသူအား အခွင့်ပြုလိုက်လေ၏။

ရဲမက်မှူးလေးသည် သကြို့ဟ်သမား ဖြစ်လေ၏။ ၎င်းခရီးသည်နှင့် အတူ မြင်းစီးရင်း စကားပြောသွားကြလေရာ ခရီးများစွာ မပေါက်ရောက်သေးမီ ရဲမက်မှူးလေးနှင့် ခရီးသည်တို့မှာ စိတ်စေတသိက်တို့၏ အကြောင်းကို အပြင်းအထန် ငြင်းခုံလျက် ရှိကြ၏။ ယင်းသို့ ခရီးသွားကြစဉ် ခရီးသည်သည် မိမိ၏ခွေးတစ်ကောင် ကျန်နေရစ်သည်ဆို၍ လမ်းနံဘေးသို့ ထွက်ပြီးလျှင် မကြာမကြာ လေချွန်သံပေး၍ ခေါ်၏။ နေဝင်ရီတရော အချိန်တွင် ထိုသူသည် ယခင်နည်းတူ လေချွန်လိုက်သည်တွင် ချုံတစ်ခု၏နောက်မှ လူတစ်ကျိပ်ခန့်တို့ ရုတ်တရက် ထွက်လာ၍ ရဲမက်မှူးလေးနှင့် စစ်သည်ရဲမက် အချို့အား ဓား လှံများဖြင့် တိုက်ခိုက်ကြလေ၏။ ရဲမက်မှူးလေးမှာ ငြင်း နေရသည့်အတွက် မောင်မောင်တင့်နှင့် ရဲမက်စစ်သည် လေးငါးယောက်မျှ



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် ၎င်းအနီး၌ ရှိတော့သည်ဖြစ်ရာ အခြား ရဲမက်စစ်သည်များမှာ တစ်ခေါ်သာသာမျှ ရှေ့သို့ ရောက်သွားကြလေပြီ။

ချုံနောက်မှ ပေါ်လာသော လူများသည် ရဲမက်မှူးလေးတို့ လူစုအား ရှေးဦးစွာ ဒူးလေးများဖြင့် ပစ်ခတ်လိုက်ရာတွင် ရဲမက်စစ်သည် နှစ်ယောက်နှင့် မောင်မောင်တင့်၏ မြင်းမှာ မြားထိမှန်သဖြင့် ကျဆုံးသွားလေ၏။ ကျန်သော ရဲမက်စစ်သည်များသည် ခုခံတိုက်ခိုက်သော်လည်း လူအားနည်းသဖြင့် အဖော်များရှိရာ ရှေ့သို့ ထွက်ပြေးကြ၏။ မောင်မောင်တင့်မှကား မြားမှန်သည့်အတွက် ၎င်း၏မြင်း လဲကျသွားရာတွင် ပေါင်တစ်ဖက်ကိုပိ၍ ဒဏ်ရာအနည်းငယ် ရသွား၏။ ထိုအခါ ချုံခိုတိုက်သူထဲမှ လူနှစ်ယောက်တို့သည် ယောင်တောင်တောင် ဖြစ်နေသော မောင်မောင်တင့်၏ လက်ကို တစ်ယောက်တစ်ဖက် ကိုင်ဆွဲလျက် လမ်းမှဖဲ့ထွက်ကာ မှောင်ထဲသို့ ပြေးသွားကြလေရာ ခြေထောနဲ့ဖြစ်နေသော မောင်မောင်တင့်မှာ ဟပ်ထိုး မလဲစေရန် ကြိုးစား၍ ပြေးလိုက်ရလေတော့၏။

တိုက်ခိုက်သူများသည် မောင်မောင်တင့်ကို ဆွဲခေါ်ပြေးကြ၍ ချောင်းကမ်းပါးမှ တဲကလေးတစ်တဲသို့ ဆိုက်ရောက်ကြသောအခါ မောင်မောင်တင့်ကို တဲထဲသို့ ခေါ်သွားကြ၍ စားစရာများ ကျွေးမွေးကြ၏။ သို့ရာတွင် မောင်မောင်တင့်မှာ ပေါင်ပေါ်သို့ မြင်းတစ်ကိုယ်လုံး ဖိမိသော ဒဏ်ရာကြောင့် အဆစ်လွဲသွားသည့်ပြင် ပွန်းပဲ့သော အခြားဒဏ်ရာများလည်း ရှိနေသေးရကား အစာမစားလိုဘဲ ခင်းထားသော ကောက်ရိုးပေါ်၌ ခွေအိပ်လိုသောဆန္ဒသာ ရှိလေတော့၏။ ထိုညဉ့်၌ မောင်မောင်တင့်မှာ ဒဏ်ရာများမှ နာကျင်သည့်အတွက် ဖျားသွေးဝင်လာခဲ့လေရာ နောက်တစ်နေ့ နံနက်တွင် ခြေထောက် ရောင်လာ၍ အလျှင်း ခရီးမသွားနိုင်သော အခြေအနေ၌ ရှိနေလေတော့၏။

တိုက်ခိုက်သူများသည် ၎င်းတို့အချင်းချင်း အတန်ကြာ တိုင်ပင်ကြပြီးနောက် အဘိုးကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက်ကို မောင်မောင်တင့်





နှင့် အတူ ချန်ထားခဲ့၍ ကျန်လူများသည် ခရီးဆက်လက် ထွက်သွားကြလေ၏။

မောင်မောင်တင့်မှာ ဒဏ်ရာများ အတွက်ကြောင့် နှစ်ရက်တိုင်တိုင် အပြင်းအထန်ဖျား၍ တတိယနေ့တွင်မှ သက်သာရာရသဖြင့် ကောက်ရိုးအိပ်ရာပေါ်မှ ထ၍ ထိုင်နိုင်သော အခြေရောက်လေ၏။ ထိုအခါ၌ အဘိုးကြီးသည် တဲတံခါးကို လုပ်မထားစေရန် အထူးသတိပြုလျက် ရှိသည်ကို မောင်မောင်တင့် ရိပ်မိ၏။ ဤအကြောင်းကို မောင်မောင်တင့် စဉ်းစားလျက်ရှိစဉ် မိမိ အဖျားတက်၍ သတိမရ တရ ရှိစဉ် အခါများ၌ မိန်းမတစ်ယောက်ကို မိမိ အိပ်ရာနံဘေးတွင် ရိပ်ခနဲ မြင်လိုက်မိသလိုလို ရှိသည့် အဖြစ်ကို သတိရမိ၏။ ၎င်းမိန်းမမှာ စောမြစိန်ပင် ဖြစ်လေသလော ဟူ၍လည်း စဉ်းစားနေ၏။ သို့ရာတွင် စောမြစိန်သည် ဤအရပ်သို့ ရောက်နိုင်ရန် အလွန်ခဲယဉ်းသည့် အဖြစ်ကို မောင်မောင်တင့် စဉ်းစားမိသဖြင့် မဟုတ်နိုင်ဟု ပယ်ဖျက်လိုက်၏။ နောင်တော်အတွက် ထောင်ထားခြားနားရန် တအုံ့အွေးနွေး ရှိနေသော ထိုအချိန်အခါမျိုးတွင် စောမြစိန်သည် သားအန္တရာယ်ကင်းသော မြို့စားမင်းပိုင်နယ်ကို စွန့်ခွာ၍ အောရန်ထူထပ်သော မြန်မာဘုရင်ပိုင်နက်သို့ ကူးလာရန် အလွန်တရာ ခဲယဉ်းလှ၏။ သို့ပါလျက် မောင်မောင်တင့်သည် တဲအပြင်မှ မိန်းမတစ်ယောက်၏ ခြေသံကို ကြားမိသလိုလို ထင်မိသည့် အခါတိုင်း ရင်ထဲ၌ ဒိတ်ခနဲ ဒိန်းခနဲ ဖြစ်သွားသေး၏။

ခုနစ်ရက်မြောက်သောနေ့ ညနေခင်း အချိန်တွင် ချုံခိုတိုက်သူ လူနှစ်ယောက်သည် တဲထဲသို့ ဝင်လာ၍ အဘိုးကြီးနှင့် အတန်ကြာ ဆွေးနွေးတိုင်ပင်ပြီးလျှင် မောင်မောင်တင့်အားလည်း ခရီးထွက်ရန် ပြင်ဆင်ဖို့ ပြောလေ၏။ မောင်မောင်တင့်သည် ကောက်ရိုးအိပ်ရာပေါ်တွင် ထိုင်လျက် အဝေးမှ ဆိုက်ရောက်လာကြသော ခရီးသည်များ ထမင်းစားနေကြသည်ကို ကြည့်နေစဉ် ပခုံးကို တို့လိုက်သဖြင့် မော့ကြည့်လိုက်ရာ ဦးခွန်ထွန်း၏ သမီးဆိုသူ မိန်းကလေးကို တွေ့မြင်ရလေ၏။ မိန်းကလေးသည် အခြားသူ



www.burmeseclassic.com

www.burmeseclassic.com



များ မမြင်အောင် အထုပ်ကလေးတစ်ခုကို မောင်မောင်တင့်အား ပေး၍ အပြင်ထွက်သွားလေ၏။

ယင်းသို့ဖြစ်လျှင် မိမိ အဖျားတက်စဉ်က မြင်ခဲ့မိသော မိန်းမမှာ ဤသူငယ်မပင် ဖြစ်လေသလော၊ ဦးခွန်ထွန်းသည် မိမိအား ဖမ်းထားခြင်း ဖြစ်လေသလော၊ အကယ်၍ ဖမ်းထားခဲ့လျှင် မည်သို့သော ရည်ရွယ်ချက် ရှိလေသနည်း အစရှိသော မေးခွန်းများသည် မောင်မောင်တင့်၏ စိတ်ထဲတွင် ဖြစ်ပေါ်လာခဲ့လေ၏။ မိန်းကလေးက ပေးသွားသော အထုပ်ကလေးကို ဖြေကြည့်လျှင် အထက်ပါ မေးခွန်းများ၏ အဖြေကို သိနိုင်မည် ဖြစ်သော်လည်း လျှို့ဝှက်စွာ ပေးသွားခြင်းကို ထောက်သဖြင့် လျှို့ဝှက်စွာ ဖတ်စေလိုကြောင်း ရိပ်မိသည် ဖြစ်သောကြောင့် မောင်မောင်တင့်သည် လူအများရှေ့တွင် ၎င်းအထုပ်ငယ်ကို ဖြေမကြည့်ဝံ့ဘဲ ရှိနေလေ၏။

အခြားလူများသည် တဲအပြင်သို့ ထွက်သွားကြသောအခါ ၎င်းတဲ၌ အကြီးအမှူးနှင့် သဏ္ဌာန်တူသော လူသည် မောင်မောင်တင့်၏ လက်သို့ ဓားတစ်လက်ကို ပေးအပ်၍ တိုက်ခိုက်ရန် အလုပ်ရှိသည့် လက္ခဏာဖြင့် အရိပ်နိမိတ်ပြပြီးနောက် တဲအပြင်သို့ ခေါ်သွား၍ ၎င်းလူသည် တဲပြင်၌ စောင့်နေသော အခြားလူများကို ရှေ့ဆောင်ခေါ်ငင်သွားလေရာ မောင်မောင်တင့်လည်း ခေါင်းဆောင်၏နောက်မှ ကပ်လျက် ကျဉ်းမြောင်းသော လမ်းကလေးတစ်လျှောက် တစ်ယောက်စီ လျှောက်လာကြလေ၏။ ရှေ့ဆောင်သော လူသည် ရှေ့ဆုံးမှ သတိနှင့် လျှောက်သွား၍ ကမူကလေး တစ်ခုသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရပ်တန့်လေ၏။ မောင်မောင်တင့်သည် မနီးမဝေး အရပ်မှ မြန်မာတစ်ယောက်၏ အသံဖြင့် 'ဟော့ ဘယ်သူလဲ' ဟု မေးလိုက်သည်ကို ကြားသဖြင့် လျှို့ဝှက်စွာ လာကြရခြင်း၏ အဓိပ္ပာယ်ကို ရိပ်မိလေ၏။ ၎င်းအသံ ပျောက်သွားသည်နောက် ထို့ထက် ကွာလှမ်းသော နေရာမှ ထိုနည်းအတူ 'ဟော့ ဘယ်သူလဲ' ဟူ၍ သုံးဆင့်တိုင်တိုင် တဖြည်းဖြည်း ဝေးကွာ၍ သွားသော အသံများကို မောင်မောင်တင့် ကြားရသဖြင့်





ထိုအရပ်၌ မြန်မာဘုရင့်ကင်းစောင့်များ ရှိနေသည့် အဖြစ်ကို ရိပ်မိလေ၏။

၎င်းအသံများ ရပ်စဲသွားသည့်နောက် လူအများသည် ခြေသံမပြည် စေဘဲ လျင်မြန်စွာ ရှေ့သို့ တိုးသွားကြလေရာ မောင်မောင်တင့်မှာ မည်သို့သော အဓိပ္ပာယ်ရှိသည်ဟု စဉ်းစားရန် အချိန်မရှိဘဲ ၎င်းတို့နှင့်အတူ လိုက်ပါသွားရလေ၏။ အတန်ငယ် သွားမိကြသောအခါ ခပ်လှမ်းလှမ်း၌ ရှိသော အဆောက်အအုံကြီး တစ်ခု၏ ပြတင်းပေါက်မှ မီးရောင်များကို မြင်ရလေရာ ရှေ့ဆုံးမှ သွားသော ခေါင်းဆောင်လူကြီးသည် ဦးခေါင်းကိုမော့ကာ လေကို ရှူရှိုက်လျက် အနံ့ခံပြီးနောက် နောက်လိုက်များအား ရပ်တန့်ရန် အချက်ပေးလေ၏။ ၎င်းနောက် ခေါင်းဆောင်လူကြီးသည် မြေပေါ်တွင် လေးဖက်ထောက်လျက် စုံစမ်းလိုသည့် လက္ခဏာဖြင့် ရှေ့သို့ အတန်ငယ် တစ်ယောက်တည်း ထွက်သွားသဖြင့် တစ်ခဏမျှ ကြာသောအခါတွင် တစ်ဖန် လှည့်ပြန်လာ၍ တစ်ယောက်တည်းသော နောက်လိုက်မှတစ်ပါး အခြားလူများကို နောက်သို့ ဆုတ်ခွာသွားစေ၏။ ၎င်းနောက် ရှေ့ဆောင်လူကြီးသည် မောင်မောင်တင့်အား ၎င်းတို့ ပြုလုပ်သည့်အတိုင်း ပြုလုပ်ရန် သွန်သင်၍ လေးဖက်တွားလျက် လျှောက်သွားလေရာ မောင်မောင်တင့်နှင့် အခြားလူများသည်လည်း ၎င်းနည်းတူ မြေပေါ်၌ လေးဖက်ထောက်ကာ တွားသွားကြလေ၏။

ဤနည်းအားဖြင့် လူသုံးယောက်တို့သည် မြေပေါ်၌ လေးဖက်ထောက်ကာ တိရစ္ဆာန်များသဖွယ် တွားသွားကြသဖြင့် ခရီးအတန်ငယ် ရောက်လတ်သော် မောင်မောင်တင့်မှာ မီးခိုးနံ့များကို ရှူရှိုက်မိ၏။ မီးခိုးများမှာ ခြံတစ်ခု၏ ထောင့်၌ ဖိုထားသော မီးပုံတစ်ခုမှ ထွက်လာခြင်း ဖြစ်လေရာ ရှေ့ဆောင်လူကြီးသည် ခါးစောင်းခန့်မြင့်သော ခြံတိုင်များ နံဘေးမှ တွားသွားသဖြင့် မောင်မောင်တင့်တို့လည်း ၎င်း၏နောက်မှ တွား၍ လိုက်ကြလေ၏။ အတန်ငယ် သွားမိလတ်သော် ခေါင်းဆောင်လူကြီးသည် လေးဖက်တွားရာမှ ထ၍ ခြံတိုင်များ၏ အကြားမှ ချောင်းကြည့်လေရာ မောင်မောင်တင့်အား



www.burmeseclassic.com

www.burmeseclassic.com



လည်း ၎င်းနည်းတူ ပြုလုပ်ရန် လက်ပြသဖြင့် မောင်မောင်တင့်က ကြည့်လိုက်ရာတွင် ဘုရင့်ရဲမက်စစ်သည် လေးငါးယောက်ကို ခြံထောင့်ရှိ မီးဖိုတစ်ခုအနီးတွင် တွေ့မြင်ရလေ၏။ တစ်ယောက်သော ရဲမက်စစ်သည်သည် မီးပုံအနီးတွင် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက် အခြားရဲမက်စစ်သည်များမှာ မီးပုံအနီးတွင် လျောင်းလျက် ရှိကြ၏။

ရှေ့ဆောင်လူကြီးသည် ပတ်ဝန်းကျင် အရပ်တို့သို့ လှည့်ကြည့်ပြီးနောက် ၎င်း၏နောက်လိုက်အား တီးတိုးစကား မှာထား၍ မောင်မောင်တင့်နှင့်အတူ ထားခဲ့ပြီးလျှင် လာခဲ့သည့် လမ်းအတိုင်း လေးဖက်တွားလျက် ပြန်သွားလေ၏။ နောက်ဆုံး၌ ၎င်းလူကြီးသည် ချုံများအထဲတွင် ပျောက်သွား၍ မောင်မောင်တင့်လည်း လူတစ်ယောက်နှင့်အတူ စောင့်နေရလေရာ အတန်ငယ် ကြာလတ်သော် ရှေ့ဆောင်လူကြီးသည် ဝင်းခြံ၏ အခြားဘက်မှ ဘွားခနဲ ပေါ်ထွက်လာ၍ လမ်းလျှောက်နေသော ဘုရင့်ရဲမက်စစ်သည်ကို ဒူးလေးဖြင့် ပစ်လိုက်လေ၏။ ထိုအခါ မီးပုံအနီးတွင် လျောင်းလျက်ရှိသော အခြားရဲမက်စစ်သည်များသည် ရုတ်တရက် နန့်ထ၍ မြားလာသော အရပ်သို့ ပြေးလိုက်ကြလေရာ မောင်မောင်တင့်နှင့် ကျန်ရစ်သော လူသည် ပုန်းလျှိုးရာမှ ကပျာကယာ ထ၍ ခြေဦးလှည့်ရာ ထွက်ပြေးကြလေ၏။ ရဲမက်စစ်သည်များမှာမူကား ဝင်းခြံ အခြားဘက်သို့ လိုက်ပြေးနေခိုက် ဖြစ်သောကြောင့် မောင်မောင်တင့်တို့သည် ခပ်ချောင်ချောင် ထွက်ပြေးနိုင်ကြလေသည်။

အတန်ကြာ သွားမိသောအခါ မောင်မောင်တင့်တို့သည် ညောင်ငုတ်တိုကြီး တစ်ခုသို့ ဆိုက်ရောက်လာကြလေရာ ၎င်းအနီး၌ မြင်းနှစ်စီးနှင့် စောင့်နေကြသော လူလေးငါးယောက်တို့ကို တွေ့ကြလေ၏။ မောင်မောင်တင့်နှင့် အတူ ပါလာသော လူသည် ထိုသူတို့အား မိမိတို့ လာခဲ့ရပုံများကို ပြောပြလျက်ရှိစဉ် ယခင် ရှေ့ဆောင်သော လူကြီးသည် မောကြီးပန်းကြီးဖြင့် ပြေးလာ၍ မိမိ ပရိယာယ် ထ မြောက်အောင်မြင်သည့် အကြောင်းအရာများကို ၎င်း၏ အဖော်များအား ရယ်ကာ မောကာ ပြောပြလေ၏။





၎င်းနောက် ရှေ့ဆောင်လူကြီးသည် မောင်မောင်တင့်အား မြင်းတစ်စီးပေါ်သို့ တက်စေ၍ ၎င်းကိုယ်တိုင် အခြားတစ်စီးပေါ် တက်ပြီးလျှင် အခြားလူများနှင့်အတူ ခပ်သုတ်သုတ် ခရီးနှင်လာခဲ့ကြလေရာ အရုဏ်တက်ချိန်တွင် ချောင်းတစ်ခု၏ ကမ်းပါးသို့ ဆိုက်ရောက်လာကြလေ၏။ ချောင်းနံဘေး၌ကား ဘုရင့်ဆရာတော်တစ်ပါး၏ ကျောင်းတော်ကြီး တမျှ ကြီးမားသော ဘုန်းကြီးကျောင်းကြီး တည်ရှိလေရာ ပြာသာဒ်ဆောင် ပြတင်းပေါက်မှ ဒူးလေးကိုင်စွဲသော သွေးသောက်စစ်သည်တော် တစ်ယောက်သည် အရပ်လေးမျက်နှာတို့သို့ မျှော်ကြည့်ကာ ကင်းစောင့်လျက်ရှိ၏။ မောင်မောင်တင့်တို့ လူစုသည် ဘုန်းကြီး ကျောင်းဝင်းအတွင်းသို့ ဝင်သွားကြရာတွင် သွေးသောက်မှူးနှင့်တူသော လူတစ်ယောက်သည် မောင်မောင်တင့်အား ခရီးဦးကြိုပြုလေ၏။

သွေးသောက်အရာရှိသည် မောင်မောင်တင့်ကို ဘုန်းကြီးကျောင်းပေါ်သို့ ခေါ်သွား၍ အခန်းတစ်ခန်းတွင် နေရာထိုင်ခင်း ပေးပြီးနောက် ထွက်သွားမည် ပြုရာတွင် မောင်မောင်တင့်က ‘မိမိမှာ သူတစ်ပါး ဖမ်းဆီးထားသော အကျဉ်းသမားတစ်ယောက် ဟုတ် မဟုတ်၊ မိမိ သွားလိုရာသို့ သွားနိုင်ခွင့် ရှိ မရှိ အကြောင်းများကို သိလိုပါကြောင်း’နှင့် မေးမြန်းလေ၏။

ထိုအခါ ထိုသွေးသောက်အရာရှိက ‘မောင်မောင်တင့်၏ မေးခွန်းကို ဖြေဆိုရန် မိမိ၌ အခွင့်မရှိသော်လည်း အသက်အန္တရာယ်အတွက်ကိုမူ စိုးရိမ်ရန် မရှိသဖြင့် စိတ်ချလက်ချ နေထိုင်နိုင်ပါသည်’ ဟု ပြောဆိုကာ အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်မောင်တင့်မှာ ဒဏ်ရာပျောက်ခါစ ဖြစ်သည့်ပြင် တစ်ညလုံး အိပ်ပျက်လာခဲ့သည် ဖြစ်၍ အိပ်ရာပေါ်၌ လဲလျောင်းလိုက်လျှင်ပင် အိပ်ပျော်သွားလေတော့၏။ နိုးလာသော အခါ၌ အတန်ငယ် နေစောင်းလျက် ရှိပြီဖြစ်ရာ မောင်မောင်တင့်သည် မိမိအနီး၌ အသင့်ပြင်ဆင်ထားသော ခေါ်ပုတ်နှင့် ကြက်သားကြော်တို့အပြင် သစ်သီးဝလံ မျိုးစုံတို့ကိုပါ တွေ့ရှိရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်မွတ်သိပ်သည့်အလျောက် မြိန်ရှက်စွာ စားသောက်လေ၏။ များမကြာမီအတွင်း၊ သွေးသောက်တစ်ယောက် ဝင်လာ၍ ခရီး ဆက်လက်သွားရန်အတွက် မြင်းပြင်ပြီးကြောင်းနှင့် မောင်မောင်တင့်အား ပြောလေ၏။

မောင်မောင်တင့်သည် ကျောင်းပေါ်မှ ဆင်းလာသောအခါ မိမိအတွက် ကုန်းတင်ထားသော မြင်းတစ်စီးနှင့် သွေးသောက် မြင်းစီးသူရဲ ၂၀ ခန့်တို့ကို တွေ့ရလေ၏။ သွေးသောက်မြင်းစီးသူရဲများမှာ မြန်မာဘုရင့်ရဲမက်အရာရှိတစ်ယောက်၏ လက်အောက်တွင် အမှုထမ်းရသော ရဲမက်စစ်သည်များကဲ့သို့ အဝတ်အစား ဆင်တူမဟုတ်ဘဲ အဝတ်အမျိုးမျိုးနှင့် လက်နက်အမျိုးမျိုး ရှိကြသည်ကို တွေ့ရလေ၏။ မောင်မောင်တင့်မှာ ဘုရင့်တပ်တော်တွင် အမှုထမ်းခဲ့ဖူးသဖြင့် ဆင်တူဝတ်ထားသော ဘုရင့်စစ်သည်ရဲမက်များကို သာလျှင် တွေ့မြင်ခဲ့ဖူးသူ တစ်ယောက် ဖြစ်ရကား ဆောင်းဘီအနက်တစ်မျိုး၊ အပြာတစ်မျိုး၊ ငွမ်းထိုးအင်္ကျီ တစ်မျိုး၊ လက်ကျပ် အင်္ကျီတစ်မျိုး၊ ဓားတစ်မျိုး၊ လှံတစ်မျိုး ဖြစ်နေကြသော သွေးသောက်စစ်သည်များကို မြင်ရသောအခါ သွေးသောက်စစ်သည်များကို အထင်မကြီးနိုင်အောင် ရှိနေ၏။ သို့ရာတွင် လူများမှာ တုတ်ခိုင် သန်မာ၍ အမောအပန်းခံနိုင်သည့် လက္ခဏာ ရှိကြသောကြောင့် ရဲမက်စစ်သည်တော်အဖြစ်ဖြင့် များစွာ အသုံးမဝင်စေကာမူ လူတစ်ယောက်ချင်း တိုက်ခိုက်ရသော အလုပ်မျိုး၌ လေးစားလောက်သော လူများ ဖြစ်သည်ဟု အကဲခတ်မိလေ၏။ ၎င်းလူစုကို ခေါင်းဆောင်လျက် ရှိသော ပုဂ္ဂိုလ်မှာမူ မောင်းဝတ်ကြီး တစ်စီးပေါ်တွင် ဣန္ဒြေကြီးစွာဖြင့် ထိုင်လျက်ရှိရာ မောင်မောင်တင့်သည် ထိုလူကို မြင်သည်နှင့် တစ်ပြိုင်နက် မိမိနှင့် ရန်ဖြစ်ဖူးသော သွေးသောက်ကြီး ဦးစံကဲပင် ဖြစ်ကြောင်း သိရှိရလေ၏။

မောင်မောင်တင့်သည် မိမိနှင့် ခိုက်ရန်ဖြစ်ဖူးသော အဖြစ်ကို မေ့ပျောက်၍ သိလိုသော အခြင်းအရာများကို ထိုသူအား မေးမြန်းလိုသော်လည်း ထိုသူကမူ ဖြစ်ခဲ့ဖူးသော ရန်စအတွက် အခဲမကျေသည့် လက္ခဏာဖြင့်





ဣန္ဒြေကြီးစွာ ရှိနေသည့်ပြင် မောင်မောင်တင့်ကို အလျှင်း မမှတ်မိဟန်ဖြင့် တည်တည်ကြီး လုပ်နေလေ၏။ ခရီးထွက်လာကြသော အခါ၌လည်း ထိုသူသည် ဧရာမ တပ်ကြီးကို အုပ်ချုပ်ရသော ရဲမက်မှူးကြီး တစ်ယောက်ကဲ့သို့ ဂိုက်ကြီးဆိုက်ကြီးဖြင့် မည်သူ့အားမျှ စကားမပြောဘဲ မြင်းတစ်စီးနှင့် တစ်ကိုယ်တည်း လိုက်ပါလာလေ၏။

သပြေတောင်းရွာသို့ ဆိုက်ရောက်ကြသောအခါ မောင်မောင်တင့်တို့ လူစုသည် တစ်ညဥ့်တည်းခိုကြ၍ နောက်တစ်နေ့ နံနက်တွင် ခရီးဆက်လက် ထွက်လာကြလေ၏။ သာစည်အနီးသို့ ချဉ်းကပ်လာကြသောအခါ နောင်တော် နန်းကျဘုရင်၏ ထောင်ထားခြားနားသည့် သွေးသောက်တပ်နှင့် ညီတော်ဘုရင်၏ တပ်တော်တို့ ရင်ဆိုင်တိုက်ခိုက်လျက် ရှိကြောင်း သတင်းကြားကြရလေရာ ထိုအခါမှ ဦးစံကဲသည် လူနှစ်ယောက်ကို ကင်းထောက်အဖြစ်ဖြင့် ရှေ့သို့စေလွှတ်၍ ကျန်သော လူများသည် မြင်းကိုယ်စီနှင့် ခပ်မှန်မှန် လာခဲ့ကြလေ၏။ သာစည်အနီးရှိ ရွာတစ်ရွာသို့ ဆိုက်ရောက် လာကြသောအခါ ဦးစံကဲတို့သည် သွေးသောက်တပ် တစ်တပ်နှင့် တွေ့ဆုံကြ၍ မောင်မောင်တင့်အား သွေးသောက်မှူးတစ်ယောက် လက်သို့ အပ်နှင်းလိုက်လေရာ ထိုသူသည် မောင်မောင်တင့်ကို ကျောင်းကြီးတစ်ဆောင် အတွင်းသို့ ခေါ်သွားလေ၏။

www.burmeseclassic.com

## အခန်း [ ၁၁ ]

ထီးနန်းကို ထောင်ထားခြားနားလျက်ရှိသော စောရန်နောင်သည် ရွာပြင်၌ ရှိသော ဘုန်းကြီးကျောင်း၌ စခန်းချလျက် ရှိရာ ရှေ့ဆောင်၌ ရှိသော မင်းမှုထမ်း ယောကျ်ားများသည် စာရေးသူက ရေး၊ အမိန့်ထုတ်သူက ထုတ်၊ ဆင့်စာပေးသူက ပေးလျက် အမျိုးမျိုး အလုပ်ရှုပ်လျက် ရှိကြ၏။ ဤနေရာ၊ ထိုနေရာတို့၌လည်း လူများသည် သုံးယောက်တစ်ဝိုင်း၊ လေးယောက်တစ်ဝိုင်း စသည်ဖြင့် ဦးခေါင်းချင်းဆိုင်ကာ အရေးကြီးသော အကြောင်းအရာများကို တိုင်ပင်နေကြသည့် လက္ခဏာဖြင့် အလွန်တရာ အလုပ်များလျက် ရှိကြ၏။ ထိုအတောအတွင်း၌ အတွင်းဆောင်သို့ ဝင်သူများလည်း ဝင်ကြ၍ ထွက်သူများလည်း ထွက်လာကြလေရာ အဆောက်အအုံ တစ်ခုလုံးနှင့် ကျောင်းရှေ့ဆောင်၏ အခြေအနေကို ကြည့်ခြင်းအားဖြင့် ၎င်းဌာနသည်ကား ပြည်သူပြည်သားများ၏ ကံကြမ္မာကို ဖန်တီးမည့် ပုဂ္ဂိုလ်များ တွေ့ဆုံနှီးနှောရာသော ဌာနဖြစ်ကြောင်းကို အကဲခတ်နိုင်လောက်ပေ၏။ မောင်မောင်တင့်မှာမူ ကျောင်းရှေ့ဆောင်တွင် တစ်ခုသော သားရေနွယ်တစ်ချပ်ပေါ်၌ ထိုင်ကာ စောင့်ဆိုင်းလျက် ရှိရာ သွေးသောက်မှူးများနှင့် အတွင်းဝန်လောင်းများ၊ မှူးမတ်လောင်းများ၊ မင်းကြီးလောင်းများသည် မောင်မောင်တင့်အား ဂရုမစိုက် အမှတ်မထားကြချေ။

မောင်မောင်တင့်မှာ သားရေနွယ်ပေါ်၌ ထိုင်ကာ မိမိအတွက် ရှေ့အဖို့၌ မည်ကဲ့သို့ ဖြစ်ရဦးမည့် အကြောင်းများကို စဉ်းစားစိတ်ကူးလျက်ရှိစဉ်





တစ်စုံတစ်ယောက်သော သူသည် မောင်မောင်တင့်၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍ အကျွမ်းဝင် ရင်းနှီးသော အသံဖြင့်–

'တွေ့ချင်တော့လည်း ဘာမှ မကြာပါဘဲကလားဗျ မောင်မောင်တင့်ဟင်'

ဟု ပြောလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ မြို့စားမင်း စောခုံမှိုင်းနှင့် မျက်နှာချင်းဆိုင်လျက် ရှိလေ၏။

တင့်။ ။ 'အလို မြို့စားမင်းပါကလား၊ မိတ်ဆွေတစ်ယောက်ရဲ့ အသံများ မကြားရတာ အတော် ကြာသွားပြီဗျာ။ ဒါထက် အစ်မတော် စောမြစိန်ကော ဗျ'

မှိုင်း။ ။ 'ရှိပါတယ်၊ ကျန်းကျန်းမာမာပါပဲ။ ကျုပ်တို့ကိစ္စ အထမြောက်လို့ အစ်မတော်ကတော့ သိပ်ဝမ်းသာနေတာပဲ'

တင့်။ ။ 'ဘယ်မှာ ရှိတာလဲ မြို့စားမင်း၊ ဒီမှာလား'

မှိုင်း။ ။ 'သိပ်မဝေးပါဘူးဗျ၊ ခင်ဗျား တွေ့ရပါလိမ့်မယ်။ သို့သော် အစ်မတော်နဲ့ မတွေ့ခင် ခင်ဗျားအကြောင်း ခဏ ခဏ မေးနေတဲ့ ပုဂ္ဂိုလ် တစ်ဦးကို ရှေးဦးစွာ တွေ့ဦးမှ ဖြစ်မယ်'

ယင်းသို့ ပြောဆိုလျက် စောခုံမှိုင်းသည် မောင်မောင်တင့်၏ လက်ကို ဆွဲ၍ ရှေ့ဆောင်မှ အတွင်းဘက်သို့ ခေါ်သွားလေရာ၊ မောင်မောင်တင့်မှာ မင်းခမ်းမင်းနားဖြင့် အထိုက်အလျောက် သိုက်မြိုက်စွာ ခင်းကျင်း ပြင်ဆင်ထားသော အခန်းကြီးတစ်ခန်းသို့ ရောက်သွားလေ၏။

ထိုအခါ အရပ်အမောင်း ခံ့ညားသလောက် ဣန္ဒြေသမ္ပတ္တိနှင့် ပြည့်စုံသော လူတစ်ယောက်သည် သွေးသောက်ကြီးများနှင့် အသွင်တူသော လူတစ်စုတို့၏ အလယ်မှ ထွက်လာ၍ စောခုံမှိုင်းဘက်သို့ လျှောက်လာလေရာ မောင်မောင်တင့်သည် ထိုသူ၏ ခံ့ခံ့နှင့် ယဉ်ကျေးသော ကိုယ်ဟန်အမူအရာနှင့် အထက်တန်းကျသော မျက်နှာထားကို တွေ့မြင်ရခြင်းအားဖြင့် ၎င်း၏ စပ်ပုဆိုးကြီးနှင့် ခေါင်းပေါင်းဖြူ ဖော့လုံးတို့ကို သတိမထားခဲ့ရကာမူ

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်သည်ကား မင်းသားကြီး စောရန်နိုင် ဖြစ်ကြောင်း အကဲခတ်မိလေ၏။

စောခုံမှိုင်းသည် ကြမ်းပေါ်တွင် ရှိသေစွာ ဒူးထောက်လျက် လက်အုပ်ချီကာ ဦးညွှတ်ပြီးလျှင်–

'ဘုန်းတော်ကြီးဘုရား ရှေ့တော်သို့ သူဌေးသား မောင်မောင်တင့်ကို....'

နောင်။ ။'ကျွန်ုပ် သိပါတယ်လေ၊ လက်ရုံးကြီးတစ်ဖက်လောက် အားကိုးရတဲ့ သူဌေးကြီး ဦးသိန်းကြွယ်ရဲ့တူ မောင်မောင်တင့် မဟုတ်လား။ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရှိသေတဲ့ အမျိုးအနွယ်ဆိုတာ ကျွန်ုပ်က အားလုံး မှတ်မိပါတယ်။ နန်းတော်ကြီးမှ နှာပြီး ဘယ်သူဟာ ငါ့လူ၊ ဘယ်သူဟာ သူ့လူဆိုတာကို အားလုံး စာရင်းယူပြီး ဖြစ်လို့ ကျွန်ုပ် သိပါတယ်။ မဟုတ်ဘူးလား မောင်မောင်တင့်'

ဟု ဆိုကာ စောရန်နောင်သည် ကြမ်းပေါ်၌ ဒူးထောက်ကာ ဦးညွှတ်လျက် ရှိသော မောင်မောင်တင့်၏ ပခုံးကို လက်ဖြင့် ပုတ်ကာ ပြောလိုက်ရာတွင် မောင်မောင်တင့်မှာ ဤသို့သော ပုဂ္ဂိုလ်မျိုးအတွက် အသက်ကိုစွန့်၍ အမှုထမ်းရခြင်းသည် နည်းသေးသည် ဟူ၍ပင် အောက်မေ့လိုက်မိလေတော့၏။ ၎င်းနောက် ဆက်လက်၍–

နောင်။ ။'မောင်မောင်တင့် ရောက်လာရခြင်းဟာ သဘောအတိုင်း လာရခြင်း မဟုတ်ဘဲ အတင်းအဓမ္မ ဖမ်းခေါ်ခဲ့ရသလိုလို သူတို့ပြောကြလို့ ကျွန်ုပ် သိရပါရဲ့။ သို့သော် ကျွန်ုပ်အတွက် အမှုထမ်းဖို့ဆိုရင် မောင်မောင်တင့် ကိုယ်တိုင်ကလည်း ဆန္ဒအလျောက် လာရောက်လိမ့်မယ်လို့ ကျွန်ုပ် ယုံကြည်ပါတယ်။ မဟုတ်ဘူးလား မောင်မောင်တင့်'

မောင်မောင်တင့်မှာ စောရန်နောင်အတွက် ထောင်ထားခြားနားမှုကြီးတွင် ပါဝင်မည်ဟု ဆုံးဖြတ်ချက် မချခဲ့ရသေးသော်လည်း စောရန်နောင် ကိုယ်တိုင်က မိမိအား သိဟောင်းကျွမ်းဟောင်း တစ်ယောက်ကဲ့သို့ အကျွမ်း





တဝင် စကားပြော၍ မိမိ၏ မျိုးရိုးဇာတိကို ဤမျှလောက် သိနေနှင့်ပြီး ဖြစ်သည်ကို တွေ့ရှိရသောအခါ ထိုနေရာ၌ပင် တစ်ခါတည်း ဆုံးဖြတ်ချက်ချ၍–

'ဘုရားကျွန်တော်မျိုး သဘောဆန္ဒအတိုင်း ဆိုလျှင် အပါးတော်သို့ ရောက်အောင် လာမည်ပင် ဖြစ်ပါသည်ဘုရား'

ဟု တင်လျှောက်မည် ပြုဆဲတွင် စောရန်နောင်သည် စာတစ်ရွက်ကို ထုတ်ပြီးလျှင်–

နောင်။ ။'ဘုရင်ကို ထောင်ထားခြားနားမည့် နာမည်စာရင်းထဲတွင် မောင်မောင်တင့်ရဲ့နာမည် ပါနေပါတကား၊ ကျွန်ုပ်ဆန္ဒကတော့ ဘယ်သူ့ကိုမှ ကိုယ့်ဘက်ပါဖို့ မတိုက်တွန်းလိုပါဘူး။ တရားသဖြင့် အလုပ်မျိုးကို လိုလားလို့ ဖြစ်စေ၊ ကျွန်ုပ်ကို မေတ္တာထားလို့ ဖြစ်စေ ပါလိုတဲ့ လူမျိုးများကိုသာ ပါစေလိုပါတယ်။ တကယ်လို့ မောင်မောင်တင့်က ကိုယ်သွားစရာရှိတဲ့ ခရီးကို ဆက်လက်ပြီး သွားလိုပါတယ် ဆိုလို့ရှိရင်လည်း ခရီးမှာ အနှောင့်အယှက် မတွေ့ရအောင် ကျွန်ုပ်ကိုယ်တိုင် စာရေးပေးလိုက်ပါမယ်။ ဒီလိုမှ မဟုတ်ဘဲ မောင်မောင်တင့်ရဲ့ ဘိုးဘေးအစဉ်အဆက် ထုံးစံအတိုင်း တရားသော မင်းကို လိုလားလို့ ကျွန်ုပ်တို့ဘက်ကို ပါဝင်လိုပါတယ် ဆိုရင်လည်း ကျွန်ုပ်တို့ဘက်မှ တရားသဖြင့် အလုပ်ကို တရားသဖြင့် ဆောင်ရွက်လိုတဲ့ ပုဂ္ဂိုလ်မြတ်တွေနဲ့ အဖော်လုပ်ပြီး တွဲဖက်ကြံစည်ကြဖို့ ရှိတာပဲ။ အမှန်အတိုင်း ပြောရရင် ကျွန်ုပ်မှာတော့ ကိုယ့်ဘက်က တရားနည်းလမ်းကျမှုနဲ့ ပြည်သူ့မေတ္တာကို အားကိုးရတော့တာပဲ။ မောင်မောင်တင့် ကျွန်ုပ်တို့ဘက် ပါမယ် ဆိုရင်လည်း ဘယ်အခါမှ သူတစ်ထူးကျေးဇူးကို မမေ့တတ်တဲ့ အရှင်သခင် တစ်ယောက်ရဲ့ လက်အောက်မှာ အမှုထမ်းရတယ် ဆိုတာကိုတော့ စိတ်ချပါ မောင်မောင်တင့်'

စောခုံမှိုင်းသည် မောင်မောင်တင့်ကို စောရန်နောင်နှင့် မျက်နှာချင်း ဆိုင်ပေးရလျှင် မောင်မောင်တင့်ကို ပါအောင် ဆွဲဆောင်နိုင်လိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိပြီး ဖြစ်၏။ တစ်ဖက်သား ချစ်ခင်၍ ကြင်နာသနားလောက်အောင် ပြောဆိုတတ်သော စောရန်နောင်၏ စကားများကို ကြားရသောအခါ မောင်မောင်တင့်မှာ ဘုရင်ကို ထောင်ထားခြားနားသော ကိစ္စ၏ လျော်ခြင်း၊ မလျော်ခြင်းတို့ကို နှိုင်းချိန်ရန် မတတ်နိုင်ဘဲ စိတ်နှလုံးကို ထိခိုက်သည့် အလျောက် ပါဝင်လိုသော စိတ်သည် တိုး၍ ထက်သန်လာလေ၏။ ဘုရင်တစ်ပါး၏ ရင်သွေးစစ်ဖြစ်၍ တစ်နေ့သောခါတွင် ထီးနန်းကို ဆက်ခံရန် အကြံပြုလျက်ရှိသော မင်းသားတစ်ပါးက ယဉ်ကျေးသော အမူအရာဖြင့် အခြားသူတို့ရှေ့တွင် အရေးယူ ချော့မြှူဆွဲဆောင်လျက် ရှိသည်ကို တွေ့ရသော မောင်မောင်တင့်မှာ တစ်ခါတည်း နှုးညွတ်ကာ ပါသွားလေတော့၏။ သို့ဖြစ်ရကား မောင်မောင်တင့်သည် စောရန်နောင်ရှေ့၌ ဒူးထောက်ကာ ဦးညွှတ်ရင်း မိမိ၌ အသက်ငွေ့ငွေ့ ရှိနေသမျှ ကာလပတ်လုံး စောရန်နောင်၏ အမှုတော်ကို သစ္စာရှိစွာ ထမ်းရွက်ပါတော့မည် အကြောင်းနှင့် ဝန်ခံ ကတိပေးလိုက်လေတော့၏။

ထိုအခါ မင်းသားသည် မောင်မောင်တင့်၏ ပခုံးကို ပုတ်လျက် အလွန်နှစ်သိမ့်ကျေနပ်သော အမူအရာဖြင့် ကျေးဇူးတင်စကား ပြောပြီးလျှင် စောခုံမှိုင်းအားလည်း မောင်မောင်တင့် ကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်ကို ခေါ်ဆောင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းဖြင့် အထပ်ထပ် မိန့်မြွက်ပြီးမှ အနီးအပါး၌ ရှိသော သွေးသောက်ကြီးများနှင့် အတွင်းဝန်များအား မောင်မောင်တင့် အကြောင်းကို ချီးကျူးပြောဆိုလေ၏။ မောင်မောင်တင့် ကဲ့သို့သော အမျိုးကောင်းသားတစ်ယောက် ပါဝင်လာခြင်း အားဖြင့် အခြားသော မြန်မာအမျိုးကောင်းသားတို့သည်လည်း မိမိတို့ဘက်သို့ ပါဝင်ကြလိမ့်မည်ဟု မျှော်လင့်ရန် ရှိကြောင်းဖြင့်လည်း မိန့်မြွက်လေ၏။

၎င်းနောက် စောရန်နောင်သည် မိမိတို့၏ အခြေအနေအကြောင်းကို မောင်မောင်တင့်အား ပြောပြရင်း အခြားပုဂ္ဂိုလ်များနှင့်လည်း တိုင်ပင်ဆွေးနွေးသည့် အနေဖြင့် ဆက်လက်ပြောပြသည်မှာ–





နောင်။ ။ 'ညီတော်က အကောက်ကြံလို့ နယ်စွန်နယ်ဖျားဘက် သွားပြီး ကျွန်ုပ် နေခဲ့ရတာ ယခု ပြန်ရောက်လာတဲ့ အကြောင်းကိုတောင် မောင်မောင်တင့် သတင်းမကြားသေးဘူး မှတ်တယ်။ နယ်စွန်နယ်ဖျားဘက်က သွေးသောက် အမှုတော်ထမ်း များများတော့ မပါခဲ့ဘူးပေါ့။ သို့သော် ကျွန်ုပ်မှာတော့ စောခုံမှိုင်းတို့လို နယ်စားမြို့စား ၄၉ ဦးနဲ့ မြန်မာထဲက ကိုယ့်ကို မေတ္တာရှိတဲ့ လူများ အားကိုးရတာပဲ။ ကျွန်ုပ် ရောက်လာတယ်ဆိုတဲ့ သတင်းကို ညီတော်က ကြားလေတော့ ရဲမက်တပ်မင်းကြီး အနန္တသူရိယဆိုထင်ပါရဲ့ လွှတ်လိုက်သတဲ့။ နို့ပေမဲ့ ကျွန်ုပ်ရှိရာကို တိုက်ရိုက် မလာဝံ့သေးဘဲ ပုဂံညောင်ဦးဘက် စုန်သွားတယ်လို့ သတင်းရတယ်။ သို့သော် မောင်မောင်တင့်ကို တိုင်ပင်ရဦးမယ်။ ကျုပ်တို့ အထဲမှာ သဘောနှစ်မျိုး ကွဲနေတယ်။ တချို့က နယ်စား ပယ်စား မြို့စား နေရာ တစ်ဝိုက်မှာ ကျွန်ုပ် စိုနေပြီး သွေးသောက်များ လုံလောက်အောင် စုဆောင်းပြီးတဲ့ နောက်မှ အင်းဝသို့ ချီတက်ဖို့ အကြံပေးကြတယ်။ တချို့ကလည်း ဒီလို အလုပ်မျိုးဆိုတာ သွေးအေးသွားရင် မကောင်းဘူးတဲ့၊ ဒါကြောင့် စုဆောင်းရသမျှ မြို့စား နယ်စား ပယ်စား သွေးသောက်တော်များနဲ့ အလန့်တကြား ချီတက်သွားရင် အနန္တသူရိယတို့လူစု မကြံတတ်အောင်ဖြစ်ပြီး လန့်ဆုတ်သွားဖို့ ရှိပါတယ်တဲ့။ အဲဒီလို သဘောနှစ်မျိုး ကွဲနေတဲ့အနက် ဟောဒီက မြို့စားကြီး စောခုံမှိုင်းတို့ကတော့ ချက်ချင်း ချီတက်ဖို့ တိုက်တွန်းတဲ့ အထဲကပေါ့လေ။ နယ်စား ပယ်စား သွေးသောက်တွေဟာ ဘုရင့်ရဲမက်စစ်သည်တွေလောက် စစ်ပရိယာယ်မှာ အလေ့အကျင့် မရှိဘူး ဆိုပေမဲ့ သွေးသောက်များရဲ့ တိုက်ပုံတိုက်နည်းကို ဘုရင့်ရဲမက်စစ်သည်တွေ နားမလည်တဲ့အတွက် မခုခံတတ်အောင် ဖြစ်ပါလိမ့်မယ်လို့ ပြောကြတယ်။ စောခုံမှိုင်းနဲ့ အတူ ပါလာတဲ့ မြို့စား နယ်စားမင်း တစ်ကျိပ်လောက်ဟာက တကယ့် သူရသတ္တိနဲ့ ပြည့်စုံပြီး ကျွန်ုပ်အပေါ်မှာ အလွန်တရာ မြတ်နိုးကြတယ်ဆိုတာ ယုံမှားစရာ မရှိဘူးပေါ့။ သို့သော် တချို့က ခပ်ဆိုင်းဆိုင်းလုပ်ဖို့၊ စောခုံမှိုင်းတို့က ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ဖို့ တစ်မျိုးစီ ပြောနေကြရာမှာ မောင်မောင်တင့်က ဘယ်လို သဘောရပါသလဲဗျ'

ယင်းကဲ့သို့ ပရိသတ်အလယ်၌ စောရန်နောင်က မိမိ၏ ထင်မြင်ချက်ကို အရေးတကြီးထား၍ စုံစမ်းမေးမြန်းခြင်း ခံရသော မောင်မောင်တင့်မှာ မျက်နှာများ နီမြန်းသွားသည်တိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည့်အလျောက် မောင်မောင်တင့်က–

'မိမိမှာ စစ်မှုရေးရာ၌ ကျွမ်းကျင်သူတစ်ယောက် မဟုတ်သော်လည်း မင်းသားအပေါ်၌ မိမိ မေတ္တာထားခြင်းကို ထင်ရှားအောင် အလျင်မြန်ဆုံး ဖော်ပြခွင့်ရသော အဆုံးအဖြတ်ကို သဘောကျပါသည်'

ဟု တင်လျှောက်လေ၏။

နောင်။ ။ 'အဲဒါမှ ငါတို့လူကွ၊ မောင်မောင်တင့် ပြောသလိုတော့ နောက်မဆုတ်ဘဲ ရှေ့တက်တာကို လိုလားတယ် ဆိုပါတော့။ ကိုင်း ဒီကနေ့ကစပြီး မောင်မောင်တင့်ကို သွေးသောက်တပ်မှူးကလေးအဖြစ်နဲ့ တပ်တော်ကို မအပ်ရသေးမီ ကျွန်ုပ်အပါးတော်မှာ သက်တော်စောင့်အဖြစ်နဲ့ ခန့်ထားလိုက်ပါတယ်'

တင့်။ ။ 'ကျွန်တော်မျိုး တစ်ခု လျှောက်ထားပါရစေ။ ကျွန်တော်မျိုးကိုယ်တိုင် သွေးသောက်စစ်သည်တော်များ ဖုဆောင်းခွင့် မရသေးသည့်အတွင်းမှာ ကျွန်တော်မျိုးအား ရာထူးအကြီးအကျယ် မခန့်ထားသေးဘဲ စောခုံမှိုင်း လက်အောက်မှာ လက်ထောက်အဖြစ်နဲ့ အမှုထမ်းခွင့် ပေးသနားတော်မူပါမည့် အကြောင်းပါ ဘုရား'

နောင်။ ။ (ရွှင်လန်း ဝမ်းမြောက်သော အမူအရာဖြင့်) 'လျော်ကန်ပါပေ့ဗျာ၊ တယ်နေရာကျ။ ကောင်းပါပြီ၊ ကျွန်ုပ် သဘောတူပါတယ်။ သို့သော် သွေးသောက်တပ်တော်မှာ အမှုထမ်းရတဲ့အခိုက် သွေးသောက်လက်နက် ကိုင်ဆောင်မှ သင့်လျော်ပါလိမ့်မယ်။ ကျွန်ုပ်က ချီးမြှင့်ပါရစေ'

ဟု ဆိုကာ စောရန်နောင်သည် မိမိ ဆောင်ထားသော သွေးသောက်





ဓားတစ်လက်ကို မောင်မောင်တင့်အား လက်ဆောင်အဖြစ်ဖြင့် ပေးသနားလေ၏။ ထို့နောက်မှ ဆက်လက်၍–

'ဒီဓားဟာ ကျုပ်လက်ထဲ ရောက်လာခဲ့တာ အတော်ကြာပြီဗျ၊ အင်မတန်ကောင်းတဲ့ ဓားပဲ။ ခုတ်တတ်တဲ့ လူများတော့ ငါးကြင်း နှစ်ကောင်ထပ်တောင် ပြတ်သတဲ့။ ကိုင်း.... ကိုင်း စောခုံမှိုင်းကလည်း မောင်မောင်တင့်နဲ့ ကွဲနေတာ အတော်ကြာသွားလေတော့ မိတ်ဆွေချင်း စကားပြောချင်ကြလှ ပေရောမယ်။ ကိုင်း...ပြောချေကြ၊ ပြောချေကြ။ သို့သော် ညနေတော့ ကျွန်ုပ်ဆီ လာခဲ့ကြဦးနော်၊ တပ်တော် ထွက်ကြဖို့ အချိန်ကလည်း နီးလာလေတော့ အတူတကွ နေကြရတဲ့ အခါမှာ ပျော်ပျော်ပါးပါးပေါ့ဗျာ'

မောင်မောင်တင့်နှင့် စောခုံမှိုင်းတို့သည် အတွင်းဆောင်မှ ထွက်လာခဲ့ကြ၍ လူရှင်းသော ထောင့်တစ်ခုသို့ ရောက်ကြသောအခါ–

မှိုင်း။ ။ 'ဘယ့်နှယ်လဲဗျ မောင်မောင်တင့်၊ ကျုပ်တို့မင်းသားကို ခင်ဗျား ဘယ်လို သဘောရသလဲ'

တင့်။ ။ 'အသက်ပေးပြီး အမှုထမ်းထိုက်တဲ့ မင်းသားတစ်ပါးပါပေဗျာ။ ဒါထက် နေပါဦး၊ မြို့စားမင်း အစ်မတော် စောမြစိန်တို့ ဘယ်မှာလဲ'

မှိုင်း။ ။ 'ကျန်းကျန်းမာမာပါပဲဗျ၊ ဟိုဘက်က ရွာထဲမှာပဲ ရှိပါတယ်။ စောရန်နောင်မင်းသားရဲ့ ထောင်ထားခြားနားမှုက ထမြောက်အောင်မြင်မယ့် လက္ခဏာရှိလေတော့ နောင်ရေးအတွက် မင်းသားအနားမှာ ဟိုက ကပ်ကြ၊ ဒီက ကပ်ကြပေါ့လေဗျာ။ အစ်မတော်ကလည်း ခင်ဗျားသိတဲ့အတိုင်း အရည်အချင်းရှိတဲ့ မိန်းမတစ်ယောက် ဖြစ်လေတော့ မင်းသားအနီးမှာ သူ့ကို သွင်းထားပြီး နောက်နောင်အခါ ရာထူးခန့်ရေးမှာ ကျုပ်အတွက် အောက်ကျနောက်ကျ မဖြစ်စေရအောင် အစ်မတော်ကို လှော်ခတ်ဖန်တီးပေးဖို့ အပါးတော်မှာ ထားရတာကိုးဗျ'

မောင်မောင်တင့်သည် ထိုစကားကို ကြားရသောအခါ နားခါးလျက်ရှိ၏။ စောမြစိန်၏ ရုပ်ရည်နှင့် အရည်အချင်းကို ဗန်းပြခြင်းအားဖြင့် မောင်



www.burmeseclassic.com

www.burmeseclassic.com



တော်အဖို့ ကြီးကျယ်သော ရာထူးရအောင် ကြိုတင် စီမံထားသည်ဟု ဆိုလိုရာ ရောက်နေပေရကား စောခုံမှိုင်း၏ ကြီးပွားလိုသော စိတ်သဘောကို အထိုက်အလျောက် သိရှိပြီး ဖြစ်သော်လည်း မောင်မောင်တင့်မှာ နုပ်ဖွဲ့သေးသိမ်၍ တစ်ကိုယ်ကောင်း ပြုလုပ်ရာရောက်သော အကြံအစည် ဖြစ်သည်ဟု အောက်မေ့မိ၏။ ၎င်းနောက် မောင်မောင်တင့်သည် စောခုံမှိုင်းနှင့်အတူ အနီးရှိ ရွာထဲသို့ ဝင်လာကြ၍ အိမ်တစ်အိမ်သို့ ဆိုက်ရောက်ကြသောအခါ သွေးသောက်ကြီးတစ်ယောက်၏ အဝတ်အစားများဖြင့် ခံ့ညားစွာ ဝတ်ဆင်ထားသော မိတ်ဆွေဟောင်း ဦးစံပဲနှင့် တွေ့ဆုံကြလေ၏။

ဦးစံပဲသည် မောင်မောင်တင့်အား တူ သား နှောင်မယ်ကဲ့သို့ ကြင်နာသော အမူအရာဖြင့် နှုတ်ဆက်ပြီးနောက် ဘုရင့်တပ်တော်မှ ထွက်ခဲ့ရပုံ အဖြစ်အပျက်ကို မေးမြန်းလေရာ စောခုံမှိုင်းကပင် အကျဉ်းချုပ်၍ ဝင်ရောက်ဖြေဆိုပြီးနောက် မင်းသား စောရန်နောင်နှင့် မောင်မောင်တင့်တို့ တွေ့ခဲ့ရပုံ အခြင်းအရာများကို ဝမ်းမြောက်ဝမ်းသာ အကျယ်တဝင့် ပြောပြလေ၏။ ဦးစံပဲသည် စောခုံမှိုင်း၏ စကားအဆုံး၌ မောင်မောင်တင့်၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်လျက် အစဉ်အဆက်အတိုင်း ဘုရင်ဖြစ်ထိုက်သည့် စောရန်နောင်မင်းသား၏ လက်အောက်၌ အမှုထမ်းရန် သဘောတူ လက်ခံခဲ့ခြင်းအတွက် ချီးကျူးစကား ပြောကြားလေ၏။ ၎င်းနောက် မောင်မောင်တင့်က မနန်းယု အကြောင်းကို မေးမြန်းရာ မနန်းယုမှာ စောခုံမှိုင်း၏ အစ်မတော် စောမြစိန်နှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရလေ၏။

## အခန်း [ ၁၂ ]

စောရန်နောင်မင်းသား လက်အောက်၌ အမှုထမ်းကြသော သွေးသောက်များမှာ လူမျိုးစုံရောရောဖြစ်၍ မြို့စားနယ်စားများမှာလည်း မြို့စားနယ်စားမင်းတစ်ဦးတည်း မဟုတ်ဘဲ ၉၉ ဦးသော မြို့စားနယ်စားမင်းတို့၏ လက်အောက်မှ ၅၀၊ ၁၀၀ စသည်ဖြင့် စုပေါင်း ရောစပ်ထားခြင်း ဖြစ်လေရကား သွေးသောက် စစ်သည်တော်များမှာ စစ်ပွဲတွင် တိုက်ခိုက်ရမည့် သွေးသောက်စစ်သည်တို့နှင့် မတူဘဲ ဤအရပ်၊ ထိုအရပ်တို့မှ ထွက်လာကြသည့် အရပ်သားများနှင့် တူလေတော့၏။ သို့ဖြစ်၍ သွေးသောက်စစ်သည် ဆိုသော်လည်း ဘောင်းဘီပွကြီးကို ဝတ်ခြင်းမှတစ်ပါး တစ်ယောက်နှင့်တစ်ယောက်၊ တစ်စုနှင့်တစ်စု တူညီသော အဝတ်အစား မရှိကြပေရာ မြန်မာအများစုမှာလည်း ခါးပုံထိုးခြင်းမှတစ်ပါး ကြောင်ကြောင်ကျားကျား အဝတ်အစား အမျိုးမျိုး ရှိနေကြ၏။

တစ်နေ့သ၌ စောရန်နောင်၏ သဗ္ဗနာမ် စုပေါင်းထားသော တပ်တော်ကြီးသည် အတော်အတန် ရှည်လျားသော စစ်အင်္ဂါအစီအစဉ်ဖြင့် ခင်းကျင်း၊ ပြင်ဆင်လျက်ရှိကြရာ၊ ယခုခေတ်၌ ဥရောပစစ်တပ်များကို မြင်ရဖူးသူတို့၏ မျက်စိ၌ သူတစ်မျိုး ငါတစ်ဖုံ ဖြစ်ချင်တိုင်းဖြစ်နေသော အခြင်းအရာကို တွေ့မြင်ရသဖြင့် ရယ်ဖွယ်ရာကောင်းပေလိမ့်မည်။ ဤနေရာ၌ မြင်းစီးသူရဲ သုံး လေးဆယ်မျှ လည်းကောင်း၊ ထိုနေရာ၌ ခြေလျင် စစ်သည် လေး ငါးဆယ်မျှ လည်းကောင်း၊ ဤတစ်ဝိုက်၌ ဘောင်းဘီဝတ်များ လည်းကောင်း၊ ထိုအနား၌ ပုဆိုး ခါးတောင်းကျိုက်သူများ လည်းကောင်း အရောရော အနှောနှောဖြင့် ရှုပ်ယှက်ခတ် ဖြစ်နေကြလေရာ အောင်လံတော်များ ယူမှု နေရာတိုင်း၌ တလူလူ ရှိနေကြတော့၏။

www.burmeseclassic.com



စောခုံမှိုင်း၏ လူစုများက စစ်အင်္ဂါအစီအစဉ်တွင် ရှေ့ပိုင်း၌ ရှိနေလေရာ၊ မောင်မောင်တင့်သည် ၎င်းတို့နှင့်အတူ ချီတက်ရန် ပြင်ဆင်လျက်ရှိစဉ် စစ်အင်္ဂါအစီအစဉ်ဖြင့် ညီညာခြင်း မရှိသော်လည်း တစ်ယောက်စီရွေးကောက်မည်ဆိုပါမူ ၎င်းသွေးသောက်စစ်သည်များထက် ကြံ့ခိုင်သန်မာသော ကာယဗလနှင့် တင်းမာသော မျက်နှာထားရှိသူများကို မြန်မာတစ်ပြည်လုံးတွင် တွေ့နိုင်မည်မဟုတ်ဟု အောက်မေ့မိ၏။ ထိုသူတို့သည် ထင်သလို ခြေလှမ်း၍ ကြိုက်သလို ဝတ်ဆင်ကာ ရှိသမျှသော လက်နက်များကို ဆောင်ထားကြသော်လည်း အကြီးအကဲဖြစ်သော စောခုံမှိုင်း၏ အမိန့်ကို သေသည်အထိ နာယူမည် ဟူသော စိတ်သဘော ရှိကြခြင်းမှုကား ၎င်းတို့၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် ထင်ရှားစွာ သိသာနိုင်ပေ၏။ ထိုသူတို့သည် စစ်အင်္ဂါအစီအစဉ်ဖြင့် တိုက်ခိုက်ခြင်း အလုပ်တွင် အလေ့အကျင့် မရှိသော်လည်း သွေးသောက်အသီးသီးသည် ရဲမက်နှစ်ယောက်စီ တိုက်နိုင်လောက်သော အစွမ်းသတ္တိ ရှိကြလေ၏။ ၎င်းတို့ အနက်တွင် အထက်တန်းစား သွေးသောက်များသည် မြင်းကိုယ်စီနှင့် ဓား လှံ စသော လက်နက်များကို ကိုင်စွဲလျက်ရှိရာ၊ ဆင်းရဲသား သွေးသောက်များမှုကား မြားတံများကို ဝါးပိုးကျည်တောက်ဖြင့် လွယ်ထားလျက် ဒူးလေးကိုင်စွဲကာ ခြေကျင်လိုက်ပါလာကြလေ၏။ အချို့မှာမူ အင်္ကျီအလျှင်းမပါဘဲ အထက်ပိုင်းတစ်ခုလုံးတွင် ဆေးနီဆေးနက်များဖြင့် ပြည့်လျက် ရှိလေတော့၏။

စောခုံမှိုင်း၏ တပ်တော်မှာ စစ်အင်္ဂါအစီအစဉ်တွင် ရှေ့ဆုံးမှ ချီတက်ကြရာ ၎င်း၏လူစုမှာ အခြားနယ်စားမင်းများ၏ သွေးသောက်စစ်သည်များထက် လက်နက်အားဖြင့် လည်းကောင်း၊ အဝတ်အစားအားဖြင့် လည်းကောင်း ထင်ရှားစွာ သားသားနားနား ရှိကြပေ၏။ အဘယ်ကြောင့်ဆိုသော် စောခုံမှိုင်းသည် မိမိ၌ရှိသမျှသော ဝင်ငွေကို အခြားနေရာတွင် မသုံးဖြုန်းဘဲ မိမိ၏တပည့်များအတွက် လက်နက်နှင့် အဝတ်အစားများ ဝယ်ခြမ်းရေးတွင် အသုံးပြုခဲ့သောကြောင့်ပေတည်း။ စင်စစ်မှာ စောခုံမှိုင်း၏ သွေးသောက်စစ်သည်များသည် စောရန်နောင်၏ တပ်တော်ကြီးတစ်ခုလုံးတွင် အသားနား





ဆုံး၊ အခံ့ညားဆုံး ဖြစ်ပေ၏။ မြန်မာစစ်သည် သွေးသောက်များ အနက်မှာမူ လူကုံထံများသည် မြင်းကိုယ်စီဖြင့် ဓားရှည်၊ ဓားမြှောင် စသည်ဖြင့် ကိုင်စွဲကာ သပ်ရပ်စွာ ရှိကြသော်လည်း ဆင်းရဲသား တောသားများမှုကား ပုဆိန်ကိုင်သူကိုင်၊ ဓားမ ထမ်းသူထမ်း၊ အချို့မှာ လယ်ရိတ်သော တံစဉ်များကိုပင် ကိုင်စွဲလာကြလေ၏။ အချို့မှာလည်း သံဖြင့် ပြုလုပ်ထားသော လက်နက် မရှိကြသဖြင့် ဝါးရင်းတုတ်၊ တင်းပုတ်၊ လက်ရိုက် စသည်တို့ကို လက်နက်အဖြစ်ဖြင့် ကိုင်စွဲလာကြလေ၏။ ထိုခေတ်အခါက မြန်မာများမှာ ဆံပင်ကို အရှည်ထားသူတို့ ပေါများလေရကား ဆီ ပျား မရှိသော ဆံပင်ကို သျှောင်မပေါ ထုံးသူက ထုံး၊ ဆံမြိတ်ကွင်း ချသူက ချ၊ နှစ်ပတ်ရစ် သျှောင်ထုံးသူက ထုံး၊ တစ်ယောက်တစ်မျိုး အဆင်ကွဲလျက် ရှိကြလေ၏။ မောင်မောင်တင့်မှာ စောခုံမှိုင်း၏ သွေးသောက်စစ်သည်များကိုသာ မြင်ခဲ့ဖူးသည်ဖြစ်၍ ဤကဲ့သို့ တွေ့ကရာ လက်နက်ကို ကိုင်ဆောင်ကာ ဝတ်ချင်တိုင်း ဝတ်စား၍ ဖြစ်ချင်တိုင်း ဖြစ်နေကြသော လူ လေး ငါးထောင် တပ်များနှင့် ဘုရင့်တိုင်းပြည်ကြီးကို ထောင်ထားခြားနားဖို့ အကြံအစည် ပြုပုံခြင်းအတွက် စိတ်ထဲ၌ အံ့သြမိလေ၏။

စောရန်နောင်၏ တပ်တော်သည် သာစည်အနီး မြောက်အရပ်သို့ ချီတက်လာခဲ့ရာ အနန္တသူရိယ၏ ဘုရင့်တပ်တော်မှာလည်း ဧရာဝတီမြစ်ဆီမှ အရှေ့ဘက်သို့ မျက်နှာမူကာ ချီတက်လာကြရာတွင် တောင်ဘက်ကိုးခရိုင်နယ်တစ်ဝိုက်၌ တွေ့ဆုံကြလိမ့်မည်ဟု မျှော်လင့်ကြ၏။ ယင်းသို့ တွေ့ဆုံသည့် အခါတွင် စောရန်နောင်၏ တပ်တော်သည် တောင်ခြေကို နောက်ခိုင်းလျက် အမြင့်မှ အနိမ့်ဘက်သို့ မျက်နှာမူကာ အထက်စီးဖြင့် တိုက်ခိုက်ရလိမ့်မည် ဟူ၍လည်း ခန့်မှန်းကြ၏။

စောရန်နောင်၏ သွေးသောက်တပ်တော်သည် ညနေခင်း အချိန်တွင် ကိုးခရိုင်နယ်ရှိ တောင်တန်းများသို့ ဆိုက်ရောက်လာကြလေရာ သွေးသောက်မှူးကြီးများသည် အနန္တသူရိယ၏ ဘုရင့်တပ်သည်လည်း မနီးမဝေးတွင် ရှိသည်ဟု သတင်းရရှိသဖြင့် တောင်ခြေတွင် စစ်အင်္ဂါအစီအစဉ်ဖြင့် အသင့်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားကြလေ၏။ များမကြာမီအတွင်း အနန္တသူရိယ၏ ဘုရင့်တပ်တော်ဦးသည် သစ်ပင်များ အကြားမှ ပေါ်ထွက်လာလေရာ တပ်တော်ကြီး နှစ်တပ်တို့မှာ တစ်တပ်နှင့်တစ်တပ် လေးဖာလုံမျှလောက်သာ ကွာခြားလေတော့၏။ နှစ်တပ်အကြားရှိ မြေပြင်မှာ ကွင်းပြင်ကြီးကဲ့သို့ ညီညာစွာ ရှိနေလေရာ မောင်မောင်တင့်သည် စောခုံမှိုင်းအနီးမှ မျှော်ကြည့်လျက်ရှိစဉ် ဘုရင့်တပ်တော်သည် မိမိတို့နှင့် မျက်နှာချင်းဆိုင်ကာ စစ်အင်္ဂါ အစီအစဉ်ဖြင့် ပြင်ဆင်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ အနန္တသူရိယ၏ ဘုရင့်တပ်တော်တွင် မြင်းစီးသူရဲများသည် လက်ဝဲလက်ယာ အစွန်းနှစ်ဖက်မှ ညှပ်လျက် ခြေလျင်တပ်သားများမှုကား အလယ်၌ ရှိကြ၏။ ဤနေရာမှစ၍ ကျွန်ုပ်တို့သည် စောရန်နောင်၏ တပ်တော်ကို "သွေးသောက်တပ်တော်" ဟု ခေါ်၍ အနန္တသူရိယ၏ တပ်တော်ကို "ဘုရင့်တပ်တော်" ဟု ခေါ်ကြရပေအံ့။

ဘုရင့်တပ်တော်သည် အရှေ့ဘက်သို့ မျက်နှာမူလျက် စစ်အင်္ဂါ အစီအစဉ်ဖြင့် လျင်မြန်စွာ ခင်းကျင်း ပြင်ဆင်လျက်ရှိစဉ် သွေးသောက်တပ်တော်သည်လည်း တောင်ခြေရှိ ကုန်းမြင့်ပေါ်မှ အနောက်ဘက်သို့ မျက်နှာမူကာ မြင်းတပ်၊ ခြေလျင်တပ် ခွဲခြား၍ စစ်အင်္ဂါ အစီအစဉ်ဖြင့် ချထားလျက် ရှိကြ၏။ အလုံးစုံ ပြင်ဆင်ပြီး၍ သွေးသောက်များသည် တောင်ခြေ၌ တစ်တန်းပြီးတစ်တန်း စီတန်းကြသည်နှင့် တစ်ပြိုင်နက် အကြီးအကဲ လုပ်သူများက အသံတိုင်လျက် အချက်ပေးလိုက်ရာတွင် လေးထောင်ခန့်မျှသော လည်ချောင်းတို့မှ ထွက်လာသည့် "ညာ" သံကြီးသည် တစ်တောလုံး ဟိန်းသွား၍ နောက်၌ရှိသော ကျောက်တောင်များမှ ပဲ့တင်ပြန်၍ ထပ်လေ၏။ ထိုခဏ၌ ဘုရင့်တပ်တော်မှလည်း အလားတူ သံပြိုင်ဟစ်၍ "ညာ" သံပေးလိုက်ရာ ထိုနည်းတူစွာ ကြက်သီးထဖွယ်ကောင်းအောင် မြည်ဟိန်းသွားလေ၏။ ထိုအခါ၌ ရှေ့ဆုံးအတန်းမှ ရှိသော စောခုံမှိုင်း၏ မြင်းစီးသူရဲများက အမြင့်မှ အနိမ့်သို့ တစ်ဟုန်ထိုး ဆင်းတိုက်ရန် အကြံဖြင့် လှုပ်လှုပ်ရွရွ ရှိနေကြလေရာ သွေးသောက်မှူးချုပ်၏ အမိန့်ဖြင့် တန့်ရပ် ထားရလေ၏။ စင်စစ်သော်ကား မျက်နှာချင်းဆိုင်ရှိသော တပ်တော်ကြီး နှစ်တပ်တို့သည် လက်ဓမ္မကြီးဝိုင်းတွင်





ရှိသော လက်ဝှေ့သမား နှစ်ယောက်တို့ကဲ့သို့ သူထိုးမည်၊ ငါထိုးမည် အရေးကို အရိပ်အကဲ ကြည့်နေဘိသည့်အလား ရှိနေကြပေတော့၏။ ယင်းသို့ရှိစဉ် နှစ်ဖက်လုံး၌ရှိသော လေးသမားများသည် မိလောက်သင့်သည် ထင်သော တပ်ဦးသားများသို့ လက်တည့်စမ်းလျက် ရှိကြရာ ဤနေရာ၊ ထိုနေရာ စသည်တို့၌ မြားထိမှန်သော လူများလည်း ရှိကြ၏။

ထိုအတောအတွင်း၌ စောခုံမှိုင်းနှင့် အခြား နယ်စားမင်းတစ်ယောက်သည် စောရန်နောင်ထံမှ အမိန့် ရရှိကြလေရာ ၎င်းအမိန့်မှာ ထိုနယ်စားမင်း၊ မြို့စားမင်း နှစ်ယောက်တို့သည် မိမိတို့၏ မြင်းစီးသူရဲများနှင့် လက်ယာဘက်မှ ပန်း၍ ဘုရင့်တပ်တော်၏ နံဘေးအစွန်းကို ဖြိုဖျက်ရန် ဖြစ်လေ၏။ စောခုံမှိုင်းတို့ လူစုသည် မြင်းစီးသူရဲ တစ်ရာခန့်မျှနှင့် နံဘေးမှ ပန်းတက်သွားကြသည်ကို ဘုရင့်ရဲမက်မှူးကြီး သိရှိရသည်နှင့် တစ်ပြိုင်နက် ၎င်းကလည်း မြင်းစီးသူရဲ တစ်ရာခန့်မျှကို သွေးသောက်တပ်တော်နှင့် တွေ့ဆုံရန် ထိုနည်းအတူ စေလွှတ်လိုက်လေ၏။ မောင်မောင်တင့်သည် စောခုံမှိုင်းနှင့် အတူ လိုက်ပါသွားရာတွင် ဘုရင့်မြင်းတပ်တော်နှင့် နီးကပ်လာကြသည် ဖြစ်၍ ၎င်းတပ်တော်မှာ အခြားမဟုတ်၊ မိမိ အမှုထမ်းခဲ့ဖူးသော ရဲမက်ကြီး ဦးမင်းခေါင်၏ တပ်တော်ဖြစ်သည်ကို မောင်မောင်တင့် တွေ့မြင်ရလေ၏။ သို့ရာတွင် ၎င်းတို့၏ နေရာပြောင်းရွှေ့ခြင်းများမှာ စစ်တုရင်ထိုးရာ၌ သူ့ဆုတ် ငါတက် လုပ်ခြင်းကဲ့သို့ စစ်ပရိယာယ်မျှသာ ဖြစ်၍ အကယ် တိုက်ခိုက်ရန် မဟုတ်သေးလေရကား မြင်းတပ် နှစ်တပ်တို့လည်း တစ်ဖက်၏ အရိပ်အကဲကို တစ်ဖက်က စောင့်ခတ်ရင်း ရပ်ဆိုင်းလျက် ရှိကြလေ၏။ ထိုအချိန်၌ကား နေဝင်ပြီးနောက် မှောင်စ ပြုလာပြီဖြစ်၍ နှစ်ဖက်သော အကြီးအကဲများသည် ၎င်းစစ်အင်္ဂါ အစီအစဉ် အတိုင်းပင် ရပ်နားထား၍ နံနက် အလင်းရောင် လာသည်တိုင်အောင် စောင့်ဆိုင်းဦးမည် အကြံဖြင့် ရပ်နားထားကြလေ၏။

စောခုံမှိုင်းနှင့် မောင်မောင်တင့်တို့သည် ထိုညပင် စစ်မြေပြင်၌ ဖြတ်တတ်သလို အိပ်စဉ် သန်းခေါင်ကျော် အချိန်တွင် စောရန်နောင် ခေါ်တော်မူသည် ဆိုသဖြင့် အိပ်ရာမှ ထ လာခဲ့ကြလေ၏။ ၎င်းတို့ ရောက်သွားသော



www.burmeseclassic.com

www.burmeseclassic.com



အခါ၌ အကြီးအကဲဖြစ်သော သွေးသောက်မှူးများသည် စောရန်နောင် အပါးသို့ ရောက်နေကြပြီ ဖြစ်ရာ စောရန်နောင်က နံနက် လင်းသည် တိုင်အောင် မဆိုင်းဘဲ ရန်သူတပ်တော်စခန်းချရာသို့ မှောင်ထဲ၌ပင် လျှို့ဝှက်စွာ ချီတက်၍ ညတွင်းချင်း တိုက်ခိုက်ခြင်းသည် ရန်သူကို အလန့်တကြား ဖြစ်စေသောကြောင့် လန့်ကြောက် ထွက်ပြေးနိုင်စရာ အလွန်ကောင်းသော အကြံဖြစ်သည်ဟု ပြောပြသည်တွင် အခြားသော သွေးသောက်မှူးများလည်း ဝမ်းမြောက်စွာ သဘောတူညီကြလေ၏။

သို့ဖြစ်၍ မြို့စားမင်း၊ နယ်စားမင်းများနှင့် သွေးသောက်မှူးများသည် မိမိတို့တပ်တော်များသို့ အသီးသီး ပြန်သွားကြ၍ သွေးသောက်စစ်သည်များ ကို နှိုးပြီးလျှင် အသံမကြားအောင် ပြင်ဆင်ကြဖို့ အမိန့်ပေးလေ၏။ အလုံးစုံ ပြင်ဆင်ပြီးကြသောအခါ သွေးသောက်တပ်တော်ကြီးသည် လက်ယာဘက်မှ လျှို့ဝှက်စွာဖြင့် လျင်မြန်စွာ ပန်းတက်သွားကြလေရာ စောခုံမှိုင်း၏ တပ် တော်သည် ဘုရင့်တပ်နှင့် နီးကပ်လောက်သော နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် 'ဟေ့...ဘယ်သူလဲ' ဟု မေးလိုက်သော အသံကို ကြားလိုက် ရလေ၏။ ထိုအခါ စောခုံမှိုင်းက 'တိတ်တိတ်နေ၊ ဘာမျှ ပြန်မပြောနဲ့၊ တက်သာ တက်ကြ' ဟု ခပ်တိုးတိုး အမိန့်ပေးလိုက်သဖြင့် မြင်းစီးသူရဲများ လည်း ချီတက်မြဲ ချီတက်ကြ၏။

တစ်ခဏအတွင်း၌ မြားတံသည် စောခုံမှိုင်းတို့ တပ်စုထဲသို့ သုံးတံမျှ တစ် လက်ပြီးတစ်လက် ဆက်လက် ကျလာပြီးနောက် လူတစ်ယောက် မြင်းစိုင်း သွားသော ခွာသံများကို ကြားလိုက်ရလေရာ စောခုံမှိုင်းက မောင်မောင်တင့် အား-

'ကင်းစောင့်ကတော့ ကျုပ်တို့ လာတာ သိသွားပြီဗျို့။ သူ့လူတွေကို သွားပြောတော့မှာပဲ' ဟု ပြောလေ၏။

စောခုံမှိုင်း၏ သွေးသောက်တပ်တော်စုသည် မကြာသေးမီက ရိတ် သိမ်းထားသည့် ရိုးပြတ်များရှိသော လယ်ကွက်တစ်ခုထဲသို့ ရောက်နေကြပြီ ဖြစ်ရာ နောက်မှ တပ်တော်များလည်း လျင်မြန်စွာ ချီတက်လာကြလေ၏။





ထိုအခါတွင် ဘုရင့်တပ်တော်ကြီးမှ အချက်ပေး မောင်းတီးသံများ ကြားရ၍ ရဲမက်စစ်သည်များလည်း လှုပ်လှုပ်ရှရှ နိုးစ ပြုလာကြလေ၏။ သွေးသောက် တပ်တော်ကလည်း တစ်တပ်လုံး ချီတက်လာသည်ကို မသိကြဘဲ အိပ်ပျော် လျက် တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့သောကြောင့် ဘုရင့်တပ်တော်သားများ နိုးကြသည့်အတွက် အကြံအစည် ပျက်သည်ဟု မဆိုနိုင်ဘဲ လျင်မြန်စွာ တိုက်ခိုက်ရန် ပြင်ဆင်ကြလေ၏။

သွေးသောက်တပ်တော်ကြီးသည် ယခင် ဖော်ပြခဲ့သော လယ်ကွက် ကြီးထဲတွင် စစ်အင်္ဂါ အစီအစဉ်ဖြင့် နှစ်တန်းဖွဲ့လျက်ရှိရာ ပထမအတန်းသည် ရန်သူကို တိုက်ခိုက်ရန်ဖြစ်၍ ဒုတိယအတန်းမှာ ခြေစောင့်လက်စောင့် ထား ရန်အတွက် ဖြစ်၏။ စောရန်နောင်မင်းသားနှင့် လူကုံထံများမှာ ၎င်းစစ်တန်း ကြီးနှစ်ခု၏ အကြားတွင် မြင်းကိုယ်စီဖြင့် ရှိနေကြလေ၏။ စောရန်နောင်မှာ သတ္တိကောင်းသော မင်းသား ဖြစ်သည့်အလျောက် ပထမ စစ်တန်းနှင့်အတူ ရန်သူကို လိုက်လံ တိုက်ခိုက်ရန် စီမံသေး၏။ သို့ရာတွင် စောခုံမှိုင်းနှင့် အခြားသွေးသောက်မှူးများက မလျော်ကြောင်းဖြင့် အတင်း တားဆီးကြ သောကြောင့် သာလျှင် ၎င်းအကြံကို လက်လျှော့လိုက်လေ၏။

ထိုအခါ စစ်တန်းကြီး နှစ်တန်းသည် ရှေ့သို့ ချီတက်လာကြရာ ပထမစစ်တန်းမှာ ရန်သူကို ချက်ချင်းတိုက်ခိုက်ရန် ပြင်ဆင်လေ၏။ ပထမ စစ်တန်း၌ နယ်စားမင်း၊ မြို့စားမင်း အသီးသီးတို့၏ သွေးသောက်တပ်စုများ ပါဝင်လေရာ တပ်စုတစ်စုလျှင် သုံးထောင့်ပုံသဏ္ဌာန် ဖွဲ့လျက် သွေးသောက် စစ်သည် ၃၀၊ ၄၀၊ ၅၀ စသည်ဖြင့် ပါဝင်ကြလေ၏။ လက်နက် အကောင်း ဆုံး ကိုင်နိုင်သည့် လူကုံထံများသည် အဆိုပါ သုံးထောင့်ပုံသဏ္ဌာန်တွင် ရှေ့ဆုံးဖြစ်သော ထောင့်စွန်းမှ လိုက်ကြ၍ ပုဆိန်သမား၊ ဝါးရင်းတုတ်သမား စသည်တို့က နောက်မှ လိုက်ကြရလေ၏။ ရှေ့တန်းမှ လူများသည် ပထမဦး ရှေ့သို့ တဖြည်းဖြည်း ချီတက်ကြလေရာ စစ်ပွဲ၌ တစ်ကြိမ်တစ်ခါမျှ ပါဝင် တိုက်ခိုက်ဖူးခြင်း မရှိသေးသော မောင်မောင်တင့်မှာ ကြောက်ရွံ့ခြင်းကြောင့် မဟုတ်၊ စိတ်အားထက်သန်သည့် အတွက်ကြောင့် ရင်ထဲ၌ တဒိန်းဒိန်း



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခုန်လျက် ရှိလေ၏။ ပတ်ဝန်းကျင်၌ ရှိသော သွေးသောက်စစ်သည်များ၏ အသံသည် မောင်မောင်တင့်အား တိုး၍ စိတ်အားတက်ကြွစေ၏။ ရှေ့တန်းသည် တဖြည်းဖြည်း ချီတက်ရာမှ ဘုရင့်တပ်တော်နှင့် ချဉ်းကပ်လာရာတွင် ညာသံပေးလျက် တစ်ဟုန်ထိုး ပြေးဝင်ကြလေရာ ထိုခဏ၌ နေမင်းသည် အရှေ့တောင်တန်းမှ ဦးခေါင်းပြူလျက် ပေါ်ထွက်လာခဲ့လေ၏။ နောက်တစ်ခဏ၌ အသင့်ပြင်ဆင်လျက် စောင့်နေသော ဘုရင့်တပ်တော်နှင့် အတင်း ပြေးဝင်လာသော သွေးသောက်တပ်တော်ကြီးတို့သည် လှိုင်းကြီးနှစ်ခု ခွပ်လိုက်ဘိသကဲ့သို့ တွေ့ဆုံမိကြရာတွင် အော်သံ၊ ဟစ်သံ၊ ညာသံ၊ အားပေးသံများဖြင့် ဆူညံသွားလေတော့၏။

အနန္တသူရိယသည် သွေးသောက်တပ်တော်ကြီးကို နံဘေးမှ ပင်း၍ ဖြိုဖျက်ရန်အတွက် မြင်းတပ်ကို လွှတ်လိုက်လေရာ ၎င်းအပိုင်း၌ ရှိသော သွေးသောက်စစ်သည်များ၏ ဒူးလေးများမှ မြားတံများသည် ဘုရင့်မြင်းတပ်ပေါ်သို့ မိုးရွာသွန်းသကဲ့သို့ ဒလဟော ကျလာခဲ့ပေရာ၊ ဘုရင့်မြင်းတပ်သည် ပထမ၌ တန့်သွား၍ တဖြည်းဖြည်း တွန့်ဆုတ်ကာ ဖရိုဖရဲ ဖြစ်သွားပြီးလျှင် နောက်ဆုံးတွင် လှည့်ပြန်ပြေးကြလေ၏။

စောခုံမှိုင်းတို့ လူစုမှကား ဘုရင့်ခြေလျင်တပ်သို့ အတင်း တိုးဝင်တိုက်ခိုက်လေရာ စောခုံမှိုင်းသည် ဓားကြီးကို ဝင့်ကာ ရှေ့ဆုံးမှ ခေါင်းဆောင်လျက် တိုက်ခိုက်၏။ ထိုအခါတွင် ခုတ်ကြ၊ ထစ်ကြ၊ ထိုးကြ၊ ကြိတ်ကြ၊ ထုကြ၊ နှက်ကြသော အသံများသည် ဆူညံသွားလျက် နှစ်တပ်တို့မှ လူများသည်လည်း ရောနှောရှုပ်ထွေးလျက် ရှိလေတော့၏။ ထိုခဏ၌ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခံ့ညားသော အမူအရာရှိသည့် ဘုရင့်ရဲမက်မှူးကလေး တစ်ယောက်သည် မိမိလူများနှင့် ကွဲသွားသဖြင့် တစ်ယောက်တည်း မတ်တတ်ရပ်လျက် ကျန်နေရသည်တွင် စောခုံမှိုင်း၏ သွေးသောက်စစ်သည်များနှင့် တွေ့လုဆဲဆဲ ရှိလေ၏။ မောင်မောင်တင့်သည် ထိုသူ၏ တောင့်တင်းခံ့ညားသော ရုပ်လက္ခဏာကို သဘောကျသဖြင့် အများနှင့် တစ်ယောက်တွေ့ခဲ့လျှင် အမှန် သေရှာတော့မည့် အဖြစ်ကို သိမြင်သောကြောင့် သွေး





သောက်များ၏ ရှေ့မှ အလျင်ရောက်အောင် ပြေးသွားပြီးလျှင် ထိုသူအား လက်နက်ချ၍ အရှုံးပေးရန် ပြောလေ၏။ ထိုအခါ ဘုရင့်ရဲမက်မှူးကလေးသည် မည်သို့မျှ မပြောဘဲ ဓားကိုထုတ်၍ မောင်မောင်တင့်၏ ရင်ဝကို ချိန်ထိုးလိုက်ရာ စောခုံမှိုင်း ပေးထားသော သားရေဒိုင်းကြောင့်သာလျှင် မောင်မောင်တင့်မှာ အသက်ချမ်းသာရာ ရလေ၏။ နောက်တစ်ခဏ၌ ဓားကြီးကို ကိုင်စွဲထားသော သွေးသောက်စစ်သည်တစ်ယောက်သည် ဘုရင့်ရဲမက်မှူးလေး၏ လည်ပင်းကို ခုတ်ပိုင်းလိုက်တော့မည်ဟု ချိန်ဆဲတွင် မောင်မောင်တင့်က မိမိ၏ ဓားဖြင့် ကာကွယ်လိုက်သဖြင့် ချော်ထွက်သွား၏။ ထိုအခါမှ ဘုရင့်ရဲမက်မှူးကလေးသည် ဆက်လက်ခုခံသော်လည်း အချည်းနှီး ဖြစ်မည်ကို ဝန်ခံတော့သည့်ပြင် မောင်မောင်တင့်၏ ကာကွယ်မှုအတွက်လည်း ကျေးဇူးတင်ဟန် လက္ခဏာဖြင့် လက်နက်ချကာ အရှုံးပေးလိုက်လေ၏။ မောင်မောင်တင့်ကမူ ဘုရင့်ရဲမက်မှူးကလေးကို ယခင် သွေးသောက်စစ်သည်၏ လက်သို့ အပ်ခဲ့၍ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရန် မှာထားခဲ့လေ၏။

မောင်မောင်တင့်၏ လက်ယာဘက်၌ကား သွေးသောက်တပ်တော်နှင့် ဘုရင့်တပ်တော်တို့သည် အကြိတ်အနယ် တိုက်ခိုက်လျက် ရှိကြ၏။ ဘုရင့်ခြေလျင်တပ်သည် အလေ့အကျင့်ရှိဟန် လက္ခဏာဖြင့် သွေးသောက်များ၏ ထိုးဝင် တိုက်ခိုက်ခြင်းကို ရဲဝံ့စွာ ခံကြလေ၏။ သို့ရာတွင် သွေးသောက် တပ်တော်စုများက ဤနေရာ၊ ထိုနေရာ စသည်တို့၌ ချဉ်းနင်းဖောက်ထွင်းထားသည် ဖြစ်သောကြောင့် စစ်အင်္ဂါအစီအစဉ် ပျက်၍ အတန်ငယ် ဖရိုဖရဲ ရှိနေလေ၏။ ဘုရင့်တပ်တော်သည် အစုအအုပ်ဖြင့် တိုက်ခိုက်ရန် လေ့ကျင့်ထားသူများ ဖြစ်လေရာ ဓားသိုင်း လှံသိုင်း အားကိုးဖြင့် တစ်ယောက်ကောင်း အတင်းဝင်တိုက်ခိုက်သော သွေးသောက်လူစွမ်းကောင်းများ အတွက်ကြောင့် ဖရိုဖရဲ ဖြစ်သွားရာတွင် အစီအစဉ် ပျက်သဖြင့် အားလျော့ကြဟန် လက္ခဏာ ရှိ၏။

မောင်မောင်တင့်သည် တစ်ပြန်တစ်လှန် ခုတ်ထစ်လျက် ရှိကြသော



www.burmeseclassic.com

www.burmeseclassic.com



လှူအုပ်ကြီးဆီသို့ မျှော်ကြည့်လိုက်သောအခါ မိမိ၏ ဆရာဖြစ်ဖူးသော ရဲမက်မှူးကြီး ဦးမင်းခေါင်မှာ နောက်ပါမြင်းတပ်သားများ စွန့်ပစ်သွားသဖြင့် တစ်ယောက်တည်း ကျန်နေရစ်ရာမှ အနီးရှိ ခြေလျင်တပ်တော်သား အနည်းငယ်ကို ရှေ့ဆောင်ကာ ဆုတ်ခံ ခံလျက်ရှိလေရာ ၎င်း၏ကိုယ်မှ ဒဏ်ရာရထားသည့် လက္ခဏာဖြင့် သွေးရဲရဲ ရှိနေသည့်ပြင် မြင်းကုန်းနှီးမှပင် သွေးများ စီးကျနေလေတော့၏။ မောင်မောင်တင့်သည် တတ်နိုင်လျှင် မိမိ၏ ဆရာဟောင်း၏ အသက်ကို ကယ်ဆယ်မည့် အကြံဖြင့် ရှေ့သို့ပြေးသွားစဉ် တံစဉ်တစ်ချောင်းကို ဝါးလုံးအဖျားတွင် ချည်ကာ ကိုင်ထားသော သွေးသောက် စစ်သည်တစ်ယောက်သည် ရဲမက်မှူးကြီး ဦးမင်းခေါင်ထံသို့ နောက်ပိုင်းမှ ပြေးဝင်သွား၍ လည်ပင်းကို တံစဉ်ဖြင့် ချိတ်ဆွဲလိုက်သည်တွင် ဦးမင်းခေါင်၏ အောက်သို့ ပြုတ်ကျသွားသော ကိုယ်လုံးကြီးကိုပင် မြင်လိုက်ရသေး၏။

ထိုအချိန်၌ကား စစ်မြေပြင်တစ်ခုလုံးမှ 'အောင်ပြီ၊ နိုင်ပြီ' ဆိုသော သဘောဖြင့် ကြွေးကြော်သံများ ဆူညံလျက် ရှိလေရာ ၎င်းစစ်ပွဲတွင် သွေးသောက်များသည် ဘုရင့်တပ်တော်ကို အနိုင်ရလိုက်၍ လက်နက်နှင့် စစ်ရိက္ခာ အမြောက်အမြားကိုလည်း ပေစုခွဲ၍ ယူကြလေ၏။ ၎င်းစစ်ပွဲ၌ ခပ်စောစောက ထွက်ပြေးသော မြင်းတပ်သားများမှတစ်ပါး ဘုရင့်ခြေလျင် တပ်သားများ အားလုံးလိုပင် ကျဆုံးခဲ့လေ၏။ ဦးစံဖဲအိမ်တွင် မောင်မောင်တင့်နှင့် နိုက်ရန်ဖြစ်ဖူးသော ဦးစံကဲ ဆိုသူမှာ တောရန်နောင်ဘက်မှ ပါဝင်တိုက်ခိုက်ခဲ့ရာ ထိုသူသည် ထွက်ပြေးသွားသော ဘုရင့်မြင်းတပ်ကို တစ်ယောက်တည်း နောက်မှ လိုက်သွားသဖြင့် တစ်တိုင်ခရီးခန့်တွင် မြင်းတပ်သား လေးယောက်က ရုတ်တရက် တဲ့လှည့် တိုက်ခိုက်ကြသဖြင့် အသက်ဆုံးရှုံးရရှာလေတော့၏။

## အခန်း [ ၁၄ ]

စစ်ပွဲပြီးသော အခါ၌ မောင်မောင်တင့်သည် တောခုံမှိုင်းထံမှ ထွက်လာခဲ့၍ အသက် ကယ်ဆယ်ခဲ့သော ဘုရင့်ရဲမက်မှူးကလေး အကြောင်းကို သွားရောက် စုံစမ်းလေရာ ထိုသူမှာ အခြား သုံ့ပန်းများနှင့်အတူ စစ်မြေပြင်အနီးရှိ ရွာတစ်ရွာ၌ အချုပ်ထားသည်ကို တွေ့ရလေ၏။

မောင်မောင်တင့်သည် သုံ့ပန်းထားသော နေအိမ်သို့ ဝင်သွားသော အခါ ဘုရင့်ရဲမက်မှူးကလေးမှာ မောင်မောင်တင့် အပ်နှံထားခဲ့သော သွေးသောက် စစ်သည်နှင့်အတူ ရှိနေသည်ကို တွေ့ရလေ၏။ သွေးသောက် စစ်သည်မှာ စစ်ထုံးစံအတိုင်း မိမိ ဖမ်းထားသော သုံ့ပန်းထံ၌ ရှိသမျှသော ပစ္စည်းကို မိမိ ရထိုက်သည် ဆိုသော သဘောဖြင့် ထိုသူနှင့် မခွဲမခွာ ရှိနေလေရာ၊ ထိုအတွက်ကြောင့်လည်း အခြားသူတို့သည် ဘုရင့်ရဲမက်မှူးကလေး လက်ဝယ်၌ ရှိသော ပစ္စည်းများကို မွှေနှောက်ရှာဖွေရန် မဖြစ်နိုင်ဘဲ ရှိခဲ့လေ၏။ မောင်မောင်တင့် ဝင်သွားသောအခါ သွေးသောက်စစ်သည်သည် ဘုရင့်ရဲမက်မှူးကလေးကို မောင်မောင်တင့်၏ အမိန့်အတိုင်း စောင့်ရှောက် ထားပါကြောင်းနှင့် ပြော၍ အပ်နှံလေရာ မောင်မောင်တင့်က ဘုရင့်ရဲမက်မှူးကလေးအား 'မိမိ တတ်နိုင်သောအရာ ဖြစ်ခဲ့လျှင် ဆောင်ရွက်ပေးပါမည်' ဆို၍ 'လိုသော အရာများ ရှိပါသလော' ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရင့်ရဲမက်မှူးကလေးက ကျေးဇူးတင်စကား ပြော၍ 'တစ်စုံတစ်ရာမျှ လိုလေသေး မရှိပါကြောင်း' ပြန်ပြောနေခိုက်တွင် စောခုံမှိုင်းသည် ၎င်းအိမ် အတွင်းသို့ ဝင်လာလေ၏။

မှိုင်း။ ။'ကိုင်း မောင်မောင်တင့်၊ လာ မြန်မြန် လုပ်၊ စောရန်နောင်က ရွာဟိုဘက်ပိုင်းမှာ ရောက်နေတယ်၊ ကျုပ်တို့ လိုက်ကြရအောင်၊ လာဗျာ ....မောင်မောင်တင့်'

ဘုရင့်ရဲမက်မှူးကလေးသည် ထိုစကားကို ကြားသောအခါ 'နေပါဦး ခင်ဗျာ၊ မောင်မောင်တင့် ဆိုတာ သူဌေး ဦးသိန်းကြွယ်ရဲ့တူ မောင်မောင်တင့်လား ခင်ဗျာ'

တင့်။ ။'မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ခင်ဗျား သိလို့လား'

မှူး။ ။'ခင်ဗျာ့ တွေ့ရတာ ဝမ်းသာ ဝမ်းနည်းကြီး ရှိလိုက်လေ ခင်ဗျာ'

တင့်။ ။'ဘာကြောင့်ပါလဲ ခင်ဗျာ'

မှူး။ ။'ခင်ဗျာ့ ဘကြီးက မင်းကင်းဦးတင်ဦး ဆိုတဲ့ မိတ်ဆွေ တစ်ယောက် ရှိတဲ့အကြောင်းကို ပြောမပြဖူးဘူးလား'

တင့်။ ။'ပြောဖူးပြီလား ခင်ဗျာ၊ မင်းကင်းမြို့စားရဲ့ ခင်ပွန်းဆိုတာ မဟုတ်လား ခင်ဗျာ။ ရေး၊ မြိတ်၊ ထားဝယ်ဘက် ထွက်သွားနေတယ် ဆို'

ဦး။ ။'မှန်ပါတယ်၊ သွားတုန်းက သွားပြီး ယခု ပြန်ရောက်လာပါတယ်။ မင်းကင်းမြို့စားရဲ့ ခင်ပွန်း မင်းကင်းဦးတင်ဦး ဆိုတာ ကျုပ်ပါပဲ။ ဦးသိန်းကြွယ်ရဲ့ ကျေးဇူးလည်း ကျုပ်အပေါ်မှာ အများကြီး ရှိဖူးပါတယ်။ ဒါထက် ဖြစ်ရလေဗျာ၊ မြန်မာစစ်စစ် ဖြစ်လျက်နဲ့ ဒီအဝတ်နဲ့ ခင်ဗျားကို မြင်ရတာ ကျုပ် ဝမ်းနည်းတယ်ဗျာ'

မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦး၏ မျက်နှာထားနှင့် ပြောလိုက်သော လေသံကို ကြားရသော အခါတွင် မျက်နှာမထားတတ်အောင် ဖြစ်သွား၏။ ထိုအခြင်းအရာကို မြင်သဖြင့် စောခုံမှိုင်းက စကားဖြတ်၍–





'တော်ကြီးဘုရားက မောင်မောင်တင့်ကို ခေါ်တော်မူတယ်တဲ့၊ လုပ်ဗျာ.... မောင်မောင်တင့်'

ဟု ပြောလိုက်သဖြင့် မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦးအား နှုတ်ဆက်ကာ ထွက်လာခဲ့ရလေ၏။

မောင်မောင်တင့်သည် စောခုံမှိုင်းနှင့်အတူ အိမ်ပြင်သို့ ထွက်လာကြသောအခါ ကျေးကျွန်တစ်ယောက်သည် မြင်းသုံးစီးဖြင့် ဝင်းပေါက်မှ စောင့်လျက် ရှိသည်ကို တွေ့ရလေ၏။ မောင်မောင်တင့်တို့သည် မြင်းပေါ်သို့ တက်၍ ထွက်လာကြစဉ်–

မှိုင်း။ ။'ခင်ဗျား ဖမ်းထားတဲ့ မင်းကင်းဦးတင်ဦး ဆိုတဲ့ လူက ဘုရင့်တပ်တော်မှာ နာမည်ကျော် လူကုံထံတစ်ယောက် ဆိုပါလားဗျ။ နန်းတော်ကြီးက သူ့ကို အင်မတန် မြတ်နိုးပြီး အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်တဲ့ဗျ'

တင့်။ ။(စိတ်တိုသော အမူအရာဖြင့်)'တော်စမ်းပါဗျာ၊ ကျွန်တော် စဉ်းစားနေလို့ပါ'

မှိုင်း။ ။'မောင်မောင်တင့်က တော်တော်ဆန်းတဲ့ လူတစ်ယောက်ပဲ၊ ဟိုလူကပြော တစ်မျိုး၊ ဒီလူက ပြော တစ်မျိုး၊ စိတ်အမျိုးမျိုး ပြောင်းလဲတတ်သလားဗျာ။ ဘုရင့်တပ်တော်ကို ကျုပ်တို့က နိုင်လို့ တော်ကြီးဘုရားကိုယ်တိုင်က ခင်ဗျားအစွမ်းကို ချီးကျူးပြီး အပါးတော်က မိန်းမတွေကလည်း မောင်မောင်တင့် မောင်မောင်တင့်နဲ့ တစ်တင့်တည်း တင့်နေကြတုန်းမှာ ခင်ဗျားက မယားသေခါစ မုဆိုးဖိုလို မြင်းပေါ်မှာ ကုပ်ချောင်းချောင်းကြီး ထိုင်လိုက်တာကိုးဗျ'

တင့်။ ။'ဦးမင်းခေါင် ကျသွားတဲ့အတွက် ကျွန်တော် ဝမ်းနည်းတယ်ဗျ။ တစ်ခါတုန်းက ကျွန်တော့်အပေါ်မှာ သူ အင်မတန် ကောင်းရှာပေတယ်'

မှိုင်း။ ။'ဝမ်းနည်းလည်း ခဏပေါ့ဗျာ၊ ပြီးတော့လည်း ရွှင်ရွှင်ပန်းလန်းပေါ့။ ဒီကနေ့ သူ ကျတယ်၊ နက်ဖြန် ကျုပ်တို့အလှည့် ဖြစ်ချင်ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာအရေးကြီးသလဲ၊ ကျုပ်အဖို့မှာတော့ နိုင်ရင်လည်း နိုင်၊ မနိုင်ရင်လည်း ဂုဏ်မပျက်ဘဲ ခံနိုင်ကြီး သေချင်တာလောက် ရှိတာပဲ'

တင့်။ ။ 'ဒါထက် နေစမ်းပါဦးဗျာ၊ ကျွန်တော့်အဖေနဲ့ ဘကြီးလည်း ကျွန်တော့်အတွက်နဲ့ ဖမ်းပြီး ထောင်ချထားတယ် ကြားပါတယ်'

မှိုင်း။ ။ 'ဖထောင်ချလည်း ခဏပေါ့ဗျာ၊ တော်ကြီးဘုရားတို့ နိုင်တော့ လွှတ်လာမှာပေါ့ဗျ'

မောင်မောင်တင့်သည် စောခုံမှိုင်း၏ စကားကို ချေပခြင်း မပြုသော်လည်း မိမိ၏ ဉာတိများ အကြောင်းနှင့် ပတ်သက်၍ စောခုံမှိုင်းက လေးစားသင့်သလောက် လေးလေးစားစား လိုလိုချင်ချင် မရှိလှဟု အောက်မေ့မိသည်နှင့် စောခုံမှိုင်းအပေါ်၌ လှိုက်လှိုက်လှဲလှဲ ပြင်းပြင်းထန်ထန် ချစ်ခင်တွယ်တာမိသော စိတ်သည် ခပ်အေးအေး ဖြစ်သွားလေတော့၏။

မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦးနှင့် နောက်တစ်ကြိမ် တွေ့ဆုံခွင့်ရ၍ မိမိ၏ အဖြစ်အပျက်ကို အစမှ အဆုံးတိုင် ပြန်ပြောင်း ပြောပြသောအခါ၊ မင်းကင်းဦးတင်ဦးသည် မောင်မောင်တင့် အပေါ်တွင် အထင်အမြင်ကြီးလာသည့်နည်းတူ မောင်မောင်တင့်ကလည်း မင်းကင်းဦးတင်ဦး၏ အရည်အချင်းကို စိတ်၌ တစ်ကြိမ်ထက် တစ်ကြိမ်တွေ့တိုင်း ချီးကျူးမိလေ၏။

အနန္တသူရိယ၏ တပ်တော်ကြီး ပြိုကွဲသွားပြီးနောက် နန်းတော်ကြီး၌ ဒုတိယ တပ်တော် စခေါင်းလျက်ရှိစဉ် မင်းကင်းဦးတင်ဦးမှာ သူ့ရဲဘော်ကြီးတို့၏ လက်ဝယ်၌ သုံ့ပန်းအဖြစ်နှင့် အတန်ကြာအောင် အချုပ်ခံနေရသည် ဖြစ်ရာ ထိုအချိန်ကာလ အတောအတွင်း၌ မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦးထံ နေ့တိုင်းလိုပင် သွားရောက်၍ နှီးနှော ပြောဆိုလေ့ရှိ၏။ မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦးကို ကြာလေ ကြည်ညိုလေ ဖြစ်လာသည်နှင့် မိမိ၏ အပေါင်းအသင်းများနှင့် မိတ်ဖွဲ့ပေးလေ၏။ မင်းကင်း ဦးတင်ဦးက စောခုံမှိုင်းမှာ ပါးရည်နပ်ရည် ရှိသော်လည်း အလွန်မာန





ကြီး၍ တစ်ဖက်သားကို ရန်ငြိုးဖွဲ့တတ်ခြင်း၊ ဆူဆူပူပူ လုပ်တတ်ခြင်း တည်းဟူသော ဝါသနာမျိုး ရှိသည်ဟု မင်းကင်းဦးတင်ဦးက အကဲဖြတ်၏။ ထို့ပြင် စောမြစိန်နှင့် မနန်းယုတို့ကိုလည်း မင်းကင်းဦးတင်ဦး တွေ့ဆုံခွင့်ရသဖြင့် အကဲဖြတ်သည်မှာ စောမြစိန်သည် မိန်းမတော်တစ်ယောက် ဖြစ်၍ မနန်းယုမှာ မိန်းမလှတစ်ယောက် ဖြစ်ကြောင်း၊ စောမြစိန်မှာ တော်ပင် တော်ငြားသော်လည်း စိတ်ကြီးဝင်လွန်းဟန် လက္ခဏာရှိကြောင်း၊ မနန်းယုမှာမူ ဒေသနှင့်မလိုက်အောင် သိမ်မွေ့နူးညံ့ခြင်း ရှိသော်လည်း ရိုးလွန်းအားကြီးလှသဖြင့် တကယ့်ယောကျာ်းတို့က မြတ်နိုးနိုင်ဖို့ ခဲယဉ်းကြောင်း စသည်ဖြင့် မင်းကင်းဦးတင်ဦးက မောင်မောင်တင့်အား အကဲဖြတ်ပြလေ၏။

တစ်နေရာ၌ ဖော်ပြခဲ့သည့်အတိုင်း စောမြစိန်နှင့် မနန်းယုတို့သည် အိမ်တစ်အိမ်တွင် နေထိုင်လျက် ရှိကြလေရာ မောင်မောင်တင့်သည် ၎င်းနေအိမ်သို့ သွားရောက် လည်ပတ်လိမ့်မည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ မနန်းယုသည် မောင်မောင်တင့်အား ကဗျာနှင့် စာပေတို့ကို အကြောင်းပြု၍ ဆရာတစ်ဆူ ထင်လာခဲ့သည့်ပြင် အကျွမ်းဝင်သည့်အလျောက် အရောတဝင်ကြင်ကြင်နာနာ ပျူငှာသော အမူအရာလည်း ရှိ၏။ စောမြစိန်သည် ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ မောင်မောင်တင့်သည်ကား ၎င်း၏ မေတ္တာကို တုံ့ပြန်မည့်ပုဂ္ဂိုလ် တွေ့ချေပြီတကားဟု အောက်မေ့၍ မိမိအဖို့ တာဝန်ကျေချေပြီ ဟူ၍ပင် မှတ်ထင်မိလေ၏။

အမှန်ကို ဖော်ပြရလျှင် မနန်းယုသည် အတွေ့အကြုံနည်းသော အစိမ်းကလေး ဖြစ်သည်အလျောက် မိမိ၏ စိတ်အခြေအနေကို ကိုယ်တိုင် အကဲမခတ်တတ်သော်လည်း စောမြစိန်နှင့် တစ်ကြိမ်မျှ စကားပြောမိလျှင် ဉာဏ်အဆင့်အတန်းမြင့်၍ လူမှုကို နားလည်သော စောမြစိန်သည် မနန်းယုက မောင်မောင်တင့်အား ချစ်ကြိုက်လျက် ရှိသည်ကို အကဲခတ်နိုင်လေ၏။ ထိုအချိန်မှစ၍ စောမြစိန်သည် မောင်မောင်တင့်၏ မေတ္တာကို မိမိ တုံ့ပြန်ရန်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပြီဟု တစ်ခါတည်း ပြဋ္ဌာန်းလိုက်သည့်ပြင် မောင်မောင်တင့်က မနန်းယုအား ချစ်ကြိုက်ပါစေ ဟူ၍သာလျှင် အောက်မေ့မိလေတော့၏။

စောခုံမှိုင်းသည် မနန်းယုနှင့် တွေ့ဆုံသည့် အခါများတွင် ရှိသဲ့သဲ့ စကား ပြောသည်များကို စောမြစိန် ကြားရဖူးသော်လည်း မိမိ၏မောင်တော် မြို့စားမင်းသည် ဘုရင့်သမီးတော်တစ်ပါးထက် ဂုဏ်သေးခဲ့လျှင် အိမ်ထောင်ဖက်ပြုမည် မဟုတ်ကြောင်းကို ရိပ်မိသည်ဖြစ်၍ စောခုံမှိုင်း၏ ပိုးပန်းစကားများကို စောမြစိန်သည် လေးနက်စွာ မယူဆချေ။ သို့ဖြစ်၍ မောင်မောင်တင့်နှင့် မနန်းယုတို့သည်သာလျှင် သင့်လျော်သည်ဟု စောမြစိန် ယူဆလေ၏။

တစ်နေ့သ၌ မောင်မောင်တင့်သည် စောမြစိန်၏ တဲအိမ်သို့ သွား၍ စောရန်နောင်ထံမှ စောခုံမှိုင်း ပြန်လာမည်ကို စောင့်မျှော်နေလေ၏။ ယခင် တစ်နေ့က စောခုံမှိုင်းက–

'တော်ကြီးဘုရားကို နက်ဖြန် ကျုပ် သွားတွေ့မယ်၊ ကျုပ် ပြန်လာတဲ့ အခါမှာ သတင်းကောင်း ကြားရအောင် လာခဲ့ပါဦး'

ဟု မောင်မောင်တင့်အား ပြောဖူးသော စကားအရ မောင်မောင်တင့်သည် ထိုကဲ့သို့ လာရောက် စောင့်မျှော်နေခြင်း ဖြစ်၏။ များမကြာမီ စောခုံမှိုင်းသည် ဒေါသတကြီးနှင့် အိမ်ထဲသို့ ဝင်လာလေ၏။

မှိုင်း။ ။ 'ခင်ဗျားမိတ်ဆွေ မင်းကင်းဦးတင်ဦးက စောရန်နောင်ဘက် ခင်ဗျား ပါမိတာ မှားတယ်လို့ဆို မဟုတ်လား၊ ကွယ်မနေပါနဲ့ မောင်မောင်တင့်၊ ယခုဖြင့် ကျုပ်ကိုယ်တိုင် မှားပြီလို့ ထင်နေပြီဗျ။ ဘာကောင်းသလဲဗျ ဒီမင်းသား လုပ်ပုံ။ ဒီကနေ့မနက် ကျုပ်က မင်းသားဆီက လိုချင်တာ နှစ်ခုတောင်းတယ်ဗျ၊ နှစ်ခုစလုံး ပယ်ချလိုက်တယ်။ ကိုင်း.... ကောင်းသေးလားဗျာ'

တင့်။ ။ 'ဘယ်လိုဟာများ ခင်ဗျား တောင်းလို့လဲဗျာ'

မှိုင်း။ ။ 'ဘယ်လိုဟာ တောင်းတောင်း သူ ငြင်းဖို့လားဗျ။





တောင်းတဲ့လူက တခြားလူ မဟုတ်ဘူး၊ ကျုပ် တောင်းတာဗျ။ ကျုပ်က သူ့အပါးတော်က လူ လေး ငါးယောက်မက ဆောင်ရွက်လာခဲ့တဲ့ လူပါဗျာ။ ဒီထောင်ထားခြားနား ကိစ္စကြီး တစ်ခုလုံးဟာ ကျုပ် စီမံခဲ့တာဗျ။ ယိုးတိုးယားတား ဖြစ်နေတဲ့ နယ်စားမြို့စားတွေကို ပါအောင် ဆွဲသွင်း၊ လူတွေစု၊ ရှိသမျှငွေကို ဒီအထဲ မြှုပ်၊ ဒီဟာတွေ ဘယ်သူလုပ်သလဲ၊ ကျုပ် လုပ်တာဗျ။ ကျုပ်က လမ်းမကျတာလည်း မတောင်းပါဘူး မောင်မောင်တင့်။ နည်းနည်းပါးပါး လမ်းမကျဘူး ဆိုပါဦးတော့၊ ကျုပ်က တောင်းရင် မငြင်းထိုက်ပါဘူးဗျ။ ကျုပ်က မြို့စားဆိုတော့ ကျုပ်မြို့ကို ကျုပ် စားရပါတယ်ဗျာ။ သူ့လက်အောက်မှာ သူ့ကိစ္စအတွက် ဆောင်ရွက်ပေးရလို့ ဘုရင့်အပိုင်းက ကျုပ်အဖို့ နယ်တစ်နယ်လောက် ရမလား အောက်မေ့တယ်။ အခုတော့ ကျုပ်အဖို့ မြို့စားရာထူးတဲ့ဗျာ။ ဘာလုပ်ဖို့တုံးဗျ သူ့မြို့စား။ ဆိုင်းသမားတောင် ရွာစားရသေးသတဲ့။ သူပေးတဲ့ မြို့စားဆိုရင် ဆိုင်းသမားသာသာ ရှိလို့ ကျုပ်အဖို့ ဘာလုပ်ဖို့လဲဗျ'

တင့်။ ။ 'နယ်စားရတော့ ဘာများ ရည်ရွယ်ချက်ရှိလို့လဲဗျာ'

မှိုင်း။ ။ 'ဒီလိုလေ မောင်မောင်တင့်၊ ခင်ဗျားတို့တွေက မျိုးရိုးကလေးသန့်လို့ လယ်ယာ ချောင်းမြေကလေး ရှိရင် မြို့စားဆိုတာကို အထင်မကြီးသေးဘူးဗျ။ ဘုရင့်နယ်ထဲက နယ်စားဆိုမှ သူတို့က အဟုတ်ထင်တာ။ ကျုပ်က နယ်စားဖြစ်ပြီးရင် ခင်ဗျားမိတ်ဆွေ မြေပိုင်ရှင် ဦးစံဖဲရဲ့သမီး မနန်းယုကလေးကို လက်ထပ်ဖို့ စိတ်ကူးတယ်'

တင့်။ ။ 'အလို.... ခင်ဗျားက မနန်းယုကို ကြိုက်လို့လား၊ သူ့အဖေကြီးကိုတော့ ခင်ဗျားက အကောင်း မပြောပါဘဲလား'

မှိုင်း။ ။ 'ကြိုက်သလောက်တော့ ကြိုက်တာပေါ့ဗျာ။ မိန်းကလေးက ရုပ်ရည်ကလေး ရှိတယ်၊ ပြောရင်ဆိုရင် နားလည်တယ်၊ မျိုးရိုးသန့်တယ်။ ဒီတော့ ကျုပ်အစ်မတော် စောမြစိန်က သင်ပြပေးရင် အတော်ဟန်တဲ့ ဒေဝီတစ်ယောက် ဖြစ်နိုင်တယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



တင့်။ ။ 'ဒါထက် နေပါဦးဗျာ၊ ခင်ဗျားအကြံကို ဦးစံဖဲ ပြောပြီး ပြီလား၊ မနန်းယုကော ပြောပြီးပြီလား'

မှိုင်း။ ။ 'ဘုရင့်ပိုင်နက်မှာ နယ်စားမဖြစ်ခင် ဦးစံဖဲကို ပြောလို့ အပိုဖြစ်နေမှာပေါ့ဗျ။ မနန်းယု ဆိုတာတော့ သူ့အဖေ ပြီးရင် ပြီးမှာပဲ၊ ဘာ ပြောနေဖို့ လိုသလဲ'

တင့်။ ။ 'ခင်ဗျားက သဘောတူလျှက်နဲ့ အစ်မတော် စောမြစိန်က ကျွန်တော့်ကို သဘောမကျနိုင်တာလို ဖြစ်နေတော့ ဘယ့်နှယ်လုပ်မလဲဗျ'

စောခုံမှိုင်းသည် ထိုကဲ့သို့ နှိုင်းယှဉ်ချက်ထုတ်ခြင်း အတွက် မခံချင်သော သဘောဖြင့် ရုတ်တရက် ပြန်ပြောမည် ပြုပြီးမှ စိတ်ကို ချုပ်တည်းလျက်–

မှိုင်း။ ။ 'အို.... ဒါကတော့ တော်သလို ကြည့်လုပ်မှာပေါ့ဗျာ။ ဒါထက် တော်ကြီးဘုရားကို တွေ့ပါရစေလို့ ကျုပ်က အခွင့်တောင်းလေတော့ ဒီကနေ့မနက် ချိန်းတွေ့ပြီး ကျုပ်လိုလားချက်ကို ပြောပြတယ်။ ဒီတော့ မင်းသားက သူ ကတိထားဖူးတာတော့ မှန်ပါတယ်။ သို့သော် ကျုပ်ထက် ဝါရင့်တဲ့ နယ်စားတစ်ယောက်နဲ့ မြန်မာတစ်ယောက်က နာလိုခံခက် ဖြစ်မှာကို စိုးရိမ်ရသေးတယ်တဲ့။ ဒီတော့ ကျုပ်က "သူတို့ဆီက သဘောတူတဲ့ လက်မှတ် ရအောင် တောင်းပြပါ့မယ်။ ဒီလူတွေဟာ ကျုပ်မိတ်ဆွေပါ" လို့ ပြောတော့ ဒီအခါကျတော့မှ မင်းသားက အမှန်အတိုင်း ဖွင့်ပြောတယ်ဗျ။ ကြည့်စမ်းပါဦးတော့ဗျာ၊ မိုင်းလုံနယ်စားမင်းက မနာလိုမှာကို စိုးရိမ်ရတဲ့ အတွက် နယ်စားခန့်ဖို့ ကိစ္စကို ခေတ္တ ဆိုင်းထားပါဦးတဲ့ဗျာ။ မိုင်းလုံနယ်စားနဲ့ ကျုပ်နဲ့ တူလို့လားဗျာ။ ကျုပ်က သူ့အလုပ်ကို ဘယ်လောက် ကိုယ်ဖိရင်ဖိ ဆောင်ရွက်ခဲ့သလဲဗျာ။ ဟိုလူကြီးက လူညာကြီးဗျ။ ဒါနဲ့တောင် မင်းသားက မိုင်းလုံကို အကြောင်းပြပြီး ကျုပ်ကို သည်းခံတောင်းပန် လွှတ်လိုက်တယ် မောင်မောင်တင့်'

တင့်။ ။ 'ဒါနဲ့ ပြီးခဲ့ရောလားဗျာ'





မှိုင်း။ ။ 'ဘယ်က ပြီးလိမ့်မလဲဗျ။ ကျုပ်စိတ်ထဲက ဒေါသထွက်ပေမဲ့ ဒေါသကို ချုပ်တည်းပြီး ဘယ်လိုအကြောင်းကြောင့် ဒီနယ်စားဘွဲ့ကို ကျုပ် လိုချင်ရပါတယ် ဆိုတဲ့ အကြောင်းကို အလုံးစုံ ဖွင့်ပြောပြခဲ့တယ်'

တင့်။ ။ 'ဒီတော့ မင်းသားက ဘယ်လို အမိန့်ရှိလိုက်သလဲ'

မှိုင်း။ ။ 'အမိန့်ရှိပုံက ဒီလိုဗျ၊ ကျုပ်ရဲ့အကြံအစည် အလုံးစုံကို ဖွင့်ပြီး တိုင်ပင်တဲ့အတွက် ဝမ်းသာပါတယ်တဲ့။ သို့သော် သူ သေသေချာချာ သိတာတစ်ခုက မနန်းယုမှာ ချစ်ကြိုက်နေတဲ့ ရည်းစားရှိတယ်တဲ့ဗျ။ ဒါကြောင့် ကျုပ်က ဘယ်လိုကြံစည်ပေမဲ့ ဖြစ်နိုင်မှာ မဟုတ်ပါဘူးတဲ့ဗျ။ ဒီကိစ္စ မဖြစ်နိုင်တော့ နယ်စားရာထူး ရဖို့လည်း အရေးမကြီးသေးတော့ပါဘူးတဲ့ ဗျ။ ပြောပြောဆိုဆိုနဲ့ ထ သွားပါလေရောဗျာ'

တင့်။ ။ 'ဒီတော့ ခင်ဗျား ဘာလုပ်ခဲ့သလဲ'

မှိုင်း။ ။ 'ကျုပ် လုပ်ချင်တာ ပြောရမှာဖြင့် စောရန်နောင်ကို လက်စားချေချင်တဲ့ သဘောနဲ့ ညီတော် စောရန်အောင်ဘက်ကို ချက်ချင်း ပါလိုက်ချင်တော့တာပဲ။ သို့သော် ခုတော့ ဒေါသနည်းနည်း ပြေသွားပါပြီ။ ကျုပ်မင်းသားက မနန်းယုကို သူ့အပါးတော်က ဘုရင့်ရဲမက်မှူးကလေး တစ်ယောက်နဲ့ ပေးစားချင်ဟန် တူတယ်။ ကျုပ်က ဘာရလိမ့်မလဲ၊ စောင့်ကြည့်နေမှာပေါ့၊ မနန်းယုကို ယူတဲ့လူဟာ ကျုပ်နဲ့ တွေ့ရပြီးသား မှတ်ပေတော့'

၎င်းနောက် စကားအနည်းငယ် ဆက်လက်ပြောဆိုကြ၍ မောင်မောင်တင့်သည် စောခုံမှိုင်းကို နှုတ်ဆက်ပြီးလျှင် နေအိမ်မှ ထွက်လာခဲ့ရာ မြို့စားမှာ ရှုးရှုးရှားရှား မရှိသော်လည်း စောရန်နောင် အပေါ်၌ ကျေးဇူးကန်းသည်ဆို၍ လက်တုံ့ပြန်လိုသော ဆန္ဒသာလျှင် ရှိတော့ဟန် တူပေ၏။ မောင်မောင်တင့် အဖို့မှာမူ စောခုံမှိုင်းအကြောင်းနှင့် မနန်းယုတို့ အကြောင်းများကို ကြားခဲ့ရခြင်းအားဖြင့် စိတ်ထဲ၌ မည်ကဲ့သို့ ဖြစ်သွားသည် မသိ၊ ရှိနေလေတော့၏။

www.burmeseclassic.com



နေအိမ်သို့ ရောက်သောအခါ မောင်မောင်တင့်သည် စကြံလျှောက်ရင်း စဉ်းစားမိသည်မှာ–

“ငါဟာ တော်တော် ထူးဆန်းတဲ့ အကောင်ပဲ၊ စောခုံမှိုင်းက မနန်းယုကို ယူလိုတယ်ဆိုတာ ငါနဲ့ ဘာဆိုင်လို့လဲ၊ ငါကလည်း သူ့ကို မကြိုက်၊ သူကတော့ ငါ့ကို နည်းနည်းပါးပါး သဘောထားမိလေသလား မဆိုနိုင်ဘူး။ မနန်းယုလို ရီးရီးကလေးနဲ့ ကြင်နာတတ်တဲ့ မိန်းကလေးမျိုးကို ငါက မကြိုက်၊ ငါကြိုက်တဲ့ မိန်းမကတော့လည်း သူ့တစ်သက်မှာ အိမ်ထောင်ရက်သား ပြုမယ့် လက္ခဏာမရှိဘူး။ ငါ့စိတ်ထဲမှာတော့ မနန်းယု ဘယ်လိုချောပေမဲ့ စောမြစိန်ကို မီတယ် မထင်ဘူး၊ မြင့်မြင့်မားမားနဲ့ အမူအရာကလည်း သိပ်ခန့်တာပဲ။ တချို့လူတွေကတော့ မန်နန်းယုက ရီးရီးကလေးနဲ့ သဘာဝကျလို့ ချစ်စရာလည်း ကောင်းတယ်၊ အရွယ်ကလည်း ငယ်တယ်လို့ ပြောကြတယ်။ စောမြစိန်ကတော့ ငါ့ထက်တောင် လေး ငါးနှစ် ကြီးမလား မဆိုနိုင်ဘူး။ ဒီကနေ့ ညနေ တွေ့ရရင် သူတို့နှစ်ယောက်ကို သေသေချာချာ ယှဉ်ပြီး ကြည့်စမ်းဦးမယ်”

စသည်ဖြင့် စဉ်းစား စိတ်ကူးလျက် ရှိလေ၏။

## အခန်း [ ၁၅ ]

မောင်မောင်တင့်မှာ အချစ်ပြဿနာနှင့် ပတ်သက်၍ ရံဖန်ရံခါ စိတ်ကူးမိသော်လည်း စင်စစ်သော်ကား စောမြစိန်ကို လည်းကောင်း၊ မနန်းယုကို လည်းကောင်း သတိမရနိုင်ဘဲ မိမိ၏ အိမ်သူအိမ်သားများ အကြောင်းနှင့် မိမိ ပါဝင်လျက်ရှိသော ထောင်ထားခြားနားမှုကြီး အကြောင်းကိုသာ စဉ်းစားလျက် တမွေးမွေးရှိနေသော အချိန်များလည်း ရှိပေ၏။ မင်းကင်းဦးတင်ဦးသည် မောင်မောင်တင့်နှင့် တွေ့ဆုံသော အခါတိုင်း ထောင်ထားခြားနားခြင်း အလုပ်၏ တရားနည်းလမ်းကျခြင်း၊ မကျခြင်း အကြောင်းကို ဆွေးနွေးလေ့ရှိ၏။ မင်းကင်းဦးတင်ဦးက “မောင်မောင်တင့်မှာ မိမိ ပါဝင်ခဲ့မိသော ထောင်ထားခြားနားလုပ်ငန်းမှ ရုတ်တရက် ချက်ချင်း ပစ်ခွာသွားရန် မဖြစ်နိုင်ကြောင်း၊ သို့သော် စောရန်နောင်၏ အကြံအစည်မှာ မည်သည့်နည်းနှင့်မျှ ထမြောက် အောင်မြင်နိုင်မည် မဟုတ်သောကြောင့် မိမိအပေါ်၌ ဘေးအန္တရာယ် မဆိုက်ရောက်မီ အခါအခွင့်ကိုကြည့်၍ ဤအလုပ်ကို လက်လွှတ်သင့်ကြောင်း”နှင့် အကြံပေးလေ၏။

မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦး၏ စကားကို ချေပခြင်း မပြုဘဲ ရှိနေရာမှ မင်းကင်းဦးတင်ဦးက ‘စောရန်နောင်ဘက်မှ စစ်ပွဲကလေး တစ်ပွဲမျှ နိုင်လိုက်ရခြင်းသည် ဘာမျှ အရာမရောက်ကြောင်း၊ နန်းတော်ကြီးမှ ရဲမက်စစ်သည် ရှိသမျှ ချီတက်တိုက်ခိုက်သော တစ်နေ့တွင် သွေးသောက်တပ်မျှလောက်ကို ချေမှုန်းနိုင်ကြောင်း’ ပြောသော အခါတွင်မူကား မောင်မောင်တင့်က–



www.burmeseclassic.com

www.burmeseclassic.com



'ဟန်လိမ့်မယ် ထင်လို့ ပါပြီး ဘားအန္တ ရာယ်မြင်မှ ရှောင်ထွက်သွားမယ်ဆိုရင် ကျွန်တော့်ကိုယ်ကျွန်တော် အသုံးမကျတဲ့ လူတစ်ယောက်ပဲလို့ တစ်သက်လုံး အပြစ်ဆိုလို့ ဆုံးနိုင်မှာ မဟုတ်ပါဘူး ခင်ဗျာ'

ဟု ပြန်ပြောလေ၏။ ထိုစကားကို ကြားရသော အခါတွင်မူကား မင်းကင်းဦးတင်ဦးသည် မောင်မောင်တင့်၏ သတ္တိကို စိတ်ထဲ၌ ချီးမွမ်း၍ ဤအကြောင်းကို ဆက်လက် ဆွေးနွေးခြင်း မပြုဘဲ စကားကို ဖြတ်လိုက်လေ၏။

မောင်မောင်တင့်နှင့် မင်းကင်းဦးတင်ဦးတို့မှာ အိမ်ကြီးတစ်ဆောင်အတွင်း အတူတကွ တည်းခိုလျက် ရှိကြလေရာ တစ်ညသ၌ မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦးနှင့် စကားပြောဆိုပြီးသဖြင့် မိမိ၏အခန်းသို့ ဝင်ခဲ့ပြီးသည့်နောက် များမကြာမီအတွင်း ညည်းညူသံတစ်ချက် ကြားလိုက်ရသဖြင့် ဝေါက်ခနဲ ထ ထိုင်ကာ နားထောင်လေ၏။ ညည်းညူသံမှာ မင်းကင်းဦးတင်ဦး၏ အသံပင် ဖြစ်နေသောကြောင့် မောင်မောင်တင့်သည် အိပ်ရာမှ ထ လာ၍ မင်းကင်းဦးတင်ဦး၏ အခန်းတွင်းသို့ လှမ်းကြည့်လိုက်သောအခါ မင်းကင်း ဦးတင်ဦးသည် မီးခွက်အနီး ပုရပိုက်စုတ် တစ်ရွက်ကို ကိုင်ကာ မှိုင်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

တင့်။ ။ 'ဘာဖြစ်တာလဲ ဦး'

ဦး။ ။ 'ဘာမှ မဖြစ်ပါလား မောင်'

တင့်။ ။ 'ခုနက ညည်းသံလိုလို တစ်ချက် ကြားလိုက်လို့ပါ'

ဦး။ ။ 'မပြောတတ်ပါဘူး၊ လွတ်ခနဲ အသံထွက်သွား ထင်ပါရဲ့'

တင့်။ ။ 'ဘယ်လိုကြောင့်ပါလဲ ခင်ဗျား၊ ကျွန်တော် တတ်နိုင်ရင် ကူညီပါရစေ'

ဦး။ ။ 'ကူညီနိုင်တဲ့ ကိစ္စတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တူသားနောင်မယ်လို ခင်နေလေတော့ တိုင်ပင်ရဦးမှာပါ။ ရော.... ဟောဒါ ဖတ်ကြည့်စမ်း'

မင်းကင်းဦးတင်ဦးသည် လက်ထဲတွင် ကိုင်ထားသော ပုရပိုက်ရွက်





ကို မောင်မောင်တင့်အား လှမ်းပေးလိုက်ရာ၊ ၎င်းမှာ မင်းကင်းဦးတင်ဦး၏ နှမထံမှ ပေးပို့လိုက်သော စာပင်ဖြစ်၍ အောက်ပါအတိုင်း ပါရှိလေ၏။

"မောင်ဖြစ်သူထံ နှမကလေး စာရေး အစီရင်ခံလိုက်ပါသည် ရှင့်။ သူဌေးဦးသိန်းကြွယ်နှင့် ညီ ဦးသန်းကြွယ်တို့မှာ ဖမ်းဆီးချုပ်နှောင်ခြင်း မခံရသော်လည်း မြို့တော်မှ ထွက်ခွာခြင်း မပြုရဟု အမိန့်ထုတ်ထားပါသည်။ ထောင်ထားခြားနားမှု အကြောင်းကို ကျွန်မတို့ ကြားရ၍ မောင်ကြီးပါ ကျဆုံးသည်ဟု သတင်းရပါသဖြင့် ဝမ်းနည်းပက်လက် ဖြစ်ရပါသည်။ ဦးသိန်းကြွယ်၏ တူကလေးကို တွေ့အောင်ရှာ၍ ကယ်ဆယ်ရန် မောင်ကြီး ထွက်သွားစဉ်က အစ်မတော် မင်းကင်းမြို့စားမှာ မကျန်းမမာ ရှိနေသော်လည်း တဖြည်းဖြည်း သက်သာလာပါသည်။ သဘောထားကြီးရင့်သော မိန်းမတစ်ယောက် ဖြစ်သည့်အလျောက် မိတ်ဆွေတစ်ယောက်၏ တူကလေးအတွက် မောင်ကြီး ထွက်သွားသည်ကို စိတ်ဆိုးခြင်း မရှိပါ။ မိတ်ဆွေအချင်းချင်း ခင်မင်ကြပါပေသည် ဟူ၍သာ ချီးမွမ်းရှာပါသည်။ မောင်ကြီး ကျဆုံးသည်ဟု သတင်းကြားရသောအခါ မင်းကင်းမြို့စားမှာ တစ်ဖန် ထပ်၍ ဖျားသွားပါသည်။ ကျန်းမာစွာနှင့် အချုပ်ခံနေရကြောင်းကို မောင်ကြီးထံမှ စာရသဖြင့် ကျွန်မတို့ အားလုံး စိတ်သက်သာရာ ရကြပါသည်။ သို့ရာတွင် သွေးသောက်ပုန်ကန်သူများက မောင်ကြီးကို အဆုံးစီရင်လိမ့်မည်ဟု ပြောကြပြန်သောကြောင့် အစ်မတော်မှာ တစ်ဖန် ရောဂါတိုး၍ အိပ်ရာထဲ၌ ပက်လက်ဖြစ်နေပြန်ပါတော့သည်။ ဤစာကို ရလျှင်ရချင်း တစ်နည်းနည်းဖြင့် လွတ်အောင်ကြံ၍ အစ်မတော် အသက်မီအောင် ပြန်လာခဲ့စေလိုပါသည်။ ငွေနှင့် ရွေးရမည်ဆိုလျှင် လယ်မြေများကို ရောင်းချ၍ ပို့လိုက်ပါမည်။ လာဖြစ်အောင် လာခဲ့ပါ မောင်ကြီးရှင့်"

ခင်ခင်လေး



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင့်မှာ ထိုစာကို ဖတ်ရသော အခါတွင် ကြက်သေသေလျက် ရှိနေတော့၏။ အကြောင်းမူကား မင်းကင်းဦးတင်ဦးမှာ မိမိကို လိုက်လံရှာဖွေရာတွင် ရန်သူလက်ဝယ်၌ အဖမ်းခံရသော အဖြစ်သို့ ရောက်ရာရသည်ဟု ရိပ်မိသောကြောင့် ပေတည်း။ မောင်မောင်တင့်သည် မည်သို့မျှ မပြောနိုင်ဘဲ မင်းကင်းဦးတင်ဦးအား ကြောင်တောင်ငေးလျက် ကြည့်နေစဉ်–

ဦး။ ။ 'ကျုပ်မိန်းမက ရှာမှရှားတဲ့ မိန်းမပါပေ မောင်မောင်တင့်။ ကိုယ့်မယားမို့ ကိုယ်ပြောတာ မဟုတ်ဘူး။ ချောတာ လှတာ အမျိုးမြတ်တာတွေ အပထား။ သူလို သဘောထားကြီးတဲ့ မိန်းမ ကမ္ဘာမှာ လိုက်ရှာလို့ မတွေ့နိုင်ဘူး ကျုပ် ထင်တယ်။ ကိုယ်တိုင် မကျန်းမမာ ဖြစ်နေတဲ့ အခါမှာ မိတ်ဆွေတစ်ယောက်ရဲ့ တူသားနောင်မယ်အတွက် လင်ယောကျ်ား ထွက်သွားတာ ကြည်ကြည်ဖြူဖြူနဲ့ ဘယ်လိုမိန်းမမျိုး ခွင့်ပြုနိုင်လိမ့်မလဲ မောင်မောင်တင့်'

တင့်။ ။ 'ကိုင်း.... ဒါဖြင့် ဦး သွားပေတော့ ခင်ဗျာ၊ ခုချက်ချင်း သွားပေတော့၊ မမီလိုက်ဘဲ ရှိနေပါ့မယ်'

ဦး။ ။ 'ဘယ့်နှယ်လုပ်ပြီး ကျုပ် သွားလို့ ဖြစ်နိုင်မလဲ'

တင့်။ ။ 'ကျွန်တော့်တာဝန် ထားလိုက်ပါ ခင်ဗျာ၊ အပြစ်ရှိသမျှကို ကျွန်တော် ခံရစ်ပါမယ်။ သွားသာ သွားပါ'

ဦး။ ။ 'မောင်က ခံမယ်ဆိုပေမဲ့ မောင့်အပေါ်မှာ အပြစ်လာမယ် ဆိုတာကို သိလျက်နဲ့ ကျုပ် သွားလို့ ဖြစ်နိုင်ပါ့မလား မောင်မောင်တင့်'

တင့်။ ။ 'ကိစ္စမရှိပါဘူး ဦးရယ်။ ဒီအတွက်နဲ့ အသေခံရမယ် ဆိုရင် ကျွန်တော် ခံလိုက်ပါမယ်၊ သွားသာ သွားပါ'

ဦး။ ။ (ပခုံး ပုတ်လျက်) 'တော်ပါပေတယ် မောင်မောင်တင့်၊ ကျုပ် ချီးကျူးပါတယ်။ မောင့်အတွက်ကြောင့် ကျုပ် ယခုလို ဒုက္ခရောက်ရတယ် ဆိုပြီး မောင်က ကျုပ်ကို ကျေးဇူးတုံ့ပြန်လိုတဲ့ သဘောနဲ့ သွားဖို့ တိုက်တွန်းတယ် ဆိုတာ ကျုပ် နားလည်ပါတယ်။ သို့သော် တစ်ဖက်သားက





ကိုယ့်အတွက် ဝင်ခံမယ် ဆိုသော်လည်း ကျုပ် သွားလို့ ဘယ်မှာ ဖြစ်နိုင်မလဲ မောင်မောင်တင့်'

တင့်။ ။ 'ကျွန်တော့်အတွက်ကြောင့် မကျန်းမမာ ဖြစ်နေတဲ့ သားမယားကို ထားခဲ့ပြီး....'

ဦး။ ။ 'ဒါကတော့ မိတ်ဆွေဝတ္တရား မပျက်အောင် ကျုပ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်တယ်။ မိတ်ဆွေ တစ်ယောက်နဲ့ တစ်ယောက် ခင်မင်တယ်၊ သစ္စာရှိတယ် ဆိုတာ လွယ်ကူတဲ့ အလုပ်မျိုး လုပ်ပြလို့ ဘာခင်မင်ရာ ရောက်မလဲ မောင်ရဲ့။ ယခုလို ခဲခဲယဉ်းယဉ်းနဲ့ လူတိုင်း မလုပ်နိုင်တဲ့ အလုပ်မျိုး လုပ်ပြနိုင်မှ တကယ် ခင်မင်ရာ ရောက်တာကိုး။ ကျုပ်မှာတော့ ဒုက္ခဆိုတာ အဆန်းမဟုတ်ပါဘူး။ ယခုကြုံရတဲ့ ဒုက္ခဟာလည်း ပထမတွေ့ခြင်း မဟုတ်ပါဘူး'

ဟု ပြောရင်း မျက်ရည်များ ဝိုင်းလာပြီးလျှင်–

'သို့သော် ဒီအကြောင်းကို နောက်များမှ ပြောသေးတာပေါ့။ ကိုင်း.... မောင်မောင်တင့် အိပ်ချေပါတော့၊ ညဉ့်နက်ပါပြီ'

နောက်တစ်နေ့ နံနက်၌ မင်းကင်းဦးတင်ဦးသည် အိပ်ရာမှ ထလာသောအခါ မောင်မောင်တင့်မှာ မိုးလင်းသည်နှင့် တစ်ပြိုင်နက် အိမ်မှထွက်သွား၍ ပြန်မရောက်လာသေးကြောင်း သိရှိရလေ၏။ နံနက်စာ စားချိန်တွင်မှ မောင်မောင်တင့်သည် မောကြီးပန်းကြီးဖြင့် ပြန်ရောက်လာလေရာ မျက်နှာထား ရွှင်ပျသည်ကို မင်းကင်းဦးတင်ဦး မြင်သဖြင့် အံ့သြမိ၏။

မောင်မောင်တင့်သည် အမိန့်တော်စာချွန် တစ်ခုကို မင်းကင်းဦးတင်ဦး၏ လက်သို့ ထည့်လျက်–

'ယောဒါ ကျွန်တော် ဒီမနက် ဆောင်ရွက်ခဲ့တဲ့ အလုပ်ပါ ခင်ဗျာ။ ဟော့.... ပေါ်တင်၊ ဦးကြီးအတွက် မြင်းတစ်စီး မြန်မြန်ပြင်ဟော့'

ဟု တပည့်တစ်ယောက်အား အမိန့်ပေးလေ၏။ မင်းကင်းဦးတင်ဦးသည် အမိန့်စာကို ဖတ်ကြည့်လိုက်သောအခါ မင်းကင်းဦးတင်ဦးအား "အလို



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ သွားနိုင်စေ” ဟူသော အဓိပ္ပာယ်ဖြင့် စောရန်နောင်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အမိန့်စာပင် ဖြစ်ကြောင်း တွေ့ရလေ၏။

ဦး။ ။ ‘တော်ပါပေ့ မောင်မောင်တင့်ရယ်၊ ဒီအမိန့်ကို မောင်ဘယ့်နှယ် ရခဲ့သလဲ’

တင့်။ ။ ‘လင်းလင်းချင်း ထပြေးပြီး ရှေ့တော်ဝင်၊ ဟိုဘက်ရွာသွားတယ်ဆိုလို့ ချက်ချင်းလိုက်၊ ရောက်ရောက်ချင်း အတင်းဝင်ပြီး ကျွန်တော်က ပူဆာတာပေါ့ ခင်ဗျာ’

ဦး။ ။ ‘တောင်းပုံ တစ်ဆိတ် ပြောစမ်းပါဦး’

တင့်။ ။ ‘ဦးနာမည်ကို ကျွန်တော်က ပြောပြပြီး ကျွန်တော့်ကို အားကိုးရင် ဒီပုဂ္ဂိုလ်ကို လွှတ်ပါလို့ တင်လျှောက်တော့ တော်ကြီးဘုရားက ပထမတော့ ခေါင်းယမ်းပြီး ငြင်းနေသေးတယ်ဗျ။ ဒီတော့မှ ကျွန်တော့်အတွက် ဦး လိုက်လာခဲ့ရပုံတွေကို အားလုံးကုန် ဖွင့်ပြီး ပြောပြတော့မှ တော်ကြီးဘုရား စိတ်ထဲမှာ ထိခိုက်သွားဟန် တူရဲ့၊ ဘာမျှ ပြောမနေတော့ဘူး၊ ဒီအမိန့်စာကို ချက်ချင်း ရေးပေးလိုက်တော့တာပဲ။ တယ် တော်တဲ့ မင်းသားခင်ဗျာ၊ လူတစ်ဖက်သားကို ကိုယ်ချင်းစာဖို့ သတိရတော်မူပါပေတယ်’

ဦး။ ။ ‘တော်ပါပေတယ် မောင်ရင်၊ ကြင်နာတတ်တဲ့ စိတ် ရှိပါပေတယ်။ ကျုပ်ကလည်း သူ့ကျေးဇူးကို မမေ့ပါဘူး။ ကိုင်း.... ဒါထက် ကျုပ် ဘယ်လိုလုပ်ပြီး သွားရမလဲ’

တင့်။ ။ ‘ကျွန်တော် စီမံပြီးပါပြီ၊ ဦးအဖို့ မြင်းတစ်စီးနဲ့ တပည့်တစ်ယောက် ထည့်လိုက်ပါမယ်’

ဦး။ ။ ‘ကျေးဇူးပါပဲ မောင်ရယ်’

## အခန်း [ ၁၆ ]

ပြာသိုလ ရာသီတွင် စောရန်နောင်သည် ငါးထောင်ခန့်မျှ ရှိသော သေွးသောက်စစ်သည်များနှင့် အင်းဝမြို့တော်သို့ ချီတက်သွားကြလေရာ ဘုရင့်ရဲမက်များမှာ ချမ်းအေးသော ဆောင်းရာသီတွင် စစ်ထွက်ရန် ခဲယဉ်းသော်လည်း နယ်စွန်နယ်ဖျားသားများဖြစ်သော သွေးသောက်များမှာမူ အေးလေကြိုက်လေ ရှိနေကြသဖြင့် နှင်းတဖွဲဖွဲ၊ နှာရည် တရွဲရွဲနှင့်ပင် ချီတက်သွားကြလေ၏။ ပုလိပ်အနီးမှ စခန်းချလျက် စောင့်နေသော ရဲမက်ကြီး ဦးသိင်္ဂါ၏ တပ်တော်ကို တွန်းလှန်ဖြိုဖျက်ကြပြီးနောက် အင်းဝဘက်သို့ ဆက်လက်ချီတက်ကြလေ၏။

သို့ရာတွင် ပုလိပ်နှင့် သုံးမိုင်ကွာလောက်တွင် တည်ရှိသော ရွာကလေးသို့ ရောက်ကြသောအခါ ဘုရင့်တပ်တော်ကြီးသည် မြစ်ငယ်ကမ်းပါးမှ စောင့်လျက်ရှိသည်ဟု သတင်းကြားရပြန်သည့်ပြင် ၎င်းတပ်တွင် ရဲမက်စစ်သည်ဦးရေ တစ်သောင်းအောက် မနည်းရှိ၍ စောရန်အောင် ကိုယ်တိုင် ဦးစီးလိုက်ပါလာသည်ဟု သိရှိရလေ၏။ မြန်မာရာဇဝင် တစ်လျှောက်လုံး၌ ညီတော် နောင်တော် စစ်ထိုးသည့်အခါ နောင်တော်ရှုံး၍ ညီတော်နိုင်သည်ဟူသော အစွဲအလမ်းတစ်ခု ရှိသည်ဖြစ်သောကြောင့် စောရန်နောင် လက်အောက်၌ရှိသော သွေးသောက်စစ်သည်များသည် ထိတ်လန့်တုန်လှုပ်စ ပြုလာကြလေ၏။ စောရန်နောင်သည် သွေးသောက်မှူးများနှင့် နယ်စားမြို့စားများကို အပါးတော်သို့ ဆင့်ခေါ်၍ အစည်းအဝေး ကျင်းပကာ အားပေးစကား မိန့်ကြားသေး၏။ သို့ရာတွင် ၂၀ ခန့်မျှသော သွေးသောက်တပ်မှူးများ အစည်းအဝေး၌ ငါးယောက်ခန့်မျှသော မြို့စားနယ်စားများနှင့် တစ်ယောက်

www.burmeseclassic.com



သော သွေးသောက်မှုမှတစ်ပါး ကြွင်းကျန်သော သွေးသောက်မှူးကြီးများနှင့် နယ်စား၊ မြို့စားများသည် တပ်တော်ကို ပြန်ခေါက်၍ အခါကောင်း အခွင့်ကောင်းကို စောင့်မျှော်ရန် အကြံပေး၏။ သို့ဖြစ်၍ စောရန်နောင်သည် စိတ်ကောက်သော အမူအရာဖြင့်–

'သတ္တိမရှိတဲ့ သွေးသောက်မှူးကြီးတွေ ထဘီဝတ်နေကြဖို့ ကောင်းသည်'

ဟု မိန့်ဆိုပြီးလျှင် အစည်းအဝေးကို ရုပ်သိမ်း၍ သွေးသောက်တပ်တော်ကြီးလည်း နောက်သို့ ပြန်ဆုတ်ခဲ့ရလေ၏။ ရဲမက်ကြီး ဦးသိင်္ဂါ၏ ဘုရင့်တပ်တော်သည် သွေးသောက်တပ်တော် နောက်သို့ ခရီးတစ်သောင်းခန့်မျှ အတင်းလိုက်ခဲ့သော်လည်း ဆုတ်ခွာရာ၌ အလွန် လျင်မြန်သော သွေးသောက်တပ်တော်တို့ကို မမီနိုင်တော့ချေ။

မြို့စား၊ နယ်စားများအနက် စောခုံမှိုင်းမှာ မင်းသားအတွက် စိတ်အားအထက်သန်ဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်အလျောက် ထိုကဲ့သို့ တပ်ခေါက်၍ ပြန်ရခြင်းအတွက် စိတ်နှလုံး အထိခိုက်ဆုံး ဖြစ်လေ၏။ စောခုံမှိုင်းသည် သွေးသောက်မှူးကြီးများ အစည်းအဝေး၌ ဓားကြီးကိုပင် ဆွဲထုတ်ကာ တပ်ခေါက်ခြင်း အလုပ်ကို အပြင်းအထန် ကန့်ကွက်သေး၏။ သို့ရာတွင် လူနည်းစု ဖြစ်နေသည့်အတွက် တောက်ခေါက်ကာ မိမိ၏ ဓားကိုပင် လွှင့်ပစ်လိုက်လေတော့၏။ ထိုအချိန်အခါမှ စ၍ ဦးခေါင်းမော့မော့၊ လည်ကြော့ကြော့ဖြင့် မိုးကိုသာ မျှော်ကြည့်ခဲ့သော စောခုံမှိုင်းသည် မျက်နှာညှိုးညှိုး၊ လည်ကုပ်လျှိုးနှင့် တီးတိုးမျှသာ စကားပြောဖော် ရလေတော့၏။

သွေးသောက်တပ်တော်ကြီး ထွက်ခွာခဲ့ပြီးနောက် ရက်အနည်းငယ်ခန့် ကြာသောအခါ စောခုံမှိုင်းသည် မောင်မောင်တင့်၏ စခန်းချရာ ဌာနသို့ ဝင်လာလေ၏။ စောခုံမှိုင်းနှင့် မောင်မောင်တင့်တို့မှာ မနန်းယုအကြောင်းကို စကားစပ်၍ ပြောမိကြသော နေ့မှစ၍ တစ်ယောက်နှင့်တစ်ယောက် ခပ်တန်းတန်း ရှိနေကြရာ မောင်မောင်တင့်လည်း သာစည်ရွာသား သုံး လေးဆယ်





တို့နှင့် အတူ တပ်ခွဲကလေးတစ်ခု အဖြစ်နှင့် အမှုထမ်းလျက် ရှိသော မြေပိုင်ရှင် ဦးစံဖဲ၏ တပ်ထဲသို့ ရွှေ့ပြောင်းသွားလေတော့၏။

မောင်မောင်တင့်သည် မမျှော်လင့်ဘဲလျက်နှင့် ရုတ်တရက် ပေါက်လာသော စောခုံမှိုင်းကို မြင်ရသည့်အခါ အံ့ဩသွားသည့်ပြင် ၎င်း၏ ကုပ်ကုပ်လျှိုးလျှိုး ဖြစ်သွားသော ကိုယ်ဟန်အမူအရာနှင့် ပျော့တော့သော လေသံတို့ကို ကြားရသဖြင့်လည်း တိုး၍ အံ့ဩမိ၏။ ထို့အပြင် အစဉ်ထာဝရ သပ်ရပ်စွာ ဝတ်ဆင်လေ့ရှိသော စောခုံမှိုင်းမှာ ထိုအခါ ဖိုသီဖတ်သီဖြင့် တော်စွာလျော်စွာ ဝတ်ဆင်ထားသည်ကိုလည်း တွေ့ရ၏။ စောခုံမှိုင်းသည် မောင်မောင်တင့်အား လမ်းလျှောက်ရန် ခေါ်သဖြင့် အပြင်သို့ ထွက်လာကြရာ လမ်းခရီး၌–

မှိုင်း။ ။ 'ကျုပ်တို့ ထောင်ထားခြားနားမှု အကြံကြီးတော့ ပျက်သွားပြီ မောင်မောင်တင့်။ ခင်ဗျားကတော့ ဘယ်လိုများ အကြံအစည် ရှိသလဲ ဆိုစမ်းပါဦး။ ကျုပ်မျက်နှာကို ကြည့်မနေစမ်းပါနဲ့၊ အစ်မတော်ဆီက မနေ့က စာတစ်စောင် ရတယ်။ အဲဒီ စာထဲမှာ ခင်ဗျား ပြောဖူးတဲ့ စကားကို လက်ခံဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးတဲ့ဗျ။ ဒီလိုဆိုရင်တော့ ကျုပ်တစ်ယောက်တည်း လေထဲမှာ အိမ်ဆောက် ဆိုတဲ့ စကားလို ဖြစ်နေတော့တာပေါ့ဗျာ။ အစ်မတော်ကဖြင့် ကျုပ်တို့ တပ်ခေါက် ပြန်ခဲ့ရတာကို မသိရှာသေးလို့ သူ့စာက သိပ်ရွှင်တာပဲဗျ။ ကျုပ်တို့အကြောင်း ကြားရရင်တော့ အကြီးအကျယ် စိတ်ပျက်ရှာမှာပဲဗျို့'

မောင်မောင်တင့်သည် စောခုံမှိုင်း၏ ညှိုးငယ်သော အမူအရာနှင့် ဝမ်းနည်းသော လေသံတို့ကို ကြားရသည့်အခါ ကရုဏာ ဖြစ်မိသည်နှင့် ယခင်က တစ်ယောက်နှင့်တစ်ယောက် ပြောမှားဆိုမှား ရှိခဲ့ခြင်းများအတွက် မေ့မယူကြရန် ပြောသည်တွင် စောခုံမှိုင်းလည်း ကြင်နာသော အမူအရာဖြင့် မောင်မောင်တင့်၏ ပခုံးကို ကိုင်၍ လှုပ်လေ၏။ ၎င်းနောက်–

မှိုင်း။ ။ 'ဒါထက် နေစမ်းပါဦးဗျ၊ ခင်ဗျား ဘယ်လိုစိတ်ကူးသလဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမရှိတဲ့ ဒီသွေးသောက်တပ်တော်ကြီးနဲ့အတူ ခင်ဗျားလိုက်နေမဲ့အစား ရေး၊ မြိတ်၊ ထားဝယ်ဘက်ကို ထွက်သွားရင် မကောင်းပေဘူးလားဗျာ။ ကျုပ်က စိတ်ကူးတစ်ခုတောင် ရနေတယ်။ ခင်ဗျားက မနန်းယူကို လက်ထပ် ခေါ်သွားပြီး စောမြစိန်ကိုပါ အစ်မတော်တစ်ယောက် အဖြစ်နဲ့ အကြံဉာဏ် ပေးဖို့ ခေါ်သွားကြရင် ကောင်းလိမ့်မယ် ထင်တယ်။ ကျုပ်ကို ကြည့်မနေစမ်း ပါနဲ့၊ မိန်းကလေးက ခင်ဗျားကို မေတ္တာရှိနေပါတယ်။ ခင်ဗျားကလည်း ကိုယ့်စိတ်ကိုယ် မသိပေမဲ့ သူ့ငယ်မကို မေတ္တာရှိနေပါတယ်ဗျ၊ ကျုပ် သိပါ တယ်’

ဟု ပြုံးရယ်ကာ ပြောလေ၏။

တင့်။ ။ ‘ကျွန်တော်တို့အားလုံး သဘောတူ ပါဝင်ထားကြတဲ့ အကြံအစည်ကြီးကို ကျွန်တော် တစ်ယောက်တည်းက ပစ်ထွက်သွားလို့ တော်နိုင်ပါ့မလား ဗျ’

မှိုင်း။ ။ ‘မပစ်လို့ မဖြစ်တော့ဘူး မောင်မောင်တင့်၊ ကျုပ်တို့ အကြံကြီး ပျက်သွားပြီ။ ကိုယ့်ဟာကို ကိုယ်လွတ်ရန်းဖို့ပဲ ရှိတော့တယ်’

တင့်။ ။ ‘ဒီ့ပြင်လူတွေကော ဘယ်လို လုပ်ကြမလဲဗျာ’

မှိုင်း။ ။ ‘သွေးသောက်တွေတော့ တချို့ နယ်စွန်နယ်ဖျားပြန်၊ တချို့ ထောင်ကျသူကျ၊ အသတ်ခံသူခံ၊ ဒါပဲ ရှိတော့တာပေါ့ဗျ။ နောက်ဆုံး တစ်နေ့တော့ မြို့စားနယ်စားတွေလည်း ချမ်းသာမယ် မဟုတ်လှပါဘူး။ ခဏ ခဏ ဒုက္ခပေးတယ်ဆိုပြီး နန်းတော်ကြီးက အပြစ်ပေးဦးမှာပါပဲ မောင် မောင်တင့်’

တင့်။ ။ ‘ကျွန်တော့်ကိုတော့ အပြေးခိုင်းတယ်၊ ခင်ဗျားတော့ ဘယ်နှယ့်လဲ’

မှိုင်း။ ။ ‘ဪ.... ကျုပ်လား၊ ကျုပ်အတွက်က သေချာပြီးပါပြီ။ နက်ဖြန်ခါ နေမထွက်ခင် ဖမ်းရင်ဖမ်း၊ သေရင် သေရမှာပါပဲ။ အိပ်မက် ရပြီးပါပြီ ဗျ’





တင့်။ ။ ‘တောက်တီးတောက်တဲ့ ဗျာ၊ အိပ်မက်မက်တိုင်း ဖြစ် ရတော့မှာလား ဗျ’

မှိုင်း။ ။ (ဦးခေါင်းကို ယမ်းလျက်) ‘မဟုတ်ဘူး မောင်မောင်တင့်၊ ကျုပ်တို့ မြို့စားမျိုးရိုးမှာ အိပ်မက်ပေးတဲ့ နတ်ကြီးရှိတယ်။ ကျုပ်တို့အမျိုး သေခါနီးပြီ ဆိုမှဖြင့် စိပ်ပုတီးနဲ့ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးတစ်ယောက် အိပ်မက်ထဲလာပြီး စိပ်ပုတီးကို လည်ပင်းဖွပ်ပေးတယ်လို့ မက်ရမြဲ ထုံးစံ ရှိတယ်။ ဘိုးဘိုးလည်း ဒီလိုမက်ပြီး နောက်တစ်နေ့ ဆုံးတယ်။ အဖေလည်း ဒီလိုမက်ပြီး နောက်တစ်နေ့ အနိစ္စရောက်တယ်။ ကျုပ်လည်း မနေ့ညက အိပ်မက်မက်ပြီးပြီဗျ။ ကျုပ်အဖို့မှာ ရက်ပိုင်းတောင် မရှိတော့ဘူး မောင်မောင် တင့်’

တင့်။ ။ ‘မဟုတ်နိုင်တာဘဲ မြို့စားမင်းရာ၊ အမယ်ကြီးအိုတွေ ယုံတမ်းစကားကို မြို့စားမင်း တစ်ယောက်လုံးက ယုံသလားဗျာ’

စောခုံမှိုင်းသည် မောင်မောင်တင့်၏ စကားကို ထပ်မံချေပခြင်း မပြုဘဲ ဦးခေါင်းယမ်းကာ မရွှင်ပျသော ပြုံးခြင်းဖြင့် ပြုံးနေလေ၏။ မောင် မောင်တင့်သည် စိတ်ပြေလက်ပျောက် ရှိစေခြင်းငှာ ၎င်း၏ တပ်တော်စုသို့ ပြန်မသွားသေးဘဲ မိမိတို့နှင့်အတူ ခေတ္တ ခရီးသွားရန် တိုက်တွန်းလေရာ မြို့စားမင်းလည်း သဘောတူလက်ခံ၍ မြင်းများကိုသာ အဆင်သင့် ပြင်ထား ရန် သတိပေးလေ၏။

မောင်မောင်တင့်တို့၏ တပ်တော်နှင့် စောခုံမှိုင်း၏ တပ်တော်တို့မှာ နောက်ပိုင်းမှာ ရှိနေသဖြင့် ဘေးရန် အများဆုံးသော အပိုင်းဖြစ်လေ၏။ ၎င်းတို့သည် တောင်အရပ်သို့ ဆုတ်ခွာလာကြ၍ ရွာတစ်ရွာသို့ ချဉ်းကပ်လာ ကြသည်တွင် ဝေးလံသော အရပ်မှ ဘုရင့်မြင်းတပ်ကြီးတစ်တပ် ချီတက် လာသည်ကို ရုတ်တရက် တွေ့မြင်ကြရလေ၏။ သို့ရာတွင် ထိုအချိန်မှာ နေဝင်လုဆဲဆဲ ရှိနေသဖြင့် မကြာမီအတွင်း မှောင်မိုက်သွားပြီး နောက် လဆုတ်နှစ်ရက် လမင်းလည်း ပေါ်ထွက်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချီတက်လာသော ဘုရင့်မြင်းတပ်သည် သွေးသောက်တပ်တော်၏ နောက်ပိုင်းကိုဖြတ်၍ ပိုင်းထားလေရာ ထိုကဲ့သို့ ပိုင်းရံခြင်း ခံရသော စောခုံမှိုင်း၏ တပ်နှင့် ဦးစံဖဲ၏ တပ်ခွဲစုတို့ကလည်း ခုခံတိုက်ရန် ပြင်ဆင်ကြလေ၏။ စောခုံမှိုင်းမှာမူ တိုက်ခိုက်ရန်ကိစ္စ ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ယခင်က ညှိုးငယ်သော စိတ်များ ပျောက်သွား၍ မြင်းပေါ်မှ ဓားကိုဝင့်ကာ ဘုရင့်မြင်းတပ်၏ လှုပါးသော အပိုင်းသို့ မိမိ၏ နောက်ပါများနှင့်အတူ တစ်ဟုန်ထိုး ချဉ်းနင်းဝင်ရောက် တိုက်ခိုက်လေ၏။ ဘုရင့်မြင်းတပ်သည် ရုတ်တရက် ရဲရင့်စွာ ချဉ်းနင်းတိုက်ခိုက်သော သွေးသောက်တပ်တော်၏ အင်အားကို အကဲခတ် မှားသဖြင့် ပထမ၌ တွန့်ဆုတ်၍ သွားသေး၏။ သို့ရာတွင် တိမ်ဖုံးရာမှ ဘွားခနဲ ပေါ်ထွက်လာသော လမင်းအရောင်တွင် သွေးသောက်တပ်တော်၏ လူအားနည်းသော အခြင်းအရာကို တွေ့မြင်ရသည်နှင့် ရှေ့သို့တစ်ဖန် တိုး၍ ဝန်းပိုင်းတိုက်ခိုက် ကြပြန်သည်တွင် စောခုံမှိုင်းနှင့် နောက်ပါ လေး ငါးယောက်တို့မှာ ဘုရင့်မြင်းတပ်ကြီး၏ အလယ်သို့ ရောက်သွားလေတော့၏။

မောင်မောင်တင့်သည် ထိုအခြင်းအရာကို မြင်လိုက်ရသော်လည်း အနီး၌ရှိသော နောက်ပါ အနည်းငယ်တို့နှင့် စောခုံမှိုင်းတို့အား ကူညီရန် မတတ်နိုင်ဘဲ ရှိနေလေတော့၏။ သို့ဖြစ်၍ မောင်မောင်တင့်သည် ဘုရင့်မြင်းတပ် အင်အားကို တွန်းလှန်ရန် မတတ်နိုင်သဖြင့် ကိုယ်လွတ် ရုန်းထွက်ကာ တောချုံများဆီမှ ရှောင်ကွင်းလေရာ ဘုရင့်မြင်းစီးသူရဲ တစ်စု နှစ်စုတို့နှင့် သိသိကလေးမျှ လွဲသွားပြီးသည်နောက် သွေးသောက်တပ်တော်ကြီးရှိရာသို့ လုံခြုံစွာ ရောက်သွားလေ၏။ စောခုံမှိုင်းမှာမူကား ရန်သူများ လက်တွင်း၌ ကျန်နေရစ်သည် ဖြစ်ရာ မောင်မောင်တင့်သည် ထိုအခြင်းအရာကို စဉ်းစားမိသောအခါ စောခုံမှိုင်း၏ အိပ်မက်ကို သတိရ၍ မြို့စားမင်း ပြောဖူးသည့် အတိုင်းပင် ဟုတ်ချေတော့မည်လောဟု မိတ်ဆွေအတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်မိလေ၏။





မောင်မောင်တင့်သည် နောက်ဆုံးတွင် သွေးသောက်တပ်မကြီးနှင့် ခွဲထွက်လာခဲ့၍ ဒုက္ခအမျိုးမျိုး တွေ့ကြုံခဲ့ရပြီးနောက် တစ်နေ့သောည လူခြေ တိတ် အချိန်တွင် အင်းဝမြို့တော်သို့ လျှို့ဝှက်စွာ ဝင်လာခဲ့လေ၏။ မြို့တွင်းသို့ ရောက်သောအခါ ဘကြီး ဦးသိန်းကြွယ်နှင့် ကြီးတော်တို့ ရှိ မရှိကို သေချာစွာ မသိရသည့်ပြင် နေအိမ်သို့ ရုတ်တရက် ဝင်သွားခဲ့လျှင် မိမိ ပြန်လာသည့် အကြောင်းကို နန်းတော်ကြီးက သတင်းရသွားမည်ကိုလည်း စိုးရိမ်ရသောကြောင့် မောင်မောင်တင့်သည် မင်းကင်းဦးတင်ဦး၏ နေအိမ်သို့ ရှေးဦးစွာ သွားလေ၏။ မင်းကင်းဦးတင်ဦး၏ မင်းကင်းမြို့စားမှာ ထိုအခါ၌ အတော်အတန် ကျန်းမာလာခဲ့ပြီ ဖြစ်၍ လင်မယား နှစ်ယောက်တို့သည် မောင်မောင်တင့်ကို အားရဝမ်းသာ ခရီးဦးကြိုပြုကြ၍ ပြန်ရောက်လာသည့် အကြောင်းကိုလည်း နန်းတော်ကြီးက မသိစေရန် ၎င်းတို့၏ နေအိမ်တွင် လျှို့ဝှက်ထားကြလေ၏။

မောင်မောင်တင့်၏ ဖခင်နှင့် ဘကြီးတို့မှာမူ နန်းတော်ကြီးက ထောင်ထားခြားနားမှုနှင့် ပတ်သက်၍ မသင်္ကာသော သူများစာရင်းတွင် ပါရှိသည့်ပြင် မောင်မောင်တင့်မှာလည်း စောခုံမှိုင်းတို့ လူစုနှင့် ပူးပေါင်းသည်ဟု သတင်းရရှိသည် ဖြစ်သောကြောင့် အကျဉ်းချထားခြင်း ခံရလျက် ရှိကြလေ၏။ မင်းကင်းဦးတင်ဦးနှင့် မင်းကင်းမြို့စားတို့မှာ နန်းတော်ကြီး၌ သြဇာကောင်းသော လင်မယား ဖြစ်သည့်အလျောက် မောင်မောင်တင့်အတွက် အသနားခံကြရန် အကြံရှိကြသော်လည်း ထောင်ထားခြားနားမှုမှာ ပူပူနွေးနွေး ရှိနေသည် ဖြစ်သောကြောင့် မောင်မောင်တင့်အတွက် ရုတ်တရက် ဆောင်ရွက်ပေးရန် အခက်အခဲများ ရှိနေသေးသည် ဖြစ်ရကား အချိန်ဆွဲလိုသော သဘောဖြင့် မောင်မောင်တင့်အား အဝေးမြို့ရွာသို့ ခေတ္တ တိမ်းရှောင်နေရန် အကြံပေးကြလေ၏။ သို့ဖြစ်၍ မောင်မောင်တင့်သည် မနန်းယုနှင့် ၎င်း၏ဖခင် ဦးစံဖဲတို့ကို ရှာဖွေရန် အင်းဝမြို့တော်မှ လျှို့ဝှက်စွာ ထွက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၇ ]

မောင်မောင်တင့်သည် လူကုံထံတစ်ယောက် အဖြစ်မှ ဆင်းရဲသား တောင်သူ တစ်ယောက် အသွင်ဖြင့် ရုပ်ဖျက်ကာ ဝတ်စားဆင်ယင်လျက် ခရီးထွက်လာခဲ့၍ သာစည်ရွာ ဦးစံဖဲတို့၏ နေအိမ်သို့ ဆိုက်ရောက်လာသောအခါ၊ ဘုရင့်ရဲမက်စစ်သည်တော်များသည် ဦးစံဖဲ၏ နေအိမ်တွင် တပ်တော်စခန်းချလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

မောင်မောင်တင့်မှာ ဝင်းကြီးထဲသို့ ရုတ်တရက် ဝင်သွား၍ အိမ်ရှင်များ အကြောင်းကို မေးမြန်းခဲ့သော် မိမိသည် မည်သူမည်ဝါ ဖြစ်သည်ကို ရဲမက်မှူးကလေးများ ရိပ်မိမည် စိုးရသဖြင့် မနီးမဝေးမှ အကဲခတ်လျက်ရှိစဉ် ဦးစံဖဲ၏ ငွေဝယ်ကျွန် ပေါ်စံသည် နေအိမ်ကြီးအတွင်း၌ ရစ်သီရစ်သီ ပြုလုပ်နေသည်ကို တွေ့ရလေ၏။

ပေါ်စံဆိုသူမှာ စိတ်မနှံ့သော လူငယ်တစ်ယောက် ဖြစ်သော်လည်း အချို့သော အရူးများ၏ ထုံးစံအတိုင်း အချို့နေရာတွင် လွန်စွာ ပါးရည်နပ်ရည် ရှိလှ၏။ မောင်မောင်တင့်က 'ဟော့....ပေါ်စံ' ဟု လှမ်းခေါ်လိုက်သော အခါတွင် ပေါ်စံသည် မောင်မောင်တင့်ကို မမှတ်မိဟန်ဖြင့် အတန်ကြာ ကြည့်နေပြီးမှ ရုတ်တရက် သတိရလာသည့် လက္ခဏာဖြင့် လက်နှစ်ဖက်ကို မြှောက်ကာ 'အားလုံး သေကုန်ကြပြီဗျ၊ အားလုံး သေကုန်ကြပြီဗျ' ဟု ပြောလေ၏။ ယင်းကဲ့သို့ နှုတ်မှပြောသော်လည်း ပေါ်စံသည် မောင်မောင်တင့်ကို မျက်ရိပ်ပြလျက် ရှေ့မှ လျှောက်သွားလေရာ မောင်မောင်တင့်လည်း ၎င်း၏စကားကြောင့် တထိတ်ထိတ်နှင့်ပင် နောက်မှ လိုက်သွားရလေ၏။

ပေါ်စံသည် ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွား၍ မောင်မောင်တင့်လည်း ခပ်လှမ်းလှမ်းမှ လိုက်သွားလေရာ နှစ်မိုင်ခရီးခန့် သွားမိကြသော အခါတွင် တောကြီးထဲသို့ ရောက်လာကြ၍ နေမင်းလည်း ဝင်သွားသဖြင့် မှောင်စ ပြုလာလေ၏။ နောက်ဆုံး၌ မောင်မောင်တင့်သည် ပေါ်စံကို မမိနိုင်





တော့ဘဲ မျက်ခြည်ပြတ်သွားသဖြင့် ချော်ရမ်းကာ လိုက်ရလေရာ လမ်းမှာ မထင်မရှားမျှသာ ရှိနေ၍ တောလည်း နက်သည်ထက် နက်လာလေ၏။ နောက်ဆုံး၌ မောင်မောင်တင့်သည် ပေါ်စံကို မမြင်ရတော့ဘဲ ရှေ့မှ မီးရောင်ကလေး တစ်ခုကိုသာ မြင်ရသဖြင့် ၎င်းမီးရောင်ရှိရာသို့ ဦးလှည့်ကာ လျှောက်သွားသည်တွင် တဲကလေးတစ်ခုသို့ ရောက်သွား၍ အတွင်းမှ ခွေးဟောင်သံများဖြင့် ဆူညံလျက် ရှိသည်ကို ကြားရလေ၏။

မောင်မောင်တင့်လည်း တဲအနီးသို့ ချဉ်းကပ်ရာတွင် တဲတွင်းမှ အဘိုးကြီးတစ်ယောက်၏ အသံဖြင့် 'ဟဲ့ ခွေးမသား၊ နင် ဘယ်သူ့များ ခေါ်လာခဲ့ပြန်တုံး' ဟု မေးလိုက်သည်ကို ကြားရလေ၏။ ၎င်းမေးခွန်းကို ပေါ်စံက ဖြေဆိုသည့်တိုင်အောင် စောင့်မနေဘဲ မောင်မောင်တင့်သည် တဲတံခါးကို တွန်း၍ ဝင်သွားသည်တွင် ခွေးကြီးနှစ်ကောင်နှင့်အတူ ထောင့်တွင် ထိုင်လျက်ရှိသော အဘိုးကြီးတစ်ယောက်ကို တွေ့လေ၏။ ခွေးကြီးနှစ်ကောင်ကမူ မောင်မောင်တင့်အား အနံ့ခံပြီးနောက် သိကျွမ်းဟောင်းဖြစ်သည့် လက္ခဏာဖြင့် အမြီးနန့်လျက် ရှိနေကြလေ၏။ တဲကလေးအတွင်း အခြားသော ထောင့်၌ကား ဒူးလေးတစ်လက်ကို ကိုင်စွဲကာ ရပ်လျက်ရှိသော လူကြီး တစ်ယောက်ကို မြင်သဖြင့် မောင်မောင်တင့်သည် မီးဖို၏ မှေးမှိန်သော အလင်းရောင်တွင် ငေးကြည့်လျက်ရှိစဉ် ထိုသူသည် ဒူးလေးကို ပစ်ချ၍ မောင်မောင်တင့်၏ ပခုံးကို လာ၍ ကိုင်လေ၏။ ထိုလူကြီးမှာ မြေပိုင်ရှင်ကြီး ဦးစံဖဲပင် ဖြစ်လေသည်။

ဦးစံဖဲက မောင်မောင်တင့်အား ၎င်း၏ အဖြစ်အပျက်များကို ပြန်ပြောသည်မှာ သွေးသောက်တပ်တော်ကြီးမှ လူစုခွဲ၍ မိမိ၏နေအိမ်သို့ ပြန်လာသော အခါတွင် ကျီထဲမှ စပါးများနှင့် အိမ်ထောင်မှုပစ္စည်းများကို ဘုရင့်ရဲမက်စစ်သည်တော်များ သိမ်းယူနှင့်ကြသည်ကို တွေ့ရကြောင်း၊ ရဲမက်စစ်သည်တော် အချို့သည် မိမိ၏နေအိမ်တွင် တည်းခိုလျက်ရှိကြ၍ မိမိအား လိုက်လံ ရှာဖွေကြသည်ဟု သိရှိရသောကြောင့် တောထဲ၌ ပုန်းအောင်းနေရကြောင်း ပြော၏။ နောက်ဆုံး၌ မောင်မောင်တင့်က မနန်းယု အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းရာ မနန်းယုမှာ မိမိနှင့် ညီအစ်ကို ဝမ်းကွဲ တော်စပ်သော ရမည်းသင်းမြို့ဝန်ထံသို့ ပို့ထားလိုက်ရကြောင်း၊ မိမိအဖို့မှာ တစ်ရပ်တစ်ကျေးသို့ တိမ်းရှောင် နေထိုင်ရမည် ဖြစ်သောကြောင့် သမီးကလေး၏ မျက်နှာကို မြင်ရတော့မည် မထင်ကြောင်းဖြင့် ဝမ်းနည်းစွာ ပြောပြလေ၏။

၎င်းနောက် မိတ်ဆွေနှစ်ယောက်တို့သည် မိမိတို့၏ နောင်ရေးနောင်တာ အကြောင်းအရာများကို ဆက်လက် တိုင်ပင်ကြလေရာ ဦးစံဖဲ၏ အကြံမှာ မြေ၌ မြှုပ်ထားသော ငွေများအနက်မှ အချို့ကို မနန်းယုအတွက် ထား၍ အချို့ကို မိမိ ယူပြီးလျှင် အောက်ပြည်အောက်ရွာသို့ ထွက်ခွာသွားမည် ဖြစ်၍ မောင်မောင်တင့်အားလည်း ၎င်းနှင့်အတူ လိုက်ရန် ခေါ်ငင်လေ၏။ မောင်မောင်တင့်ကလည်း နန်းတော်ကြီး၌ မိမိအတွက် မင်းကင်းမြို့စားတို့ လင်မယား ဆောင်ရွက်သောကိစ္စ အထမမြောက်ခဲ့လျှင် အတူလိုက်ပါမည်ဟု ဝန်ခံကတိ ထားလေ၏။ အကယ်၍ မိမိအား ချမ်းသာပေးရန် မင်းကင်းဦးတင်ဦးတို့ ဆောင်ရွက်သောကိစ္စ ထမြောက်ခဲ့လျှင် မနန်းယုကို မိမိနှင့် ထိမ်းမြားရန် ဦးစံဖဲ သဘောတူလိမ့်မည်ဟု မောင်မောင်တင့် မျှော်လင့်သော်လည်း ထိုအကြောင်းကို ယခုပြောရန် အချိန်မတန်သေး ဟူ၍ မောင်မောင်တင့် ဆုံးဖြတ်ထားလိုက်လေ၏။

ထိုနေ့မှစ၍ မောင်မောင်တင့်သည် ဦးစံဖဲနှင့်အတူ တောထဲတွင် နေထိုင်၍ ပေါ်စံက စားနပ်ရိက္ခာများကို ရံဖန်ရံခါ လာပို့ပြီးလျှင် ပေါ်စံ၏ မွေးသဖခင်ဖြစ်သော အဘိုးကြီးသည် ချက်ပြုတ်ခြင်း ကိစ္စကို ဆောင်ရွက်လေ၏။ ထိုအတောအတွင်း၌ မောင်မောင်တင့်သည် သူကြီးအိမ်သို့ သွား၍ မိမိ၏ အမည်ကို "မောင်သန့်" ဟူ၍ ပေးထားပြီးလျှင် မိမိအဖို့ အညာမှ စာများ ပေးပို့လိုက်ပါလျှင် ယူထားရန်ပြော၍ လက်ဆောင်များလည်း ပေးထားလေ၏။ လက်ဆောင် ဆိုသည်မှာ ဘုရင့်အမှုတော်ထမ်းများနှင့် ဆက်ဆံရာတွင် မျက်နှာပွင့်လန်းစေသည့် အရာသာလျှင် ဖြစ်ပေ၏။

ယင်းကဲ့သို့ တစ်လခန့်မျှ နေထိုင်ကြပြီးသော် တစ်နေ့သ၌ မင်းစေတစ်ယောက်သည် သူကြီးအိမ်သို့ မြို့တော်ကြီးမှ ဆိုက်ရောက်လာ၍ မောင်





သန့် ဆိုသူ၏ အမည်ဖြင့် အထုပ်တစ်ခု လာရောက်ပေးပို့လေ၏။ မောင်မောင်တင့်သည် သူကြီးအိမ်သို့ ရံဖန်ရံခါ သွားရောက် မေးလေ့ရှိသည့်အတိုင်း တစ်နေ့သ၌ မောင်မောင်တင့်သည် သူကြီးထံ သွားရောက်ရာတွင် မောင်သန့် အမည်ဖြင့် ပို့ထားသော အထုပ်တစ်ခုကို ထုတ်ပေးလေ၏။ မောင်မောင်တင့်သည် ၎င်းအထုပ်ကို ဖြေကြည့်လိုက်ရာတွင် မင်းကင်းဦးတင်ဦး ထံမှ စာတစ်စောင်နှင့် အမိန့်တော် စာချွန်နှစ်ခုကို တွေ့ရှိရလေ၏။ အမိန့်တော် စာချွန်နှစ်ခုမှာ မောင်မောင်တင့် အတွက် တစ်ခုနှင့် ဦးစံဖဲ အတွက် တစ်ခုဖြစ်၍ ၎င်းတို့အား ဘုရင်မင်းမြတ်က သနားတော်မူသဖြင့် နောက်နောင်အခါ ဘုရင်မင်းမြတ်၏ ကျေးဇူး သစ္စာတော်ကို သေတစ်ပန် သက်ဆုံး စောင့်သိ ရိုသေပါတော့မည် ဟူ၍ သစ္စာရေ သောက်ခဲ့လျှင် ကျူးလွန်ခဲ့ဖူးသော ပြစ်မှုမှ ချမ်းသာခွင့် ပေးသနားတော်မူမည့် အကြောင်းများပင် ဖြစ်လေ၏။ မင်းကင်းဦးတင်ဦး၏ စာ၌လည်း မောင်မောင်တင့်၏ ဖခင် ဦးသန်းကြွယ်နှင့် ဘကြီး ဦးသိန်းကြွယ်တို့အားလည်း ထိုနည်းတူစွာ ဘုရင်မင်းမြတ်က ချမ်းသာခွင့် ပေးသနားတော်မူပြီး ဖြစ်သည့် အကြောင်းများ ပါရှိလေ၏။ မောင်မောင်တင့်မှာ မင်းကင်းမြို့စားနှင့် မင်းကင်းဦးတင်ဦးတို့၏ ကျေးဇူးကြောင့် မိမိတို့ တစ်ဆွေတစ်မျိုးလုံး သာမက မိတ်ဆွေ ဦးစံဖဲပင်လျှင် ရာဇဝတ်ပြစ်မှုမှ ချမ်းသာခွင့်ရသည့် အဖြစ်ကို သိရှိရသဖြင့် ထိုလင်မယား၏ အစွမ်းကို စိတ်ထဲ၌ ချီးကျူးကာ လွန်စွာ ကျေးဇူးတင်လျက် ရှိလေ၏။

မောင်မောင်တင့်သည် အမိန့်တော် စာချွန်များကိုယူ၍ ဦးစံဖဲထံ ပြန်သွားပြီးလျှင် ထိုလူကြီးအား ဖတ်ပြလေရာ ဦးစံဖဲမှာ မမျှော်လင့်သော ချမ်းသာခွင့်ကို ရရှိသည်ဖြစ်၍ ဝမ်းသာလုံးဆို့သဖြင့် ရင်ဘတ်ကိုပင် နှိပ်ထားရ၏။ မောင်မောင်တင့်နှင့် ဦးစံဖဲတို့သည် မိမိတို့ ကံဇာတာကောင်းလာသည့် အဖြစ်ကို ဝမ်းမြောက်ဝမ်းသာ ပြောနေပြီးနောက် မောင်မောင်တင့်က ဦးစံဖဲ သဘောတူညီခဲ့လျှင် သမီး မနန်းယုနှင့် ထိမ်းမြားလက်ထပ်လိုပါကြောင်း ပြောသည်တွင်၊ ဦးစံဖဲမှာ ဝမ်းသာသည်ထက် ဝမ်းသာလှသဖြင့် ယောက္ခမတို့



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဟန်လုပ်ရန်ပင် မတတ်နိုင်ဘဲ မောင်မောင်တင့်၏ ပခုံးကို ပုတ်လျက်–

'ဘကြီးက သဘောတူလိုက်တာ ဆိုတာတော့ မပြောနဲ့တော့ ငါ့တူ၊ ငါ့သမီးအဖို့ မြန်မာတစ်ပြည်လုံးထဲက သမက်တစ်ယောက် ရွေးပါ ဆိုရင် ငါ့တူကို ဘကြီး ရွေးမှာပဲ'

ဟု ပြောလေ၏။

မောင်မောင်တင့်နှင့် ဦးစံဖဲတို့သည် နန်းတော်ကြီးမှ အမိန့်တော်စာချွန်များ လက်ကိုင်ရပြီဖြစ်၍ ရွာထဲသို့ ပြောင်ပြောင်ကြီး ဝင်လာကြပြီးလျှင် မနန်းယု ရှိရာ ရမည်းသင်းမြို့သို့ ခရီးထွက်ရန် ပြင်ဆင်ကြလေ၏။ ထိုသူနှစ်ယောက်တို့သည် တပည့်ပေါစံကို ခေါ်၍ မြင်းတစ်စီးစီနှင့် ရမည်းသင်းမြို့သို့ ထွက်လာခဲ့ကြလေရာ ဆိုက်ရောက်သောအခါ၌ သားအဖနှစ်ယောက်တို့ မမျှော်လင့်ဘဲ ဆုံစည်းမိကြသည်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပုံမှာ ပြောဖွယ်ရာ မရှိချေ။ မနန်းယုသည် မောင်မောင်တင့်ကို မြင်ရသောအခါ၌ မျက်နှာ နီမြန်းသွားသည်ကို ထောက်ခြင်းအားဖြင့် ဖခင်နှင့်အတူ ရမည်းသင်းသို့ လိုက်ပါလာခဲ့ခြင်း၏ အဓိပ္ပာယ်ကို တွေးတောမိဟန် ရ၏။ သို့ရာတွင် ဣန္ဒြေရှင်ဖြစ်သည်အလျောက် ထိုကိစ္စမျိုးနှင့် ပတ်သက်၍ ဝမ်းသာသလောက် ဖော်ပြရန် မလျော်ပေရကား ပျူငှာမှာ ရှိသင့်သလောက်မရှိဝံ့ဘဲ ဟန်လုပ်၍ နေရလေ၏။ ဦးစံဖဲကမူကား မိန်းမ မဟုတ်သဖြင့် ဟန်လုပ်မနေနိုင်ဘဲ မိမိနှင့် မောင်မောင်တင့်တို့ စိတ်ကူးလာခဲ့ကြသော အကြံအစည်ကို သမီး မနန်းယုအား ပြောပြလေရာ မနန်းယုသည် လျောက်ပတ်သော ရှုံ့ရက်ခြင်းဖြင့် ဖခင်၏ စကားကို နားထောင်လျက် ရှိလေ၏။

နောက်ဆုံး၌ အများသဘောတူ ဆုံးဖြတ်ချက် ချကြသည်မှာ မောင်မောင်တင့်သည် ရွှေမြို့တော်သို့ ပြန်သွား၍ ဖခင်နှင့် ဘကြီးများကို ခေါ်ဆောင်ခဲ့ပြီးလျှင် ၎င်းမြို့တွင် မနန်းယုနှင့် ထိမ်းမြားမင်္ဂလာ ဆောင်နှင်းကြရန်ပင် ဖြစ်လေသည်။ မောင်မောင်တင့်သည် မိမိအတွက် ချမ်းသာခွင့် ရ၍ ချစ်ကြိုက်သော မိန်းမနှင့် လက်ထပ်ရမည့် အတွက် ရွှင်မြူးလျက် ရှိသော်





လည်း ၎င်း၏မိတ်ဆွေ စောခုံမှိုင်းကို မမေ့မလျော့ချေ။ သို့ဖြစ်၍ မိဘများထံသို့ အပြန်တွင် စောခုံမှိုင်း၏ နယ်သို့ဝင်၍ အကြောင်းခြင်းရာကို စုံစမ်းပြီးလျှင် ၎င်းအတွက်ကိုလည်း လုံးဝ အပြစ်ချမ်းသာခွင့် မရစေကာမူ သေဒဏ်မဟုတ်ဘဲ ထောင်ဒဏ်မျှလောက်ဖြင့် ပြီးစေရန် မိမိ တတ်အားသမျှ ကြိုးစားဦးမည်ဟူ၍လည်း သန္နိဋ္ဌာန် ချထားလိုက်၏။ နောက်ဆုံးတွင် စောခုံမှိုင်း အတွက် မတတ်နိုင် ထားဘိဦး၊ အစ်မတော် စောမြစိန်အား မိမိ တတ်နိုင်သော အကူအညီ ပေးဖို့ကိုလည်း စိတ်ကူးထားလေ၏။

မောင်မောင်တင့်သည် ရမည်းသင်းမှ ထွက်လာ၍ ပျော်ဘွယ်သို့ ဆိုက်ရောက်သောအခါ နန်းတော်ကြီးမှ တရားသူကြီးများကို စေလွှတ်၍ ထောင်ထားခြားနားမှုတွင် ပါဝင်သော တရားခံများကို စစ်ဆေးလျက် ရှိသည်ဟု ကြားသိရသဖြင့် ရုံးထိုင်ရာ ဌာနသို့ ပျာယီးပျာယာ ပြေးဝင်သွားလေ၏။ လွှတ်ရုံးပေါ်သို့ မောင်မောင်တင့် တက်သွားသောအခါ ပွဲပုံပန်း ရှိနေသော ၎င်း၏ မျက်နှာထားကို မြင်ကြရသဖြင့် ပရိသတ်တို့က မောင်မောင်တင့်အား ဉာတိတစ်ယောက် ဖြစ်သည်ဟု မှတ်ထင်ကာ ရှဲဖယ်၍ ပေးကြလေ၏။ ရုံးခန်းသို့ ဝင်သွားသောအခါ တရားသူကြီးသည် အခြားသော တရားခံများကို စစ်ဆေးပြီးသဖြင့် နှစ်ယောက်တည်းသော တရားခံတို့သာလျှင် ကျန်တော့သည် ဖြစ်ရာ ထိုခဏတွင် တရားသူကြီးလည်း "အပြစ်ရှိသည်" ဟူသော စီရင်ချက် ချမှတ်လျက် ရှိလေ၏။

ထိုခဏ၌ တရားခံတစ်ဦးဖြစ်သော စောခုံမှိုင်းသည် ထိုင်ရာမှ ရုတ်တရက် ထ၍ ရင်ကိုကော့လျက် လက်ပိုက်ကာ တည်ငြိမ်လှစွာသော မျက်လုံးများဖြင့် တရားသူကြီးအား ကြည့်လျက်–

'ဘာပြောစရာ ရှိသေးသလဲ မေးလို့ ပြောရမှာဖြင့် ခင်ဗျားဟာ အခြေအမြစ်က စပြီး မတရားတဲ့ အမှုကြီးမှာ ရုံးထိုင် စစ်ဆေးနေတဲ့အတွက် တရားသူကြီးလို့ မခေါ်ထိုက်ပါဘူး၊ မတရားသူကြီးလို့ ခေါ်ထိုက်ပါတယ်။ တရားသဖြင့် ဆောင်ရွက်ခဲ့တဲ့ လူတွေကို ခင်ဗျား စစ်ဆေးပြီး သေဒဏ် အပြစ်ပေးလာခဲ့တယ် မဟုတ်လား၊ ကျွန်ုပ်ကိုလည်း သေဒဏ် အပြစ်ပေးမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ပေးသာ ပေးပါ မတရားသူကြီးရဲ့။ ကျွန်ုပ် အဖို့မှာတော့ တရားသဖြင့် အလုပ်လုပ်ခဲ့တာ ဖြစ်တဲ့အတွက် မှားလေခြင်းရယ်လို့ နောင်တ မရတဲ့ပြင် ဆယ်ခါပြန် ရှင်ရင်တောင် ဒီအတိုင်းပဲ ကျွန်ုပ် ဆယ်ခါ ထပ်ပြီး လုပ်ဦးမှာပဲ'

ဟု တုန်ယင်ခြင်း ကင်းသော အသံဖြင့် ပြောပြီးလျှင် ထိုင်လိုက်လေ၏။

မောင်မောင်တင့်သည် စောခုံမှိုင်းနှင့်အတူ ထိုင်လျက်ရှိသော ဒုတိယ တရားခံကို ကြည့်လိုက်သောအခါ ထိုသူမှာ မိမိအား ဦးစံဖဲ၏ နေအိမ်မှ ခေါ်ဆောင်သွားသည့် သံတမန်ပင် ဖြစ်နေသည်ကို တွေ့ရလေ၏။ သံတမန်မှာ စောခုံမှိုင်းကို ဖမ်းမိစဉ်က အတူတကွ ဖမ်းဆီးရမိထားသည်ဖြစ်၍ အတူတကွ စစ်ဆေးရခြင်း ဖြစ်၏။ သံတမန်သည် ထိုင်ရာမှ ထ၍ စကားပြောမည် ပြုရာ ရုတ်တရက် စကားစ ရှာမတွေ့ဟန်ဖြင့် ဆုတ်ဆိုင်းလျက် ရှိနေလေ၏။ ပရိသတ်တို့ကမူကား ထိုသူသည် မြို့စားမင်းကို ကြောက်ရသည့်အတွက် မြို့စားမင်း နိုင်းသမျှ လုပ်ရပါသည်ဟု ပြောလိုသည် အထင်ဖြင့် ကရုဏာ ဖြစ်ကာ အုတ်အုတ်ကျက်ကျက် ဖြစ်သွားသေး၏။ တရားသူကြီးသည် ပရိသတ်ကို တိတ်တိတ်နေကြရန် အမိန့်ပေးပြီးနောက် တရားခံအား ပြောရန် ရှိသမျှကို ပြောဖို့ တိုက်တွန်းရာတွင် သံတမန်က–

'ဒီလိုပါ တရားသူကြီး၊ အရှင်ဘုရားက ကျွန်တော်မျိုးရဲ့ အရှင်သခင် စောခုံမှိုင်းကို ဒီတစ်ခါ ချမ်းသာပေးပြီး လွှတ်လိုက်လို့ရှိရင် ကျွန်တော်မျိုးက မြို့စားမင်းနယ်ထဲမှာ ထိပ်ဆုံးလူကုံထံ ခြောက်ယောက်ကို ခေါ်လာခဲ့ပြီး မြို့စားမင်းအတွက် အသေခံပါစေမယ်။ ကျွန်တော်မျိုး ခေါ်ခဲ့တဲ့ လူကုံထံ ခြောက်ယောက်ကို ခင်ဗျားတို့ လုပ်ချင်သလို လုပ်၊ သတ်ချင်သလို သတ်၊ ကျွန်တော်မျိုးကိုယ်တိုင် ရှေ့ဆုံးက အသေခံပါ့မယ်'

ဟု ပြောလိုက်သည်တွင် ပရိသတ်တို့မှာ လွှတ်ရုံးတော်အတွင်း ဖြစ်သော်လည်း သံတမန်၏ ထူးဆန်းသော စကားအတွက်ကြောင့် ဝေါခနဲ ဖြစ်သွားလေ၏။ တရားသူကြီးက တိတ်တိတ်နေရန် အမိန့်ပေးလျက်ရှိစဉ်





သံတမန်သည် ပြုံးရယ်လျက်ရှိသော ပရိသတ်ဘက်သို့ တင်းတင်းမာမာ မျက်နှာထားဖြင့် လှည့်ကြည့်လျက်–

'ခင်ဗျားတို့က ဘယ်လိုသဘောနဲ့ ရယ်ကြတာလဲ။ ကျုပ်လို လူ တစ်ယောက်နဲ့ အခြား လူကုံထံခြောက်ယောက်ရဲ့ အသက်ဟာ ဒီမြို့စားမင်းရဲ့ အသက်လောက် အဖိုးမတန်ဘူး ဆိုပြီး ရယ်ကြရင်တော့ ရယ်နိုင်ပါတယ်။ ဒီလို မဟုတ်ဘဲနဲ့ ကျုပ်ကို လွှတ်လိုက်ရင် လူကုံထံခြောက်ယောက် ခေါ်ခဲ့မယ် ဆိုတာကို မယုံနိုင်ဘူးဆိုပြီး ရယ်ကြရင်တော့ ကျုပ်တို့ဟာ ကျုပ်တို့ အရှင် သခင်ကို ဘယ်လောက် ချစ်ခင်တယ်ဆိုတာ ခင်ဗျားတို့တစ်တွေ နားမလည် ရာ ရောက်တယ်လို့ ကျွန်တော် ပြောလိုက်ရပါတယ်'

ထိုအခါ၌မူကား ပရိသတ်တို့သည် ပြုံးရယ်လိုသော ဆန္ဒ အလျှင်း မရှိကြတော့ဘဲ တစ်ခါတည်း တိတ်ဆိတ်သွားလေတော့၏။

ထို့နောက် တရားသူကြီးသည် အကျဉ်းသမား နှစ်ယောက်တို့အား ဘုရင်ကို ထောင်ထားခြားနားမှုနှင့် ပြစ်မှုထင်ရှားသည် ဆို၍ သေဒဏ် အပြစ်ပေးလေရာ ၎င်း စီရင်ချက်အတိုင်း နောက်တစ်နေ့တွင် ဆောင်ရွက်ရန် ရက်သတ်မှတ်ပြီး ဖြစ်လေ၏။ တရားသူကြီးက တရားခံ စောခုံမှိုင်းမှာ ဘုရင်ကို ထောင်ထားခြားနားခြင်း၏ အပြစ်ကို သိလောက်ပါလျက်နှင့် ကျူးလွန်ခဲ့ခြင်း ဖြစ်သောကြောင့် "သေလျှင် မြေကြီး၊ မသေလျှင် ရွှေထီး" ဟူသော ရည်ရွယ်ချက်နှင့် အကြံကြီး ကြံစည်ခဲ့သူ တစ်ယောက် ဖြစ်သည့် အလျောက် နက်ဖြန်ညနေ နေ တောင်တင်သော အချိန်တွင် မြေကြီးသို့ ရောက်ဖို့ ပြင်ဆင်ထား၍ ဘုရားတရားကို အောက်မေ့ဖို့ သတိပေးလေ၏။ ထိုအခါ စောခုံမှိုင်းက တုန်လှုပ်ခြင်း ကင်းသော အသံဖြင့် မိမိမှာ မဆွကပင် ပြင်ဆင်ပြီးဖြစ်ကြောင်း ပြန်ပြောလေ၏။

သံတမန်မှာမူ တရားသူကြီး၏ စီရင်ချက်ကို ကြားရသောအခါ မြို့စားမင်း၏ မျက်နှာကို ကြင်နာသော မျက်နှာထားဖြင့် ကြည့်လျက် မျက် ရည်များ ကျလာ၏။ ၎င်းနောက် တရားသူကြီးသည် ဒုတိယ တရားခံဖြစ် သော သံတမန်ဘက်သို့ လှည့်၍–



www.burmeseclassic.com

www.burmeseclassic.com



'မောင်မင်းမှာတော့ ဉာဏ်ပညာနည်းပါးတဲ့ အမိုက်အမဲဖြစ်၍ ဆရာသမား ပြုလုပ်သည့်အတိုင်း နောက်ယောင်ခံ၍ ပြုကျင့်မိသူ ဖြစ်သည့်အတွက်ကြောင့် မောင်မင်းအတွက် သနားကရုဏာ ထားပါမည့် အကြောင်းကို နန်းတော်ကြီးသို့ ကျွန်ုပ် အစီရင်ခံလိုက်မည်'

ဟု ပြောလေ၏။ ထိုအခါ သံတမန်က–

'သနားတာတွေ ဘာတွေ လုပ်မနေပါနဲ့၊ ကျွန်တော်မျိုးရဲ့ အရှင်သခင် မြို့စားမင်း မရှိတဲ့နောက် ကျွန်တော်မျိုး တစ်ယောက်တည်း ကျန်နေရစ်ဖို့ မလိုချင်ပါဘူး'

ဟု ပြန်ပြောသည့်တွင် တရားသူကြီးသည် တရားခံများကို လွှတ်ရုံးမှ ထုတ်သွားရန် အမိန့်ပေးလေ၏။

မောင်မောင်တင့်မှာ အမှု ပြီးစီးသည့်နောက် အခြား ပရိသတ်များနှင့်အတူ လွှတ်ရုံးအပြင်သို့ ယောင်လည်လည်နှင့် ပါသွားလေရာ စောခုံမှိုင်းကို မသတ်မီ တစ်ကြိမ်တစ်ခါ တွေ့ဆုံ၍ နှုတ်ဆက်လိုသော ဆန္ဒဖြင့် ဆိုင်ရာသို့ လျှောက်ထားသော်လည်း တရားခံ၏ အချုပ်ခန်းသို့ မည်သူမျှ ဝင်ခွင့်မပြုရ ဟု အမိန့် ထုတ်ဆင့်ထားသောကြောင့် အချည်းနှီး ရှိလေတော့၏။

ၚင်းနောက် မောင်မောင်တင့်သည် အစ်မတော် စောမြစိန်အကြောင်းကို စုံစမ်းရာတွင် ပျော်ဘွယ်မြို့တွင် ရှိ၍ ကုန်သည်တစ်ဦး၏ နေအိမ်၌တည်းခိုလျက် မောင်တော်၏ အမှုကို နားထောင်လျက်ရှိကြောင်း သိရှိရလေ၏။

မောင်မောင်တင့်သည် ကုန်သည်နေအိမ်ကို မေးမြန်း၍ ချက်ချင်းပင် လိုက်သွားလေရာ အစ်မတော် စောမြစိန်မှာ အိမ်ကြီးတစ်ဆောင်၏ အပေါ်ထပ်ရှိ အခန်းတစ်ခန်းတွင် သီလရှင်ကြီး တစ်ယောက်နှင့် အတူ ပေစာများ ဖတ်လျက် ရှိသည်ကို မောင်မောင်တင့် တွေ့ရလေ၏။ သီလရှင်ကြီးသည် မောင်မောင်တင့် ဝင်လာသည်ကို မြင်သောအခါ ရင်းနှီးသော မိတ်ဆွေဖြစ်ကြောင်း သိရှိထားဟန် လက္ခဏာဖြင့် အခန်းပြင်သို့ ထွက်သွားလေရာ မောင်မောင်တင့်သည် စောမြစိန် အနီးတွင် ဝင်ထိုင်လျက် တစ်ယောက်





မျက်နှာကို တစ်ယောက်ကြည့်ကာ စကားမပြောနိုင်ဘဲ ငေးနေကြလေ၏။ စောမြစိန်မှာ စိတ်နှလုံး မသာယာသည့် အတွက်ကြောင့် အရေအသား ကြုံလှီပါးရှားလျက် ရှိသော်လည်း ယခင်ကအတိုင်း ချောမောလှပသေးသည့်ပြင် ဣန္ဒြေကြီးသော မျက်နှာထား အတွက်ကြောင့် တိုး၍ပင် ခံ့ညားလျက်ရှိ၏။ စောမြစိန်၏ အမူအရာမှာ အလွန်တရာ ညှိုးငယ်သော်လည်း ဝတ်စားဆင်ပြင်ထားပုံမှာ ဗိုသီဖတ်သီ မဟုတ်ဘဲ နှစ်ပတ်ရစ် ဆံထုံးကို ချောမောစွာ ထုံးလျက် တဘက်တစ်ထည်ကို ပခုံး၌တင်ကာ သပ်ရပ်ယဉ်ကျေး လှပါပေ၏။

ယင်းကဲ့သို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ စကားမပြောဘဲ အတန်ကြာ နေကြပြီးသည့်နောက်မှ မောင်မောင်တင့်က ညီအစ်မအရင်းတမျှ ချစ်ခင်သော မနန်းယုက အစ်မအကြီး အရာဖြင့် အိမ်ဦးမှာထား၍ ကိုးကွယ်လိုပါသည်ဟု မှာထားလိုက်ကြောင်း ပြောပြလေ၏။

ထိုအခါ စောမြစိန်က 'ဦးစံဖဲ၏ အပြစ်ချမ်းသာခွင့် ရသော သတင်းနှင့် မနန်းယု၊ မောင်မောင်တင့်တို့ သတင်းကို ကြားရသဖြင့် ဝမ်းမြောက်ကြောင်း' ပြော၍ အင်္ကျီအိတ်ထဲမှ ပိုးစတစ်ခုဖြင့် ထုပ်ထားသော ပစ္စည်းတစ်ခုကို ထုတ်ယူပြီးလျှင် မောင်မောင်တင့်၏ လက်ထဲသို့ ထည့်လျက်–

'ဘုရင့်သမီးတော်တစ်ပါးက လက်ဆောင်ပေးခဲ့လို့ ကျွန်မ တစ်သက်လုံး ဆင်ခဲ့တဲ့ စိန်ဘယက်ကို မနန်းယုအဖို့ ကျွန်မက လက်ဖွဲ့လိုက်ပါရစေ။ ကျွန်မအဖို့မှာ ရွှေ့လျှောက်လို့ အဝတ်တန်ဆာ မလိုတော့ပါ။ ဟောဟိုက သီလရှင်ကြီးနဲ့အတူ စစ်ကိုင်းတောင်ရိုး သွားပြီး သီလရှင်ပြုဖို့ စိတ်ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ မောင်တော်ကိစ္စ ပြီးရင် စစ်ကိုင်းတောင်ရိုးကို သွားကြဖို့ ပြင်ဆင်ပြီးပါပြီ။ သို့သော် ကျွန်မ တစ်ခု တောင်းပန်ချင်တာကတော့ ကျွန်မ မသွားခင် သနားလှပါတယ် ဆိုပြီး ကျွန်မကို တွေ့လား၊ နှုတ်ဆက်လား မလုပ်ဖို့ ကျွန်မ တောင်းပန်လိုက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၈ ]

မြို့၏ အနောက်ဘက်၌ ရှိသော သုသာန်ဆီသို့ မြို့ထဲမှ လူများသည် သုံးယောက် တစ်တွဲ၊ လေးယောက်တစ်တွဲ စသည်ဖြင့် သွားကြ၍ ထန်းညီနောင်ခေါ် ထန်းပင်နှစ်ပင်တို့၏ အကြား၌ရှိသော မြေကွက်လပ်ပေါ်၌ စုရုံးလျက် ရှိကြ၏။ သွားကြသော လူများမှာ အများအားဖြင့် လူငယ်လူလတ်များ ဖြစ်ကြ၍ အသက် ၁၀ နှစ်အောက် ငယ်သူများ လည်းကောင်း၊ ၆၀ ထက် ကျော်သူများ လည်းကောင်း၊ မိန်းမများ လည်းကောင်း အလွန်နည်းပါးလှသည်။ အချိန်မှာ ဤခေတ်နာရီဖြင့် ညနေ ၅ နာရီကျော်ခန့် ရှိမည်ဖြစ်၍ နေမင်းသည် အနောက်ဘက်၌ ရှိသော ထန်းပင်အုပ်စု၏ ထိပ်များတွင် တင်လျက်ရှိ၏။ ၈၀–၁၀၀ ခန့်ရှိသော ပရိသတ်အနက် တစ်ယောက် နှစ်ယောက်သော လူရွယ်တို့က ပွဲကောင်းတစ်ခု ကြည့်ရမည့် အနေမျိုးဖြင့် ဒီနေရာက သာကောင်းသည်၊ ဟိုနေရာမှ သာ၍မြင်နိုင်သည် စသည်များဖြင့် တစ်ခွန်းတလေ ပြောကြသော်လည်း ကြွင်းကျန်သော ပရိသတ်မှာ နှုတ်ဆိတ်လျက် ရှိကြသည်။

မကြာမီ နွားလှည်းတစ်စီး မောင်းနှင်လာ၍ လက်ပြန်ကြိုးချည်ထားသည့် လူနှစ်ယောက် လှည်းပေါ်၌ ပါလာရာ ပါးကွက်ခေါ် အာဏာသားနှစ်ယောက်တို့သည် ဓားကိုယ်စီထမ်းလျက် လှည်းကို ဝဲယာညှပ်ကာ လိုက်လာကြ၏။ လှည်းနောက်၌ကား ၁၀ ယောက်ခန့်ရှိသော ရဲမက်စစ်သည်များ





သည် လက်နက်ကိုင်ဆောင်လျက် လိုက်လာကြသည်။ ၎င်းတို့အနက်တွင် မြင်းနက်ကြီးတစ်စီးကို စီးလျက် ရဲမက်မှူးကလေး အဝတ်အစား ဝတ်ထားသော လူတစ်ယောက်သည် ကြုန္တေကြီးသော မျက်နှာထားဖြင့် ခါးထောက်ကာ တိတ်ဆိတ်စွာ လိုက်ပါလာသည်။

ပရိသတ်တို့သည် လှည်းနှင့်လူအုပ်ကို မြင်သောအခါ၌ 'လာပြီဟေ့၊ လာပြီဟေ့' ဟု အချင်းချင်းပြောကာ နေရာပြင်ကြသဖြင့် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ လှည်းသည်လည်း ထန်းညီနောင် အကြား၌ရှိသော ကွက်လပ်တွင် ရပ်၍ ပါးကွက်များသည် လက်ပြန်ကြိုးချည်ထားသော လူနှစ်ယောက်ကို လှည်းပေါ်မှ ဆင်းစေရာ ရဲမက်မှူးကလေးနှင့် ရဲမက်စစ်သည်များသည် ထန်းတစ်ပင် အနီးမှ ရပ်လျက် ကြည့်နေကြသည်။

လက်ပြန်ကြိုးချည်ထားသူ နှစ်ယောက်အနက် တစ်ယောက်သည် ၎င်းအား တွဲ၍ လှည်းပေါ်မှ ချမည်ပြုသော ပါးကွက်၏လက်ကို မိမိ၏ကိုယ်၌ အထိမခံဘဲ တွန့်ဆုတ်ကာ ဖယ်ရှားလျက် မြေပေါ်သို့ ဖျတ်လတ်ပေါ့ပါးစွာ ခုန်ဆင်းပြီးနောက် ဝိုင်းအုံကြည့်ကြသော ပရိသတ်ဘက်သို့ ပမာမခန့်သော မျက်နှာထားဖြင့် တစ်ချက်မျှ လှမ်းကြည့်၍ ပြင်ထားသော နေရာသို့ ဦးခေါင်းမော့မော့ ရင်ကော့ကော့ဖြင့် လျှောက်သွား၏။ ၎င်းနောက်မှ ထက်ကြပ်မကွာ လိုက်ပါသော ဒုတိယလူကမူ ပရိသတ်ဘက်သို့ မာန်ဖီသော အမူအရာဖြင့် မျက်လုံးမျက်ဆန် ပြူးကာ ကြည့်ရင်း ခြေလှမ်းမှန်မှန် လျှောက်လာခဲ့သည်။ ဤလူနှစ်ယောက်သည်ကား စောခုံမှိုင်းတို့ ဆရာတပည့်ပင် ဖြစ်၍ အရှင်သခင် အပေါ်၌ သစ္စာရှိခြင်း၏ အဆုံးစွန်သော အပြစ်ဒဏ်ကို ခံကြရမည် ဖြစ်လေသည်။

ပြင်ထားသော နေရာသို့ ရောက်ကြ၍ ခံ့ခံ့မတ်မတ်ကြီး ရပ်လျက် တုန်လှုပ်ခြင်း ကင်း၍ အလွန်တင်းသော မျက်နှာထားများ ရှိကြသဖြင့် ပရိသတ်တို့လည်း အံ့သြစွာ ငေးကြည့်နေကြစဉ် မမြင်ဝံ့သော အခြင်းအရာတစ်ခုနှင့် ရင်ဆိုင်ရသည့်အခါ မျက်နှာကို ပဝါဖြင့် အုပ်ဖုံးလိုက်သော အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကဲ့သို့ နေမင်း၏ မျက်နှာပြင်တွင် တိမ်တိုက်ကြီးတစ်ခုဖြင့် ရုတ်တရက် ဖုံးလွှမ်းလိုက်သည်နှင့် ယခင်က ထိန်ထိန်လင်းသော ပတ်ဝန်းကျင် မြေမျက်နှာပြင်သည် ချက်ချင်းပင် ညို့မှိုင်းသွားသည်။ ထိုခဏ၌ပင် ပြင်းထန်သော မိုးသက်မုန်တိုင်း၏ ရှေ့တော်ပြေးဖြစ်သော လေသည် ထန်းညီနောင်တို့၏ အခက်အလက် အရွက်အခိုင်များ၏ အကြားသို့ ရုတ်တရက် တိုးဝှေ့ လှုပ်ခါလိုက်သည် ဖြစ်သောကြောင့် ထန်းလက်ခြောက်များသည် တဖြောင်းဖြောင်းနှင့် ကြောက်မက်ဖွယ်သော အသံကြီး ဖြစ်ပေါ်လာတော့သည်။ ဤတွင် ပရိသတ်များ အနက်မှ သူရဲဘောနည်းသော လူများသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ ဖင်တကြွကြွ ဖြစ်လာကြတော့သည်။

ပါးကွက်အာဏာသားများသည် ရာဇဝတ်ကောင် နှစ်ယောက်ကို မင်းနေပြည်တော်ဘက် မျက်နှာမူလျက် ဒူးထောက်နေကြဖို့ စေခိုင်းရာ စောခုံမှိုင်းက ဒူးမထောက်နိုင်ဟု ငြင်းဆန်၍ မတ်တတ်ရပ်လျက်ပင် နေ၏။ ပါးကွက်အာဏာသားများသည် ကြံ့ခိုင်စွာ ရပ်လျက်ရှိသော စောခုံမှိုင်းအား ဒူးထောက်အောင် မတတ်နိုင်သည်နှင့် မတ်တတ်ရပ်လျက်ပင် စီရင်တော့မည် ပြုရာ တပည့်ကျော်က မိမိ၏ အရှင်သခင်အား မိမိ၏ မျက်စိအောက်၌ သတ်ခြင်းကို မကြည့်ရက်နိုင်သောကြောင့် မိမိကို ရှေးဦးစွာသတ်ဖို့ ပြောနေပြန်၏။ ပါးကွက်အာဏာသားများက ဆရာဖြစ်သူကို ရှေးဦးစွာ စီရင်ရသည့် ထုံးစံရှိသည်ဟု ပြောသော်လည်း တပည့်ကျော်က ဆရာ၏ရှေ့မှ အတင်းဝင်၍ ကာကွယ်နေ၏။ ဤအတောအတွင်း တိမ်တိုက်ကြီးသည် နေမင်း၏ မျက်နှာကို အစွန်အဖျားမျှဖြင့် ဖုံးကွယ်ထားရာမှ တစ်ခါတည်း မျိုလိုက်သကဲ့သို့ နေလုံးပျောက်သွား၍ မှောင်လုမတတ် ဖြစ်သွားလေပြီ။ ဤတွင် ထန်းပင်အောက်၌ ရပ်ကြည့်နေသော ရဲမက်မှူးကလေးက တပည့်ကျော်ကို တွန်းဖယ်လျက်ရှိသော ပါးကွက်အာဏာသားများအား–

'မြန်မြန် လုပ်ကြကွယ်တို့၊ မိုးရွာလာတော့မယ်။ သူ့ကိုပဲ ပထမ စီရင်လိုက်ပါတော့လား'





ဟု အမိန့်ပေးလိုက်၏။

ပါးကွက်အာဏာသား နှစ်ယောက်သည် ရဲမက်မှူးကလေး၏ အမိန့်အတိုင်း တပည့်ကို ရှေးဦးစွာ စီရင်တော့မည်ဟူ၍ ၎င်းအား မင်းနေပြည်ဘက်သို့ လှည့်လျက် ဒူးထောက်စေရန် အမိန့်ပေးရာ တပည့်သည် မင်းနေပြည်တော်ဘက်သို့ မလှည့်ဘဲ စောခုံမှိုင်းဘက်သို့ လှည့်၍ ဒူးထောက်နေ၏။ အာဏာသားများက မည်မျှပင် တိုက်တွန်းသော်လည်း တပည့်သည် ဆရာ၏ ခြေရင်းတွင် ဦးဆိုက်လျက်ရှိရာ မိုးပေါက်များလည်း တစ်ပေါက်၊ နှစ်ပေါက် ကျလာ၍ မိုးသက်လေသည်လည်း အဟုန်ပြင်းလျက် တဝုန်းဝုန်း တိုက်ခတ်လာလေပြီ။

'လုပ်ပါကွ မြန်မြန်၊ မလှည့်ချင်နေ လှည့်ချင်လှည့်၊ လုပ်သာ လုပ်ကြပါကွာ'

ဟု ရဲမက်မှူးကလေးက ပါးကွက်အာဏာသားများအား အမိန့်ပေးလျက် ရှိ၏။ ပရိသတ်များမှာလည်း ကြည့်ချင်လှ၍သာ စောင့်ရသည်။ မိုးနှင့် လေကြောင့် တလှုပ်လှုပ် တရှုရှု ဖြစ်နေကြလေပြီ။ ထိုအတောအတွင်း၌ အနောက်တောင်ထောင့်ဆီမှ အပြင်လိုက်ကြီး တက်လာသော တိမ်နက်ခဲကြီးအတွင်းမှ လျှပ်စစ်များသည် တဝင်းဝင်း တလက်လက် ပြိုးပြိုးပြက်ပြက် တက်လာခြင်းနှင့်အတူ မိုးချုန်းသံများသည်လည်း အဆက်မပြတ် တရစပ် ထစ်ချုန်းလျက် ရှိတော့သည်။

ပါးကွက်အာဏာသား တစ်ယောက်သည် စောခုံမှိုင်း၏ ခြေရင်း၌ ဒူးထောက်ကာ ဝပ်လျှိုးလျက်ရှိသော တပည့်ကျော်ကို ကွပ်မျက်လိုက်လေ၏။

စောခွန်မှိုင်းသည် ကြောက်ရွံ့ထိတ်လန့်ခြင်းထက် ငယ်တပည့်အပေါ်၌ ကရုဏာဖြစ်ဟန် မျက်နှာထားဖြင့် ငုံ့ကြည့်ရင်း နှုတ်ခမ်းများ အနည်းငယ် လှုပ်ခြင်းမှတစ်ပါး ၎င်း၏ ကိုယ်ကာယသည် လည်းကောင်း၊ ဒူးများသည် လည်းကောင်း၊ လက်ဖျားများသည် လည်းကောင်း အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



မှု လှုပ်ခြင်း၊ တုန်ခြင်း မရှိဘဲ မြေပေါ်၌ စိုက်ထူထားသော ကျောက်တိုင် သဖွယ် တည်ငြိမ်စွာ ရပ်လျက် ရှိ၏။

ထို့နောက် ပါးကွက်အာဏာသားသည် စောခုံမှိုင်းအား ဒူးထောက်ရန် ပြောသေးရာ စောခုံမှိုင်းက–

'ငါ အရှင်သခင်ရှေ့မှတစ်ပါး ဒူးထောက်တဲ့လူ မဟုတ်ဘူးကွ။ မင်းတို့ လုပ်စရာ ရှိတာကိုသာ လုပ်ကြ'

ဟု တင်းမာစွာ ပြန်ပြောသည်။ ဤတွင် ပါးကွက်အာဏာသား တစ်ယောက်သည် မတ်မတ်ကြီး ရပ်လျက်ရှိသော စောခုံမှိုင်း၏ နောက်သို့ သွား၍ ဓားဖြင့် နံဘေးတိုက် ခုတ်လိုက်ရာ စောခုံမှိုင်း၏ အရပ်မြင့်ခြင်း ကြောင့် တစ်ကြောင်း၊ အထက်မှ အောက်သို့ မဟုတ်ဘဲ နံဘေးတိုက် ခုတ်ပိုင်း ရခြင်း ဖြစ်ရာ အရှိန် မပြင်းထန်သောကြောင့် တစ်ကြောင်း ဓားသွားသည် လည်ပင်းတွင် လက်နှစ်သစ်ခန့်သာ ဝင်သွားတော့သည်။

ထိုအချိန်၌ လေရောမိုးပါ ပြင်းထန်စွာ ရွာချလာသည် ဖြစ်၍ ပရိသတ်များ အနက်မှ အမြောက်အမြားသည် ဥတုရာသီကြောင့် တစ် ကြောင်း၊ အဆုံးတိုင် မကြည့်ရက်သည့် တစ်ကြောင်းကြောင့် ထပြေးကုန်ကြ လေပြီ။ ထိုအတောအတွင်း နေသည် တောင်တန်း၏နောက်သို့ ငုပ်လျှိုး သွားပြီ ဖြစ်သဖြင့် အနည်းငယ်မျှ ကျန်ရစ်သော အလင်းရောင်ကို မိုးတိမ်များ နှင့် မိုးပေါက်များက ဖုံးကွယ်ထားသည့် အတွက်ကြောင့် မှောင်ကြီးမည်းမည်း ခေါ်ရမတတ် မိုက်နေပြီဖြစ်ရာ အဆက်မပြတ်အောင် တိမ်တိုက်ကြားမှ ဖြစ်ပေါ်နေသော လျှပ်စစ်ရောင်ကြောင့်သာလျှင် အထက်ပါ အခြင်းအရာကို မြင်ကြရလေတော့သည်။

ပါးကွက်အာဏာသားသည် နောက်တစ်ချက် ခုတ်ပိုင်းဦးမည်ဟု ဓားကိုမြှောက်ကာ ကိုယ်ကိုနွဲ့လျက် အားယူလိုက်သည်တွင် တောင်နှင့် မြောက် ယှဉ်တန်းလျက် ပေါက်နေသော ထန်းပင်ညီနောင်အနက် မြောက် ဘက်၌ရှိသော ထန်းသင်ထိပ်ဖျားကို မိုးကြိုးပစ်လိုက်သဖြင့် မီးလုံးကြီးတစ်လုံး





သည် ပရိသတ်များ ရှိရာသို့ တစ်ဟုန်တည်း ထိုးဆင်းလာသည်ဟု ထင်လိုက် ကြရကား ပါးကွက်အာဏာသားများသည် လည်းကောင်း၊ ရဲမက်မှူးကလေး နှင့် စစ်သည် ရဲမက်များသည် လည်းကောင်း၊ ကြွင်းကျန်နေသေးသော ပရိသတ် အနည်းငယ်သည် လည်းကောင်း မြေပေါ်သို့ အလျားလိုက် ထိုး မှောက်ကာ သတိမေ့လျော့ နစ်မျောကုန်ကြလေတော့သည်။

သတိရသူများ ရလာကြ၍ ကြည့်လိုက်ကြသောအခါ ရဲမက်မှူး ကလေး စီးသော မြင်းနှင့် ရာဇဝင်ကောင်များ တင်ခဲ့သော လှည်းမှ နွားများ သည် လန့်ဖျပ် ထွက်ပြေးကြကုန်၍ မြင်းလည်း မရှိ၊ လှည်းလည်း မရှိတော့ ချေ။ ၎င်းတို့နှင့်အတူ ပျောက်ကွယ်သွားသူ တစ်ယောက်မှာကား စောခုံမှိုင်း ပင် ဖြစ်သည်။ အခြားလူများထက် နှလုံးခိုင်၍ အလုံးစုံ သတိမလစ်ခင် သတိရတစ်ချက် မရတစ်ချက်မျှလောက်သာ ဖြစ်ခဲ့သော လူတစ်ယောက်က ရဲမက်မှူးကလေး စီးလာပြီး လန့်ထွက်ပြေးသော မြင်းကို စောခုံမှိုင်းက ဖမ်းယူ တက်စီးသွားသည်ကို မြင်လိုက်ရသလိုလို ထင်သည်ဟု ပြော၏။ ထိုလူမှတစ်ပါး မည်သူမျှ တစ်စုံတစ်ရာ မပြောနိုင်ဘဲ မိန်းမောသွားကြခြင်း ကိုသာ သတိရကြတော့သည်။ မည်သို့ပင်ဖြစ်စေ၊ စောခုံမှိုင်းလည်း မရှိ၊ မြင်းလည်း မရှိတော့သည်ကား အမှန်ဖြစ်တော့သည်။ နွားနှစ်ကောင်နှင့် လှည်းကို နောက်တစ်နေ့တွင် တွေ့ကြသော်လည်း ရဲမက်မှူးကလေး၏ မြင်းမူကား စောခုံမှိုင်းနှင့်အတူ တစ်ခါတည်း ကွယ်ပျောက်သွားပေပြီ။

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးသည်နောက် နှစ်ပေါင်း များစွာ ကြာရှိရာတွင် စစ်ကိုင်းတောင်ရိုးရှိ ချောင်တစ်ချောင်၌ သီလရှင်များ အား ပရိယတ်စာပေများ ပို့ချ၍ စာတတ်သည်ဟု ဟိုးလေးတကျော် ဖြစ်ခဲ့ သည့် "မယ်ဝဏ္ဏာ" အမည်ရှိ သီလရှင်တစ်ပါး ပေါ်ပေါက်ခဲ့၏။ ၎င်းသီလရှင် သီတင်းသုံးသော ချောင်သို့ မကြာမကြာ ဥပုသ် ရက်ရှည်စောင့်ရန် လာ ရောက်တတ်သည့် လင်မယားနှစ်ယောက် ရှိ၍ တစ်ခါတစ်ရံတွင် ပေါ်လာ တတ်သည့် လူကြီးတစ်ယောက်လည်း ရှိဖူးသတတ်။ ထိုလူကြီး၏ ဘူးဆန်း

www.burmeseclassic.com



သော အပြုအမူ တစ်ခုမှာ အလွန်ပူအိုက်သော နွေရာသီပင် ဖြစ်လင့်ကစား လည်ပင်း၌ စည်းပတ်ထားသည့် တဘက်တစ်ထည်ကို ဘယ်အခါမျှ ဖြုတ်သည် မရှိသဖြင့် ကာလသားရောဂါကြောင့် လည်ပင်း၌ "ကျွတ်" ထွက်ဖူးလေသလောဟု တွေးတောကြ၏။ ထိုလင်မယားသည်ကား မောင်မောင်တင့်နှင့် မနန်းယုတို့ပင် ဖြစ်ရမည် ဟူ၍လည်းကောင်း၊ သီလရှင်မှာ စောမြစိန် ဖြစ်ရမည် ဟူ၍လည်းကောင်း၊ လည်ပင်း၌ တဘက်ပတ်စည်းထားသူမှာ စောခုံမှိုင်း ဖြစ်ရမည် ဟူ၍လည်းကောင်း စာဖတ်သူတို့ တွေးဆ နိုင်ကြမည် ဖြစ်ပါသတည်း။

ရွှေဥဒေါင်း

BURMESE CLASSIC

www.burmeseclassic.com